

စိတ်ကူးချိုချိုအနုပညာ
mgyoe.com
SAMPLE BOOK
သိန်းဖေမြင့်
ဝတ္ထုတိုပေါင်းချုပ်
ဆဌမအကြိမ်

mgyoe.com SAMPLE BOOK

၁၉၃၃ မှ ၁၉၇၃ ထိ နှစ်ပေါင်း ၄၀ ကျော်ကာလအတွင်း
ဆရာသိန်းဖေမြင့် ရေးသားခဲ့သမျှ စုစည်းရကြသည့် ဝတ္ထုတို ၄၅ ပုဒ်နှင့်
ထောင်မှ လွတ်မြောက်လာစအချိန် အိုးဝေမဂ္ဂဇင်းအင်တာဗျူးတို့အပြင်
ယခုအကြိမ်၌ ထပ်မံရှာဖွေစုစည်းထားသော ဝတ္ထုတို ၄ ပုဒ်ကိုပါ
ဖြည့်စွက်ထားပါသည်။

---

တစ်နေ့သ၌ အခြားဇာတ်ရေတာအုပ်များလည်း အဆင်သင့်မရှိသည်နှင့်
ဂန္ထလောကမဂ္ဂဇင်း တစ်အုပ်ကို ကောက်ယူပြီးဖွင့်လိုက်ရာ အဆင်သင့်ပင် သိန်းနေနွယ် ရေးသော
'ငါ့လင်နှင့် ငါ့ငွေ' ဝတ္ထုတိုကို တွေ့ရလေသည်။ အစက ဖြည်းရုံသာဖြည်းမည်ဟူသော စိတ်ထားနှင့်ဇတ်ရာ
အရသာတွေ့သောကြောင့် ဖြည်းရုံနှင့်သာ မတင်းတိမ်နိုင်ဘဲ အဝစားလိုက်မိလေသည်။

■ ဦးနု၏ ပထမနိဒါန်း

---

စာရေးဆရာ သိန်းဖေ (ယခု သိန်းဖေမြင့်)၏အကြောင်းကို ဥပမာ တစ်ခုနှင့်ပြရလျှင်
ပို၍ရှင်းလိမ့်မည်ဟု ကျွန်တော် ထင်မိသည်။ ၎င်းသည် ကိုယ့်ကို အသေအလဲ စွဲ၍ကြိုက်နေသော
မိန်းကလေးကိုကား မကြိုက်။ ကိုယ့်ကို မကြိုက်ပါဘူးဟူ၍ ချိုချိုသာသာ ရယ်ရယ်မောမောဖြင့်တစ်မျိုး၊ ခါးခါးသီးသီး
ပက်ပက်စက်စက်တစ်ဖုံ၊ သွယ်သွယ်ဝိုက်ဝိုက်ဖြင့်တစ်မျိုး၊ တဲ့တိုးနည်းဖြင့်တစ်ဖုံ၊ နည်းမျိုးစုံနှင့် ငြင်းပယ်ခဲ့သော
မိန်းကလေးတစ်ဦးကိုမှ အသေအလဲစွဲကြိုက်နေသူတစ်ဦးနှင့် တူလျက်ရှိသည်။

■ ဦးနု၏ ဒုတိယနိဒါန်း

---

ရေးသောအချိန်ကာလ နှစ်အတိုင်း ရှေ့နောက်စီစဉ်ထားလိုက်သည်။
လေးနက်သော အကြောင်းအရာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊
နိုင်ငံရေး သမိုင်းအစဉ်ကို ထင်ဟပ်သည်ဖြစ်စေ၊ မထင်ဟပ်သည်ဖြစ်စေ ကျွန်တော် ရေးသားသော
ဝတ္ထုတိုမှန်သမျှ၊ အဆင့်အတန်းမီသည်ဟု ထင်သမျှ၊ ရှာဖွေရသမျှကို ထည့်လိုက်ပါသည်။

■ သိန်းဖေမြင့်၏ နိဒါန်း

ISBN9789997116703
TPM15
9 789997 116703
MMK 16,500.00

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဝတ္ထုတိုပေါင်းချုပ်

## သိန်းဖေမြင့်

[illegible]

mgyoe.com

mgyoe.com SAMPLE BOOK

ဝတ္ထုတိုပေါင်းချုပ်၊ သိန်းဖေမြင့်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၆၀၀++ မျက်နှာ၊ ၁၄·၅ စင်တီ× ၂၀·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ မေလ၊ ဆဋ္ဌမအကြိမ်(၂၀၂၃ စိတ်ကူးချိုချို၏ ဖြည့်စွက်မှု၊ ပဥ္စမအကြိမ်)၊ အုပ်ရေ ၅၀၀၊
(ပထမအကြိမ် - ၁၉၆၆ ပုဂံစာအုပ်တိုက်၊ ဒုတိယအကြိမ် - ၁၉၉၈ ရာပြည့်စာအုပ်တိုက်၊
တတိယအကြိမ် - ၂၀၁၄ ဝိတောက်ရနံ့စာအုပ်တိုက်)

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK

## မာတိကာ


■ ဦးနု၏ ပထမနိဒါန်း — က

■ ဦးနု၏ ဒုတိယနိဒါန်း — ဆ

■ သိန်းဖေမြင့်၏ နိဒါန်း — ည

– တက်ဘုန်းကြီး သိန်းဖေမြင့်၏ ထောင်တွင်းဝါဆို (အင်တာဗျူး) — ၁

၁၉၃၃ — ၇

၁။ ခင်မျိုးချစ် — ၇

၂။ အမှျဝေ–ဝတ္ထုတို* — ၂၁

၃။ ဆွေးပင်လယ်ဗွေ — ၂၇

၁၉၃၄ — ၃၃

၄။ ငါ့လင်နှင့် ငါ့ငွေ — ၃၃

၁၉၃၅ — ၅၁

၅။ မင်းတိုင်ပင် — ၅၁

၆။ မြင့်နှင့်သွင် ငယ်စဉ်က — ၇၆

၇။ သူခိုးဓားရိုးကမ်း — ၈၂

၈။ ရှင်တို့ ယောကျ်ား — ၉၃

၉။ ရေပွက်ပမာ — ၉၉


* မန္တလေး ဥပစာကောလိပ်နှစ်လည်စာစောင် (၁၉၃၃)

mgyoe.com

mgyoe.com SAMPLE BOOK

၁၀။ ဆိုသစ္စာ ၁၀၄
၁၁။ စစ်သည်တော် ၁၁၀
၁၂။ ယုံနိုင်ဖွယ် ၁၃၅

**၁၉၃၆** **၁၄၇**
၁၃။ မိန်းမကြောက် ၁၄၇
၁၄။ လေဒီခင် ၁၅၅
၁၅။ ၅၂၈ ၁၆၂
၁၆။ စောင်းတော်သံ ၁၆၉
၁၇။ ငွေသဇင် ၁၇၈
၁၈။ လွတ်လပ်ရေး ၁၈၄

**၁၉၃၇** **၁၉၁**
၁၉။ တစ်ညတုန်းက ၁၉၁

**၁၉၃၈** **၂၀၁**
၂၀။ မာလီ ၂၀၁
၂၁။ ရေနံ ၂၀၇
၂၂။ သီချင်းဆို၍ ငိုရသည် ၂၁၅

**၁၉၄၈** **၂၁၉**
၂၃။ လွတ်လပ်ရေး ရတော့မှ ၂၁၉
၂၄။ အမေ ၂၈၈

**၁၉၄၉** **၂၄၁**
၂၅။ အားလုံးကောင်းပါသည် ခင်ဗျား ၂၄၁
၂၆။ အချိုရှာ တမာတွေ့ ၂၆၃

**၁၉၅၀** **၂၈၅**
၂၇။ သစ္စာဖောက်တဲ့...ဗျား* ၂၈၅

* သွေးသောက် (၁၉၅၀)

mgyoe.com

mgyoe.com SAMPLE BOOK

၁၉၅၁ ၃၀၇
၂၈။ တတိယတန်းမှာ တစ်နေရာ ၃၀၇

၁၉၅၅ ၃၂၃
၂၉။ ငွေစိန် လေ့လော့်ရင်း တက်ကျိုးခြင်း ၃၂၃
၃၀။ အနိဋ္ဌာရုံတွေပါတကား ၃၅၂
၃၁။ အစွမ်းကုန်သန့်ရှင်းရေး ၃၆၉

၁၉၅၆ ၃၉၅
၃၂။ ကယ်နိုင်ရင် ကယ်ကြပါ ၃၉၅

၁၉၅၈ ၄၁၉
၃၃။ ရှင်သုမန ၄၁၉

၁၉၅၉ ၄၂၉
၃၄။ ဆရာအိုး၏ပြဿနာ ၄၂၉

၁၉၆၄ ၄၃၇
– တပေါင်း၏သြဇာနှင့် ဆရာအိုး၏ပြဿနာ (နောက်ဆက်တွဲ) ၄၃၇
၃၅။ ထိုသူငယ်မနှင့် ဗလစည်သူ ၄၃၉

၁၉၆၅ ၄၄၇
၃၆။ နေဝင်ချိန်အချစ် ၄၄၇

၁၉၆၆ ၄၅၅
၃၇။ သစ္စာ သို့မဟုတ် စိန်နက် ၄၅၅

၁၉၆၇ ၄၆၃
၃၈။ ဥပဒေဘောင်အတွင်းမှ လူပျိုသိုး ၄၆၃
၃၉။ ရေဆင်းမှာ ဆုံကြသည် ၄၇၇

mgyoe.com

mgyoe.com SAMPLE BOOK


၁၉၇၆ ၄၉၁

၄၀။ သည်ကနေ့တော့ မင်းကို မတွေ့ခဲ့ရပါလား အလှရယ် ၄၉၁

၄၁။ အတောင်ရှိသော ပန်းများ ၄၉၈

၁၉၇၇ ၅၁၃

၄၂။ ပိတောက်တွေ ရွှေရည်လူးတဲ့ ချိန်ခါ ၅၁၃

၄၃။ ထိုင်စရာတစ်နေရာ ရလေတော့ ၅၂၃

နောက်ဆက်တွဲ ၅၄၇

၄၄။ မရေးဖြစ်ခဲ့သော ထူးဆန်းသည့် အချစ်ဇာတ်လမ်းတစ်ပုဒ် ၅၄၇

၄၅။ နဘူးတောမှ–မထားခင် (၁၉၆၃) ၅၅၆

၄၆။ မလေးလက်ခတ်သံ (၁၉၇၃) ၅၆၂

ပဉ္စမအကြိမ်မှတွင် ထပ်မံဖြည့်စွက်ခဲ့သော ဝတ္ထုတို ၅၇၃

၄၇။ ဝံသာနုလက်ဟောင်း ၅၇၃

ဆဋ္ဌမအကြိမ်မှတွင် ထပ်မံဖြည့်စွက်သော ဝတ္ထုတိုများ ၅၇၇

၄၈။ ရဲစောကွန်း ၅၇၇

၄၉။ စွန့်စားသူ ၅၈၃

၅၀။ မြခွာညို ၅၈၈

၅၁။ မှားပြီဆရာ ၅၉၂

■ သိန်းဖေမြင့် (၁၉၁၄–၁၉၇၈)


❑

mgyoe.com

mgyoe.com SAMPLE BOOK

# ဦးနု၏ ပထမနိဒါန်း*

'မိန်းမပေါ၏။ သို့ရာတွင် မယားရှား၏' ဟူသော စကားကဲ့သို့ မြန်မာပြည်တွင် ဝတ္ထုစစ် ဝတ္ထုကောင်း ရှားပါးပြီးလျှင် ဝတ္ထုဟု အမည်တပ်ထားသော ပေါက်ကရ စာစောင်တို့သည် အလွန်ပေါလျက်ရှိပေ၏။ မှိုကဲ့သို့ ပေါလျက်ရှိသော ၎င်းဝတ္ထုများ အားလုံးလိုလိုကို စစ်ကြည့်လိုက်လျှင် 'ဇာတ်လိုက်ယောက်ျားနှင့် ဇာတ်လိုက်မိန်းမတို့ တွေ့ကြ၏၊ ကွဲကြ၏၊ ပြန်ပေါင်းကြ၏' ဟူသော ဇာတ်လမ်းမှတစ်ပါး အခြားဇာတ်လမ်းကို တွေ့နိုင်မည်မဟုတ်ပေ။

အရပ်တစ်ရပ်တွင် ဆေးတစ်လက်တည်းကို ပုလင်းအမျိုးမျိုး၌ထည့်၍ လူနာများကို ကုသလျက်ရှိသော ဆေးဆရာကဲ့သို့ မြန်မာပြည်ရှိ များစွာသော ဝတ္ထုရေးဆရာတို့သည် အထက်ဖော်ပြရာပါ တစ်ခုတည်းသော ဇာတ်လမ်းကို အမည်အမျိုးမျိုးပေး၊ ပတ်ဝန်းကျင် အမျိုးမျိုးထည့်ကာ ရေးသားလျက်ရှိချေသည်။ ၎င်းပြင် လူနာတို့သည် အရသာရှိသော ဆေးကိုသာ သောက်ချင်၊ စားချင်ကြသည်ကိုသိသော ဆေးဆရာသည် မိမိ၏ဆေးများကို အရသာရှိအောင် စီမံထားဘိသကဲ့သို့ လူတို့တွင် ရာဂစိတ်သည် အကြီးဆုံး၊ ဆွ၍ အလွယ် ဆုံး၊ အဆွခံချင်ဆုံးဟူသော အကြောင်းတို့ကို သိပြီးဖြစ်သော စာရေးဆရာအချို့တို့မှာ နဂိုမပျက်ရုံ သဘောမျိုးဖြင့်မဟုတ်ဘဲ ဖတ်သူတို့၏စိတ်ကို ထကြွရန်ဟူသော ရည်ရွယ်ချက် တစ်ခုတည်းဖြင့်သာ ရာဂကိုဆွပေးသော စာကြောင်းများကို ရက်ရက်ရောရော ထည့်သွင်း ရေးသားခြင်းအားဖြင့် မိမိတို့၏ဝတ္ထုများကို အရသာထူးအောင် လုပ်တတ်ကြလေသည်။ နောင်လာနောင်သား ရာဇဝင်ဆရာများက ယခုခေတ်ရှိ မြန်မာတို့၏ ယဉ်ကျေးခြင်းကို ကာလပေါ်ဝတ္ထုများဖြင့် ဆုံးဖြတ်ချေသော် အသည်းနာစရာ ကောင်းပေမည်ဖြစ်ကြောင်း။

* 'မင်းတိုင်ပင်၊ စစ်သည်တော်၊ ငါ့လင်နှင့် ငါ့ငွေ' တို့ကို စုပေါင်းထုတ်ဝေစဉ်က ဦးနုရေးပေးသော နိဒါန်းဖြစ်သည်။

mgyoe.com

mgyoe.com  SAMPLE BOOK

စင်စစ်မှာမူကား အထက်တွင် ဖော်ပြခဲ့သော ဇာတ်လမ်းတစ်မျိုးတည်းကို ရေလဲ အမျိုးမျိုးနှင့်သုံးသောခေတ် ကုန်သင့်သည်မှာ ကြာမြင့်လေပြီ။ 'လူတို့တွင် ချစ်စိတ်တစ်စိတ် တည်းရှိသလား' ဟူသော မေးခွန်းကို မြန်မာဝတ္ထုရေးဆရာ တို့သည် မိမိတို့ကိုယ်ကိုယ် မိမိတို့ မေးကြပါတော့။ လူတို့တွင် စိတ်အမျိုးများသလောက် ဝတ္ထုဇာတ်လမ်းအမျိုးလည်း များသင့်လေသည်။ အဘယ်ကြောင့်ဆိုသော် ဝတ္ထုဆိုသည်မှာ လူတို့၏ ချစ်ခန်းကြိုက်ခန်း များကိုသာ ပေါ်လွင်အောင်ရေးသားထားသော စာများဖြစ်ရမည်ဟူ၍ ဥပဒေစည်းကမ်းချက် မရှိ။ ကမ္ဘာဦး ကတည်းကစ၍ ယနေ့တိုင်အောင် လောကကြီးတွင် နေ့နှင့်အမျှ ဖြစ်ပျက်လျက် ရှိသော အကြောင်းအရာတို့မှ ဝတ္ထုရေးဆရာတို့သည် မိမိတို့ကြိုက်ရာ နှစ်သက်ရာတို့ကိုယူ၍ ဖြစ်သင့်ဖြစ်ထိုက်၊ ဖြစ်ပျက်ခဲ့သည်တို့ထက် လိုလည်းမလို၊ ပိုလည်းမပို၊ တိတိကျကျရှိအောင် စာစီကုံး ရေးသားရလေသည်။ ထို့ကြောင့် ဝတ္ထုဆိုသည်မှာ အခြားမဟုတ်၊ လောကကြီး အတွင်း၌ ဖြစ်ပျက်ပြီး ဖြစ်ပျက်တတ် ဖြစ်ပျက်လျက်ရှိသော အတ္ထုပ္ပတ္တိတို့ကို စာရေးဆရာ မြင်ခဲ့ရသလို၊ မြင်နေသလို၊ စာဖတ်သူများလည်း မြင်လေရအောင် ၎င်းအတ္ထုပ္ပတ္တိတို့ကို စာလုံးဖြင့် တန်ဆာဆင်ထားသော 'စာကား' တစ်ခုဖြစ်သည်ဟု ဆိုလျှင် မှားနိုင်မည်မဟုတ်ပေ။

သို့ဖြစ်ရာ ဤလောကကြီး၌ အချစ်စိတ်လည်းရှိ၏။ အမုန်းစိတ်လည်းရှိ၏။ ၎င်းပြင် လည်း မနာလိုစိတ်၊ လောဘစိတ်၊ သဝန်ကြောင်စိတ်၊ သားသမီးက မိဘကို ချစ်သောစိတ်၊ မိဘက သားသမီးကို ချစ်သောစိတ်၊ သစ္စာရှိသောစိတ်၊ သစ္စာမဲ့သောစိတ်၊ ဒေါသစိတ်၊ မောဟစိတ် စသည်ဖြင့် စိတ်အမျိုးပေါင်းများစွာ ရှိပေသေး၏။ ၎င်းစိတ် တစ်စိတ်လျှင် အနည်းဆုံး ဇာတ်လမ်းတစ်မျိုးဖြစ်နိုင်၏။ ဥပမာဆိုသော် လင်ယောကျ်ားအား မုန်းတီးသည့် အတွက် မည်ကဲ့သို့ ၎င်း၏ မိန်းမက သေကြောင်းကြံစည်ပုံ၊ အိမ်နီးချင်း ချမ်းသာသည်ကို မနာလိုသောကြောင့် မကောင်းကြံစည်ရာ အိမ်နီးချင်းတို့ကား မထိ၊ ကြံစည်သူကိုသာ ထိ၍ မည်ကဲ့သို့ပျက်စီးသွားပုံ၊ လောဘစိတ် တိုက်တွန်းသောကြောင့် တစ်မိဝမ်းတွင်း အူတုံ ဆင်းသည့် ညီရင်းအစ်ကိုကို သတ်၍ ပစ္စည်းယူပုံ၊ သဝန်ကြောင်ပြီး မယားကိုအထင်မှား၍ သတ်ပစ်ပုံ၊ မိဘကိုချစ်သည့်အတွက် သားသမီးများက မည်ကဲ့သို့ အနစ်နာခံပုံ၊ သားသမီး ချစ်သည့်အတွက် မိဘက မည်မျှစွန့်စားပုံ၊ ကိုယ့်ဘေးကြုံသည်ကို ပမာနမထားဘဲ ဆရာ့ အသက်ကို ကယ်ဆယ်သည့် အစေခံ၏ သစ္စာရှိပုံ၊ လင့်အပေါ်၌ မိန်းမလုပ်သူက သစ္စာမဲ့ပုံ၊ ဒေါသကြီးသောကြောင့် မည်ကဲ့သို့ပျက်စီးရပုံ စသည်တို့ကို ဝတ္ထုအသီးသီးတို့၏ ဇာတ်လမ်း များအဖြစ်ဖြင့် အသုံးပြုနိုင်လေသည်။

သဝန်ကြောင်သော မိန်းမအကြောင်းကို ရေးသားထားသော ဆဒ္ဒန်ဆင်မင်းဝတ္ထု၊ သမီးနှစ်ယောက်ကို ယုံမိ၍ စုံလုံးကန်းရရှာသော ဖခင်အကြောင်းပါသည့် အင်္ဂလိပ်စာရေး ဆရာကြီး ရှိတ်စပီးယား၏ ဘုရင်လီယာ ပြဇာတ်၊ ၎င်းဆရာကြီး၏ သဝန်ကြောင်သော ယောကျ်ားအကြောင်းကို ရေးထားသည့် အော်သယ်လိုပြဇာတ်၊ ဘုရားထက် တန်ခိုးကြီးချင်၍

mgyoe.com

mgyoe.com


မြေမျိုခံရသော ဒေဝဒတ်ဇာတ်၊ တစ်ဗိုဇနောခြားကာမှုဖြင့် သီတာခုနစ်တန် တားသလိုထင်ပြီး အနှစ်ခုနစ်ရာတိုင်တိုင် ငိုပွဲဆင်လျက်ရှိသည့် သစ္စာရှိသော ကိန္နရီမောင်နှံဇာတ်၊ ပတ်ဝန်းကျင် ဖျက်၍ လူပျက်ရသည့် ပြင်သစ်ဆရာကြီး ဟူးဂိုးရေးသော 'လီမစ္စလေဘီး' ဝတ္ထု စသည်တို့သည် အထက်ဖော်ပြခဲ့သောစကား၏ အကောင်းဆုံးသော သက်သေသာဓကအချို့ပင်တည်း။

သို့ရာတွင် ယခုအခါမှာမူကား လောကကြီးတွင် လူတို့သည် အချစ်တစ်ခုတည်းနှင့်သာ အချိန်ကုန်နေဘိသည့်အလား တစ်ခါလာလည်း မဲပြာပုဆိုးဟုဆိုသည့် စကားကဲ့သို့ အချစ်ကိုသာလျှင် ဝတ္ထု၏ဇာတ်လမ်းအဖြစ်ဖြင့် များစွာသော ယခုကာလဝတ္ထုရေးဆရာတို့သည် ရေးသားလျက် ရှိကြလေသည်။

၎င်းပြင် ၎င်းဆရာတို့၌ အခြားကြီးသော အပြစ်တစ်ခုကား ဝတ္ထုရေးသားရာ၌ စာစီစာကုံးအထားအသိုကို ဂရုမစိုက်၊ ဖြစ်သလိုရေးတတ်ခြင်းပင် ဖြစ်လေသည်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ မစ္စတာမောင်မှိုင်း စသော မြန်မာစာရေးဆရာကြီးတို့သည် စာရေးသားရာ၌ အထားအသိုကို လွန်စွာ ဂရုစိုက်ကြသဖြင့် ၎င်းတို့အရေးအသားကို မြင်ကာနှင့် မည်သူ၏ အရေးအသားဖြစ်သည်ကို ပြောပြနိုင်၏။

လူပုံသဏ္ဌာန်ကို ခပ်လှမ်းလှမ်းက မြင်ရုံနှင့် ၎င်းလူသည် ဘယ်သူဖြစ်သည်ကို သိနိုင်၏။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ ဟန်၊ သို့မဟုတ် 'စတိုင်' သည် အခြားလူများ၏ စတိုင်နှင့်မတူသောကြောင့်ပင် ဖြစ်ပေ၏။ လူ၌သာလျှင် စတိုင်ရှိသည်မဟုတ်၊ အရေးအသား၌လည်း စတိုင်ရှိသေး၏။ သို့ရာတွင် ယခုအခါ ဝတ္ထုရေးနေကြသော အချို့လူတစ်စုသည် ဘာကိုမျှ ဂရုမစိုက်။ ၎င်းတို့ကိုယ်ပိုင်စတိုင် လုံးလုံးမရှိ။ ဖြစ်ကတတ်ဆန်း အရမ်းသော့ချလိုက်ကြသည်သာ များလေသည်။

ဂျိုးဆက်ကွန်ရက်၊ သောမတ်ဟာဒီ စသော စာရေးဆရာကြီးတို့သည် စာတစ်ကြောင်းအတွက် သဘောကျသော စကားလုံးများ မရနိုင်လျှင် တနင်္ဂနွေတစ်ပတ်မျှ အကုန်ခံ၍ ရှာကြ၏။ အတုယူဖွယ်ပင်။

တတိယအပြစ်ကား ၎င်းတို့၏ဝတ္ထုများတွင်ပါကြသော ဇာတ်လိုက်များကို Characterisation ခေါ် သရုပ်ပေါ်အောင် မရေးသားနိုင်ခြင်းပင် ဖြစ်ပေသည်။ ဤကဲ့သို့ မရေးသားနိုင်ခြင်းကြောင့် ဝတ္ထုဟုခေါ်ထားသော စာအုပ်များမှာ ဝတ္ထုတန်းတွင် မနေနိုင်ဘဲ 'ပုံ' အတန်းသို့သာ ရောက်ကြလျက်ရှိကြ၏။

ဤကဲ့သို့ အပြစ်ပြရခြင်းသည် သူများမျက်ချေးကို ဖော်ပြရခြင်း၌ ဝမ်းသာသောကြောင့် မဟုတ်ပေ။ လူတစ်မျိုး၏ ယဉ်ကျေးခြင်းကို ဆုံးဖြတ်ရာ၌ ဝတ္ထုသည် အရေးပါအရာရောက်သော အချက်ကြီးတစ်ချက်ဖြစ်ရကား ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် ယဉ်ကျေး သိမ်မွေ့ကာ နေခဲ့ဖူး၍ ယဉ်ကျေးသိမ်မွေ့သော စာပေတို့၏ ပိုင်ရှင်များဖြစ်ကြသော မြန်မာ လူမျိုးတို့အား ကာလပေါ်ဝတ္ထုတို့နှင့် အကဲဖြတ်မည်ကို လွန်စွာစိုးသောကြောင့်

mgyoe.com

mgyoe.com

SAMPLE BOOK

ပင် ဖြစ်ပါကြောင်း။

ယခု ညွန့်ပေါင်းတွင် မောင်သိန်းဖေ၏ 'မင်းတိုင်ပင်၊ ငါ့လင်နှင့် ငါ့ငွေ၊ စစ်သည်တော်' ဟူသော ဝတ္ထုတိုသုံးပုဒ်ကို စု၍နှိပ်ထားလေသည်။ အကယ်စင်စစ်မှာ ၎င်းဝတ္ထုသုံးပုဒ်သည် မောင်သိန်းဖေ၏ ရေးသားပြီးသော ဝတ္ထုများထဲတွင် အကောင်းဆုံးသော ဝတ္ထုတိုသုံးပုဒ်ဟု မဆိုနိုင်ချေ။ ဂန္ထလောကမဂ္ဂဇင်း၊ ယူနီဗာစီတီ ကောလိပ်မဂ္ဂဇင်း၊ ဒီးဒုတ်ဂျာနယ်၊ ဒဂုန်မဂ္ဂဇင်း၊ စာဆိုတော်မဂ္ဂဇင်းတို့တွင် ဝတ္ထုတိုပေါင်းများစွာကို သိန်းနေနွယ် အမည်ခံ၍ ရေးသားခဲ့ဖူးလေသည်။ ၎င်းတို့အနက် ယခု ဝတ္ထုတိုသုံးခုကို အဆင်သင့်ရာ ကောက်ယူ၍ ပုံနှိပ်ထုတ်ဝေလိုက်ခြင်းပင် ဖြစ်ပါသည်။ ဤကဲ့သို့ အကောင်းဆုံးဝတ္ထုတို့ကို ညှိနှိုင်းတိုင်ပင်၍ ကောက်ယူပုံနှိပ်ခြင်း မပြုသောကြောင့် အပြစ်ရှိသည်ဟုဆိုပါလျှင် ၎င်းသည် ယခု နိဒါန်းရေးသူ၏အပြစ် လုံးလုံးပင်ဖြစ်ပါကြောင်း။

ယခု နိဒါန်းကိုရေးစဉ် ဝတ္ထုရေးဆရာ မောင်သိန်းဖေနှင့် တွေ့ရပုံကို ရေးသားရလျှင် ပိုမည်ဟုမထင်သောကြောင့် အကျဉ်းမျှ ရေးသားဖော်ပြပါအံ့။ အသွင်မတူ အိမ်သူမဖြစ် ဟူသော စကားအရ ဆူဆူပူပူလုပ်တတ်သော သဘောရှိသောသူတစ်ယောက်သည် မိမိကဲ့သို့ ဆူဆူပူပူလုပ်တတ်သော သဘောရှိသူနှင့်သာ ပေါင်းဖက်တတ်ကြသည်မှာ ဓမ္မတာပင် ဖြစ်လေသည်။

၁၉၃၄–၃၅ ခုနှစ်က မောင်သိန်းဖေသည် ယူနီဗာစီတီကောလိပ်တွင် ဘီအေအထက်တန်း၌ သင်ကြားလျက် ယခု နိဒါန်းရေးသူက ဘီအယ်ပထမနှစ်တွင် သင်ကြားလျက်ရှိကြရာ တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံချစ်ခင်ပေါင်းသင်း မိကြလေသည်။ ပေါင်းမိ၍ အတော်ကလေးကြာလျှင် မောင်သိန်းဖေသည် မိမိရေးသားထားသော ဝတ္ထုတိုကလေးများကို မကြာခဏယူလာ၍ ဖတ်စေလေ၏။ သို့ရာတွင် သိန်းနေနွယ်၊ ကျက်သရေ၊ တက်နေ အစရှိသော ကလောင်နာမည်များကို တစ်ဖက်သတ် အကြောင်းမရှိဘဲ မုန်းတီးနေပါသဖြင့် ၎င်းကလောင်နာမည် များနှင့်ရေးနေသော စာဟူသမျှတို့ကို အလျှင်းမဖတ်ဘဲနေရကား သိန်းနေနွယ်၏ဝတ္ထုများကို ပေး၍သာ ယူထားလိုက်ရသည်။ တစ်ခါမျှ မဖတ်ဖြစ်ချေ။ တစ်နေ့သ၌ အခြားဖတ်စရာစာအုပ်များလည်း အဆင်သင့်မရှိသည်နှင့် ဂန္ထလောကမဂ္ဂဇင်း တစ်အုပ်ကို ကောက်ယူပြီးဖွင့်လိုက်ရာ အဆင်သင့်ပင် သိန်းနေနွယ်ရေးသော 'ငါ့လင်နှင့် ငါ့ငွေ' ဝတ္ထုတိုကို တွေ့ရလေသည်။ အစက ပြည်းရုံသာပြည်းမည် ဟူသော စိတ်ထားနှင့် ဖတ်ရာ အရသာတွေ့သောကြောင့် ပြည်းရုံနှင့်သာ မတင်းတိမ်နိုင်ဘဲ အဝစားလိုက်မိလေသည်။

'မင်းတိုင်ပင်' နှင့် တွေ့ရပုံမှာ 'ငါ့လင်နှင့် ငါ့ငွေ' ထက်ပင် ပိုမိုထူးဆန်းလေသည်။ ထိုအချိန်ကား မောင်သိန်းဖေနှင့် ယခု နိဒါန်းရေးသူတို့သည် မိမိတို့၏ ဆိုင်ရာစာမေးပွဲများကို ဖြေဆိုပြီးစီးကြသော်လည်း အိမ်သို့ မပြန်နိုင်ကြသေးဘဲ အသင်းရုံးကြီးတစ်ခု၌

mgyoe.com

mgyoe.com SAMPLE BOOK


ခေတ္တတည်းခိုနေကြသေး၏။ တစ်နေ့သ၌ စကားထိုင်ပြောနေကြရာမှ 'ဒီလူတွေကလည်း သိပ်ခွကျတာပဲဗျာ။ ဝတ္ထုတစ်ပုဒ် ရေးပေးပါဆိုလို့ ရေးပြီးပို့ထားတာ ကြာလှပြီ။ ခုထက်ထိပုံမနှိပ်သေးဘူး' ဟု မောင်သိန်းဖေက ညည်းလိုက်ရာ ခပ်ပျင်းပျင်းရှိသည်နှင့် 'မောင့်ဝတ္ထုအကြောင်း ပြောစမ်းပါဦး။ သူများလည်း သွားအပြစ်တင်မနေနဲ့ဦးလေ။ ဘယ်သူမှ မလွမ်းဘဲနဲ့ ကိုယ့်ဟာကိုယ် လွမ်းနေတဲ့ဝတ္ထုမျိုးလည်း ဖြစ်နေဦးမယ်' ဟု ယခုနိဒါန်းရေးသူက ပြန်၍ပြောလေ၏။ မောင်သိန်းဖေသည်လည်း ၎င်း၏ဝတ္ထုကို အကြောင်းပြန်ပြီးသည်၏ အဆုံး၌ ပြုံး၍ 'ဒီဝတ္ထုနှိပ်ပြီးရင်တော့ ငွေရမှာပဲ။ အဲဒီတော့မှ မျက်မှန်တစ်လက်ဝယ်ရမယ်။ မျက်စိတွေက အရင်ကလို ကြည့်လို့မကောင်းတော့ဘူး' ဟု ပြောလေ၏။

၎င်းနောက် 'မင်းတိုင်ပင်'ဝတ္ထုကို ပြန်ယူစေ၍ ဖတ်ကြည့်ပြီးလျှင် ဒီးဒုတ်ဂျာနယ် အယ်ဒီတာနှင့် စေ့စပ်ပြီး ၎င်းဂျာနယ်တွင် ထည့်စေသည်။ မောင်သိန်းဖေလည်း အလိုရှိသည့်မျက်မှန်ကို ရလေသည်။ မြန်မာပြည်ရှိ ဝတ္ထုရေးသူများသည် ဆင်းရဲလေစွ။ သို့ရာတွင် ကြွေးမပေးနိုင်၍ ဘီလစ်က အချုပ်ခန်းသို့ ပို့ခါနီးတွင်မှ မိမိရေးထားသော 'ဗိုင်ကာအော့ဖ်ဝေ့ဖီး' ခေါ် ကမ္ဘာကျော်ဝတ္ထုကို ကပျာကယာရောင်းပြီး ကြွေးဆပ်ရသော အင်္ဂလိပ်စာရေးဆရာကြီး 'ဂိုးစမစ်' နှင့်စာလျှင် မောင်သိန်းဖေက တော်ပေသေး၏။

ဝတ္ထုရေးဆရာတို့သည် များသောအားဖြင့် မိမိတို့၏တိုင်းပြည်၊ မိမိတို့၏ လူမျိုးအကြောင်းများလောက်ကိုသာ ရေးကြ၏။ ထို့ထက် အချို့ဆရာတို့သည် မိမိတို့ ရင်းရင်းနှီးနှီး သိရှိသော ပတ်ဝန်းကျင်အရပ်နှင့်တကွ ၎င်းအရပ်တွင် နေထိုင်ကြကုန်သော လူတစ်စု၏ အကြောင်းကိုသာ ရေးတတ်ကြလေ၏။ အင်္ဂလိပ်စာရေးဆရာကြီး 'သောမတ်ဟာဒီ' သည် မိမိကိုယ်တိုင် ငယ်ရာက ကြီးပြင်းလာရသော အရပ်များကိုသာ ၎င်း၏ဝတ္ထုများ၏ ဇာတ်ခုံသဖွယ်သုံး၍၊ တစ်သက်လုံး ပင်လယ်နှင့် အသက်မွေးမြူလာသော စာရေးဆရာကြီး ဂျိုးဆက်ကွန်ရက်၏ နာမည်ကျော်ဝတ္ထုကြီးများသည် ပင်လယ်နှင့် သင်္ဘောသားများ၏ အတ္ထုပ္ပတ္တိများပင် ဖြစ်လေသည်။ မောင်သိန်းဖေ၏ ဝတ္ထုတိုများ၌လည်း ၎င်းမွေးဖွားရာဖြစ်သော ဘုတလင်မြို့၊ ၎င်းပြင် ပတ်ဝန်းကျင်ရှိ မောင်သိန်းဖေ ရောက်ဖူးဖန်များသော လူတစ်စု၏ အတ္ထုပ္ပတ္တိများကိုသာ အများအားဖြင့် တွေ့ကြရလေသည်။

ဤကဲ့သို့ ရေးရာ၌ နယ်ကျဉ်းသလောက် မလွယ်ကူပေ။ မောင်သိန်းဖေရေးသော အရပ်တစ်ဝိုက်ကို 'အညာ' ဟု ခေါ်ကြပါစို့။ အညာအရပ်များသည် အောက်အရပ်များကဲ့သို့မဟုတ်။ အိမ်ဆောက်ပုံ ခြားနား၏။ သစ်ပင်ဝါးပင် ပေါက်ပုံထူးခြား၏။ ဥတုကအစ ကွဲပြား၏။ အောက်အရပ်သားတစ်ယောက်အား ခြင်းတောင်းတစ်ခုတွင်ထည့်ပြီး ၎င်းမရောက်ဖူးသေးသော အညာအရပ်တစ်ခုသို့ ခေါ်သွား၊ ထိုအရပ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ၎င်းသည် အညာအရပ်သို့ ရောက်သည်ကို သိရှိ၏။ အညာသားတစ်ဦးအား အောက်သားတစ်ဦးက ယိုးဒယား(ထိုင်း) တွင် တွေ့။ ၎င်းသည် အညာသားဖြစ်မှန်းကို အောက်သားသည်

mgyoe.com

mgyoe.com SAMPLE BOOK


ကောင်းစွာ အကဲခတ်မိ၏။ အညာသား၏ မနှစ်သက်သောအရာများ၊ လိုလားတောင့်တသော အရာများ၊ ပြောပုံဆိုပုံများ၊ သွားပုံလာပုံ ဝတ်ပုံစားပုံများသည် ၎င်းအား အညာသားဖြစ်မှန်းကို လုံးလုံးထောက်ခံလျက်ရှိလေသည်။ (ယခုခေတ်အခါ တစ်ဦးနှင့်တစ်ဦး ရန်တိုက်ပေးတတ် သူများ များပြားလျက်ရှိသည်ဖြစ်ရာ ဤကဲ့သို့ရေးခြင်းကို အညာသားတွေကို 'နှံ'သည်၊ 'နှိပ်'သည်ဟု မဟုတ်မဟတ် ရေးသားကြမည်၊ တွေးထင်ကြမည်ကို စိုးရ၏။ စကော့တလန်သားနှင့် အင်္ဂလန်သားတို့သည် တစ်မြေတည်းပေါက်၊ တစ်ရေတည်းသောက် တစ်မျိုးတည်းဖြစ်ကြသော်လည်း ၎င်းနှစ်ဦးတို့သည် တစ်ဦးနှင့်တစ်ဦး အပြောအဆို အနေအထိုင် အဝတ်အစား အသွားအလာတို့ အနည်းငယ်မျှ ကွဲပြားသလို တစ်မြေတည်းပေါက်၊ တစ်ရေ တည်းသောက်၊ တစ်မျိုးတည်း ဖြစ်ကြကုန်သော အညာသား နှင့် အောက်သားကိုလည်း အနည်းငယ်ထူးခြားပုံကို သိသာစေလိုသောကြောင့် ရေးသားဖော်ပြကြရခြင်း ဖြစ်ပါသတည်း။ ဤကား စကားချပ်။)

ထို့ကြောင့် အညာအရပ်အကြောင်းကို ဝတ္ထုရေးသားရာ၌ အောက်အရပ်များနှင့် ဘာမျှမခြား။ အညာသူ အညာသားတို့အားလည်း အောက်သူ အောက်သားများကဲ့သို့ ပြောဆိုနေထိုင် သွားလာဝတ်စားစေလျှင် အင်္ဂလိပ်လူမျိုးတစ်ဦးသည် မြန်မာအဝတ်အစား ဝတ်စားသကဲ့သို့လည်းကောင်း၊ မြန်မာလူမျိုးတစ်ဦးသည် အင်္ဂလိပ်အဝတ်အစားကို ဝတ်စားထားသကဲ့သို့လည်းကောင်း ဖတ်ရသည်မှာ အဆင်မပြေလှချေ။ အညာအကြောင်းကိုရေးလျှင် ဖတ်ရသူ၏စိတ်ထဲ၌ ၎င်းသည် အညာကိုရောက်ပြီး အညာသူ အညာသားများနှင့် တွေ့ဆုံနေရသည်ကို စိတ်ထဲတွင် အလိုအလျောက်ဖြစ်ပေါ်လာစေနိုင်ရမည်။ သောမတ်ဟာဒီနှင့် ဂျိုးဇက်ကွန်ရက်တို့ နာမည်ကြီးလာရခြင်း အကြောင်းတစ်ရပ်သည် ဤကဲ့သို့ Atmosphere ခေါ် 'လေ' ပါအောင် ရေးသားနိုင်ခြင်းကြောင့်ပင် ဖြစ်လေသည်။ မောင်သိန်းဖေ၏ ဝတ္ထုတိုများကို အကဲဖြတ်ရာ၌ အခြားအချက်များတွင် အကဲဖြတ်ဆရာတို့သည် သဘောကွဲလွဲလျှင် ကွဲလွဲပေမည်။ သို့ရာတွင် မောင်သိန်းဖေ၏ ဝတ္ထုများ၌ 'အညာ အက်တမို့စ်ဖီးယား' ခေါ် 'အညာလေ' ပါခြင်းကိုကား မည်သည့် အကဲဖြတ်ဆရာမှ သဘောကွဲလွဲမည် မဟုတ်ပေ။ ဤအချက်သည်လည်း မောင်သိန်းဖေ၏ ဝတ္ထုတိုများ၏ ထူးခြားသော သတ္တိတစ်ခုပေတည်း။

မောင်နု

၂၀၊ ၈၊ ၁၉၃၇

❑

mgyoe.com

mgyoe.com SAMPLE BOOK

# ဦးနု၏ ဒုတိယနိဒါန်း*

အထက်ပါ ပထမပုံနှိပ်ခြင်းအတွက် နိဒါန်းကို ကျွန်တော်သည် ၁၅ နှစ်လောက်တုန်းက ရေးခဲ့ခြင်းဖြစ်၏။ ထို ၁၅ နှစ်အတွင်း မြန်မာနိုင်ငံတွင် ထူးခြားသော ပြောင်းလဲချက်များ ပေါ်ပေါက်ခဲ့ပြီ။ ထိုအပြောင်းအလဲများထဲတွင် မြန်မာစာပေသည် ပါဝင်ကောင်းပါဝင်ပေလိမ့်မည်ဟု ကျွန်တော် မျှော်လင့်သည်။ ကာလပေါ် မြန်မာစာပေနှင့် ကျွန်တော်သည် ကင်းကွာနေခဲ့ရသည်မှာ အတော်ကလေး ကြာမြင့်နေပြီ ဖြစ်သဖြင့် ဤနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ထူးခြားသည့် ပြောင်းလဲချက်များတွင် မြန်မာစာပေသည်လည်းပါ၊ မပါဆိုသည့်အချက်ကို ကျွန်တော်မှာ တိတိကျကျ ပြောစွမ်းနိုင်သည့် အခြေအနေမရှိကြောင်းကို ကျွန်တော် အတိအလင်းဝန်ခံရပေမည်။

အကယ်၍ ဤနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ထူးခြားသည့် ပြောင်းလဲချက်များတွင် မြန်မာစာပေသည်လည်း ပါဝင်ခဲ့သည်ဟုဆိုပါလျှင် အထက်ပါ နိဒါန်းမျိုးသည် ယခုအချိန်အခါတွင် အသုံးကျချင်မှ ကျပေတော့မည်။ သို့ရာတွင် မြန်မာစာပေသည် အထူးသဖြင့် ကာလပေါ် မြန်မာဝတ္ထုများသည် အချစ်စခန်းကပင် တက်စွမ်းနိုင်ခြင်းမရှိဘဲ တဝဲလည်လည်နှင့် အချစ်စခန်း၌ပင် ကျက်စားနေသေးသည်ဟုဆိုပါလျှင် အထက်ပါနိဒါန်းသည် မြန်မာဝတ္ထု၏အခြေအနေကို မြှင့်တင်လိုသော စေတနာကောင်းရှိသူ မြန်မာဝတ္ထုရေးဆရာတိုင်းအတွက် အသုံးဝင်သော အထောက်အပံ့တစ်ခု ဖြစ်လိမ့်မည်ဟု ကျွန်တော် ယုံကြည်ပါသည်။

---

* ဤနိဒါန်းမှာ 'စစ်သည်တော်၊ ငါ့လင်နှင့် ငါ့ငွေ၊ ရေနံ၊ သီချင်းဆို၍ ငိုရသည်၊ အချို့ရှာတမာတွေ့၊ လွတ်လပ်ရေးရတော့မှ၊ အားလုံးကောင်းပါသည်ခင်ဗျား၊ သစ္စာဖောက်တဲ့ဗျား၊ တတိယတန်းမှာ တစ်နေရာ' တို့ကို စုပေါင်းထုတ်ဝေစဉ်က ဦးနုရေးပေးသော ဒုတိယနိဒါန်းဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ပထမနိဒါန်းတွင် ဝတ္ထုရေးဆရာ သိန်းဖေနှင့်ပတ်သက်၍ ကျွန်တော် အနည်းငယ် ရေးသားခဲ့ပြီးပြီ။ ယခုနိဒါန်းတွင် ၎င်း၏အကြောင်းနှင့်ပတ်သက်၍ အနည်းငယ် ထပ်မံ ရေးသားလိုပေသည်။ စာရေးဆရာ သိန်းဖေ (ယခု သိန်းဖေမြင့်) ၏အကြောင်းကို ဥပမာ တစ်ခုနှင့်ပြရလျှင် ပို၍ရှင်းလိမ့်မည်ဟု ကျွန်တော်ထင်မိသည်။ ၎င်းသည် ကိုယ့်ကို အသေ အလဲစွဲ၍ကြိုက်နေသော မိန်းကလေးကိုကား မကြိုက်။ ကိုယ့်ကို မကြိုက်ပါဘူးဟူ၍ ချိုချို သာသာ ရယ်ရယ်မောမောဖြင့်တစ်မျိုး၊ ခါးခါးသီးသီး ပက်ပက်စက်စက်တစ်ဖုံ၊ သွယ်သွယ် ဝိုက်ဝိုက် ဖြင့်တစ်မျိုး၊ တဲ့တိုး နည်းဖြင့်တစ်ဖုံ၊ နည်းမျိုးစုံနှင့် ငြင်းပယ်ခဲ့သော မိန်းကလေး တစ်ဦးကိုမှ အသေအလဲစွဲကြိုက်နေသူတစ်ဦးနှင့် တူလျက်ရှိသည်။

၎င်းဥပမာကို ရှင်းပြပါအံ့။

သိန်းဖေမြင့်သည် မြန်မာစာပေလောကတွင်သာမက ကမ္ဘာ့စာပေလောကတွင် ထိပ်ဆုံးတန်းသို့ ရောက်နိုင်သော အရည်အချင်းများနှင့် ပြည့်စုံသည့် စာရေးဆရာတစ်ဦး ဖြစ်သည်။ လွန်ခဲ့သည့် ၁၅ နှစ်အတွင်း နိုင်ငံရေးကို အစွဲပြုပြီး သိန်းဖေမြင့်နှင့် ကျွန်တော် တို့၏ စပ်ကြားတွင် အကြိမ်ကြိမ်ဖြစ်ခဲ့ရသော ပဋိပက္ခမှုများသည် သိန်းဖေမြင့်အပေါ်တွင် စာရေး ဆရာတစ်ဦးအနေနှင့် ထားရှိခဲ့သော ကျွန်တော်၏ အထင်ကြီးမှုကို ယနေ့ထက်တိုင် မပြောင်းလဲခဲ့သေးပေ။

သိန်းဖေမြင့်သည် စာပေလောကတွင် ဤမျှ အလားအလာရှိသော စာရေးဆရာ တစ်ဦးပင် ဖြစ်လင့်ကစား ၎င်းသည် စာပေလောကကို စွဲစွဲလမ်းလမ်း ဖြစ်သင့်သလောက် မဖြစ်ဘဲ ၎င်းကို အကြိမ်ကြိမ်အဖန်ဖန် ငြင်းဆန်ပယ်ထုတ်ခဲ့သော နိုင်ငံရေးလောကကိုသာ ငမ်းငမ်းတက် စွဲလမ်းလျက်ရှိသည်။ နိုင်ငံရေးလောကက ၎င်းအပေါ်တွင် မည်မျှပင် စိမ်းကား ရက်စက်ခဲ့သော်လည်း သိန်းဖေမြင့်ကား...

'အစိမ်းတွင် သူ ဘုရင်မို့၊ အဖြူမျှင် တစ်မျှင်မှ မရော' သည့် စိမ်းကားရက်စက် လှသော နိုင်ငံရေးလောကကြီး၏ နောက်သို့သာ တကောက်ကောက်လိုက်လျက် ရှိလေ သည်။ နိုင်ငံရေးလောကတွင်းသို့ အိမ်ရှေ့ကမဝင်ရလျှင် နောက်ဖေးပေါက်ကပင် ဝင်ပါ ရစေ။ တစ်နည်းနည်းဖြင့်ဝင်နိုင်ရန် မလျှော့တမ်း ကြိုးစားလျက်ရှိလေသည်။

ဤသို့ သနားစရာကောင်းလှသော စာရေးဆရာ သိန်းဖေမြင့်အား ကယ်နိုင်မည့် သူမှာ ထိုသိန်းဖေမြင့်မှတစ်ပါး အခြားပုဂ္ဂိုလ်မရှိတော့ပေ။ ထို့ကြောင့် စာရေးဆရာသိန်းဖေ မြင့်သည် မိမိကိုယ်ကိုမိမိ သနားသောအားဖြင့်လည်းကောင်း၊ မြန်မာစာပေလောကကြီးကို တကယ်တမ်း မြှင့်တင်ပေးနိုင်စွမ်းရှိသည့် ၎င်း၏ စာရေးဆရာ အရည်အချင်းများကို ထောက်ထား၍လည်းကောင်း ၎င်းအပေါ်တွင် အကြင်နာကင်းမဲ့လျက်ရှိသော နိုင်ငံရေး လောကကြီးကို တိတိကျကျ၊ ပြတ်ပြတ်သားသား၊ ရက်ရက်စက်စက်ကြီး စွန့်ပစ်ပြီးလျှင် ၎င်းအား ယနေ့ထက်တိုင် မမေ့နိုင်သေးဘဲ လက်ယပ်ခေါ်လျက်ရှိသော အကြင်စာပေလောက

mgyoe.com

mgyoe.com
SAMPLE BOOK


ချစ်သူနှင့် အမြန်ပြန်ပြီးပေါင်းနိုင်ပါစေသောဝ်ဟူ၍ ကောင်းမြတ်သော စိတ်ထားဖြင့် ဆုတောင်းလိုက်ပါသည်။

မောင်နု

၇၊ ၁၁၊ ၁၉၅၂။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# သိန်းဖေမြင့်၏ နိဒါန်း*

၁၉၃၇ ခုနှစ်က 'မင်းတိုင်ပင်' ဟူသော အမည်ဖြင့် ကျွန်တော့်ဝတ္ထုတို သုံးပုဒ်ကို ကျွန်တော်၏ ပထမဆုံး ဝတ္ထုတိုပေါင်းချုပ်အဖြစ်ဖြင့် ထုတ်ဝေခဲ့ဖူးလေသည်။

'မင်းတိုင်ပင်၊ ငါ့လင်နှင့် ငါ့ငွေ၊ စစ်သည်တော်။'

ထိုစဉ်က ကိုကြီးနု (နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးနု) သည် စုဆောင်းတည်းဖြတ်ပြီး ထိုပေါင်းချုပ်အတွက် နိဒါန်းရေးခဲ့လေသည်။

၁၉၅၂ ခုနှစ် နိုဝင်ဘာလတွင် 'အားလုံးကောင်းပါသည်ခင်ဗျားနှင့် လက်ရွေးစင်ဝတ္ထုတိုများ' ဟူသောအမည်ဖြင့် ကျွန်တော့်ဝတ္ထုတိုပေါင်းချုပ်ကို ဒုတိယအကြိမ် ထုတ်ဝေခဲ့လေသည်။ အားလုံး ၉ ပုဒ်ပါ၏။ 'စစ်သည်တော်၊ ငါ့လင်နှင့် ငါ့ငွေ၊ ရေနံ၊ သီချင်းဆို၍ ငိုရသည်၊ အချိုရှာ တမာတွေ့၊ လွတ်လပ်ရေး ရတော့မှ၊ အားလုံးကောင်းပါသည် ခင်ဗျား၊ သစ္စာဖောက်တဲ့ဗျား၊ တတိယတန်းမှာ တစ်နေရာ'။

ရွေးချယ်ရာမှာလည်းကောင်း၊ ရှေ့နောက် အထားအသိုစီစဉ်ရာမှာလည်းကောင်း ကျွန်တော့်ဝတ္ထုတိုများသည် နိုင်ငံရေးသမိုင်းကို အစဉ်အတိုင်း ထင်ဟပ်စေရမည်ဟူသော ရည်ရွယ်ချက်က လွှမ်းမိုးခဲ့လေသည်။ အမျိုးသားစိတ်၊ မြေရှင်အပေါ် တောင်သူလယ်သမား၏ ပထမဆုံး မကျေနပ်သံ၊ ရေနံအလုပ်သမား တို့၏ ပထမဆုံးနိုးကြားမှု၊ မြို့နေဆင်းရဲသား၏ ဘဝနာကြည်းမှု၊ အမျိုးသားလွတ်လပ်ရေးရချိန် စသည်တို့ကို ထိုပေါင်းချုပ်မှ ဝတ္ထုတိုအသီးသီးက ထင်ဟပ်ဖော်ပြခဲ့သည်။ ၎င်းတို့ကို ရေးသားခဲ့သော အချိန်ကာလ နှစ်အစဉ်အတိုင်း ရှေ့နောက်စီစဉ်မထားခဲ့ချေ။

ထိုဝတ္ထုတိုပေါင်းချုပ် ထုတ်ဝေခါနီး၌ ထိုစဉ်က ဝန်ကြီးချုပ်ဖြစ်နေသော ဦးနုအား 'မင်းတိုင်ပင်' အတွက် သူရေးပေးခဲ့သော နိဒါန်းကို ထည့်လိုကြောင်း ပြောပြသောအခါ

* ပုဂံစာအုပ်တိုက်ထုတ် 'သိန်းဖေမြင့် ဝတ္ထုတိုပေါင်းချုပ်'မှ နိဒါန်းဖြစ်ပါသည်။

mgyoe.com

mgyoe.com

SAMPLE BOOK

ခွင့်ပြုရုံသာမက ဒုတိယနိဒါန်းကိုပါ ရေးပေးပြန်လေသည်။ ထိုနိဒါန်းကို ယခု ထပ်မံဖော်ပြလိုက်ပါသည်။

'အားလုံးကောင်းပါသည်ခင်ဗျားနှင့် လက်ရွေးစင်ဝတ္ထုတိုများ' ထွက်ပြီး နောက် ၁၄ နှစ်ကျော် ကြာခဲ့ပါပြီ။ အချို့တပည့်တပန်းများသည် သူတို့ပရိယေသန ဝမ်းစာအလို့ငှာ ကျွန်တော့်ဝတ္ထုတို သုံးလေးပုဒ်ကိုယူ၍ စာအုပ်အဖြစ်ဖြင့် ထုတ်ဝေကြသည်မှတစ်ပါး သိန်းဖေမြင့်ဝတ္ထုတိုပေါင်းချုပ်ဟူ၍ မည်မည်ရရ ပေါ်မလာခဲ့ချေ။

ယခု ပုဂံစာအုပ်တိုက်နှင့် ကျွန်တော်ကိုယ်တိုင် ဝါယမစိုက်ထုတ်ပြီး 'သိန်းဖေမြင့်၏ဝတ္ထုတိုပေါင်းချုပ်' အမည်ဖြင့် ဝတ္ထုတို ၂၃ ပုဒ်ကို ထုတ်ဝေလိုက်ပါသည်။

ရေးသောအချိန်ကာလ နှစ်အတိုင်း ရှေ့နောက်စီစဉ်ထားလိုက်သည်။ လေးနက်သောအကြောင်းအရာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ နိုင်ငံရေး သမိုင်းအစဉ်ကို ထင်ဟပ်သည်ဖြစ်စေ၊ မထင်ဟပ်သည်ဖြစ်စေ ကျွန်တော်ရေးသားသော ဝတ္ထုတိုမှန်သမျှ၊ အဆင့်အတန်းမီသည်ဟု ထင်သမျှ၊ ရှာဖွေရသမျှကို ထည့်လိုက်ပါသည်။

အမေ၊ ရှင်သုမန၊ သစ္စာ သို့မဟုတ် စိန်နက်တို့မှာ တကယ့်အဖြစ်အပျက်များဖြစ်သည်။ ဆောင်းပါးအဖြစ်ဖြင့် စာနယ်ဇင်းများသို့ ရေးပေးခဲ့ရာ အယ်ဒီတာများက ဝတ္ထုတိုနေရာမှာ ထားခဲ့ကြသည်။ စာဖတ်ပရိသတ်ကလည်း ဝတ္ထုဟုပင် မှတ်ယူကြသည်။ ထို့ကြောင့် ၎င်းတို့ကို ဆောင်းပါးဝတ္ထုဟုပင် ခေါ်ရတော့မည်ဖြစ်ပြီး ဤပေါင်းချုပ်မှာ ထည့်လိုက်ပါသည်။

ရေးသောနှစ်အတိုင်း ရှေ့နောက်စီစဉ်ထားသိုလိုက်သဖြင့် စာပေရေးသားပုံ၊ ဝတ္ထုတိုရေးဟန် ဖြစ်ပေါ်တိုးတက်မှုကို လေ့လာလိုသူတို့အတွက် အကျိုးရှိလိမ့်မည်ဟု ယူဆသည်။ ၁၉၃၄ ခုနှစ်မှ ၁၉၆၆ ခုနှစ်ထိ ၃၂ နှစ်သော ကာလအတွင်း ကမ္ဘာကြီး အမျိုးမျိုးပြောင်းလဲသလို မြန်မာလူ့ဘောင်လည်း ပြောင်းလဲခဲ့သည်။ ထို့အတူ မြန်မာစာပေအရေးအသားတို့လည်း ပြောင်းလဲခဲ့သည်။ ထို့ကြောင့် ကျွန်တော့် အရေးအသားတွင်လည်း အပြောင်းအလဲရှိရပါလိမ့်မည်။

'ဝနေငဖေ၊ သိန်းနေနွယ်၊ သိန်းဖေ' စသော အမည်များဖြင့် တက္ကသိုလ်မဂ္ဂဇင်း၊ ဒဂုန်မဂ္ဂဇင်း၊ ဒီးဒုတ်ဂျာနယ်၊ ဟံသာဝတီဂျာနယ်တို့တွင် ရေးခဲ့သော အခြားဝတ္ထုတိုများကို ရှာမရသေးပါ။ 'ခင်မျိုးချစ်၊ မြင်းဖြူရှင်၊ တိုကြပ်ပါး၊ မိန်းမလူစွမ်းကောင်း*' စသောဝတ္ထုအမည်များကိုသာ မှတ်မိတော့သည်။ ရှာ၍ရသော တစ်နေ့တွင် ဤပေါင်းချုပ်ထက်ထူသော ပေါင်းချုပ်သစ် ပေါ်လာနိုင်ပေသေးသည်။

---

* 'မိန်းမသူရဲကောင်း' ဝတ္ထုကို ဆိုလိုဟန်ရှိသည်။
သိန်းနေနွယ်အမည်ဖြင့် ၁၉၃၄ တွင် အခန်းဆက်ရေးသားခဲ့သော ဝတ္ထုရှည်ဖြစ်သော်လည်း ဝတ္ထုမှာ အပြီးမသတ်နိုင်ခဲ့ပေ။
(စာပေဘာဝဇာတ်လမ်းစုံ၊ ၂၀၂၅၊ တတိယအကြိမ်၊ စာ–၁၄၉)

mgyoe.com

mgyoe.com

SAMPLE-BOOK

ကျွန်တော်သည် ဝတ္ထုတိုရေးခြင်း အထတ်ပညာကို လေးစားအထင်ကြီးသည်။ ဝတ္ထုတိုရေးခြင်း၌လည်း ပျော်ပိုက်သည်။ သို့သော် ၃၂ နှစ်ကြာပြီး ယခု စာရင်းချုပ်သော အခါ ၂၃ ပုဒ်ပါသော ဝတ္ထုတိုပေါင်းချုပ်ကိုသာ ထုတ်ဝေနိုင်ခြင်းကြောင့် ဝမ်းနည်းရသည်။

သည့်ထက်ပိုပြီး မရေးခဲ့နိုင်ခြင်းမှာ စာရေးဆရာ၊ သတင်းစာဆရာ၊ နိုင်ငံရေးသမား၊ စည်းစည်းရုံးရေးသမား စသည်ဖြင့် အလုပ်တွေ အထွေထွေအပြားပြား ဖြစ်နေခြင်းကြောင့်ပါ။

ဝတ္ထုတိုတစ်မည်တည်း ရေးနေရလျှင် မည်မျှကောင်းမည်နည်း။

သို့သော် ဦးစွာပထမ စာပေလောကမှာချည်း ကျင်လည်ကျက်စားကာ စာပေ ထုတ်လုပ်ရေးကိုသာ လုံးလုံးလျားလျား ဆောင်ရွက်နိုင့်အောင် ကြိုးပမ်းရပေဦးမည်။ ယခုထိ တော့ မလွယ်သေးပါ။ မဖြစ်နိုင်သေးပါ။

ဤကိစ္စနှင့်ပတ်သက်၍ ဦးနု၏ နိဒါန်းတွင် ဦးနု၏အာဘော်ကို တွေ့နိုင်ပါသည်။ 'အားလုံးကောင်းပါသည်ခင်ဗျားနှင့် လက်ရွေးစင်ဝတ္ထုတိုများ' အတွက် ကျွန်တော်ရေးခဲ့ သော နိဒါန်းတွင် အောက်ပါအတိုင်း ဖြေကြားခဲ့လေသည်။

'ဒုတိယနိဒါန်းတွင် သခင်နုသည် ကျွန်တော်၏ နိုင်ငံရေးလောကနှင့် နိုင်ငံရေးဖြစ်ပုံများကို ဖော်ပြပြီး စာပေလောကတွင် လုံးလုံးလျားလျား ပါဝင် ဆောင်ရွက်စေလိုသော ဆန္ဒပြုထားသည်။ ဤတွင် သခင်နုအား အများ အပြားကပင် ထောက်ခံကြပေလိမ့်မည်။ မိတ်ဆွေအများက ကျွန်တော့် အား သည်အတိုင်းပင် ပြောကြသည်။ ကျွန်တော်က သူတို့ စေတနာကို ယုံကြည်သည်။ သူတို့အကြံပေးချက်ကိုလည်း လေးစားသည်။ သို့ရာတွင် တစ်ခုတော့ပြောချင်သည်။ မြန်မာ လူ့ဘောင်စနစ်ဟောင်း အဆောက်အအုံ ဟောင်းကို ဖျက်၍ စနစ်သစ်တည်ဆောက်ရေးသည် ကျွန်တော်၏ ယုံကြည် ချက် ဖြစ်သည်။ ထိုယုံကြည်ချက်မှ ကင်း၍ ဘာမျှမလုပ်။ မအောင်ခဲ့သေး သော်လည်း စိတ်မပျက်ပါ။ ထိုယုံကြည်ချက်ကို ဆောင်ရွက်ရာ၌ နိုင်ငံရေး စစ်မျက်နှာ၊ စာပေစစ်မျက်နှာ စသည်ဖြင့် စစ်မျက်နှာအမျိုးမျိုးရှိ၏။ နိုင်ငံရေး စစ်မျက်နှာတွင် ခေါင်းဆောင်ကြသူများနှင့် ခေါင်းဆောင်ကြသော ပါတီများ၊ အဖွဲ့အစည်းများသည် ယင်းသို့သော ကျွန်တော့်ယုံကြည်ချက်ကို မှန်ကန် စွာနှင့် နိုင်နင်းစွာ အကောင်အထည် ဖော်နေကြပြီဟု ကျွန်တော် ယုံကြည် စိတ်ချနိုင်သောတစ်နေ့၌ ကျွန်တော်သည် နိုင်ငံရေးတွင် နောက်လိုက်နေရာ ကနေပြီး စာပေစစ်မျက်နှာတွင်သာ လုံးလုံးလျားလျား ရှိသမျှအာရုံ၊ ရှိသမျှ အချိန်၊ ရှိသမျှသွေး,ချွေးပေး၍ ဆောင်ရွက်နေသည်ကို မြင်ကြရပါလိမ့်မည်။ အကြောင်းမူကား သခင်နုပြောသလို စာပေကသာ ကျွန်တော့်အား ချစ်မြတ် နိုးသည် မဟုတ်ပါ။ ကျွန်တော်ကလည်း စာပေအား ချစ်ရင်းစွဲမို့ ဖြစ်ပါ

mgyoe.com

mgyoe.com  SAMPLE BOOK

သည်။ ၎င်းပြင် စနစ်ပျောင်းဖျက်၍ စနစ်သစ်တည်ဆောက်ခြင်း ဖြစ်သော လူ့ဘောင်တော်လှန်ရေးတွင် အမှုထမ်းရာ၌ ကိုယ်အတတ်နိုင်ဆုံး၊ ကိုယ့်အရည်အချင်းနှင့် အသင့်လျော်ဆုံးနေရာမှ ဆောင်ရွက်ရခြင်းသည်သာလျှင် တော်လှန်ရေး အတွက်လည်း ကောင်း၍ ကိုယ့်အတွက်လည်း ကောင်းသော ကြောင့်ဖြစ်ပါသည်'

ဤပြောကြားချက်ကို ယခု ထပ်မံအတည်ပြုလိုက်ပါသည်။

ကျွန်တော် စာပေစစ်မျက်နှာတွင် လုံးလုံးလျားလျား ရှိသမျှအာရုံ၊ ရှိသမျှအချိန် ရှိသမျှ သွေး,ချွေးပေး၍ ဆောင်ရွက်နိုင်သော အခြေအနေသည် နီးကပ်နေပြီဟုလည်း ယုံကြည်နေကြောင်း ဖော်ပြလိုပါသည်။

သိန်းဖေမြင့်
၂၈၊ ၁၁၊ ၁၉၆၆။

❑

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## တက်ဘုန်းကြီးသိန်းဖေမြင့်၏ ထောင်တွင်းဝါဆို

အိုးဝေမဂ္ဂဇင်းကဏ္ဍတွင် ထောင်မှလွတ်မြောက်လာစအချိန် ဦးသိန်းဖေမြင့်နှင့် တွေ့မေးကိုဖော်ပြခဲ့ရာ အဆိုပါတွေ့မေးအစအဆုံးအား ရှားပါးစာမူတစ်ပုဒ်အဖြစ် ယခုဝတ္ထုတိုပေါင်းချုပ် စုစည်းမှုအသစ်တွင် အမှတ်တရ ပြန်လည်ဖော်ပြပါသည်။



mgyoe.com

ကျွန်ုပ်တို့ သတင်းထောက်သည် မကြာမီက ထောင်မှ လွတ်မြောက်လာသော ဦးသိန်းဖေမြင့်ထံသို့ သွားရောက်တွေ့ဆုံပြီး ထောင်တွင်းဘ၀ အကြောင်းအရာများကို မေးမြန်းစုံစမ်းခဲ့ကြောင်း၊ ဦးသိန်းဖေမြင့်မှာ တက်ဘုန်းကြီးသိန်းဖေပင်ဖြစ်၍ သူ၏ကွယ်လွန်သူ မိခင်ကြီးဒေါ်မြင့်၏အမည်ကို မျိုးရိုးစဉ်ဆက် အမည်တစ်ရပ်အဖြစ်ဖြင့် ထားယူသုံးစွဲကာ သူ့ကိုယ်ပိုင်နာမည်တွင် "မြင့်"တစ်လုံးတိုးလိုက်ခြင်းဖြစ်ကြောင်း။

ကျွန်ုပ်တို့၏ အိုးဝေစာဖတ်ပရိသတ်တို့သည် ထောင်တွင်းမှ ရေးသားပေးပို့လိုက်သော သူ၏ "အမေ" ဟူသော ဆောင်းပါးကို သတိရကြလိမ့်မည်ဖြစ်ကြောင်း။

ကျွန်ုပ်တို့သည် အဆင့်သင့်ပင် ဦးသိန်းဖေမြင့်အား တောင်ခြေကမ္ဘဌာန်းကျောင်းကလေးနှင့်တူသော သူ့နေအိမ်ငယ်တွင် တွေ့ရပါကြောင်း။

သတင်းထောက်။ ။ ခင်ဗျားထောင်က လွတ်လာတယ်ကြားကတည်းက လာချင်တာပါပဲ။ သို့ပေမဲ့ ကျွန်တော်က ဦးဦးဖျားဖျားဆိုတာထက် စေ့စေ့စပ်စပ်ဆိုတာ ပိုလိုချင်လို့ ခုမှလာတာပဲ။ ခင်ဗျားလွတ်တယ်ဆိုတာကြားရလို့ ဝမ်းသာပါတယ်ဗျာ။

သိန်းဖေမြင့်။ ။ ခင်ဗျားတို့အိုးဝေက ဝမ်းသာတယ်ဆိုတာတော့ ယုံပါတယ်။ ခင်ဗျားတို့သတင်းစာက ကျွန်တော့်ကိုလွှတ်ဖို့ ရေးဖူးတာကိုးဗျ။ တချို့သတင်းစာတွေကတော့ ကျွန်တော့်ကို မကောင်းတောင် ရေးကြသေးတယ်။ အဲဒီသတင်းစာတွေဟာ ကျွန်တော်တို့ရပ်တည်နေတဲ့ ကွန်မြူနစ်ဝါဒလမ်းစဉ်တူ သူရဲဘော်တွေ ညီညွတ်ရေးဆိုတာကို ကြောက်ကြဟန်တူတယ်ဗျ။

သတင်းထောက်။ ။ အခြားသတင်းစာတွေ အကြောင်း အချင်းချင်းတွေ့မို့ ကျွန်တော်ကတော့ ဘာမှစွက်ဖက်မပြောလိုပါဘူးဗျာ။ ဘယ့်နှယ်လဲ ထောင်ထဲမှာအစားအသောက်အနေအထိုင် ချမ်းသာမှုရှိရဲ့လား။

သိန်းဖေမြင့်။ ။ အစားအသောက်နှင့် ပတ်သက်ပြီး၊ ကျွန်တော်တို့ အေကလပ်ခေါ်တဲ့ ပထမတန်း အကျဉ်းသမားတွေအတွက် တော်တော်ကောင်းတယ်လို့ ဆိုရမှာပဲ။ တနင်္ဂနွေတစ်ပတ်ကို ကြက်နှစ်ရက်၊ ဝက်တစ်ရက်၊ ဘဲဥတစ်ရက်၊ ငါးနှစ်ရက်၊ ဆိတ်တစ်ရက်ရတယ်။ ငံပြာရည်၊ မဆလာ၊ ရှာလကာရည် စတဲ့ အထူးအသုံးအဆောင်များလည်း ရတယ်။ ကော်ဖီ၊ ပေါင်မုန့်၊ ထောပတ်ကိုလည်း တစ်နေ့နှစ်ကြိမ်စားရတယ်။ သို့ပေမဲ့ ဒါက အေကလပ်အတွက်ပဲဗျ။ အေကလပ်အကျဉ်းသားကလည်း ထောင်တွင်းဦးရေ ၂၈၀၀ မှာ ဆယ်ယောက်ရှိတာပဲဗျ။ ဘီကလပ် ၂၀၀ လောက်ကတော့ ကျွန်တော်တို့လိုပဲ သား, ငါး ရတယ်။ သို့ပေမဲ့ ငံပြာရည်၊ မဆလာ၊ ထောပတ်ဆိုတာတွေမရဘူး။ စီကလပ်အကျဉ်းသမား ရိုးရိုးမှာတော့ အေနှင့်ဘီမှာလို ဆန်ဖြူမရဘူး၊ လုံးတီးဆန်ကြမ်းကိုသာရတယ်။ သောကြာနေ့တိုင်းညနေမှာ ဝက်သားရတယ်။ ကျန်ရက်တွေမှာတော့ ငါးငပိသဲရှုပ်ရှုပ်နှင့် ဟင်းသီးဟင်းရွက်ရေလုံပြုတ်" ဟင်းကိုသာရကြတယ်။

mgyoe.com

အောဘီစီအတန်းတွေအပြင် စပါယ်ရှယ် နိုင်ငံရေးအကျဉ်းသမားတွေရှိသေးတယ်။ သူတို့ကတော့ သားငါး ကျွန်တော်တို့လိုပဲရတယ်။ သို့ပေမဲ့ ကျွန်တော်တို့ရတာလောက်တော့ မများဘူး။ အားလုံးခြုံကြည့်တော့ ကောင်းကောင်းစားနေရအောင် ပုဒ်မ ၅ နှင့် အဖမ်းခံရအောင် စောင့်နေတယ်ဆိုတဲ့ မဟာဆွေရဲ့ 'လေ' မျိုးတော့ ခင်ဗျားတို့ရှောင်စေချင်တယ်။

သတင်းထောက်။ ။ နို့ခင်ဗျားတို့ အေကလပ် (၁၀) ယောက်ဆိုတာက ဘယ်သူတွေများလဲ။ ဗိုလ်ရန်နိုင်တို့လည်း ခင်ဗျားတို့နှင့် အတူနေရမှာပေါ့။

သိန်းဖေမြင့်။ ။ အတူမနေရဘူးဗျ။ သခင်စိုးရှိတုန်းကလည်း သခင်စိုးနှင့် အတူမနေရဘူး။ ကျွန်တော်ဖြင့် သခင်စိုးကို ခပ်လှမ်းလှမ်းကတောင် မမြင်လိုက်ရဘူး။ ကျွန်တော်နှင့်နေရတာက ကွန်မြူနစ်ပါတီ၊ တပ်နီသေနာပတိဟောင်း၊ ဗိုလ်သိန်းတန်၊ ပြည်သူ့ရဲဘော်ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ မြိတ်ဗိုလ်ထွန်းစိန်၊ ဗမာ့တပ်မတော်က ကာနယ်ခင်မောင်မြင့်နှင့် ကာနယ်အန်းဂါးတို့ ဖြစ်ပါတယ်။ ဗိုလ်ရန်နိုင်တို့နှင့်တော့ ကေအင်ယူ ဆရာသာထိုတို့ မွန်ဘိုးချိုတို့ စောစံဖိုးသင်တို့ နေကြတယ်။ ရန်ကုန်ထောင်ကြီးကို အပြင်က ကြည့်တော့ တစ်ခုတည်းအဖြစ်နှင့် မြင်ရတယ်။ အတွင်းမှာတော့ ထောင်ကြီး(၈)ခု ကြိုးတိုက်၊ မိုးကြိုးတိုက်၊ ဆေးရုံ စသည်ဖြင့် အားလုံးထောင်(၁၁)ခု ဖြစ်တယ် ကျွန်တော်တို့က ထောင်နံပါတ်(၈)မှာ နေခဲ့ရတယ်။ ဗိုလ်ရန်နိုင်တို့လူစုက ဆေးရုံဘက်မှာနေရတယ်။

သတင်းထောက်။ ။ ဒါဖြင့် ဗိုလ်ရန်နိုင်ကိုလည်း တစ်ခါမှမမြင်ခဲ့ရဖူးပေါ့။

သိန်းဖေမြင့်။ ။ ထောင်ဘူးဝမှာ သူ့အိမ်က ထောင်ဝင်စာလာတွေ့တဲ့အခါ ဗိုလ်ရန်နိုင် ကျွန်တော်တို့ထောင်ရှေ့က ဖြတ်ဖြတ်သွားတော့ ခပ်လှမ်းလှမ်းက မြင်ရတယ်။ လက်ပြခြေပြဆိုတာလို နှုတ်ဆက်ကြရတာပေါ့ဗျာ။ ထောင်ကမထွက်ခင်ကလေးတင်ပဲ၊ ကျွန်တော်ဇာတ်ကပြဖို့ စီစဉ်တော့ ငွေအလှူခံသွားရင်း တစ်ခါတော့ လူချင်းနီးနီးကပ်ကပ်တွေ့ခဲ့ရပါရဲ့။ ထောင်ထဲမှာ ပွဲကြီးလမ်းကြီးရှိရင် တစ်ခုတော့ကောင်းတယ်။ ကျွန်တော်တို့ နိုင်ငံရေးသမားအချင်းချင်းတွေ့ဖို့ လမ်းပွင့်တတ်တယ်။ ပွဲသွားကြည့်ရင်း တွေ့ရတာပေါ့လေ။ သည့်ပြင်အချိန်မှာဆိုရင်တော့ အချင်းချင်းစကားမပြောရ၊ မတွေ့ရ၊ စာမပေးရ စသည်ဖြင့် ပိတ်ပင်ထားတယ်။ တစ်ခါက မိုးကြိုးတိုက်ဘက်မှာ ထောင်ကျနေတဲ့ ဒလက လှမြိုင်ဆိုတဲ့ ကွန်မြူနစ်ပါတီဝင်တစ်ယောက်နှင့် ကျွန်တော်က လက်ဟန်ခြေဟန်ပြပြီး နှုတ်ဆက်မိတယ်။ မိုးကြိုးတိုက်ထောင်ပြာတာက ထောင်မှူးကြီး သွားတိုင်တယ်။ ကျွန်တော့်ကိုတော့ အရေးမယူဘူးပေါ့။ သို့ပေမဲ့ ကျွန်တော်တို့(၈)ထောင်က ထောင်ပြာတာကို အရေးယူတယ်။ တစ်ခါလည်း ပုဒ်မ(၅) ဘီကလပ်တွေနေတဲ့ (၅)ထောင်က စာတစ်စောင်ကို မြေနီကုန်း သခင်ဗဟုံကယူလာပြီး ဗိုလ်သိန်းတန်ကိုပေးတယ်ဆိုပြီး ထောင်မှူးကြီးက သခင်ဗဟုံကို တိုက်ပိတ်ထားတာ ၃–၄ ရက်တောင်ခံရတယ်။

mgype.com

mgyoe.com  SAMPLE BOOK 

သတင်းထောက်။ ။ တိုက်ပိတ်တယ်ဆိုတာက ဘာလဲဗျ။

သိန်းဖေမြင့်။ ။ ထောင်ထဲ ထောင်ထပ်ကျတာပေါ့ဗျ။ ထောင်ထဲမှာ ထောင်စည်းကမ်းနှင့်ပတ်သက်ပြီး အမှုဖြစ်ရင် နံပါတ်တုတ်နှင့် အရိုက်ခံရတတ်ပြီး တိုက်ပိတ်ခံရတယ်။ ငါးပေပတ်လည်လောက်ရှိတဲ့ အခန်းထဲမှာ နောက်ဖေးသွားဖို့နှင့် ရေချိုးဖို့အချိန်ကလွဲပြီး တစ်ချိန်လုံးပိတ်ထားတာပဲ။

သတင်းထောက်။ ။ ခင်ဗျားတို့ အခန်းကိုတော့ ဘယ်လိုတံခါးပိတ်သလဲ။

သိန်းဖေမြင့်။ ။ ကျွန်တော်တို့ အေကလပ် အကျဉ်းသမားတွေကိုတော့ ည ၉ နာရီကျမှ တံခါးပိတ်တယ်။ မနက် ၅ နာရီခွဲကျတော့ ဖွင့်တယ်။ အခန်းတံခါးမပိတ်တဲ့ အချိန်မှာတော့ ထောင်နံပါတ်(၈)ရဲ့ ဝင်းခြံအတွင်း သွားချင်ရာသွား ထိုင်ချင်ရာထိုင်ပါပဲ။ အဲဒီဝင်းခြံရဲ့ အပြင်ဘက်ကိုတော့ မထွက်နိုင်ဘူး။ ညအခန်းတံခါးပိတ်တဲ့အခါမှာ၊ အတွင်းတံခါးကို သော့တစ်ချက်၊ အပြင်တံခါးကိုသော့တစ်ချက်၊ ထောင်ဝင်းခြံတံခါးကို သော့တစ်ချက်၊ ထောင်ဘူးဝတံခါးမှာ အတွင်းသော့တစ်ချက်၊ အပြင်သော့တစ်ချက်၊ အားလုံးသော့ ငါးချက်ပိတ်ထားတဲ့အတွက် အားလုံးကောင်းပါသည်ခင်ဗျား 'ပေါ့လေဗျာ။

သတင်းထောက်။ ။ ဘယ်လိုလဲဗျ။ 'အားလုံးကောင်းပါသည်ခင်ဗျား'ဆိုတာ။

သိန်းဖေမြင့်။ ။ ထောင်ဖောက်သူမရှိ၊ ထွက်ပြေးသူမရှိ၊ ငြိမ်းချမ်းသာယာစွာ အိပ်နေကြပါတယ်ဆိုတာကို ဆယ့်ငါးမိနစ်တစ်ကြိမ် ထောင်ဝါဒါများက အော်ဟစ်တိုင်ကြားတဲ့ စကားပဲဗျ။ ထောင်တွင်းသားတွေကို သော့နှင့်ပိတ်ပြီးစောင့်ရုံသာ မဟုတ်ဘူးဗျ၊ ထောင်နံရံ တံတိုင်းကြီးမှာ 'သူရဲရို' အဆောင်တွေဆောက်ထားတယ်။ အဲဒီထဲမှာ ရိုင်ဖယ်နှင့် ဘရင်းဂန်းများကိုင်ပြီး စောင့်ကြပ်နေကြတယ်။ ထောင်နံရံအပြင်ဘက်မှာလည်း လက်နက်ကိုင်ပုလိပ် အများအပြားစောင့်နေကြတယ်။ အဲဒါနှင့် အားလုံးမကောင်းရင်၊ ဘာမှ ဘယ်နေရာမှာမှ အားလုံးမကောင်းနိုင်တော့ဘူး။

သတင်းထောက်။ ။ အကျဉ်းထောင် ပြုပြင်ရေးနှင့် ပတ်သက်ပြီး ဘာများ ပြောစရာရှိပါသလဲ။

သိန်းဖေမြင့်။ ။ ပြောစရာတွေတော့ အများကြီးပါပဲ။ သို့ပေမဲ့ အချုပ်မှာတော့ ထောင်အခြေအနေဟာ ဗြိတိသျှနယ်ချဲ့သမားလက်ထက်က အတိုင်းပါပဲ၊ သခင်နု 'ရက်စက်ပါပေ့ကွယ်' ဝတ္ထုရေးတုန်းက အခြေအနေနှင့် အခု နန်းရင်းဝန်ဖြစ်တဲ့အခါမှာ အခြေအနေဟာ ဘာမှခြားနားမှုမရှိပါဘူး။ ထောင်ဟာ ဖိနှိပ်ရေးဌာနမဟုတ်ရဘူး။ ပြုပြင်ရေးဌာနဖြစ်ရမယ်ဆိုတာ စကားသာရှိပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ထောင်ထဲမှာလည်း ညစ်ညမ်းမှုတွေရှိတယ်။ လာဘ်ပေးလာဘ်ယူရှိတယ်။ ဥပမာ အကျဉ်းသမားတစ်ယောက်ဟာ ဥယျာဉ်လုပ်တဲ့ဘက်မှာ မလုပ်ချင်လို့ အေကလပ်မှာ ထမင်းချက်အလုပ် လုပ်ချင်တယ်ဆိုပါတော့၊ အလုပ်ပြောင်းချင်တယ်ဆိုပါတော့၊ လာဘ်ထိုးရတယ်။ ထောင်ပြောင်းမလိုက်ချင်ရင်လည်း

mgyoe.com

 mgyoe.com SAMPLE BOOK 

လာဘ်ထိုးရတယ်။ ထောင်ကျရက်လျှော့စာရင်း မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်ပါဖို့လည်း လာဘ်ထိုးရတယ်။ ဒီလိုလာဘ်ထိုးရတာလည်း ထောင်မှူးတစ်ယောက်ယောက် ထောင်မှူး တပည့်(၁၂)မှတ် သံတေတစ်ယောက်ယောက်ကို အရေးယူရုံနှင့် ပြီးတာမဟုတ်ဘူး။ သည်စနစ်ရှိရင် သည်အတိုင်းပဲဖြစ်မှာပဲ။ သည်စနစ် ပြင်ပစ်မှ ဒါတွေပျောက်မှာပဲ။

သတင်းထောက်။ ။ နို့ထောင်ထဲ ငွေမသွင်းရဘူးဆို မဟုတ်လား။

သိန်းဖေမြင့်။ ။ စည်းကမ်းဥပဒေကတော့ ရှိတာပေါ့ဗျာ။ သို့သော်ငြားမဲ့ ငွေဟာ ထောင်ထဲ တစ်နည်းနည်းတော့ ဝင်လာတာပဲ။ ထောင်ပိုင်ထောင်မှူးဆိုတာတွေလည်း မျက်စိအလုံး တစ်ထောင်ရှိတာမှမဟုတ်ဘဲ။ ဒီတော့ ငွေဝင်ချင်ဝင်မယ်။ ဆေးခြောက်ဝင်ချင်လည်း ဝင်မယ်။ တံခါးက ဘိန်းသွင်းလို့တောင် ထောင်မှူးကြီး ဆီးဖမ်းတာတွေ့လိုက်သေးတယ်။ ထောင်ထဲမှာ တချို့ကတော့ သတိသံဝေဂရကြတယ်။ ငါအပြင်ရောက်ရင် ကောင်းကောင်း မွန်မွန်နေမယ်လို့ သန္နိဋ္ဌာန်ချကြတယ်။ တချို့ကတော့ ထောင်မလွတ်ခင်က ဘယ်နေရာမှာ ဖွက်ထားတဲ့ လက်နက်ကိုယူပြီး ဘယ်လူစုနှင့် ဓားပြတိုက်မယ်ဆိုတာ စည်းလားရိုက်ပြီး သားပဲ။ ကောင်းကောင်းမွန်မွန်နေမယ်ဆိုတဲ့ ဖွဲ့နှင့် အပြင်ထွက်တဲ့လူများအဖို့လည်း ထောင်ပြင် ရောက် အလုပ်လက်မဲ့ဖြစ်ပြီး၊ စီးပွားရေးအကျပ်တွေ့ ဖြစ်နေတော့ မလွှဲမရှောင်သာဘဲ မကောင်းမှုကိုရောက်ရတာ အများသားကလားဗျ။

သတင်းထောက်။ ။ ဒါတွေ ပြုပြင်ပြောင်းလဲဖို့ စီမံကိန်းကလေးများ ရေးမထားဘူးလား။

သိန်းဖေမြင့်။ ။ ရေးမထားဘူး။ ခေါင်းထဲမှာပဲထားတယ်။ အာဏာရှိသူတွေက လုပ်ချင်ရင်တော့ မျက်နှာမရွေး၊ ဝါဒမရွေး ပါတီမရွေး ကူညီမှာပဲ။ အကြံဉာဏ်ပေးမှာပဲ။ အာဏာရှိတဲ့လူတွေဟာ ထောင်တို့ပုလိပ်တို့ရဲ့ လူထုဖိနှိပ်ရေးစနစ်ကို မပယ်ဖျက်နိုင်သမျှ ထောင်၊ ပုလိပ် စသည်တို့ကို လူထုအကျိုးကာကွယ်ရေး လူထုရန်သူ ဖယ်ရှင်းရေးအဖြစ် ဖြင့် မပြောင်းလဲနိုင်သမျှ တကယ့်ငြိမ်းချမ်းရေးဆိုတာ မရှိနိုင်ဘူး။ တစ်ခါတစ်ရံ ငြိမ်းချမ်း ရေးယောင်ယောင်ရပေမဲ့ သင်္ချိုင်းရဲ့ ငြိမ်းချမ်းရေးမျိုး အကျဉ်းထောင်က "အားလုံးကောင်းပါ တယ်ခင်ဗျား" ဆိုတဲ့ ကောင်းခြင်းမျိုးသာရနိုင်မှာပဲ။ တကယ့် ငြိမ်းချမ်းရေး ပျော်ရွှင်ရေး တိုးတက်ရေး မဖြစ်နိုင်ဘူး။

သတင်းထောက်။ ။ တချို့သတင်းစာက နိုင်ငံရေးမလုပ်တော့ဘူးရေးတယ်။ တချို့က လုပ်မယ်ရေးတယ်။ အဲဒါဘယ်လိုလဲ။

သိန်းဖေမြင့်။ ။ ထောင်က မထွက်ခင်ကတည်းက တချို့ကရေးနေကြတယ်။ စောင့်ကြည့်ပေါ့ဗျာ။ သတင်းစာရေးသမျှ ပြန်ရှင်းရရင်လည်း ခက်သားပဲ၊ တစ်ခုကတော့ သခင်နုကလည်း မလွတ်ခင် စည်းကမ်းချက်ဘယ်၍ ဘယ်လိုမှမတောင်းဘူး။ ကျွန်တော် ကလည်း ဘယ်စည်းကမ်းချက်မှ ပေးနေဖို့မလိုဘူး။ ကိုယ့်ဘာသာကိုယ် လူထုအပေါ်မှာ

mgyoe.com

mgyoe.com

တာဝန်သိပြီး လူထုအတွက် အကောင်းဆုံးထင်တာသာ လုပ်ဖို့ရှိတယ်။

သတင်းထောက်။ ။ ကျေးဇူးတင်ပါတယ်။ သွားပါရစေဦး။

ကျွန်ုပ်တို့နှုတ်ဆက်ပြီး ထွက်ခွာလာသောအခါ ဦးသိန်းဖေမြင့်သည် အိမ်ရှေ့က ပန်းပင်ကလေးများကို ပေါင်းသင်နေရစ်ခဲ့ပါကြောင်း။

(အိုးဝေဂျာနယ်)

❑

mgyoe.com

mgyoe.com SAMPLE BOOK



## ခင်မျိုးချစ်

"ကိုလွင်...ကိုလွင်ရဲ့...ဖြစ်နိုင်မယ်မထင်ဘူးနော်၊ သိပ်ပြီး ဖွတ်တရွတ် မလုပ်စမ်းပါနဲ့။ စဉ်းစားပါဦးရှင်။ ဒီကိစ္စမျိုးဆိုတာ အမျိုးမျိုးလှည့်ပြီး စဉ်းစားရတာနော်၊ ကျွန်မဖြင့် စိတ်ညစ်တာပဲ။ သိပ်စိတ်ညစ်တာပဲ။ ကျွန်မတို့မေတ္တာဟာ သိပ်မရင့်မလွန်သေးခင်ကြိုတင်ပြီး ဖြတ်လိုက်တာကောင်းတာပဲ ကိုလွင်ရဲ့၊ ရှင်ပြောသလို ကျွန်မတို့အချစ်ဟာ အင်ကြင်းပင်နဲ့တူလေတော့ အခု ကျွန်မတို့အချစ်မေတ္တာဟာ အညွန့်အခက် အရွက်အပွင့်အဖူး ဝေဝေဆာဆာနဲ့ လှတော့လှပါရဲ့၊ တော်တော်ကြာလို့ အခါရှည်လာပလားဆိုမှဖြင့် ကျောက်ဖြစ်သွားတော့မယ်။ အခုလို စိုစိုပြုံပြုံ အင်ကြင်းပင်ဘဝက ဓားနဲ့ခုတ်၊ ပေါက်ဆိန်နဲ့ပေါက်၊ ပဲခွပ်နဲ့ ဖဲ့ပြီးပစ်ရင် ဖျောက်ဖျက်လို့ရသေးတာလို ကျွန်မတို့အခုလက်ရှိ အချစ်အကြိုက်တွေကို နှိမ်နင်းပယ်ဖျက်လို့ ရနိုင်သေးပါရဲ့။ တော်တော်ကြာ သည့်ထက်ပိုပြီး အချစ်ဒီဂရီတွေတက်ကုန်မှဖြင့် ကျောက်ဖြစ်လာတဲ့အင်ကြင်း ဖျက်မရသလို ကျွန်မတို့အချစ်ဟာလည်း နှိမ်မရချိုးမနိုင် ဖျောက်မပစ်နိုင်သော အခြေရောက်သွားရင် ခွကျတော့မှာပဲ။ ကဲ...ကဲ ကျွန်မ ပြောသလို ရှင်လည်းရှင်ဘာသာနေ၊ ကျွန်မလည်း ကျွန်မဘာသာနေပြီး မောင်လို နှမလို မိတ်ဆွေလိုသာ နေကြတာပေါ့နော်...နော်...နော်။ ကဲပါရှင် ပြောစမ်းပါ၊ တုံ့ကို ဘောကြီး မနေစမ်းပါနဲ့၊ တော်တော်ကြာ အချစ်ဆိုတဲ့ဆင်ကြီး မုန်ယိုလို့ ချွန်းမအုပ်နိုင်ဘဲ ရှိလို့ပေါ့လေ၊ အိမ်ရာထောင်ကြပါရောတဲ့။ ဒီအခါကျတော့ ရှင့်မှာလည်း ဒုက္ခတွေရောက်၊ တရားတွေဖြစ်၊ ထောင်တွေကျလို့။ ကျွန်မမှာလည်း ရှင့်အတွက် ရဲတက်မအေးဘဲနေရတာ တစ်ဖက်၊ ဆွေတွေမျိုးတွေ တံတွေးခွက်မှာ ပက်လက်မျောလို့က တစ်ဖုံ၊ အရှက်ရမှာကတစ်မျိုး၊ တစ်သက်လုံး အကျိုးယုတ်မှာက တစ်လမ်းပဲရှင့်။ ဘယ်နည်းနဲ့မှ ပေါင်းလို့မဖြစ်ဘူး၊ ခင့်ကိုသနားရင် ဒီဘဝဒီမျှနဲ့ တော်ကြပါစို့ရဲ့" ဟု ရာဇဝင်စာအုပ် ထူထူကြီးကို ဖလတ်ဖလတ်နှင့်လှန်ရင်း ဆရာမငလေး မခင်ထွေးကပြောလိုက်မှ မောင်သိန်းလွင်မှာ လျှာမရှိ

mgyoe.com

mgyoe.com SAMPLE BOOK

သဖြင့် စကားမပြောနိုင်သော သူကဲ့သို့ မတုန်မလှုပ် ကျောက်ရုပ်အဖြစ်မှ ဆတ်ခနဲပြောင်းလဲလာလေ၏။

အသက်ကိုမှ မှန်မှန်မရှုရှာအားသဖြင့် ဟီးဟီးနှင့် တစ်ခါတစ်ခါ သက်ပြင်းကြီးချကာ မနေတတ်မထိုင်တတ် ဖြစ်နေလေ၏။ ဈေးချွေးများလည်း တဖြိုင်ဖြိုင် စီးကျနေ၏။ တစ်အောင့်လောက်မျှကြာမှ လက်ဝါးနှစ်ခုယှက်၍ ပွတ်ရင်း...

"ဒီစကားမျိုး မပြောစမ်းပါနဲ့ ထွေးထွေးရယ်၊ အခုလို အခြေအနေရောက်ခါမှ ကိုလွင်တို့မေတ္တာကို မှိုချိုးမျှစ်စိမ်းချိုး ချိုးရမယ်ဆိုရင် ဘယ်နေရာကျမလဲ၊ စစ်ကိုင်းတံတားကြီး အပြီးမဆောက်ဘဲနဲ့ အခုနေအတိုင်းပဲထားလိုက်ရင် ကိုးရိုးကားရားနေသလို ကိုလွင်တို့ ဒီလောက်နဲ့ ပဲတင်းတိမ်ပြီး အချစ်ပင် အညွန့်တလူလူကို ဖြတ်ပစ်ရမယ်ဆိုတော့ မခဲယဉ်းဘူးလား၊ ကိုလွင်တို့ အချစ်တံတားကြီးပြီးအောင်ပဲ ဆက်လို့ဆောက်ကြပါစို့ရဲ့။ ဂိုးဝင်ခါနီးမှ အောက်ဆိုက်ဖြစ်သွားမယ်ဆိုရင် မချင့်မရဲဖြစ်စရာကြီးပေါ့" ဟု လေးလေးကြီးပြောလိုက်လေ၏။

ခင်ထွေးသည် စားပွဲပေါ်တွင် တံတောင်ဆစ်ထောက်လျက် လက်သည်းများကို ငေးစိုက်ကြည့်နေပြီးမှ –

"ကိုလွင်ရဲ့... ကိုလွင်ဟာ ခွဲရေးဆရာတစ်ယောက်ဖြစ်လျက်နဲ့ တွဲရေးလေနဲ့ ပြောပြောနေတာကိုး။ တွဲရေးဆရာများဟာ တွဲရင်ခံစားရမယ့် အကျိုးနည်းနည်းကလေးကို မြင်းမိုရ်တောင်ကြီးထင်ပြီး၊ အပြစ်တွေ အနန္တကိုတော့ ဆီးစေ့လောက်မြင်တာလို ကိုလွင်နဲ့ ထွေးထွေးပေါင်းရမှာ ခဏကလေးအကျိုးကိုသာ မြင်တယ်။ စစ်ကိုင်းတံတားနာမည်တွေ အလျှိုလျှို ပေါက်လာတာလို ဒုက္ခတွေ အလျှိုလျှိုလာကြမှာတော့ မမြင်ဘဲကိုးရှင့်" ဟု ခပ်သွက်သွက် အချက်ကျကျ ပြောလိုက်လျှင် –

"နို့...ဒီလိုမဖြစ်နိုင်မှန်းသိလျက်နဲ့ ထွေးထွေး ဘာဖြစ်လို့ချစ်ပါတယ် ကြိုက်ပါတယ်လို့ အစက လျှာအရိုးမရှိတိုင်း ပြောတာလဲ၊ တမင်သက်သက် သေိန်းကို တစ်ပတ်ရိုက်မယ်ကြံတာလား ထွေးရဲ့" ဟု ပြောပြီး သိန်းလွင်ကဆက်ပြန်၏။

"ဒါပဲ ခက်သေးတာ၊ ကိုလွင်တို့သဘောက မြန်မာဆိုပြီးတာပဲ၊ အမျိုးကိုချစ်တယ်၊ အစွလာမ်သော ခရစ်ယာန်သော သဘောမထားပါဘူး။ မြန်မာစိတ်ရှိလို့ မြန်မာပြည်အကျိုးဆောင်ရွက်ရင် ကျေနပ်တာပဲ၊ သမီးရည်းစားချစ်ရာမှာ ဘာသာမရွေးချင်ပါဘူး၊ ဘုရားစူးပါစေရဲ့...ထွေးထွေးမှာ မြန်မာပီပီကလေးမို့ ကိုလွင်ဖြင့် မခွဲနိုင်မခွာရက်နိုင်ဘဲ ပြုစုပြီး ဥယျာဉ်ကို ဖြင့် မဖျက်ပါစေနဲ့ထွေးရယ် စဉ်းစားပါ" ဟု လေးလေးတွဲ့တွဲ့ နင့်နင့်ဖြင့် ခင်ထွေးနားတွင်းသို့ စကားကိုရိုက်သွင်းလိုက်လေ၏။

စကားသွက်လက်စွာဖြင့် ပြောတတ်သဖြင့် မိတ်ဆွေအပေါင်းတို့ ချီးမွမ်းခြင်းခံရသော ခင်ထွေးမှာ လျှာလေး၍သွားလေ၏။ ဘာပြောရမည် မသိတတ်ချေ။ ကိုသိန်းလွင်ကို

mgyoe.com

ချစ်ကားချစ်၏၊ မပေါင်းနိုင်။ သိန်းလွင်မှာ ပညာမရှိ၍ပေလော၊ ရုပ်မချော၍ပေလော၊ ပစ္စည်းမရှိ၍ ပေလော။

သိန်းလွင်မှာ ချို့ယွင်းချက်မရှိ၊ ဘီအေ ဘီအီးဒီဘွဲ့ကိုရပြီး လူငယ်များကြီးပွားရေး အသင်း၏ ဥက္ကဋ္ဌ၊ ဗုဒ္ဓဘာသာဝင်ဖြစ်၏။ ခင်ထွေးမှာ 'ဇေ'ဟု ခေါ်ကြသော တို့မြန်မာ မူစလင်မကလေးဖြစ်၏။ သိန်းလွင်သဘောအရဆိုလျှင် ဘာသာမှာအရေးမကြီး။ မိမိကား ဗုဒ္ဓဘာသာအတိုင်း၊ ခင်ထွေးမှာ အစ္စလာမ်ဘာသာအတိုင်း လင်ကိုမယားကို ပေါင်းသင်းနေ နိုင်သည်။ ခင်ထွေးမှာကား သိန်းလွင်ပြောလို သဘောတူချင်ငြားလည်း မိဘဆွေမျိုးတို့၏ စည်းကမ်းကို လိုက်နာရမည်ဖြစ်၍ သိန်းလွင်အား မပေါင်းနိုင်ဟု အောက်မေ့၏။ သို့အောက် မေ့ငြားသော်လည်း ၎င်းတို့စည်းကမ်းကို ဖောက်နိုင်၏။ သို့သော် သိန်းလွင်အား ဘာသာဖျက် မှုဒုက္ခကြီးသို့ ပို့ဆောင်မည်ဖြစ်သဖြင့် သိန်းလွင်အတွက်သာ မိမိတို့၏ မေတ္တာကို အမြစ်ဖြတ် ရန် ကြံစည်ရှာသတည်း။

တစ်ဦးသည် တစ်ဦး၏ ရင်လှုပ်သံကို ကြားရလောက်သည့်တိုင်အောင် ဆိတ်ငြိမ်၍ သွားပြီးနောက် သိန်းလွင်က –

'နို့ ထွေးထွေးရယ် ဘာဖြစ်လို့ ကိုလွင့်မေတ္တာ အစက လက်ခံခဲ့တာလဲ' ဟု မေးပြန်လေ၏။

"ကိုလွင်...၊ ကိုလွင်ရဲ့ အခြားအရည်အချင်းတွေ၊ လက္ခဏာတွေ နောက်ဖယ်ထား လိုက်ပါဦး၊ ကိုလွင်ဟာ မြန်မာပြည်သား အမျိုးသားများအကျိုး ဆောင်ရွက်ချင်တာတွေ၊ ဆောင်ရွက်ခဲ့တာတွေ၊ နိုင်ငံရေးတရား ဟောတတ်တာတွေ၊ မရှိတဲ့လူ မသိတဲ့လူများကို ရှိအောင်သိအောင် အကြံပေးတာတွေ၊ ချွေတာရေး အားပေးတာတွေ၊ ကိုယ်ကျိုးမငဲ့ဘဲ သူများအကျိုးဆောင်ရွက်တာတွေ တိုတိုပြောမယ်ရှင်၊ တိုင်းပြည်နဲ့ အမျိုးချစ်တာကို ခင်ထွေးက သိမ်းရုံးပြီး ချစ်မိတာပဲ ကိုလွင်ရဲ့၊ ဒီစိတ်ကောင်းဆိုတဲ့လေဟာ ချစ်ခြင်းဆိုတဲ့နေရာ ရောက် အောင် တိုက်ပေးလိုက်တာပဲ။ နောက်ပြီးတော့ ကျွန်မကို ကိုလွင်ပိုးခါစက ကိုမောင်မောင် တို့၊ ကိုသိန်းမောင်တို့၊ ကိုအေးမောင်တို့၊ ကိုဘထွန်းတို့ အခြား အစ္စလာမ်ဘာသာဝင်တွေနဲ့ ခင်တို့အိမ်ရှေ့ ဖြတ်ဖြတ်လာတော့ ရှင်လည်း ကျွန်မတို့ဘာသာဝင်ထဲက ဖြစ်မှာပဲလို့ အောက်မေ့မိတာပဲ။ ကဲလေ...ဒါတွေ အပေါ်ယံကငဲ့ပြီး ကျွန်မလည်း ရှင့်မေ့ပစ်ဖို့ ကြံမယ်။ ရှင်လည်း ကျွန်မကို...ကျွန်မကို မေ့ မေ့ပစ်လိုက်ပါနော်၊ ဖုတ်လေသည့်ငါးပိ ရှိသေးသည် လို့မအောက်မေ့ပါနဲ့တော့။ ရှင့်လိုလူတစ်ယောက်မှာ ဗုဒ္ဓဘာသာ မြန်မာထဲက ကျွန်မထက် သာတဲ့မိန်းမကို ရနိုင်တာပါပဲ။ ကဲပါကိုလွင် မေ့ပါနော်...မေ့ပါနော်...နော်" ဟု ပြောချင် သမျှစကားတွေကို အနိုင်နိုင်ညှစ်ထုတ်ပြီးနောက် မျက်နှာကို တခြားဘက်သို့ လွှဲပစ်လိုက် လေ၏။ ကြည်လင်တောက်ပသော မျက်လုံးများတွင် ကြည်လင်တောက်ပသော မျက်ရည် များသည် ကြည်လင်တောက်ပစွာ တည်ရှိနေလေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

"ခက်တယ် ထွေးထွေးရယ် ခက်တယ်၊ သိပ်ခက်တာပဲ ကိုလွင်လည်း မေ့ပစ်မယ် ကြံတာပဲ မေ့လို့ကိုမရဘူး။ လမ်းသွားရာမှာ တစ်စက္ကန့်လောက် ဆတ်ခနဲတွေ့လိုက်ရတဲ့ဟာ မျိုးမှမဟုတ်ဘဲကိုး၊ ဒီလိုသာဆိုရင် လူလူကြီးခက်ကြပေါ့။ ဘယ်လိုကြံကြမလဲ ထွေးရဲ့" ဟု ရှိုက်၍ရှိုက်၍ ပြောပြန်လေ၏။ လက်နှစ်ဖက်ကိုပူး၍ ပေါင်နှစ်ခုကြားတွင် ညှပ်ထားလေ၏။

မဆည်းနိုင်မတားနိုင် မျက်ရည်များလည်း တဖြိုင်ဖြိုင်ယိုကကျချေတော့၏။ လှပချောမွေ့ ပြကတေ့ချစ်စရာမျက်နှာကလေး၏ နှင်းဆီရောင်စို့ ထွားထွားမို့မို့ ပါးအို့ကလေးနှစ်ဖက်ပေါ်တွင် လိမ့်ဆင်းလာကြသော မျက်ရည်ပေါက်များကား ရွှေတလင်းပြင်ပေါ်တွင် ပုလဲလုံးကလေးများ လိမ့်နေသကဲ့သို့ ရှိသတော့၏။ ထို့နောက် အင်္ကျီလက်ဖြင့် မျက်ရည်ကိုသုတ်ရင်း...

"ကိုလွင့်ရယ် ကျွန်မဖြင့် ဘာမျှမကြံတတ်တော့ဘူး၊ ကျွန်မပြောသလိုသာ ကျွန်မပြော... ပြောသလိုသာ ဒုက္ခကြီးနဲ့မတွေ့ခင်က ဒုက္ခကလေးနဲ့ တွေ့လိုက်ကြပါစို့ရဲ့။ ခွဲကြစို့ရဲ့၊ ရှင်ခွဲကြစို့ရဲ့၊ ဒါမှပဲ ကိုလွင်မှာ ကိုလွင့်အကြံအစည် အထမြောက်မယ်၊ ကျွန်မမှာတော့ ကိုလွင်လို မွန်မြတ်တဲ့ လူတစ်ယောက်မရလို့ လွဲလည်းလွဲပါစေတော့နော်။ အခါအခွင့်မသင့်လို့ဟာပဲ၊ ကိုယ့်ချစ်တဲ့သူနဲ့ အတူတူနေရမယ်ဆိုတာ ကောင်းမှန်းတော့ သိပါရဲ့၊ သိပေမယ့် မဖြစ်ကြဘဲကိုရှင့်။ ကိုလွင်နဲ့ကွဲကြပေမဲ့ ကျွန်မတို့တိုက်ရှေ့တော့ ခဏခဏဖြတ်ခဲ့ပါနော်၊ မျက်နှာကလေးပဲ မြင်နေရရင် ခင့်မှာတော့ ကျေနပ်ပါပြီ။ မျက်နှာကလေးတော့ ပြပါနော်" ဟု ပြောပြီးသည့်အဆုံး၌ ချုံးချ၍ ငိုရှာသတည်း။

သိန်းလွင်မှာ ရှေ့တိုးရအခက် နောက်ဆုတ်ရအကြပ် ဖြစ်နေရှာလေ၏။ မပေါင်းရပေါင်းရအောင် ထပ်ပြောဖို့ကလည်း မသင့်လျော်၊ မစဉ်းစားတတ်သူ မိုက်ရိုင်းသူ ဉာဏ်မရှိသူ ဖြစ်သွားချေမည်။ ခင်ထွေးပြောသမျှသည် အမှန်ချည်းဖြစ်နေသဖြင့် ခွဲရမှာအသည်းနာသော်လည်း မလွှဲသာဖြစ်နေတော့သည်။ ထို့နောက် နှစ်ယောက်သား ငေးထိုင်နေကြလေ၏။ အတန်ကြာမှ သိန်းလွင်က ဟီးခနဲ သက်မကြီးချပြီး ထမည်ဟန်ပြုလေ၏။ မိမိကိုယ်ကိုယ်မိမိ ကုလားထိုင်၌ သံကြိုးဖြင့်ချည်ထားဘိသကဲ့သို့ ရှိနေသောကြောင့် ရုတ်တရက် မထနိုင်ရှာပေ။ တစ်ဖန် လူမမာနာလန်ထမှာ မနိုင့်အနိုင်ထသကဲ့သို့ ထရှာလေ၏။

ခင်ထွေးကား စူးစိုက်ကြည့်ရှုနေမိ၏။ မျက်ရည်လွှမ်းသော မျက်လုံးများကို သိန်းလွင်မျက်နှာပေါ်သို့ အာရုံစိုက်ထားလေ၏။ သိန်းလွင်သည် ခင်ထွေးအနီးသို့ကပ်ပြီး ညာဘက်လက်ကို ဘယ်ဘက်ပခုံး၊ ဘယ်ဘက်လက်ကို ညာဘက်ပခုံးပေါ်သို့ တင်လိုက်လေ၏။ ခင်ထွေးလည်း သိန်းလွင်၏ လက်မောင်းများကို တုန်လှုပ်ချောက်ချားနေသော လက်များဖြင့် ဖက်ထားလေ၏။ မော့နေသော သနားစရာချစ်စရာ မျက်နှာကလေးဆီသို့ သိန်းလွင်၏

mgyoe.com

mgyoe.com SAMPLE BOOK

မျက်နှာသည် တဖြည်းဖြည်းနီးသွားလေ၏။ တစ်ယောက်ကိုတစ်ယောက် ကြည့်ကြသည်မှာ အားမရသော ကြည့်ခြင်း၊ မရောင့်ရဲသောကြည့်ခြင်း၊ စိတ်နှလုံး ပူပန်သောကြည့်ခြင်းပင် တည်း။ ခင်ထွေး ဝမ်းတွင်းအပူမီးအရှိန်ကြောင့် ညှိုးနွမ်းရသော မျက်နှာ၊ ပီယေဟိ ဝိပ္ပယောဂေါ ဒုက္ခောတရားကြောင့် မရပ်မနား ထွက်၍လာသော မျက်ရည်တို့ဖြင့် စိုရွှဲပြည့်လျှံသည့် မျက်စိ၊ မခတ်ဘဲ ငြိမ်နေသောမျက်တောင်၊ နီမြန်းသော မျက်လွှာ၊ ကျောက်နီတွင်းနှင့်တူသည့် ဟထား သော ပါးစပ်၊ သိန်းလွင်၏ ငိုက်စိုက်ချထားသောခေါင်း၊ စူဠအပူ၊ မဇ္ဈိမအပူ၊ မဟာအပူတို့တွင် မဟာအပူစက်ကွင်းမိသော မျက်နှာ၊ နီကြင့်သော မျက်စိ၊ ၎င်းတို့အထဲတွင် ဝဲ၍လာသော မျက်ရည်၊ အသက်မရှိတော့သော မျက်တောင်၊ တင်းကျပ်စွာပိတ်အပ်သော နှုတ်ခမ်းများ။ ၎င်းတို့ကို ကြည့်ရခြင်းဖြင့် မည်သို့သောမီး လောင်နေသည်ကို သိနိုင်ပေ၏။ ဒဂုန်ပန်းချီ ဆရာဘရင်ကြီးတို့ကဲ့သို့ ပန်းချီတတ်ချင်လှ၏။ သို့မှ အမှန်အတိုင်း ပုံဆွဲပြနိုင်မည်။ မည်သို့ သော စိတ်ခိုင်သူဖြစ်လင့်ကစား ၎င်းတို့နှစ်ယောက်ကိုမြင်က မုချဝမ်းနည်းမည် မလွဲ၊ ဦးဂန္ဓိ သည် အမြဲပြုံးသည်ဟု ပြောကြသော်လည်း ၎င်းတို့နှစ်ယောက်ကို မြင်ကြရက မငိုသည့်တိုင် အောင်မဲ့ဦးမည်ထင်ရ၏။

၎င်းတို့နေကြပုံကို ရုပ်ရှင်ရိုက်၍ မြန်မာအဆွေဇာတ်ကား ဖူးဘုရင် အခန်းကိုကြည့် ၍ တဟားဟားနှင့် ပွဲကျနေစဉ် ယှဉ်ပြလိုက်ပါက ပရိသတ်မှာ စိတ်ဓာတ်တစ်မျိုးပြောင်းမည် အမှန်ပင်တည်း။

မကြာမီ မျက်နှာနှစ်ခုသည် ကပ်သွားလေ၏။ ခင်ထွေးပါးစပ်ကား လှုပ်ရှားနေ၍ 'ကိုလွင်...ကိုလွင်...ကိုလွင်' ဟူသော လေသံသဲ့သဲ့ အကြိမ်ကြိမ်ကြားရ၏။ သို့သော် ယနေ့ ရှင်ဘုရင်စည်းစိမ်ခံစားပြီး နက်ဖြန်သေရမည့်သူနှင့်ပင် တူတော့၏။ ထို့နောက် သိန်းလွင်မှာ မားမားကြီးရပ်နေပြန်လေ၏။ စကားတစ်ခွန်းမျှ မပြောကြ၊ ပြောချင်၍လည်း စကားမထွက်၊ နောက်မှ –

"ထွေးထွေး"

"ကိုလွင်"

"သွားတော့မယ်နော်"

ခင်ထွေးကား ဘာမျှမပြောဘဲ အကြောင်သား ငေးကြည့်နေမိပြီး ရှိုက်နေပြန်လေ ၏။ ထို့နောက်မှ သိန်းလွင်သည် အားမရှိသော၊ အကြောမရှိသော၊ သွေးမရှိသော၊ ငြင်းဆန်နေ ကြသော ခြေထောက်များကို အခန်းပြင်ဘက်သို့ မိုတ်၍ဆွဲခဲ့ရလေ၏။ မိုးမဝသေးသော ဘိုးသူတော်ရုပ် မီးပုံးပျံကြီးကဲ့သို့ ခေါင်းကြီးကား ငိုက်စိုက်ကြီးဖြစ်နေ၏။ မကြာမီ လှေကား ဆင့်များပေါ်သို့ ရောက်ခဲ့၏။ ဒူးများကား တုန်၍နေတော့၏။ ရင်ထဲ၌ ဆို့၍နေလေ၏။ မဟာဓမ္မရာဇာဓိပတိ ဟံသာဝတီရောက်မင်းတရားကြီး နန်းတော်မှဆင်း၍ မွန်တို့ထံ လိုက်ရ စဉ်က ပူရှာသော အပူမီးထက်မပိုသော်လည်း အောက်မကျသောအပူမျိုးကို ခံစားနေရရှာ

mgyoe.com

mgyoe.com

လေ၏။ တစ်ဦးဦးကမချစ်၍ ခွဲရသည်ထက် နှစ်ဦးချစ်လျက်ကွဲခြင်းကား အဆများစွာ ပိုမိုဆိုးဝါး၏။ ခံနိုင်စရာမျှ မရှိချေ။

ခင်ထွေးမှာ မောင်သိန်းလွင်ကလေး စိတ်မပါဘဲ အားခဲ၍ထွက်ခွာရသည်ကို မကြည့်ရက်မကြည့်ဝံ့ဖြင့် ထိုင်ရာမှမထဘဲ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်အောင်သာ ငို၍နေ၏။ သို့သော် ငြိမ်ငြိမ်ထိုင်၍ မနေနိုင်ဘဲ ရပ်တည်ရာမရ ဖြစ်နေရှာလေ၏။ အတင်းပြေးကာ လိုက်လိုလှ၏။ သိန်းလွင်အား မပြန်ပါနှင့်တော့ဟု ပြောလိုလှ၏။ သို့ပင်ငြားလည်း မိန်းမကောင်းတို့၌သာ ရှိစွမ်းနိုင်သော စိတ်အားဖြင့် အာသီသများကို နှိမ်နင်းလိုက်ရှာ၏။ နောက်ဆုံးအကြိမ်အဖြစ်ဖြင့် မျှော်ကာကြည့်ရန် ပြတင်းပေါက်ဆီသို့ ပြေး၍ကြည့်လိုက်ရာ သိန်းလွင်အား မြင်ရလေ၏။

'အို…ကိုလွင်ရဲ့ မလွဲသာလို့သာ ခွဲရတယ်။ ဟိုတုန်းကများဖြင့်လေ စစ်ဗိုလ်ကြီးများ လမ်းလျှောက်သလို မားမားထောင်ထောင်ကြီး လျှောက်တယ်၊ အခုတော့ဖြင့် အာဏာသားလက်တွင်း သွားရတော့မယ်ပုံလို ညှိုးညှိုးငွေ့ငွေ့ သွားရရှာပကော။ ကျက်သရေရှိလှတဲ့ မျက်နှာကလေးလည်း အမယ်လေး… ဘယ်လိုပြောင်းပါလိမ့်၊ ဗိုလ်ကေကြီးကလည်း ဖွာလို့၊ အို…လေကလည်း တိုက်လိုက်တာ၊ ဒုက္ခသည်ကလေး လမ်းသွားတာ ကောင်းကောင်းသွားပါစေတော့လား၊ ကြည့်ပါလား အပေါ်အင်္ကျီလည်း လန်သွားတာပဲ၊ ရှိုးပါရဲ့ လေနတ်သားရယ် ငြိမ်စမ်းပါ။ ဟော… ဟော…ပုဆိုးမြိတ်လည်း လွင့်လွင့်သွားတာပဲ၊ အမယ်လေး ခြေတုံ့ပြီးများ လဲရချေရဲ့နော်၊ သွားရော့ ကိုလွင်ရေ့ အသည်းနာလှပေါ့' ဟု တိုးတိုးပြောဆဲပင် သိန်းလွင်သည် လမ်းထောင့်တစ်ခုတွင် ကွယ်သွားလေ၏။ ကွယ်လျှင်ကွယ်ချင်း ခင်ထွေးမှာ အဆွေးအလေးချိန်ကို မတ်တတ်နိုင်နင်းစွာ မရွက်ဆောင်နိုင်ဘဲ ကြိုးပြတ်သောအရုပ်ကဲ့သို့ ကြမ်းပြင်ပေါ်သို့ ခွေလျက် လဲသွားရှာ၏။

ခင်ထွေးကလေးမှာ ညနေတိုင်းညနေတိုင်း မိမိချစ်သူရည်းစားသည် မောင်သိန်းလွင်အား မျက်နှာပြ လာရှာလိမ့်မည်နိုးနိုးဖြင့် မျှော်လင့်ကာနေလေ၏။ သို့သော် မှာသော်အတိုင်း မလာ၊ မလာသည့်အတိုင်း မသက်မသာ ရှိရှာလေ၏။ မိမိကိုယ်ကိုပင် အပြစ်တင်မိ၏။ 'ငါမှားလေခြင်း နောက်ခါလာ နောင်ခါဈေးပေါ့၊ ကိုလွင်ကို ဘာလို့ ဒီလိုအတင်းအကျပ်ပြောမိသလဲ၊ ဟဲ့…မိခင်ထွေး မိန်းမလည်ကြီးရဲ့…အခုတော့ ကောင်းသေးရဲ့လား၊ မြင်ချင်လို့မှမမြင်ရတော့ပါဘဲကလား' စသည်ဖြင့် မိမိကိုယ်ကိုမိမိ ဒေါသဖြစ်၍နေလေ၏။ မြင့်လှစွာသောတောင်ကြီးကို မဖြတ်ကျော်လို၍ လမ်းတစ်ပါးလွှဲရာတွင် ကျယ်ဝန်းသော သဲကန္တာရကြီးကို ဖြတ်ရသကဲ့သို့ ခင်ထွေးမှာ အပူငြိမ်းစေတော့ဟု ကြံဖန်ကာ ပြုလုပ်ခြင်းပြီးသည်၏ အခြားမဲ့၌ သောကပရိဒေဝ ဒုက္ခမီးတစ်ခု တောက်လောင်ပူပြင်းလှသော ကန္တာရကြီးကို ဖြတ်ကျော်နိုင်ဖို့ပင် ခဲယဉ်းလှလေ၏။ မစားနိုင်မသောက်နိုင် တမှိုင်မှိုင်နှင့် ရည်းစားသည်ကို တမ်းတရင်းပင် အချိန်ကုန်ခဲ့ပေ၏။ အချိန်ကား တစ်နေ့ဝင်တစ်နေ့ထွက် တစ်လဆန်း

mgyoe.com

mgyoe.com SAMPLE BOOK

တစ်လဆုတ်ဖြင့် ပြောင်းလဲခဲ့ပေပြီ။ ခင်ထွေး၏စိတ်မှာကား မပြောင်းလဲဘဲ အချိန်ရှိသရွေ့ လွမ်းနာကျနေလေ၏။

မောင်သိန်းလွင်ကား ဆားနှင့်ချဉ်သီး မြင်သောလျှာသည် ဂနာမငြိမ်လေသော သဘောဖြင့်လည်းကောင်း၊ ဘိန်းဖြတ်ထားသောသူသည် ဘိန်းကိုမြင်လျှင် ရှူချင်လာတတ်သော သဘောဖြင့်လည်းကောင်း၊ လောဘကြီးသောသူသည် ငွေကိုမြင်လျှင် လိုချင်တတ်သော သဘောဖြင့် လည်းကောင်း၊ ခင်ထွေးကလေးကို စွဲမိသောမိမိမှာ ၎င်းအနီးသို့ ချဉ်းကပ်မိလေ၊ မရမနေနိုင် ပိုင်ပိုင်စိုးစိုး လှိုင်လှိုင်ဖြိုးဖြိုး ချစ်သွေးတိုးသဖြင့် ခင်ထွေးကို အမြဲအသုံးပြုရန် လိုင်စင်များ လိုချင်မည့်တွက်တာကြောင့် ခွာ၍သာနေရှာတော့၏။ ခင်ထွေးပြောသည့်အတိုင်း မျက်နှာပြသွားရမည်လည်း ခက်ခဲလှ၏။ မျှော်တော်ဇောနှင့် မောရမည့်အခြေကြောင့် အနှောင့်အယှက် အပိုကပ်၍ မလိုအပ်ပြီဟူသော သဘောပိုက်ကာ 'နီးလျက်နှင့်ဝေး' လုပ်နေရှာတော့၏။ မေ့ပစ်ဖို့ကား လုံးလုံးမဖြစ်၊ တကယ်မဖြစ်၊ သိပ်မဖြစ်ပင်။ သွားစဉ်၊ လာစဉ်၊ ထိုင်စဉ်၊ လျောင်းစဉ်၊ အိပ်စဉ်၊ စာဖတ်စဉ်၊ စကားပြောစဉ်များ၌ ထွေးထွေး၏ မျက်နှာကလေးသည် ၎င်း၏မျက်စိထဲ၌ ဝဲလည်ကူးယှက်ခါသာ နေတော့၏။ ခွဲခါနီးက 'ကိုလွင်... ကိုလွင်' ဟု တကြော်ကြော် လေပျော့ကလေးနှင့် ခေါ်ရှာသောအသံကို အမြဲကြားယောင်ရှိနေလေ၏။ ဖျောက်ဖျက်၍မရသော စကားများပင်ဖြစ်တော့၏။ အခါပေါင်းများစွာ၌လည်း ယခင် ယခင်အခါများက ချစ်ခင်နှစ်သက် ဆက်ဆံခဲ့ပုံ အဖုံဖုံကို အာရုံဝင်စားရင်း ပျော်သလိုလိုရှိသော်လည်း ကွဲရပြီဟုအမှတ်ရသည်နှင့် တစ်ပြိုင်နက် ဝမ်းနည်းပက်လက်ပင် ဖြစ်ရပေတော့၏။

သို့ကလို ခင်ထွေးက ခွဲကြဖို့တောင်းပန်၊ သိန်းလွင်က တောင်းပန်သည့်အတိုင်း လိုက်နာ၊ လိုက်နာသောကြောင့် အခြားအခြားအကြောင်းများ၌ တောင်းပန်တိုင်း ဆောင်ရွက်လျှင် ဝမ်းသာဖို့ မေ့တာဖြစ်သော်လည်း ခင်ထွေးမှာကား စိတ်ထားတော် ဗျာပါပို၍ မလာလိုမလာရက် သူတစိမ်းအသွင်ပြုနိုင်သော သိန်းလွင်အား တမ်းတငိုမိရှာတော့၏။ 'ကိုလွင်ရေ... ကိုလွင်တို့ စိတ်မှာတော့ ယောကျ်ားစိတ်မို့ ဖြတ်ဆိုလည်းဖြတ်ရဲတာပဲ၊ စိတ်ကိုလည်း နိုင်အောင် ဆုံးမနိုင်ပါပေရဲ့နော်။ ယောကျ်ားကောင်းပီပီ လုပ်တဲ့အလုပ်ပေပဲနော်၊ ဟောဒီက ထွေးထွေးမှာ ဒီလိုနေရာမှာ ယောကျ်ားပီသတာကို မခံနိုင်တာဘဲ။ အမယ်လေး မှားကြပေါ့၊ ဘာဖြစ်ဦးမှာလဲဟင်၊ နောင်ခါလာ နောင်ခါစျေးပေါ့ဟဲ့...မိခင်ထွေး နှင့်ကိုယ်နှင် မိန်းမလည် ကြီးလုပ်ပြီး ခွဲနိုင်တယ် ခွာနိုင်တယ်ဆို၊ စိတ်တင်းနိုင်ပါတယ်ဆို။ အခုတော့ ဘယ့်နှယ်ရှိသေးသလဲ၊ မနည်းကြီး လေးလံတဲ့တာဝန်ကို ထမ်းတာကိုး၊ ဒုက္ခရောက်တာပဲ ကောင်းတယ်။ အို...ကျွန်မအချစ်ကြီး ကိုလွင်ရေ...ကျွန်မကတော့ ကိုလွင်နဲ့ ချစ်ခင်ခဲ့ကြတုန်းက သမီးရည်းစားဘဝကို စားမြုံ့ပြန်ပြီး အခုလောလောဆယ် ဒုက္ခတွေကို ငုံ့ခံရတော့မှာပဲ။ ကိုလွင်... ရှင်ဟာလေ ရွှေပကတိနှင့်လုပ်ထားတဲ့ သေတ္တာထဲမှာ ပတ္တမြား

mgyoe.com

mgyoe.com SAMPLE BOOK

မြကျောက်ဆိုတဲ့ အဖိုးတန်ရတနာတွေပြည့်နေတာလို ဉာဏ်ပညာ လုံ့လဝီရိယနဲ့ အကျင့်စာရိတ္တကောင်းတွေ ပြည့်နေတဲ့ ကိုယ်ကာယကြီး ပိုင်ရှင်ပေပဲရှင်။ မဖြစ်နိုင်တဲ့အကြောင်းမို့သာ လွှတ်လိုက်ရတယ် ကိုလွင်ရယ်၊ ကျွန်မဖြင့် ဘယ်နည်းနဲ့မှ ဖြေဖျောက်လို့မရတော့ပါဘူး' စသည်ဖြင့် တွေးတော ညည်းညူကာဖြင့် အချိန်ကုန်စေတော့၏။ သိန်းလွင်ကို စဉ်းစားခြင်းတည်းဟူသော ရေငွေ့တို့သည် ခင်ထွေးတည်းဟူသော တောင်ထိပ်ကို ဖြတ်ကျော်သောအခါ ရေပေါက်ရေစက်ဖြစ်၍ ကျတည်းဟူသော မျက်ရည်အစက်စက် လှိုင်လှိုင်ကြီး ထွက်ခဲ့လေသတည်း။ ဘုရားကို အောက်မေ့၊ ကိုရန်ကျမ်းကိုဖတ်၊ သခင်မဟာမက်တရားများတွင် စိတ်ဝင်စား၊ အစ္စလာမ်တရား ကိုနာ၊ ရုပ်ရှင်ကိုကြည့်၊ သီချင်းဓာတ်စက်ကိုဖွင့်၊ ဟဒယရှင်ခန်းဖတ်၊ စိတ်အေးရန် အတန်တန်ကို ရှာကြံပါသော်လည်း စိတ်မအေး၊ ခင်ထွေးမှာ အစဉ်ဆွေးခြင်းဖြင့်သာ မအားမလပ်ရှိရှာလေ၏။

စိတ်ထောင်းက ကိုယ်ကြေသဖြင့် ခင်ထွေးကား ယခင်ကကဲ့သို့ အိအိစက်စက် ဝင်းဝင်းဝိုင်းဝိုင်း စိုစိုပြည်ပြည် ရွှန်းရွှန်းတောက်တောက် ထောင်ထောင်မောင်းမောင်း ထည်ထည်ဝါဝါ စက်စက်ရက်ရက် အလှသွေးတက်လှသော ကျက်သရေရှင်မကလေး မဟုတ်ရှာတော့ဘဲ၊ နွမ်းလျပျော့ခွေ စုတ်ချွေချွေနှင့် နေထိသောပန်းကဲ့သို့ မလန်းမဆတ်ရှိရှာလေ၏။ တစ်နေ့တခြား တိုး၍သာ ကြုံလှီလာတော့ပေ၏။

ငါးလခန့်မျှ ကြာလတ်သော် အချိန်ကုန်ခဲ့စေမူ အဆွေးမကုန်ခဲ့သော ခင်ထွေးမှာ တဖြည်းဖြည်း ပိန်သည်ထက်ပိန်၊ ကျုံ့သည်ထက်ကျုံ့၊ ချည့်သည်ထက်ချည့်၊ နဲ့သည်ထက်နဲ့သောကြောင့် အဆုံး၌ အိပ်ရာမှပင်မထနိုင်ရှာတော့ဘဲ စိတ္တဇဝေဒနာကို ခံစား၍သာ နေရှာတော့၏။ မိခင်ကြီးဒေါ်ညွန့်မှာ အဖုံဖုံ ယုယပြုစု၍ ဆရာတစ်စုတို့နှင့် ကုသပါသော်လည်း ဝေဒနာမှာ လျော့ခြင်းမရှိ၊ တိုး၍သာ နေပေတော့၏။ ခင်ထွေး...ခင်ထွေး မိန်းမမြတ်ကလေး၊ ယခု တောင်ကိုကျော်နိုင်ပါဦးမည်လော၊ ကျော်နိုင်ဖို့မမြင်။ ယခု ပင်လယ်ကြီး တစ်ဖက်ကမ်းရောက်အောင် ကူးနိုင်ပါမည်လော၊ ကူးနိုင်ဖို့ အကြောင်းမရှိ။ သိန်းလွင်နှင့် မပေါင်းရသမျှ ကာလပတ်လုံး နာလန်ထနိုင်ဖို့ ခဲယဉ်းလှပေစွ။ စိတ်ပျက်စရာပင်။ ၎င်းသည် မိခင်အားဖြစ်စေ၊ မိတ်ဆွေများအားဖြစ်စေ မိမိဒုက္ခ အကျိုးအကြောင်း ကွယ်ဝှက်ထားလေ၏။ တွေ့သမျှကို မိုတ်၍သာ ခံစားနေရှာတော့၏။

ခင်ထွေးမှာ စိတ်ရင်းကောင်းမွန်သူဖြစ်သဖြင့်လည်းကောင်း၊ စကားအပြောအဆိုပြေပြစ်သဖြင့်လည်းကောင်း၊ ဆရာမ ဖြစ်သဖြင့်လည်းကောင်း၊ အဆင်းလှပခြင်းကြောင့်လည်းကောင်း၊ ယုယုယယနှင့် မှုမည့်စုမည့်သူ၊ ထူမည့်ထမည့်သူ၊ မေးမည့်မြန်းမည့်သူ အလွန်ပေါလှ၏။ ၎င်းတို့အထဲ၌ ဒေါ်တင်ဆိုသူ (ဗုဒ္ဓဘာသာ) သည် အထူးအချွန်ဆုံးဖြစ်၏။ ၎င်းသည် ခင်ထွေး၏ အိမ်နီးနားချင်း မိတ်ဆွေရင်း၊ ကိုသိန်းလွင်နှင့် ခင်ထွေးအကြောင်းကို ကျကျနန သိသူဖြစ်ပေသည်။ အဆက်အသွယ်၌ အနည်းငယ်ပင် စွက်ဖက်ခဲ့ဖူး၏။ ထို့ကြောင့်

mgyoe.com

mgyoe.com SAMPLE BOOK

နေ့ရောညဥ့်ပါ ခင်ထွေးအား စောင့်ကြပ်ပြုစုလေ၏။ မည်သို့ပင် ပြုစုကြပါသော်လည်း ခင်ထွေးကား မသက်သာ၊ ဆေးဆရာများတို့လည်း ဝေးရာသို့သာ ကွင်းကြကုန်၏။

နေမင်းကြီးကား ဝင်တော့မည်။ ဝိုင်းစက်နီမြန်းသော နေဝန်းသည် ပတ္တမြားဘောလုံးကြီးပင်လောဟု အောက်မေ့ရ၏။ ၎င်း၏ ဝင်းလျှံတောက်ပသော ရောင်ခြည်များကို ကမ္ဘာလောကကြီးပေါ်သို့ ဖြန့်ဖြူးနေဆဲဖြစ်၏။ စိမ်းလန်းစိုပြည်သော သစ်ပင်ဝါးပင်တို့၏ ထိပ်ဖျားတွင် နေခြည်နားနေလေရာ မြရတနာကို အထက်က ရွှေကွပ်ထားသကဲ့သို့ပင် ပန်းရလှတင့်တယ်လှတော့၏။ ၎င်းသစ်ပင်များကို တောင်လေက ကစားလိုက်သဖြင့် ငြိမ်ငြိမ်မတ်မတ် မနေနိုင်ဘဲ မြောက်ဘက်သို့ ယိမ်းကြရလေ၏။ လေရပ်လျှင် တစ်ဖန်ပြန်ထောင်လာကြပြန်၏။ သို့ ငုံ့လိုက်ထောင်လိုက်အားဖြင့် ဝင်မည့်ဆဲဆဲ နေမင်းကို နှုတ်ဆက်နေကြတော့၏။

ထိုသာယာသော ညနေခင်းအချိန်ဝယ် မောင်သိန်းလွင်သည် အိမ်ဦး၌ စာဖတ်နေလေ၏။ စာဖတ်ရင်း စဉ်းစားနေလေ၏။ သို့သော် စဉ်းစားရင်း စာဖတ်သည်ဆိုက သာ၍မှန်ပေမည်။ ယခုနေ့ကား ထူးခြား၏၊ သိန်းလွင်၏ စိတ်ရပ်တည်ရာမရ၊ စာမှာ စိတ်မဝင်၊ မည်သို့သော် အကြောင်းကြောင့်ဟူ၍ မသိရဘဲ နေ့တိုင်းထက် စိတ်ပို၍မရွှင်ပျဘဲ ညှိုးနွမ်းနေလေ၏။ ခင်ထွေးကို အမြဲအမှတ်ရနေ၏။ ၎င်း၏ မော့ကာကြည့်နေသော သနားစရာမျက်နှာကလေးနှင့် 'ကိုလွင်… ကိုလွင်… ကိုလွင်' ဟု မိမိအား တကြော်ကြော်ခေါ်သော လေသံကလေးတို့ကို နေ့တိုင်းထက် ထူးကဲစွာအမှတ်ရတော့၏။ စာအုပ်ထဲတွင် စာကိုမမြင်ရ၊ ၎င်း၏ မျက်နှာကလေးကိုသာ မြင်ရ၏။ သစ်ပင်ပေါ် ကြည့်ပြန်ကလည်း ၎င်း၏မျက်နှာကလေးများ၊ သစ်ပင်အောက်ကြည့်ပြန်ကလည်း ၎င်း၏မျက်နှာကလေးများ၊ အိမ်တွင်းသို့ ကြည့်ပြန်ကလည်း ၎င်း၏မျက်နှာကလေးများ၊ ယုတ်စွအဆုံး မိမိအင်္ကျီအိတ်ထောင်တွင်းမှာပင် ၎င်း၏မျက်နှာကလေးများကို မြင်နေရ၏။ ခင်ထွေး၏ သာယာချိုမြသော အသံများကို ကြားယောင်ရှိရှာလေ၏။ ထိုအတွင်းလေများကလည်း ၎င်းအား ဖြတ်ကျော်တိုက်ခတ်သွားလေ၏။

'အို… လေများတို့၊ အသင်တို့ ခဏရပ်ပါဦး၊ အသင်တို့မှာ အလုပ်မရှိသဖြင့် လွတ်လပ်စွာ လှုပ်ရှားနေကြသည်။ အသင်တို့မှာ ပျော်စရာပျက်စရာ ကလက်စရာလောက်သာ ကြံစည်ဆောင်ရွက်နေကြသည်။ အသင်တို့ပျော်ကြသလို ကျွန်ုပ်လည်းပျော်လိုပါ၏၊ သို့သော် မဖြစ်ပါ။ ချစ်သူနှင့် ကွေကွင်းရခြင်းတည်းဟူသော စိတ်ဆင်းရဲသည် ကျွန်ုပ်အား အဘယ်မှာ ရွှင်ပျမြူးထူးစေပါအံ့နည်း။ အသင်တို့ ကျွန်ုပ်အားဖြတ်ကျော်၍ အဘယ်ကိုသွားကြပါမည်နည်း။ လေများတို့၊ ခိုင်းသည်ဟုလည်း မအောက်မေ့တော်မူကြပါကုန်လင့်၊ သင်တို့သည် လမ်း၌ ကျွန်ုပ်၏အချစ် ခင်ထွေးကလေးနှင့် တွေ့ပါလိမ့်မည်။ သို့တွေ့သောအခါ အသင်တို့၏ အအေးဓာတ်ဖြင့် ပွတ်သီးပွတ်သပ် တိုးဝှေ့၍ ၎င်း၏စိတ်ကို ရွှင်အောင်မစခဲ့ကြပါ။ ခင်ထွေးကလေးမှာလည်း ကျွန်ုပ်ကဲ့သို့ပင် စိတ်မချမ်းမြေ့ဘဲ ရှိရှာပါလိမ့်မည်၊ ကြည်လင် မြူးပျော်နေသောဆေးကို ၎င်းအား မစခဲ့ပါကုန်၊ အို…အသင်လေတို့၊ ကျွန်ုပ်စကားအနည်းငယ်ကို

mgyoe.com

mgyoe.com SAMPLE BOOK

လည်း မှာပါရစေ၊ ခင်ထွေး၏နားသို့ ပို့ဆောင်ပါလေ။ ကျွန်ုပ်၏အချစ်သည် ကြာရှည်စွာ ခွဲရသဖြင့် မညှိုးမခြောက်ဘဲ ပိုမိုအားသန်လန်းဆတ်ပါသည်။ ကျွန်ုပ်အချစ်သည် ကျွန်ုပ် အသက်နှင့်အမျှ ဆက်လက်နေပါမည်။ စုတိပြန်ပါလည်း အချစ်ကိုအတူတူ ဘဝတစ်ပါး သို့ ဆောင်နိုင်ပါက ဆောင်ယူသွားပါမည်။ ထွေးထွေးအား ဘယ်လိုနည်းနှင့်မျှ မမေ့နိုင်ပါ၊ အို…လေတို့၊ ၎င်းစကားများကို ခင်ထွေးကလေး နားတွင်းသို့သွတ်ခဲ့ပါလေ၊ သင်တို့ ကျေးဇူးကို မမေ့ပါ' စသည်ဖြင့် မျှော်ရမ်းတွေးဆရင်းပင် ခင်ထွေးအတွက် ရတက်မအေး ဖြစ်ပြန်သဖြင့် 'အို…လေ မင်းတို့ ရှုပ်သည်ဟုလည်း မအောက်မေ့တော်မူကြပါနှင့်၊ ခင်ထွေး လေး ကျန်းမာချမ်းသာ စိတ်ရွှင်ပါစေကြောင်း ဆုတောင်းပါသည်ဟုလည်း ပြောကြားတော် မူပါ'ဟု ဆက်လက် မှာပြန်လေ၏။ သို့နှင့်လည်းအားမရ၊ ခင်ထွေးကိုမြင်လို၊ ခင်ထွေးအသံ ကြားလို၊ ခင်ထွေးအကြောင်းကို သိလိုချင်ခြင်းများသည် ၎င်း၏စိတ်ထဲ၌ သူ့ထက်ငါ အလုအယက် ပေါ်ထွက်လာ ကြလေကုန်၏။ ထို့ကြောင့် ဒေါ်တင်တို့အိမ်သို့ မှန်းဆ၍ ထွက်ခဲ့လေ၏။

ဒေါ်တင်တို့အိမ်သို့ ရောက်သောအခါ ဒေါ်တင်က ဆီး၍မကြိုဘဲ ပူပန်မကင်းသော မျက်နှာဖြင့် ကြည့်၍သာနေလေ၏။

"ဒေါ်ဒေါ် ကျွန်တော်တို့တော့ ခွဲကြည့်ကြတာပဲ၊ စိတ်ကို ဖြတ်လို့မရဘူးဗျာ၊ ဒီနေ့တော့ နေ့တိုင်းထက်ထူးပြီး ခင့်ကို အမှတ်ရနေတာပဲ၊ စိတ်လည်း သိပ်လေးတာပဲ၊ မနေ့ညကဆိုလည်း အိပ်မက်မကောင်းဘူးဗျ၊ နောက် မိုးလင်းလည်း သူ့မျက်နှာကလေး မြင်နေတာပဲ၊ သူ့အသံ ကလေး ကြားနေတာပဲ၊ သူ့ချည်း အမှတ်ရနေတာပဲဗျ။ ဒါနဲ့ ဒီနေ့တော့ သူ့မမြင်ရတောင်ဘဲ သတင်းကလေးဖြစ်တော့ သိရစေဆိုပြီး ဒေါ်ဒေါ်ဆီလာခဲ့တာပဲ။ သူ့ခမျာလည်း မခွဲချင်ဘဲ ခွဲရတာဗျ၊ အခု မာမာဆာဆာရှိရဲ့လား'ဟု မေးသည့်တိုင်အောင်လည်း ဒေါ်တင်မှာ မလှုပ်မရှား ငြိမ်သက်စွာနေလေ၏။ ထို့ကြောင့် ဆက်လက်၍ 'ကျန်းကျန်းမာမာပဲရှိရဲ့လားလို့ မေးပါတယ် ဒေါ်ဒေါ်၊ ပြောစမ်းပါဦး' ဟု သိချင်ဇောနှင့် မေးပြန်လေ၏။

"သူ့အကြောင်း ပြောပဲမပြောချင်ပါဘူးကွယ်" ဟူသောအသံကို ကြားရသဖြင့် သိန်းလွင်မှာ တုန်လှုပ်ချောက်ချားနေလေ၏။ 'ဟယ်…ငသိန်းကိုမေ့ပြီး သဘောတွေကြည်ဖြူတဲ့ လူနဲ့များ ပေါင်းနေကြရောလား၊ ဒီလိုမှမဟုတ်ဘဲ ငသိန်းအတွက် အခက်ကြုံပြီး ဘယ်လိုများ ဖြစ်လို့လဲ' ဟု မိမိကိုယ်မိမိ မေးခွန်း ထုတ်ပြီးနောက်မှ 'ပြောစမ်းပါအဒေါ်ရယ်၊ ထိတ်လှပါပြီ'

"ကွယ်…တစ်ယောက်နဲ့တစ်ယောက် ကွဲကြပြီးမှဖြင့် မသိချင်ပါနဲ့တော့၊ အပူအငုတ် တုံးပြီးမှဖြင့်လည်း တုံးပါစေတော့" ဟု လေးလေးကြီးပြောလိုက်လျှင် သာ၍ပင်ဝိတက် ဝိစာရများလာကာ –

"မဟုတ်ပါဘူး ဒေါ်ဒေါ်ရယ်၊ ပြောသာပြောပါ။ ကွဲသေမဲ့ မှန်းလို့ကွဲကြတာမှ မဟုတ်တဲ့။ ရှေးအချစ်ဟောင်းအကြောင်းကို သိချင်တာပဲ အဒေါ်၊ ကဲ…ဘာမှ ထိမ်ဝှက်မထားပါနဲ့"

mgyoe.com

mgyoe.com
SAMPLE BOOK

ဟု ရှုံ့မဲ့ကာ မေးရှာလေ၏။

"လုံထမ်းလာတာကိုသာ မြင်ရတယ်၊ ကံဆန်းလာတာ မမြင်ရဘူးဆိုတာလိုပဲ၊ ကံရဲ့ ပြုမူပုံကို ကြိုတင်ပြီး မြင်နိုင်ကြတာ မဟုတ်ဘူးနော်။ သဗ္ဗေ သတ္တာ ကမ္မသကာဆိုကပဲ မောင်ရယ်၊ နောက် နောက်ဘဝတုန်းက မောင့်ကို ဘယ်လိုပြုခဲ့ကြတဲ့ ဝိပါကအကြွင်းလည်း မပြောတတ် မတွေးတတ်အောင်ဘဲ ရှိတော့တယ်။ မင်းတို့မှာလေ ရှင်ကွဲကွဲရတာပဲ စိတ်ဆင်းရဲ ဒုက္ခကြီးလှပြီနော်၊ သို့သော် ကံကိုက ရှင်ကွဲကွဲရုံနဲ့" ဟု ပြောသည်နှင့် တစ်ပြိုင်နက် သိန်းလွင်မှာ ဣန္ဒြေမဆောင်နိုင်တော့ဘဲ အသည်းလှိုက်ဖို ဗျာပိုရှိ ငိုတော့မည့် အသွင် မျက်နှာတွင် ထင်ခဲ့လေသတည်း။

"အင်း...ရှင်ကွဲကွဲရုံနှင့် မကျေနပ်သေးဘူးကွယ်၊ သူ့ခမျာမှာလည်း မောင့်စိတ်နဲ့ မစားနိုင်မသောက်နိုင် တမှိုင်မှိုင်ဖြစ်ပြီး"

သိန်းလွင်မှာမူကား ယောကျာ်း... ယောကျာ်းဟူသော သဘာဝအားဖြင့် ခိုင်မာသော စိတ်ဓာတ်ရှိ၏။ သိန်းလွင်၏ ပင်ကိုမူလစိတ်သည်လည်း တင်းမာခိုင်ခံ့လှပေ၏။ ယောကျာ်း သဘာဝနှင့် ခိုင်မာသောပင်ကိုစိတ်ကို ပေါင်းသော် အတိုင်းထက်အလွန် ခိုင်မာသောစိတ်ရှိ၏။ သို့သော် သံမဏိသည် မီးဖြင့်ဖိုတင်၍ထိုးသော် အရည်ပျော်ရသေးသကဲ့သို့ ဤမျက်မှောက် ဒုက္ခမီးနှင့် အမြိုက်ခံရသော သိန်းလွင်၏ စိတ်တင်းစိတ်မာ စိတ်ခိုင်တို့သည် အရည်ပျော်၍ မျက်ရည်အဖြစ်ဖြင့် ပြူးကျယ်စူးစိုက်နေသော မျက်လုံးများမှ ကျဆင်းလာခဲ့ကြလေသတည်း။

မိခင်ဝမ်းတွင်းမှ ဖွားမြင်သည့်ကာလမှစ၍ ခင်ထွေးနှင့် ကွဲကွာသည့် အချိန်တိုင်အောင် ပစ္စည်းချို့တဲ့သဖြင့် ခံစားရသောဒုက္ခ၊ ဆွေမျိုးသားချင်းချင်း မကောင်းသဖြင့် ကြုံရသော ဒုက္ခ၊ ရန်သူမျိုးငါးပါးတို့၏ အတိုက်အခိုက်မှခံရသော ဒုက္ခ၊ ဤဒုက္ခအတန်တန်တို့ကို ဘယ်သောအခါကမျှ မခံစားရဘူး။ ယခုပင်လျှင် ခင်ထွေးနှင့်ပတ်သက်၍ ကြုံဖူးသော စိတ်ဆင်းရဲခြင်းသည်ကား နင့်နင့်တဲ့တဲ့ လေးလံစွာခံရသော ဒုက္ခပင်ဖြစ်၏။ ဒုက္ခနှင့်မကြုံ မတွေ့ဖူးသော သိန်းလွင်အဖို့ ယခု ပစ္စက္ခဒုက္ခသည် ဆိုးဝါးကြမ်းကြုတ်ထိုက်သည်ထက် ပိုမိုဆိုးဝါးကြမ်းကြုတ်တော့၏။ လမင်းသည် အရောင်အဝါတဝင်းဝင်းနှင့် လောကကြီးတစ်ခု လုံးကို အေးမြသောအရောင်ဖြင့် တန်ဆာဆင်နေဆဲ၌ တိမ်ညိုတိမ်ပုပ်များ ဖုံးလွှမ်းသွား သကဲ့သို့ သိန်းလွင်အား ကံဆိုးမိုးမှောင် တိမ်ပုပ်ကြီး ဖုံးဖိထားလေသတည်း။

ထို့ကြောင့် ယောကျာ်းတန်မဲ့ ငိုသကွဲ့ဟု ကဲ့ရဲ့လျှင်ကား သိန်းလွင်အား ကိုယ်ချင်း မစာရာ ရောက်တော့၏။ သိန်းလွင်မှာ ဘာကိုလုပ်ရမည်မသိ၊ စိတ်ထဲ၌ ဒေါင်ချာရမ်း၍ ဒေါင်ချာစိုင်းနေလေ၏။ ဘာကိုမျှမပြောနိုင် မကြားနိုင်တော့ဘဲ တအိအိနှင့်သာ ငိုယိုနေ လေ၏။

ထိုနေ့သည်ကား လဆန်း ၁၂ ရက်နေ့ဖြစ်သဖြင့် အချိန်မှာ မိုးမချုပ်လှသေးသော် လည်း လမင်းသည် ကောင်းကင်ခရီးကို အတော်ပင် ပေါက်ရောက်ခဲ့လေပြီ။ လရောင်သည်

mgyoe.com

mgyoe.com SAMPLE BOOK

ပြတင်းပေါက်များထဲမှ တိုးဝင်၍လာလေ၏။ လရောင်အောက်၌ ညှိုးနွမ်းပျော့ခွေခါ ငိုကြွေးနေသော သိန်းလွင်အား မြင်ရသောသူတိုင်းပင် သနား၍ဆုံးနိုင်တော့မည် မဟုတ်ပင်...။

"ကွယ်...ယောကျ်ားကပဲ...ငိုမနေပါနဲ့၊ သဗ္ဗေသင်္ခါရ အနိစ္စတဲ့၊ ဘယ်သူ မဆို အနိစ္စသဘောတရား လွန်ဆန်လို့ရတာမျိုး မဟုတ်ဘူးတဲ့။ သူ့ခမျာမှာလေ မင်းနဲ့ အချစ်မေတ္တာတူကြပါလျက်နဲ့ မပေါင်းမသင်းရတာကိုဘဲ ဝမ်းနည်းပြီးဖြစ်ရတဲ့ဘဝကိုပဲ ရှုံရှာပြီးနေတယ်။ ဒီလိုနဲ့ပေါ့ကွယ် စိတ်လက်ညှိုးငယ်လို့ ဒေါ်ဒေါ်တို့ သူ့အမေကိုလည်း မင့်အတွက် ဒီလိုဖြစ်တယ်ဆိုတာ ဘာမှမပြောဘူး။ အတွင်းဆွေး ဆွေးနေတာပဲ၊ ကြာတော့ဖျားပါရော မောင်ရယ်၊ ဝေဒနာကလည်း တစ်နေ့တခြား ရင့်ရင့်လာပြီးတော့ ဘယ်ဆေးဆရာမှလည်း မနိုင်တော့ဘူး မောင်ရေ...၊ မနေ့ညကတော့ သူကလေးကလေ ဒေါ်ဒေါ်ကို ဒေါ်ဒေါ် ဘယ်မှမသွားပါနဲ့၊ ကျွန်မအနားမှာပဲနေပါနော်၊ ဒေါ်ဒေါ်ကြည့်ရတာ အလွမ်းပြေသလိုရှိပါတယ်၊ အားလည်းကိုးပါတယ်နော်တဲ့ သိလား" ဟု ပြောပြီး ကျဆင်းသော မျက်ရည်များကို သုတ်ရင်း စကားဆက်ပြန်သည်မှာ –

"ဒါနဲ့ ဒေါ်ဒေါ်ကလည်း ဘယ်မှမသွားပါဘူးကွယ် စိတ်ချပါ၊ ကောင်းကောင်းနေနော် စိတ်မပူပါနဲ့လို့ ပြောတယ်။ သူကလေးကလေ မျက်ခွံကလေးလန်ပြီး ဒေါ်ဒေါ်ကိုကြည့်တယ်၊ ဒီတော့ ဒေါ်ဒေါ်မှာ ဘာဖြစ်သွားမှန်းမသိဘူး၊ တလှိုက်လှိုက်နဲ့ ဝမ်းနည်းပြီး သူ့ကိုသာ သနားတာပဲ၊ သူ့ဝမ်းမနည်းအောင်သာ မျက်ရည် အတော်ပဲထိန်းထားရတယ်။ ဒေါ်ဒေါ် မေမေရှိသလားတဲ့၊ မရှိဘူးလို့ပြောတော့ သူက ခေါင်းအုံးအောက်ကို လက်နဲ့ပြပြီး၊ ဒီအောက်မှာ စာကလေးရှိတယ် ယူလိုက်ပါတဲ့၊ ဒါနဲ့ သာသာကလေး ခေါင်းအုံးမပြီး ယူတာကို၊ ယူပြီး သူ့ကို ပေးလိုက်တယ်၊ စာကို ဒေါ်ဒေါ့်ဆီပြန်ပေးပြီး ဒေါ်ဒေါ်ရယ် ဒီစာကလေးကို ကိုကိုလွင်ကိုပေးလိုက်ပါရှင်ဆိုပြီး တစ်ခါတည်း အားရပါးရ ဒေါ်ဒေါ့်မျက်နှာကို သေသေချာချာကြည့်ပြီး ပြုံးရှာတယ်။ ဝေဒနာအလယ်မှာ ပြုံးရှာတော့ မနည်းဘဲအားစိုက်ပြီး ပြုံးရှာတာပဲကွယ့်၊ မင်းနဲ့ကွဲကတည်းက ဒီတစ်ခါပဲ ပြုံးဖူးတယ်၊ ဒေါ်ဒေါ်တော့ ဟိုအရင်က ပြုံးတာမျိုး ပြုံးတာ ဒီတစ်ခါပဲမြင်ဖူးတယ်၊ ဒါနဲ့ စာကလေး ဒေါ်ဒေါ်က ဖတ်ကြည့်တာကို။ သူက သူ့ကိုယ်သူ မမျှော်လင့်တဲ့အနေမျိုးနဲ့ကွယ့်၊ အမယ်လေး ပြောရင်းပြောရင်း ဆို့...ဆို့" ဟုပြောပြီး မျက်ရည် အဖြိုင်ဖြိုင် ယိုဆင်းနေလေတော့၏။ နောက်မှ ဆက်လက်ပြောပြန်သည်မှာ–

"ဒေါ်ဒေါ်ကလည်း ဒီလို စိတ်လက်မလျှော့ဖို့လို့ပြော၊ အမျိုးမျိုးချော့တာပဲ၊ သူကလည်း ငြိမ်လို့နားထောင်နေတယ်။ တစ်အောင့်လောက်ကြာတော့မှ မေးမေးနဲ့ အိပ်သလား မဆိုနိုင်ပါဘူး၊ မောင်ရယ် နောက် ဘာမှမကြာခင်ဘဲ ကိုလွင်... ကိုလွင်၊ သြော်...ကိုလွင်နဲ့ ညည်းညူနေတယ်။ ဒီလိုနဲ့ နှစ်နာရီလောက်ကြာအောင် စောင့်နေရောကွယ့်၊ နောက်တော့ ဒေါ်ဒေါ်ရယ် ရေတစ်ခွက်လောက် သောက်ချင်တယ်ဆိုလို့ ရေတိုက်တာကို။ ရေတိုက်ပြီး

mgyoe.com

mgyoe.com SAMPLE BOOK

တော့ ဒေါ်ဒေါ်၊ ဒေါ်ဒေါ့် လက်မောင်း ကျွန်မခေါင်း အောက်သွင်းစမ်းပါတဲ့၊ ဒေါ်ဒေါ်ကလည်း သွင်းထားတာပေါ့၊ လက်မောင်းပေါ် ခေါင်းအုံးပြီးတော့ ဒေါ်ဒေါ့်ကို ဖက်ထားတယ်။ ပြီးတော့ မေမေ ဘယ်မှာလဲတဲ့။ သူ့အမေက အနားရှိတယ်လို့ထူးတယ်။ မိန်းမကြီးမှာ ပျာနေတာပဲ၊ ထိုင်လိုက် ထလိုက် သူတို့ဘုရား တလိုက်နဲ့၊ အကြွဲအိုက်ပြီး မျက်နှာငယ်နေရှာတာပဲ၊ မွန်နေရှာတာလေ၊ ဘာမှမမှုတတ်တော့ဘူး၊ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရှာတာပဲ။ ဒီလိုနဲ့...မေမေ ကျွန်မသွားဦးမယ်တဲ့ ပြောတော့၊ မိန်းမကြီးက ကျိတ်သာငိုနေတယ်။ ဒေါ်ဒေါ့်ကိုဖက်ပြီး မေမေ့ကို စောင့်ရှောက်ပါနော်...ဒေါ်ဒေါ် ကိုလွင်ကိုလည်း...လို့ပြောပြီး ဘာမှမကြာခင် ဆုံးရှာတာပဲ မောင်ရေ" ဟု ပြောပြပြီးနောက် ချုံးချကာ ထပ်၍ငိုရှာလေ တော့၏။

သိန်းလွင်မှာလည်း ယူကျုံးမရ တသျှော်တွေး ငိုကြွေးရှာလေသတည်း။ နာရီဝက်မျှ ကြာမှ သတိရပြီး 'ခင်ရေ– ခင်ရဲ့ မိန်းမကောင်း ပီပါပေ့နော်၊ အာပဲဖြစ်ဖြစ် ဖွတ်နှစ်လို့ ပေါင်းကြပါစို့ရဲ့ဆိုတော့လည်း သဘောမတူ၊ တမင်ကွဲအောင် လုပ်တယ်နော်၊ ကဲ...ကွဲချင် တာအခုတော့ သေကွဲကွဲရပြီ ခင်ရဲ့...ကောင်းသေးရဲ့လား၊ ခင့်မှာတော့ ဒုက္ခဆုံးပြီး သိန်း ကိုလည်း အပါခေါ်ပါတော့လား၊ ခင်မရှိလျှင် ဘာလုပ်ဖို့ ဒီလောကကြီးမှာ နေတော့ မှာလဲ၊ ခင်ကမှ သေရဲသေးတာ ကိုသိန်း ဘာကြောက်ရမလဲ။ ကဲ... ခင့်နောက်လိုက်မယ်၊ သေတာပဲအေးတယ်' ဟု သဘောထားပြီး ထိုင်ရာမှထ၍ ခင်ထွေးပေးခဲ့သည့်စာကလေး ရင်ခွင်မှကျသွားမှ စာကိုကောက်၍ဖတ်လေ၏။

စာကိုတွေ့ရလျှင် တစ်ဖန် ဖိုလှိုက်၍ ရှိုက်ခါရှိုက်ခါနှင့် မျက်ရည်လည်ပြန်လေ၏။ ကောင်းကင်ရှိ ကျက်သရေရှင်လမင်းကြီးကို မော်ကြည့်နေလေ၏။ မျက်ရည်များသည် လမင်း ၏အရောင်ထဲ၌ စိန်များကဲ့သို့ တောက်ပနေလေ၏။ 'ဩော်...တယ်တော်တဲ့ ခင်၊ အို... ခင်မျိုးချစ်ကြီးရဲ့၊ ကိုလွင်လေ ခင်ခိုင်းသလိုလုပ်တော့မယ်နော်၊ ဟုတ်ပါရဲ့ ကိုယ့်တာဝန် ကိုယ်ကျေပွန်ရင် တို့မြန်မာကြီးပွားရေး ဘာခဲယဉ်းမှာလဲ' ဟု စိတ်ကိုတင်းပြန်လေ၏။ 'လွတ်လပ်ခြင်းကို မျှော်လင့်တောင့်တသူများမှာ ကိုယ့်တာဝန်ကိုယ်သာ ယူကြရပေသည်။ နိုင်ငံအသီးသီးတို့၌ ရှိနေကြသမျှသော နိုင်ငံသူနိုင်ငံသားအပေါင်းတို့မှာ ကိုယ်နှင့်တကွ လောက၏ကောင်းကျိုးကို ရည်ရွယ်ချက်ထား၍ ကိုယ်တတ်နိုင်သလောက်နှင့် အဆင့်ဆင့် တိုးတက်ရွက်ဆောင်ရမည့် ဝတ္တရား အသီးသီးရှိကြပေသတည်း' ဟူသော မန္တလေးမြို့ မြို့တော်ဝန်ဟောင်း ဦးဘဦးရေးသားသော နိုင်ငံရေးပညာစာအုပ်မှ စကားများကို အမှတ်ရ လာပြန်လေ၏။ မြန်မာပြည်ကြီး၏အကျိုး၊ မြန်မာအမျိုးသားတို့၏ အကျိုးကို ဆထက် တိုး၍ ဆောင်ရွက်တော့မည်ဟု စိတ်ကို ပိုင်းဖြတ်လိုက်လေ၏။

ကျွန်ုပ်တို့ မြန်မာပြည်တွင်းရှိ မြန်မာလူမျိုးများမှာကား နှမ်းစေ့နှင့်တူ၏။ နှမ်းစေ့ အပြုန်းနှင့်တူသော လူညံ့လူဖျင်း၊ ကိုယ့်အကျိုးကိုသာငဲ့နေ၍ ပြည်ကျိုးအများအကျိုးကို

mgyoe.com

mgyoe.com SAMPLE BOOK

မကြည့်လို့ မဆောင်ရွက်လိုသူများပေါက 'ဆီ' တည်းသော လွတ်လပ်ရေးရဖို့မရှိပေ။ တစ်ဖန်တဲ့လည်း ကျွန်ုပ်တို့အမျိုးသားများသည် စက်ကြီးတစ်ခုပင်တည်း။ မြန်မာတစ်ယောက်ယောက်ကား စက်၏အစိတ်အပိုင်းဖြစ်သော ဘီးကြီး၊ ဘီးလေး၊ ဝင်ရိုး၊ ခွေးသွားစိတ်စသောအရာများပင်တည်း။ ၎င်းအစိတ်အပိုင်း အသီးသီးတို့က မိမိတို့တာဝန်ကို ကျေပွန်စွာဆောင်ရွက်မှ စက်ကြီးလည်၍ ဆီလိုကဆီ၊ ဝါဂွမ်းလိုက ဝါဂွမ်း၊ ဆန်လိုကဆန် အကြိတ်ခိုင်းနိုင်သကဲ့သို့ ကျွန်ုပ်တို့မြန်မာများက တစ်ယောက်လျှင် အသီးသီးပြည်ကြီးနှင့်အမျိုးကောင်းမွန်တိုးတက်၍ ကျွန်ဘဝမှထွက်နိုင်အောင် ကြိုးစားပါမှ လွတ်လပ်ရေးရချေမည်ဟူသောသဘောကို သိန်းလွင်နားလည်သဖြင့် ရှေးကထက်ပိုမို၍ တိုင်းကျိုးပြည်ကျိုး ဆောင်ရွက်ရန် အားတက်လာလေ၏။ ၎င်းနောက် လမင်းကိုကြည့်၍ 'အသင် ငွေစန္ဒာလမင်း၊ အသင်၏ အရောင်အဝါ အေးမြချမ်းသာသလို မြန်မာပြည်ကြီး အေးမြချမ်းသာပြီးတော့ အသင်၏အရောင်အဝါ ဝင်းဝင်းတောက်သလို မြန်မာတွေ ဘုန်းတန်ခိုးနဲ့ ဝင်းဝင်းတောက်စေဖို့ အလုပ်မှာကူညီပါနော်' ဟု တိုင်တန်းလေသတည်း။

ထို့နောက် ခင်ထွေးထံမှပေးသောစာကလေးကို တစ်ဖန် ဖတ်ရှုပြန်လေသည်။ စာမှာကား –

'ကိုလွင်… ရှင်နဲ့ကျွန်မ ကွဲကြပြီးနောက်၍ ဘယ်နည်းနဲ့ကွဲကွဲ၊ ဝမ်းမနည်းပါလေနဲ့နော်… ခင့်ကိုတကယ်ချစ်ရင် ခင့်လမ်းကိုမလိုက်ခဲ့ဘဲ လူ့ပြည်မှာနေရသမျှအတောအတွင်း မြန်မာပြည်ကြီးကောင်းကျိုးကို ဆောင်ရွက်ပါနော်။ တိုင်းကျိုးနှင့်အမျိုးကို ထောက်ထားကြ၍ ခင်နှင့်လွင်တို့ ခွဲခဲ့ကြတာဖြစ်သောကြောင့် ရည်ရွယ်ရင်း စေတနာအတိုင်း ဆောင်ရွက်နိုင်ပါစေ။ နှမ်းစေ့တစ်စေ့တည်းမှာ ဆီ မထွက်၊ အများပေါင်းမှ ဆီထွက်သလို ကိုလွင်တစ်ယောက်တည်း မြန်မာပြည်ကြီးဟာ ကျွန်ဘဝကလွတ်ပြီး ကြီးပွားအောင် မဆောင်ရွက်နိုင်ပေမဲ့ ကိုလွင်လိုလူတွေပေါင်းပြီး ဆောင်ရွက်ရင် အောင်မြင်ဖို့ရှိပါတယ်။ ကိုလွင့်တာဝန်သာ ကုန်အောင်ထမ်းရွက်ပါနော် …ခင့်ကိုချစ်ရင် ဒီလိုလောက အကျိုးကိုသာ လုပ်ရစ်ပါလေ။ ဤကဲ့သို့ အကြောင်းရင်းကြောင့် ရှင်ကွဲသေကွဲ ကွဲကြသည်ကို ကွဲရကျိုးနပ်ပါလိမ့်မည်။

**ခင်ထွေး/ကိုလွင့်အချစ်**

စာအောက်မှ 'ခင်ထွေး' ဟူသော လက်မှတ်ကို မိမိနှာခေါင်းပေါ်မှာ တင်လျက် လက်တစ်ဖက်ဖြင့် ခပ်နာနာဖိပြီးလျှင် ပြင်းပြစွာပင် အသက်ကို ရှူရှိုက်လိုက်လေသတည်း။

ဝနေ–ဘောဏက္ကသိုလ်

ဒဂုန်မဂ္ဂဇင်း၊ ကေရသမတွဲ (အတွဲ–၁၄၊ အမှတ်–၁)

စက်တင်ဘာ၊ ၁၉၃၃။

mgyoe.com

mgyoe.com SAMPLE BOOK

(ဤဝတ္ထုမှာ တကယ်ဖြစ်ပျက်ဖူးသော အကြောင်းပင်တည်း။)

## အမျှဝေ-ဝတ္ထုတို

အချိန်သည် ညနေငါးခွဲမျှရှိသေးသော်လည်း ညိုညိုမှိုင်းမှိုင်း တိမ်ပုပ်တွေ ဆိုင်းနေသော အာကာသတစ်ခွင် ကောင်းကင်ပြင်သည် ကြည်လင်ရောင်မရှိ။ မှောင်အတိကျနေသဖြင့် နေဝင်ပြီးကဲ့သို့ထင်ရ၏။ လျှပ်စစ်လျှပ်နွယ်တို့ကလည်း တထိန်ထိန် တဝင်းဝင်း၊ အချင်းချင်း တိုက်ကြသော မိုးတိမ်တအိအိတို့၏ အသံကလည်း တဒင်ဒင်း အတင်းနင်းပစ်လိုက်သော မိုးကြိုးသံတထိန်ထိန်းကြောင့် ထရသောကြက်သီးမွေးညင်းကလည်း တဖျင်းဖျင်း ရှိနေသဖြင့် မကြာမီ မိုးရွာသွန်းမည်ဟု သိရ၏။ ယခုဝတ္ထုဖြစ်ပျက်သော နေရာမှ မျက်စိတစ်ဆုံးကြည့် လိုက်ပါမူ စိမ်းလန်းစိုစွတ်သော ယာခင်းပြင်များကို မြင်ရပေ၏။ အင်အားကောင်းလှသည့် နွားမတမ်းမကြီးများပင် ဝင်ရောက်ဖြတ်သန်းခြင်းငှာ မတတ်စွမ်းနိုင်လောက်အောင် ထူပြော၊ ထောင်းမောင်းသော ပြောင်းခင်းများကို လေတိုးဖော့သဖြင့် တရဲ့တရဲ့နှင့် မစဲဘဲအသံဖြစ်နေလေ၏။ အဖူးအပွင့် အတော်ရင့်သဖြင့် တစ်ပင့်တစ်ပင် ဂုဏ်တင်ကာ အကြွားဒြပ်ထုတ်၍ မနားမရပ်လှုပ်နေသော နှမ်းပင်ကလေးတို့ကလည်း လှပပေ၏။ အချို့သော ပဲခင်း၊ ဟင်းသီး ဟင်းရွက်ခင်း၊ လူးဆတ်ခင်းတို့မှာလည်း စိုစိုစိမ်းစိမ်းလေထဲ၌ တယိမ်းယိမ်းရှိနေသဖြင့် အထူးသာယာလေသည်။

"သာစွလေ၊ မြစ်ရေကမ်းပြည့်၊ ထန်းလည်း မှည့်၍၊ စည့်စည့်မိုးလ၊ ဘဒြနှင့်၊ ပြည်ပအညီ၊ ကန်ရာသီ 'သာချင်း'ထက် ကောင်းကင်ဝေဟာသ။ ငွေလွှာ ရဖတ်ငုံ။ ရွှေကြာညာချပ်အုံလို့၊ ရာဇမှတ်ပုံမှူခင်း၊ မိုးညို့ညို့ဝလာပြင်မှာ၊ ထာဝစဉ် သမဲ့အဆင်း" ပျဉ်းမနားသူ ရတနာညိမ်း၏ ၁၂–ရာသီဘွဲ့ (ဒဂုံမဂ္ဂဇင်း)။ 'မင်းလွှင် ငယ်မှတ်လှဲ့၊ မသာစနီး၊ စိတ်လက်ကယ်ညှိုးအောင်၊ မိုးတလှဲ့နှင့် အိုဘဲ့ရာသီ၊ လည်ပြောက်လည်လှုပ်၊ ပဲတောက်ပြုတ်နှင့်၊ ဘုတ်ဖိဝဖိုး၊ တောင်တော်ရိုးက၊ ချစ်ကြိုးမပျက်၊ သည်ချင်းယှက်လို့...' မိန်းမပညာရှိမယ်ခွေး

mgyoe.com

mgyoe.com SAMPLE BOOK

ကန်ရာသီအဲချင်း။

ပြောင်လက် ပြောင်လက် ပိတုန်းတောင် ရှက်သကဲ့သို့ အရောင်နက်ပြောင်သော မိန်းမတစ်ဦး၏ ဆံထုံးတွင် ဖြူဆွတ်သော စံပယ်ပန်းကုံးသည် လွှမ်းမဆုံးနိုင်လောက်အောင် အံလွှန်တင့်တယ်ဘိသည့်အလား ထိုစိမ်းလန်းစိုပြည်သော ယာခင်းပြင်တို့၏ အလယ်၌ ဖြတ်သန်းသွားသော ဖြူဖွေးသောချောင်းသည် တင့်တယ်ဘိ၏ တကား။ ဖြူဆွတ်သောသဲသည် ချောင်းတစ်ပြင်တစ်လျှောက်လုံး ဖြန့်ဖြူးနေသဖြင့် ချောင်းတစ်ပြင်လုံးသည် ဖြူဖြူဖွေးဖွေးကြီး တည်ရှိလေသတည်း။

နုလွင်ပျိုမျစ်သော မြက်များသည် ထိုချောင်းနံဘေး၌ ကော်ဇောစိမ်းကြီး ခင်းထားဘိသကဲ့သို့ အရောင်တဖိတ်ဖိတ်နှင့် ရှိလေ၏။ အသက် ၆၀ ကျော်မျှရှိသော အဘိုးအိုတစ်ယောက်သည် ၎င်းကော်ဇောပေါ်၌ရပ်လျက် ချောင်းအညာဆီသို့ ခဏခဏမျှော်ကြည့်နေသည်ကို တွေ့နိုင်လေ၏။ မီးပုံကြီးသည် တဖြည်းဖြည်း လောင်ကျွမ်းခဲ့ရာ ထင်းကုန်ခါနီး၌ မီးတောက် မီးလျှံသိမ်သေးမှိန်မှေးလာလေသကဲ့သို့ (ဇာတိဇရာ) ဆိုသော တရားတော်မြတ်အရ အနှစ်ပေါင်း ၆၀ ကျော် ၇၀ ကျော်မျှ တောက်လောင်ခဲ့သော မီးဖိုကြီးတည်းဟူသော ခန္ဓာကိုယ်၏ ပိုင်ရှင်အဘိုးကြီးသည် (စိတ်သွားတိုင်း ကိုယ်မပါ) ငိုခါတသော်လည်း လိုရာရနိုင်ရန် ခဲယဉ်း၍ နွမ်းလျဖျော့ဖျော့ အင်အားယုတ်လျော့တတ်သော ဇရာဒုက္ခ၏ ကုပ်ခွစီးခြင်း ခံရသည်မှာ ဓမ္မတာပင်။ ခါးကိုင်း နားထိုင်း သွားကျိုး ဆံဖြူလေသဖြင့် သေမင်းထံမှ စရန်ယူပြီး အဘိုးကြီးဖြစ်၏။ သူသည် ကမ္ဘာလောကကြီးအပေါင်း၏ အကြောင်းကို ကောင်းကောင်းနားလည်ပြီးဖြစ်လေသည်။ ရိုးသားဖြောင့်မတ်၏။ ရတနာသုံးပါးကို ကိုင်းရှိုင်းယုံကြည်၍ အထူးတရားအားထုတ်သည်။ သမ္မာအာဇီဝ လယ်လုပ်ခြင်းဖြင့် အသက်မွေး၏။ သို့သော် လယ်ယာပိုင် မရှိရှာလေ။

၎င်းအနီး၌ မဲရိုင်းပင်ကလေးတစ်ပင်ကို တအားကုန် ဆွဲနုတ်နေသူ မိန်းကလေးကား အသက် ၇နှစ်ခန့်မျှရှိ အဘိုးအို၏ မြေးကလေးတည်း။ နှာရောင်ပေါ်ပေါ်၊ မျက်လုံးမျက်ဖန် ကောင်းကောင်း၊ ပါးစပ်ကလေးက မကျဉ်းမကျယ်၊ သွားကလေးတွေကလည်း ပုလဲလိုစီ၊ နှုတ်ခမ်းကလေး နှစ်ခုကလည်း သန္တာလိုနီ၊ နားရွက် နဖူးမေးတို့ကလည်း အချိုးအစားညီ၊ အလီလီ အလှသွေးတက်သော မျက်နှာကလေးရှိ၏။ ညှင်းမဲ့ ကင်းမဲ့သော အသားဝါကလေးနှင့် အပြစ်ကင်း အချိုးကျသော ကိုယ်ပေါက်ကိုယ်ကာယတို့သည် ထိုမျှလှပသောမျက်နှာကလေးနှင့် သင့်လျော်ဆီလျော်ပါပေ၏။ အရွယ်ခပ်ကြီးကြီးတို့မြင်ပါမူ ကြည့်ရှု၍မငြီးဘဲ သမီးဟု ခေါ်ချင်ကြပေလိမ့်မည်။ အချို့ကာလသားတို့ မြင်ကြပြန်ပါမူ ကောင်မလေး အပျိုဖြစ်ရင် ခြောက်ပြစ်ကင်း ပဘာကလေးဖြစ်ဦးမှာပဲ စောင့်ရဟန်ကျပေါ့ဟု တွေးသူက တွေးကြံပေမည်။ အချို့ကလည်း သူ့မှာအစ်မများရှိ ဘယ်ကလောက်နိပ်မလဲဟု ယူဆကောင်းယူဆပေလိမ့်မည်။ ငါတို့မြန်မာဘုရင်များရှိသေးက ဖွားစောကို ကောက်ယူမြှောက်စားသကဲ့သို့

mgyoe.com

ဤသူငယ်မလေးကိုလည်း မြှောက်စားကောင်း မြှောက်စားပေလိမ့်မည်။ သူသည် ဝမ်းကောင်း နှလုံးကောင်းကလေး ဖြစ်၏။ အသက်နှင့်အမျှ လိမ်လည်လှည့်ဖြား ကောက်ကျစ်ခြင်း မပြုခဲ့။ ငါးပါးသီလသည် ဘာဟု မသိသေးသော်လည်း အသက်နှင့်အမျှ လုံခြုံစွာစောင့်ခဲ့၏။ ငြူစူ စောင်းမြောင်းခြင်း အဘိဇ္ဈာတရားလည်း မရှိ။ အပြင်ကလှသလောက် အတွင်းစိတ်လှ လေသည်။

အတန်ကြာသော် သူငယ်မကလေး ဆွဲထုတ်နေသော မဲရိုင်းပင်သည် အမြစ်အဒုံပါ ကျွတ်ပါလာလေ၏။ ထိုအခါမှ မိမိအဘိုးအေ ကြည့်ရှုမျှော်မှန်းနေသော ချောင်းအထက် ပိုင်းဆီသို့ ကြည့်လိုက်လေ၏။ အဘိုးကြီးသည် ချောင်းညာဌ ညို့မှိုင်းအုံ့ဆိုင်းသော မိုးသား တွေကို မြင်ရသဖြင့် 'ဟဲ့မိညို...ဟိုကြည့်စမ်း... မိုးတွေရွာနေတယ်' ဟုပြောလိုက်ရာ 'ဟုတ်တယ်အဘိုးရဲ့... မိုးတွေသိပ်ရွာနေ တယ်ထင်ပါရဲ့'ဟု ပြန်ကြားပြီးနောက် ပြွတ်စိထိုး ၍ ခုန်ပေါက်မြူးထူးနေလေ၏။

'မိညို နွားတွေစောင့်ရင်း ဒီကထိုင်နေဦး...ငါ အခင်းသွားလိုက်ဦးမယ်' ဟု ပြောပြောဆိုဆိုနှင့် ထန်းလျှော်ဖိနပ်ကို တပျတ်ပျတ်စီး၍ ပြောင်းခင်းဆီသို့ ဝင်လေ၏။ မကြာမီ ပျောက်ကွယ်သွားလေ၏။ မိညိုကလေးခမျာမှာလည်း ချောင်းထဲသို့ဆင်း၍ အက မြင်းကြီး ကမြင်း၍နေလေ၏။

ချောင်းအထက်ပိုင်း၌ မိုးသည် အလွန်သည်းထန်၏။ မိုးရွာစဉ်ပင် ရေသည်းစီးတဲ၍ ချောင်းလုံးပြည့် စီးဆင်းသောရေသည် ဝုန်းဝုန်းဝုန်းဝုန်းနှင့် ကျယ်လောင်သောအသံကို ဖြစ်စေဘိ၏။ ၎င်းသည် အစဉ်အတိုင်းစီးဆင်းလာခဲ့ရာ မိုးမရွာသေးသောအပိုင်းသို့ ရောက်သ ကာလ သဲအခြောက်ပေါ် ဖြတ်သောအသံသည် တရှဲရှဲနှင့်။ ယခင်ဖပြောင်းခင်း လေဖေ့သော အသံနှင့် တူဘိ၍ အဦးဆုံးပြေးလာသော ခေါင်းဆောင်ရေသည် ယခုကာလ နိုင်ငံရေးခေါင်း ဆောင်ကြီးများ ခေါင်းပေါင်းစ ထောင်သကဲ့သို့လည်းကောင်း၊ မြွေဟောက်ကြီးများ ပါးပျဉ်း ထောင်သကဲ့သို့လည်းကောင်း၊ နာလာဂီရိဆင်သည် မြတ်စွာဘုရားသခင်အား သတ်မည် ဟုလာသောအခါ နှာခေါင်းကြီးထောင်၍ ပြေးလာသကဲ့သို့လည်းကောင်း အထက်သို့ တစ်လံ ကျော်ကျော်မျှ ငေါ်ထွက်၍လာလေ၏။ ရေစီးလာပုံသည် အံ့ဩဖွယ်လည်း ကောင်းလှ၏။ ကြည့်ရှု၍လည်း မျက်စိမညောင်း မယောင်းနိုင်သော အကောင်းမျိုးဖြင့် ကောင်း၏။ ရေအဟုန် ကလည်း တဝေါဝေါ၊ သဲသံကလည်း တရှဲရှဲကြောင့် ဝေါရှဲဝေါရှဲနှင့် တောထဲ၌ ဆူညံသွား လေ၏။

မိညိုကလေးမှာ ဘာသိဘာသာ ဘာညာညာ မတွေးထင် ပြေးချင်ရာပြေး၊ က,ချင်ရာ ကနှင့် အားပါးတရ အူမြူးနေလေသည်။ ဝေါရှဲ ဝေါရှဲ အသံလာရာသို့ မျက်နှာလှည့်လိုက်ရာ အထက်ထောင်တက်၍လာသော ချောင်းရေကိုမြင်လေ၏။ မိညိုကလေးမှာ ဝမ်းတွင်းက တရှုရှုနှင့် ဖရဏာပီတိတွေဖြစ်နေလျက် ကမ်းပေါ်သို့တက်၍ ရေကိုသွင်းရမည်ကိုမျှ

mgyoe.com

မသိတော့နိုင်ဘဲ 'အဘိုးရေ...အဘိုး... ရေတွေလာနေတယ်'ဟု အကြိမ်ကြိမ်အော်ဟစ်ကာနေလေ၏။ ကြမ္မာငင်နေသကဲ့သို့။ အေးအေးဆေးဆေး လက်ကလေးများကို ခါ၍ခါ၍ ကြည့်နေမိရှာ၏။ သို့နှင့်ပင် ရေအလျဉ်သည် လျင်မြန်စွာ မိညိုအနီး တစ်လံမျှလောက်တွင်ရောက်ခဲ့မှ၊ ၎င်းသည် ပြေးရမည်ကို သတိရသလိုလိုဖြစ်ပြီး၊ နောက်သို့ ချာခနဲ လှည့်လိုက်လေ၏။ အပေါ်သို့တက်ရန် ကြက်ခူပင်တစ်ပင်ကို ကိုင်ဆွဲလိုက်ရာ ၎င်းအပင်သည်အမြစ်ပြတ်၍သွားသဖြင့် သူခများမှာ လဲသွားရှာလေ၏။ လဲကျနေသော မိညိုကလေးပေါ်သို့ မြွေကြီးသည် မိမိအစာပါးပျဉ်းဖြင့် အုပ်ဘိသကဲ့သို့ ၎င်းရေလုံးကြီးများသည် ဖုံးလိုက်လေ၏။ သဲတို့သည်လည်း ရေထက် လေးလံသောအားဖြင့် ဖုံးလိုက်လေ၏။ အသင်ချောင်းရေ...သင်သည် မြွေပွေး မြွေဟောက်ထက်ပင် ဆိုးဝါးပါသေး၏။ မြွေတို့သည် မိမိတို့အားရန်စမှသော်လည်းကောင်း၊ အလွန့်အလွန် မလွှဲသာမှသော်လည်းကောင်း၊ တစ်စုံတစ်ယောက်ကို ကိုက်ခဲ၏။ သင်တစ်မူကား အတင်းရန်ငြိုးဖွဲ့၍ သတ်ဘိ၏။ အို...ရက်စက်လှစွာသော အသင်ချောင်းရေ၊ အဘယ်သောအကြောင်းကြောင့် ဤမျှအပြစ်ကင်းစင် အချစ်ပင်ကလေးကို အသင် သတ်ရက်လေသနည်း။ အကယ်၍ သင်သတ်လိုမူ ဤကမ္ဘာလောကကြီး၌ လူလိမ်၊ လူကောက်၊ လူယုတ်မာ၊ လူဗာလတွေ မရှိကုန်သလော။ အရှက်မရှိထင်မိထင်ရာလော်လည်း တတ်စွာသော၊ တပျံ့ပျံ့ တထထနှင့် အတွင်းရှုသည့် ကမြင်းမတွေမရှိပါလော၊ အဘယ်ကြောင့် ဤကလေးမကလေး အလိမ္မာ ကလေး၏အသက်ကို ယူဘိသနည်း။ ရန်သူမျိုးငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော အသင်ရေသည် ကမ္ဘာပေါ်၌ဤချောမွေ့လှပသော၊ သဘောသကာယ နူးညံ့သော၊ အတွင်းအပြင် ဖြူစင်သူကလေးမကလေးအား မမြင်လိုသဝန်တို၍ ဖြစ်လေသလော။ ဩ...ရက်စက်စွ၊ ကြမ်းကြုတ်စွ။

'အဘိုးရေ... အဘိုးရေ... ရေတေလာနေတယ်'ဟု အော်ငင်ပြောကြားသော အသံသည် တစ်တောလုံး ပဲ့တင်ထပ်ပြီးနောက် အဘိုးအို၏နားတွင်းသို့ သဲ့သဲ့ကလေးဝင်လာလေ၏။ ၎င်းပြင် မိညိုလဲစဉ်က ၎င်းကိုယ်တိုင်ပင် မသိလိုက်မသိပါ အသံကုန် 'အဘိုးရေ...အဘိုးရေ' ဟု အော်မိခဲ့သောအသံကိုလည်း သူသည် နားအနည်းငယ် လေးသော်လည်းကြားရလေသေး၏။ ကိုယ်စောင့်နတ် လှုံ့ဆော်ဘိသည့်အလား စိုးရိမ်ပြင်းပြရကား ကိစ္စမျှအပြီးမသတ်တော့ဘဲ ထိုင်ရာမှ အတင်းထ၍ တစ်ဟုန်ထိုး ပြေးခဲ့လေ၏။ ထန်းလျှော်ဖိနပ်ပြတ်သည်ကိုလည်း ပြတ်ပြတ်အတိုင်း စွန့်ခဲ့၍ ဆူးပုံတိုးတိုးမှန်းမသိ ဆူးခက်အငြိငြိနှင့်သာခြေကုန်ခွင်းခဲ့လေသတည်း။

မြေးငယ်ကိုထားခဲ့ရာသို့ ရောက်သောအခါ တစ်ကိုယ်လုံး ထိတ်ခနဲတုန်သွားလေ၏။ မျက်လုံးပြူးပြူး၊ မျက်ဆန်ပြူးပြူး၊ မူးဝေနောက်ကျိ၊ ခပ်ချည့်ချည့် ဖြစ်ပြီးလျှင် ရင်တဖိုဖိုနှင့် ဟိုဟိုသည်သည် မျက်ခြည်မပြတ် နံ့စပ်အောင် ပျာပျာသလဲ ကြည့်လေ၏။ မိညိုကိုကားမမြင်ရချေ။ သေချာအောင် အရေးတကြီးရှာဖွေလေ၏။ သို့သော် မတွေ့။ မတွေ့သော်

mgyoe.com

mgyoe.com SAMPLE BOOK

လည်း စာမေးပွဲတွင်မဖြေနိုင်သူသည် ကျပြီဟု သိရသော်လည်း ကံကိုမျှော်ထောက်သဖြင့် အောင်ကောင်း အောင်မည်ဟု ဂဇက်မထွက်မချင်း မှတ်ထင်စရာရှိသကဲ့သို့ မိညိုကလေး အသက်နှင့်ကိုယ် မြဲသေး၏ဟု သက်သေတစ်စုံတစ်ခုမပေါ်မချင်း သဘောပိုက်ရှာလေကာ ဇဝေဇဝက်နှင့် အနေခက်၍ နေရှာလေ၏။ ယခင် မိညိုကလေးထိုင်နေရာမှ မနီးမဝေးတွင် မတုန်မလှုပ် ကြောက်ရုပ်ကဲ့သို့ မတ်တတ်ရပ်လျက် ချောင်းရေကို စိတ်ဆိုးသောမျက်နှာနှင့် ကြည့်ပြီးလျှင် နှလုံးနောက်ကျူ ရှိရှာလေ၏။

ရေမှာလည်း တင်းကျမ်းတိုက်စီးနေ၏။ သဲပွက်ကြီးများသည် ပေါ်၍ ပေါ်၍လာလေ၏။ အဘိုးကြီးမှာ စူးစိုက်ကာကြည့်ရင်း ရေကို သံသယမကင်းဖြစ်နေဘိ၏။ နို့တစ်စလယ် ရေညှစ်ခန့်မျှ ကြာရှိလေသော် ကြီးမားသော သဲပွက်ကြီးတစ်ခုသည် ၎င်း၏အလယ်မှ ခပ်မည်းမည်းအရာကလေးတစ်ခုနှင့်အတူ ပေါ်လာလေသည်။

သဲများအောက် တစ်ဖန်ကျသော်လည်း နက်သောအရာသည် ရေပေါ်သို့တက်လာ၏။ ထိုအရာကိုမြင်ရသော အဘိုးကြီးမှာ မျက်စိကျယ်၍ ကျယ်၍လာလေ၏။ နောက် ခဏ၌ ၎င်းအရာမှာ ဆံပင်စုတ်ဖွားနှင့် ခေါင်းကလေး တစ်ခုဖြစ်ကြောင်း သိရသောအဘိုးအေမှာ နှလုံးအိမ်ကို ဖုံးချိန်၍ပစ်ဘိသကဲ့သို့ ကြေကွဲနာကြည်းသဖြင့် ဖော်ချွေးတွေ ပြန်လာလေ၏။ လှိုင်းလုံးကြီးတစ်ခုသည် ၎င်းခေါင်း၏ကိုယ်ကို ရေပေါ်သို့ မှောက်ရက်ဖော်ပေးပြီး နောက် ကျွမ်းထိုးမှောက်ခုံဖြစ်သွားအောင် တိုက်လိုက်လေ၏။ အဘိုးအိုမှာ မိညိုဟု ဆေးသေပေါက် သိရှိရသဖြင့် မွှန်တက်သွားပြီး ဘာလုပ်ရမည်မသိ ရီးတီးယောင်တောင်ဖြစ်ပြီး ငေးတွေ၍ သာနေရှာလေ၏။ မျက်ရည်ထွက်ခြင်း ငိုခြင်းလည်းမရှိပေ။

သြော်......အလှကြီးလှ၊ အမြတ်ကြီးမြတ်သော ထိုသူငယ်မလေး တစ်ယောက်အား မထောက်မထား ရက်စက်သော ဘောက်သမားကြီး အသင်ရေသည် ထိုအိုမင်းမစွမ်းအရွယ်၌ သောကရောပြွမ်း ဒုက္ခလွှမ်း၍ ပွက်ကြမ်းထ၍နေသော အဘိုးကြီးတည်းဟူသော မီးပုံတွင် အပိုအလျှံမလိုတန်ဘဲနှင့် သောကရတက်သစ်တည်းဟူသော ထင်းများကို ထပ်မံထိုး ဘိ၏ တကား။ မိညိုကလေးသည်ကား ထိုအဘိုးကြီး၏ အားလုံးသော မာန၊ အားလုံးသော ပျော်ရွှင်ခြင်း၊ အားလုံးသော မျှော်လင့်ခြင်းတို့၏ တည်နေရာဖြစ်ဘိ၏။ ဆေးပေးမီးယူ ကူညီသူ ကလေးလည်း ဖြစ်ဘိ၏။ အိုမင်းမစွမ်းသောအသက်၏ သက်သာရာသက်သာ စေကြောင်း၊ နှစ်သက်စေကြောင်းသည်ကား မိညိုကလေးပင်ဖြစ်ဘိ၏။ 'ဟဲ့ မိညို ကလေး ရဲ့...အဘိုးပျင်းလွန်းလို့ ကပြစမ်းပါ...သီချင်းဆိုပြစမ်းပါ'ဆိုပြန်ကလည်း အဘိုးကြီးကို အပျင်းဖြေလေ့ရှိသော ထိုသူငယ်မကလေးသည် သေချင်းဆိုးဖြင့် သေရလေပြီ။ လှပစိုပြည် အသရေပွင့်လန်း နှင်းဆီပန်းကလေးသည် လူသူမနီး တောချောင်ကြီး၌ ပျောက်ပျက်ရလေပြီ။ အဘိုးကြီး နေရာတဲကလေး၏ တန်ဆာကျက်သရေ (ဝါ) ငါတို့မြန်မာပြည်တွင် နှလုံးဖြူစင် သူတော်ဝင်သက်သက် အလှတကာထက် လှလေသော အမျိုးသမီး ဇမ္ဗူ့ဓဇ အလံတံခွန်သည်

mgyoe.com

mgyoe.com

မရှိရှာတော့ပေ။ ထို့ကြောင့် ၎င်းအဘိုးအေမှာ ဗျာပါရတက် ပိုသည်တွက်ကြောင့် တရား မငဲ့ကွက်ဟု ကဲ့ရဲ့ရန်မရှိပေ။

အဘိုးအိုမှာ ဟီးခနဲ သက်ပြင်းချကာ မြေးကလေး၏ကျေးဇူးကို အထူးအောက်မေ့ပြီး 'သြော်…ငါ့မြေးမရှိက ပျားရည်ညှစ်ပြီးသော ပျားသလက်ကဲ့သို့ အချည်းနှီးဖြစ်၍ ပျော်ဖွယ် မရှိတော့ပေ။ ငါ၏သောကဒုက္ခတို့ ချုပ်ငြိမ်းရန်ကား အသက်ဆုံးခြင်းတည်း။ သင်းကလေးနဲ့ အတူလိုက်မဟဲ့' ဟု ယူဆပြီး မိမိမှာပါသော အဝတ်အချို့ဖြင့် ခြေလက်တို့ကို မရမက ချည်နှောင်လေ၏။

သြော်…ကိုယ်စောင့်နတ်များကလည်း လက်ပိုက်ပြီးကြည့်နေတော့မလား၊ တကယ် ဆိုရင် အဘိုးကြီး အဖန်ငါးရာ ငါးကမ္ဘာခံရတတ်တယ်။ မြေးကလေးသေတာ အနိစ္စသဘော တရားပဲ။ ဟိုဘဝတုန်းကလည်း ဘယ်လိုမကောင်းမှုပြုခဲ့လို့ အခုအကျိုးနည်း အကြောင်းယုတ် ဖြစ်ရတာပါ။ ဟော…ယခုဘဝ သူကလေး ကောင်းကောင်းနေသွားတော့ နောင်သံသရာ ကောင်းဖို့ပေါ့။ အဘိုးကြီးအလုပ်ဟာက သူကလေး ကောင်းမွန်ရာရောက်စေကြောင်းနဲ့ အမျှဝေဖို့သာရှိပါတယ်လို့ အကြောင်းပြ ဖျောင်းဖျစရာကောင်းပါတယ်။ ထို့နောက် အဘိုးကြီး သည် အကြံအောင်တော့မည်ကြောင့် စိတ်နည်းနည်းပေါ့သွားသောကြောင့် ချောင်းညဉ္ဇွှာသော မိုးကဲ့သို့သည်းထန်စွာ မျက်ရည်များ ကျလာလေနိုင်တော့၏။ (စိတ်နောက် ကိုယ်မပါ) စမြဲ ဖြစ်သော်လည်း အဘိုးကြီးမှာ စိတ်နောက်ကို ပါသွားလေ၏။ မကြာမီ သဲလုံးကြီးများသည် ၎င်းအား ရိုက်ဖုံး၍သွားလေ၏။ ကွယ်လွန်သူနှစ်ဦးအတွက် ကြေကွဲဝမ်းနည်းစွာ ငိုပွဲဆင်သူ မရှိလင့်ကစား မိုးမင်းသည် ၎င်းတို့အတွက် ဝမ်းနည်းသောအားဖြင့် မျက်ရည်ပေါက်များကို သွန်းချလိုက်လေသတည်း။

၎င်းတို့နေထိုင်သောရွာ၌ အဘိုးကြီးနှင့် ၎င်းမြေးကလေး ပျောက်ဆုံးသွားကြောင်း သတင်းဖြစ်နေ၏။ တချို့က သေသွားပြီ၊ တချို့က ကုလားကြီးခေါ်သွားပြီဟု သတင်းလွှင့်ကြ လေ၏။ နောင် အတန်ကြာမှ ပုပ်ဖူးရောင်ပွနေသော အလောင်းနှစ်ခုကို လင်းတစားနေသည် ဟုကြားရမှ သေပြီသေပြီဟု သိကြလေ၏။ သို့သော် ၎င်းမြေးအဘိုးမှာ ဆွေမျိုးကလည်း မရှိ၊ ပစ္စည်းဥစ္စာကလည်း နတ္ထိကြောင့် (ဝါ–ပို၍မှန်သော ဖော်ပြခြင်းကား) ဥစ္စာကလည်း မရှိ၊ ဆွေမျိုး ရွှေမျိုးကလည်း မရှိလေသဖြင့် ဆွမ်းသွတ်အမျှဝေခြင်း မရှိလေ။

ထိုကြောင့် ကျွန်ုပ်နှင့် ဤဝတ္ထုကို ဖတ်ရသူ ကြည့်ရသူ ကြားရသူတို့၏ မွန်မြတ် သောတာဝန်မှာ ထိုနှစ်ဦးတို့ကောင်းမွန်ရာ ရောက်စေခြင်းငှာ ဒါန–သီလ–ဘာဝနာကုသိုလ်အဖို့ အမျှဝေရန်ပင် ဖြစ်ပါတော့သတည်း။

*ဤဝတ္ထုဆုံး၊ ကမ္ပတ်ဖုံး၊ နှလုံးညွတ်နူးရာ။*

ဝနေငဖေ–ဘုတလင်

မန္တလေးဥပစာကောလိပ် နှစ်လည်စာစောင်မှ ၁၉၃၃။

mgyoe.com

mgyoe.com SAMPLE BOOK

# ဆွေးပင်လယ်ဗွေ

သည့်ထက် သာယာသောည မရှိတော့ပြီ။ ကြယ်တာရာအပေါင်းတို့ကား မိမိတို့ အရောင်အဝါများကို အစွမ်းကုန်လွှတ်ကြပြီ။ ငွေသော်တာလမင်းကား ကြည်လင်အေးမြသော မျက်နှာတော်ဖြင့် ကမ္ဘာလောကကြီးအလုံးကို ပြုံးစိစိကြည့်နေလေပြီ။ 'ပျော်ကြလော့၊ မြူးထူးကြလော့၊ ငါ၏ အဆင်းအလှကို ခံစားကြလော့' ဟူသော စကားများကို မြွက်ဟနေလေပြီ။ သည့်ထက် သာယာသောည မရှိတော့ပြီ။

ပင်လယ်ကမ်းခြေတွင် စည်ကားထူထပ်စွာ ပေါက်ရောက်လျက်ရှိသော တောသည်လည်း မြူးထူးရွှင်ပျ သာမောလှလေပြီ။ တောင်ကုန်း တောင်ပူစာကလေးတို့သည်လည်း ညို့ညို့မှိုင်းမှိုင်း ရှုတိုင်းတင့်တော့သည်။ လရောင်ဟပ်သဖြင့် တလျှပ်လျှပ် ဝင်းလက်နေသော လှိုင်းဂယက်တို့သည် ပင်လယ်ဗွေ ရေမျက်နှာပေါ်၌ ရွှေပိုးတီတွန့်သကဲ့သို့ တလွန့်လွန့် တအိအိ လှုပ်ရှားသွားလာနေကြသည်ကို ကြည့်ရှု၍ မရောင့်ရဲနိုင်တော့ပြီ။ တငြိမ့်ငြိမ့်နှင့် လိမ့်၍လိမ့်၍လာသော လှိုင်းများသည် ကမ်းခြေကို တိုက်ခတ်လိုက်သောအခါ ဖြာတက်သွားသော ရေအစုကား ငွေပန်းဆိုင်းကဲ့သို့ ဝင်းလက်လှပနေလေသည်။ သည့်ထက်သာယာသောည မရှိတော့ပြီ။

လောကကြီးတစ်ခုလုံးပင် ရွှင်ပြုံးပျော်မြူးနေသော အချိန်အခါ၌ သာယာသော ကမ်းခြေရှိ ကျောက်ဆောင်ကြီးတစ်ခုပေါ်တွင် မြောက်စူးစူးသို့ မျှော်ကြည့်ရင်း ထိုင်နေသူဦးသက်ထွန်းကား စိတ်မရွှင်ကိုယ်နွမ်း ဖြစ်နေရှာလေ၏။ ၎င်း၏စိတ်ကား လှိုင်းလှုပ်ဒီနှော ပင်လယ်ကြောတွင် လွင့်မျောလျက်သာ နေတော့၏။ ဘယ်သောင်တင်၍ ဘယ်ကမ်းဆိုက်မည်ကို မသိနိုင်။ ဆောက်တည်ရာမရသော စိတ်ဓာတ်ကား အဆွေးပင်လယ်ဗွေတွင် အဆွေးတည်းဟူသော လှိုင်းလေဆောင်ရာသို့ လွင့်ပါနေရချေပြီ။

ဦးသက်ထွန်း၏ သန်စွမ်းပျိုမျစ် ကျစ်လျစ်ခဲ့ညားသော ရုပ်ရည်ကား ယခုအခါ

mgyoe.com

mgyoe.com SAMPLE BOOK

မသန့်စွမ်းမပျိုမျစ် မကျစ်လျစ်မခံ့ညားသော အခြေအနေသို့ ရောက်ခဲ့လေပြီ။ ရှေးအခါက အဖိုးထိုက်တန် ကောင်းမြတ်သော အဝတ်တန်ဆာများအစား ယခုအခါ စုတ်ပဲ့ကြမ်းတမ်းသော အဝတ်များရောက်နေလေတော့သည်။ ဆံပင်၊ ကျင်စွယ်၊ နှုတ်ခမ်းမွေးတို့ကား ရှေးအခါကကဲ့သို့ မည်းနက်သောအရောင်ကို မဆောင်၊ ဖြူဖွေးသော အသွေးကိုသာ ဆောင်တော့၏။ ယခင်က ဦးသက်ထွန်းနှင့် ယခု ဦးသက်ထွန်းကား လွန်စွာမှကွာခြားပေ၏။ မည်သည့်လေမျိုးသည် ထိုအိမ်ပျိုအား အိမ်အိုဖြစ်အောင် တိုက်ဖျက်လေသနည်း။ ဇရာတည်းဟူသော ဓမ္မတာ လေပင်လော၊ ရောဂါတည်းဟူသော လေနီကြမ်းပင်လော။ ဦးသက်ထွန်းအဖို့ကား ထိုတွင်မျှ မကသေး။ ဆွေးမြည့်လွမ်းဆွတ်ခြင်းတည်းဟူသော လေပူကလည်း တိုက်ခတ်သေး၏။

လေပြည်လေညင်းကလေးကလည်း တသုန်သုန် တသွင်သွင် တိုက်ခတ်လာလေရာ ဦးသက်ထွန်း၏စိတ်များသည် လေနှင့်အတူရောကာ ပျံ့လွင့်သွားပြန်လေ၏။ 'ပျော်ကြလော့၊ မြူးထူးကြလော့' ဟူသော လမင်း၏စကားများကို မနာယူနိုင်ပြီ။ အလီလီသော လွမ်းဆွတ်ကြေကွဲခြင်းဖြင့်သာ အတောမသတ် ရှိရှာလေ၏။ ကမ္ဘာသူ ကမ္ဘာသားအားလုံးမှာ ပပဝင်းဝင်း ဖိုးရွှေလမင်းကြီးကို အလျှင်းမကြည့်ဘဲ မနေနိုင်သည့် မှန်ပါလျက် ဦးသက်ထွန်းကား မော်ကြည့်မည်ဝေးစွ။ လမင်းဝိုင်းစက် ကောင်းကင်ထက်၌ ပေါ်ထွက်နေသည်ကိုပင် သိဟန် မတူချေ။ အဘယ်မျှ ရင့်သီးသော ဆွေးမြည့်လွမ်းဆွတ်ဖွယ်ပေနည်း။

၎င်း၏စိတ်အာရုံတွင် ဘုရား အုတ်တံတိုင်းကြီးတစ်ခု ပေါ်လာလေ၏။ အုတ်တံတိုင်း အတွင်းမှနေ၍များစွာသော မြန်မာတို့သည် သေနတ်များကိုကိုင်၍ စောင့်နေကြလေ၏။ မကြာမီ အရမ်းကာရော ပစ်ခတ်လိုက်သော သေနတ်သံများကို ကြားရလေ၏။ မီးခိုးလုံး ကြီးများ အလိပ်အလိပ်နှင့် တက်လာလေ၏။ မိမိအမှူးရှိသော မြန်မာများလည်း သေနတ် မောင်းများကို ဖြုတ်ကြလေသည်။ ထိုအကြောင်းများသည် တစ်ခုပြီးတစ်ခုပေါ်လာလျှင် ပင် မသိလိုက်မသိဘာသာ လက်သီးများကို ကျပ်တည်းစွာ ဆုပ်မိတော့၏။ စိတ်သည်လည်း ဒေါသဖြင့် ဆွေ့ခုန်၍နေလေသည်။ ၎င်းနောက် မိမိလက်ချက်ဖြင့် ကုလားစစ်သည်ငါးယောက် ဆင့်ကဲဆင့်ကဲ လဲကြသည်ကို သတိရပြန်၏။ မိမိတို့ထံသို့ မြင်းစီး၍ အပြင်းနှင်လာသော အင်္ဂလိပ်စစ်ဗိုလ် တစ်ဦးအားချိန်၍ သေနတ်မောင်းဖြုတ်လိုက်လေ၏။ မြင်းကြီး ရှေ့သို့ တုံ့လျက် လဲသွားလေ၏။ တစ်ချက်ဆင့်ပစ်လိုက်ရာ အင်္ဂလိပ်စစ်ဗိုလ်ကြီးသည် မြေကြီးပေါ်တွင် အလျားထိုး၍ လဲပြန်၏။ ၎င်းတို့စိတ်၌ ထင်မြင်လာတိုင်း အဆွေးရှိသမျှသည် ပျောက်ကုန်၏။ စိတ်လတ်ဆတ်ပျော်ရွှင်လာပေ၏။ လွန်စွာ အားရကျေနပ်လှသဖြင့် ပြုံးမိတော့၏။ ငါကား တိုင်းပြည်ကို ချင်းနင်းလုယက်သူတို့အား သတ်လိုက်၏။ အင်္ဂလိပ်စစ်ဗိုလ်သည် ငါ့လက် ချက်ဖြင့် သေလေပြီ။ စလေဒင်များဖြစ်လျှင် မည်မျှအကျိုးနပ်မည်နည်း။

ထို့နောက် မိမိတပ်သားများ အတုံးအတုံးလဲသည်ကို မြင်ယောင်မိ၏။ ယောကျ်ား ပီပီ သေရှာကြလေပြီ။ သူတို့မှာ တိုက်ခိုက်ဆဲ သေရ၏။ ငါ့မှာမူ လွမ်းနာကျ၍ သေရတော့မည်။

mgyoe.com

mgyoe.com SAMPLE BOOK

မိမိညာလက်ရုံးဖြစ်သော ဘိုးစီသည် ခွေခွေကလေး လဲနေသည်ကို အမှတ်ရပြန်၏။ ၎င်းအနီး သို့ကပ်သွားလေ၏။ ဘိုးစီမှာ မသေသေး။ 'တိုက်သာတိုက်ပါ၊ ကျွန်တော့်ကို ဂရုမစိုက်ပါနှင့်။ သဲသဲမဲမဲ ပစ်လိုက်စမ်းပါ'ဟု သွေးရူးသွေးတန်း အော်နေသောအသံကား လေထဲတွင် လွင့်ပါလာလေ၏။ တစ်ဖန် ညှိုးလျှနွမ်းနယ်သောအဖြစ်သို့ ဝင်ပြန်လေ၏။

တစ်ဖန်လည်း မိမိတို့ဘက်၌ မိမိနှင့် စစ်သားလေးယောက်သာ ကျန်တော့သည်ကို တွေးမိပြန်၏။ ကုလားစစ်သား၊ အင်္ဂလိပ်စစ်ဗိုလ်များ မိမိတို့အား ဝိုင်းမိပေပြီ။ မကြာမီ ကျန်ငါးယောက်ကို ဖမ်းကြလေပြီ။ အင်္ဂလိပ်တစ်ယောက်ကား မိမိထံသို့လာပြီးလျှင် 'သင်တို့ ရှင်ဘုရင် မရှိတော့ဘူးဆိုတာသိလျက်နဲ့ ဘာလို့မိုက်မိုက်မဲမဲ ခုခံနေသလဲ။ ကျွန်ုပ်တို့ သစ္စာတော်ကို ခံရမည်ဆိုတာ မသိဘူးလား' ဟု မေးလေ၏။ ထိုအခါ မိမိက 'ကျွန်ုပ်မှာ ဘဝရှင်မင်းမြတ် ခန့်ထားသော တပ်မှူးဖြစ်ပါတယ်။ ကျေးဇူးရှင်ဘုရားက ကျွန်ုပ်တို့အား အလုပ်ထွက်ခွင့် မပေးသေးပါ။ ကျွန်ုပ်တို့တိုင်းပြည်ကို လုယူတာ ငုံ့ခံနေရတော့မလား။ ဒါကြောင့် အခုလို စွဲစွဲမြဲမြဲ ခုခံရပါတယ်' ဟု ဖြေလိုက်ရလေ၏။ အင်္ဂလိပ်များက မိမိအား ဖမ်း၍ ထောင်သွင်းထားသည်များကို မာတိကာစဉ်၍ စဉ်းစားပြီး သက်ပြင်းချလိုက်မိတော့၏။

၎င်းနောက် ဦးသက်ထွန်း၏စိတ်သည် လှိုင်းလုံးကြီးများကို စီးသွားပြန်လေ၏။ မှုးမှုးဝေဝေဖြင့် လွင့်ချင်ရာသို့လွင့်ပြန်၏။ ထောင်မှတစ်ဖန် သံလျင်စွန်းသို့ ရောက်ခဲ့ပြန် ၏။ မိမိအား အစောင့်အကြပ်များသည် များစွာနှိပ်ကွပ်ကြလေ၏။ သင်္ဘောကြီးပေါ်သို့ တက်ရပြန်၏။ ၎င်းနောက် နံနက်နေထွက်လျှင် မြန်မာပြည် ပင်လယ်ကမ်းရိုးတန်းမှ စတင် ခွာခဲ့လေ၏။ မိမိစိတ်မှာကား ခွာ၍မရ။ မိမိတိုင်းပြည်မှအပသို့ သွားရခြင်းသည် ဆင်းရဲတကာ တို့ထက် ကြီးသောဆင်းရဲကြီးပင်တည်း။ စိမ်းလန်းစိုပြည်သော ပင်လယ်ကမ်းခြေသည် မကြာမီ ညိုညိုမှိုင်းမှိုင်း ဖြစ်လာလေ၏။ ညိုမှိုင်းဝေဆာသော တောင်တန်းတို့သည် မှုန်ပြာပြာ မျှသာလျှင် မိုးကုပ်စက်ဝိုင်း၌ ပျပျရေးရေး ထင်ကုန်တော့၏။ အို... ဘယ်ခရီးလမ်းကြောင်း တွင် ဘယ်သောင်တင်လေမည်လဲ၊ ဘယ်အချိန်အခါတွင် ဘယ်နေရာ ဘယ်ဒေသသို့ ရောက်ရလေမည်လဲ။ သာယာရွှင်ပျောင်း ပျော်ဖွယ်ကောင်းလေတဲ့ ရပ်ဟောင်း မြန်မာပြည် က ဘယ်ဆီဘယ်သို့ ဆောင်ပို့လေမည်လဲ၊ ကိုယ့်ပြည်ကိုယ့်တိုင်းကို အလွှင်းတကြီး အချစ်မိ ထမိသောကြောင့် ခရီးကြောရှည်လျား ပင်လယ်ပြင်ခြားကျော် တစ်ကျွန်းပေါ်သို့ ရောက်ရတော့ သည်။ ရွှေတိဂုံစေတီတော်မြတ်သည် နသစ်သော နေလုလင်၏ အဖူးအမြော်ကို ခံရသဖြင့် ဝင်းဝါထိန်တောက်၍နေသည်ကို မြင်ရပေသေး၏။ တဖြည်းဖြည်းဝေးခဲ့ရာ ညိုညိုမှိုင်းမှိုင်း ကမ်းခြေကား မှုန်တိမှုန်ဝါးသာရှိတော့၏။ မှုန်ပြာပြာရှိသော တောင်တန်းတို့ကိုကား မမြင်ရ တော့ပြီ။ ရွှေတိဂုံစေတီတော်ကြီးအား ကောင်းကင်တွင် ရွှေမင်ဖြင့် ခြယ်အပ်သော အရေး အကြောင်းမျှသာရှိတော့၏။ များမကြာမီ ပင်လယ်ကမ်းတို့သည် ကွယ်လေကုန်၏။ ရွှေတိဂုံ စေတီတော်မြတ်ကြီးမှာလည်း ရေးရေးမျှသာ မြင်နိုင်တော့၏။ မိမိအာရုံသည် မြင်နိုင်သမျှသော

mgyoe.com

mgyoe.com SAMPLE BOOK

မြန်မာပြည်၏ အပိုင်းအစကလေးဖြစ်သည့် ရွှေတိဂုံစေတီကြီးကို စူးစိုက်ထားမိတော့၏။ ခဏအတွင်း စေတီတော်မြတ်သည် ရေရောင်တွင်ပင် ကွယ်သွားလေ၏။ သက်ပြင်းကြီးချလိုက်၏။ မျက်ရည်များ တွေဝေကျဆင်းလာတော့၏။ သို့တွေးဆဲပင် ဦးသက်ထွန်းမှာ အကယ်ပင် မျက်ရည်များကျရှာတော့၏။

နောက် မိမိဘာဖြစ်သည်ဟူ၍မသိဘဲ ဖြစ်သွားပြီးလျှင် လက်ထဲမှ ကျောက်ခဲကလေးများကို ရေထဲသို့လိမ့်ချလိုက်လေ၏။ ကျောက်ခဲကလေးများ 'ဒေါက် ဒေါက် ဒေါက်' နှင့် ကျသွားသည်ကို လိုက်ကြည့်နေလေ၏။ စိတ်ကား ကျောက်ခဲနှင့်အတူ လိမ့်ကျသွားပြန်၏။ တစ်ဖန် အနီးရှိ ကျောက်ခဲများကိုယူ၍ လိမ့်ချပြန်၏။ မိမိအကြောင်းများကို မတွေးဝံ့အောင်ရှိတော့၏။ တွေးတိုင်းတွေးတိုင်း စိတ်သာလျှင်နာရ၏။ ဆင်းရဲရ၏။ သက်သာရာမရ။ သို့သော် ကိလေသာကာမဂုဏ်သည် မကောင်းမှန်းသိသော်လည်း မခံစားဘဲ မနေနိုင်သကဲ့သို့ စိတ်၏ပူပန်စေခြင်းကိုသာ ပွားစေသည်ဟု သိသော်လည်း မတွေးဘဲမနေနိုင်ပြီ။

ပထမဦးစွာ ဇနီးသည် မခင်သူသည် မိမိ၏မျက်စိထဲ၌ ပျံ့ဝဲကာလာလေ၏။ ချောမွေ့လှပသော မျက်နှာ၊ ယဉ်ကျေးဖွယ်ရာ အချိုးအစားကျသော ကိုယ်ကာယကလေးများကို မည်သို့သောအခါမျှ မေ့နိုင်ဖို့ အကြောင်းမမြင်။ သာယာပျူငှာသော အသံကလေးကား အမြဲအမှတ်ရစေလောက်ပေသည်။ ကောင်းမြတ်သော စိတ်သဘောထား အကျင့်စာရိတ္တကား အသည်းထဲတွင် သံမှိုရိုက်သကဲ့သို့ စွဲမြဲ၍တည်ပေမည်။ ထိုသို့သော ဇနီးကလေးကို စွန့်ပစ်ခဲ့ရသည်ကို တွေးမိသောအခါ ထက်လှစွာသော သင်တုန်းဓားဖြင့် မိမိအသည်းကို မွှန်းသကဲ့သို့ နာလှပေ၏။ 'မောင်မောင်ရဲ့ မိုးခါးရေသောက်ဆိုတာလိုပဲ၊ သူများလို ငြိမ်ငြိမ် အင်္ဂလိပ်လက်အောက်မှာ ခင်နဲ့အတူ ပျော်ကြပါစို့ရဲ့။ သူပုန်အလုပ်ဆိုတာ အလွန်ကြောက်ရတယ်။ မောင်မောင့်အတွက် ခင်ဘယ့်နှယ်စိတ်ဖြေရမလဲ။ တကယ်လို့ပေါ့လေ ဖွဟဲ့...လွဲစေ...ဖယ်စေ။ မောင်မောင်များ မတော်တဆကျဆုံးရင် ခင် ဟောဒီသားကလေးနဲ့ ဘယ်လိုနေခဲ့ရမလဲ' ဟု တတွတ်တွတ် ငိုမဲ့မဲ့နှင့် တောင်းပန်ခြင်းကို ကြားယောင်ယောင်ရှိလေ၏။ ဒီစကားတွေမကြားအောင် မည်ကဲ့သို့ ပြုလုပ်မည်နည်း။

ဖြူဖြူဖွေးဖွေး ရေဆေးငါးကြီးကဲ့သို့သော သားငယ်ကလေးသည် ပေါ်လာပြန်၏။ 'သြော်...သားအမိ ဘယ်လိုများနေကြပါလိမ့်။ ဘယ့်နှယ်များ လုပ်ကိုင်စားကြပါလိမ့်။ သူ့အမေဖြင့် အမယ်ကြီးဖြစ်ရော့မယ်၊ သူကလေးလည်း လူပျို ပေါက်ကလေးပေါ့၊ အဖေမဲ့တဲ့ သားကြီးရဲ့။ ဆိုးကြလှတဲ့ ကံနော်၊ ခင်သူတော့ဖြင့် အလုပ်လုပ်နိုင်မှာမဟုတ်တော့ဘူး။ သားကြီးက လုပ်ကျွေးကောင်းပါရဲ့။ သြော်... မြင်ချင်စမ်းပါဘိနော်။ ကျန်းကျန်းမာမာ ရှိကြမှာပါပဲ။ သားကြီး ဖေဖေများရှိရင်လေ စာတွေလည်း သင်ပေးမယ်။ ကောင်းပေ့ဆိုတဲ့ အဝတ်အစားလည်း ဆေးမှာပဲ။ မိန်းမများတောင် ယူချိန်ရောက်ပါပကော။ သြော်...ခင်သူလည်း ငါပစ်ခဲ့တုန်းက ငယ်ငယ်ကလေးရှိသေးတာပဲ၊ နောက်ထပ်...' ဟု တွေးမည်ဆဲဆဲတွင်

mgyoe.com

mgyoe.com SAMPLE BOOK

ရပ်လိုက်ရလေ၏။ ထိုအကြောင်းကိုကား အမှန်မတွေးဝံ့ပြီ။ မျက်ရည်ဖြိုင်ဖြိုင် စီးကျနေလေ၏။ အပြင်ကျယ်သော ပင်လယ်ကြီးကိုသာ လက်ပစ်ကူးကာ သွားချင်တော့၏။ ယခုအခါ ဦးသက်ထွန်းမှာ အတက်ချိုးထားသော ပုစွန်ကဲ့သို့သာ ရှိရှာချေတော့၏။

ရင်ပူလှလေပြီ။ အသည်းကား ဆတ်ဆတ်တုန်နေတော့သည်။ ထို ဝမ်းတွင်းမီးကို အဘယ်ရေဖြင့် ငြိမ်းသတ်ရပါမည်နည်း။ ရှေ့ရှိ ပင်လယ်ရေများကား မငြိမ်းနိုင်။ သမုဒ္ဒရာလေးစင်းရှိ ရေအားလုံးသည်လည်း ငြိမ်းနိုင်ဖွယ်မရှိချေ။ အဘယ်ရေဖြင့် ငြိမ်းရအံ့နည်း။ ဦးသက်ထွန်းကား သက်သာရာကိုရှာ၏။ 'ဩော်... ကိုယ့်ပြည်က နှင်ထုတ်ခံရတာတွေ၊ တစ်ကျွန်းရောက်တာတွေ၊ သားကွဲမယားဝေး ဖြစ်တာတွေ၊ ဆင်းဆင်းရဲရဲ နေရတာတွေဟာ တိုင်းပြည်အကျိုးသယ်ပိုးလို့ ဖြစ်ရတာတွေပဲ၊ တစ်တိုင်းပြည်လုံးကောင်းဖို့ဟာ သည်လောက်အပူမှ မခံနိုင်လျှင် လူညံ့ပေါ့' ဟု ရသေ့စိတ်ဖြေ လုပ်ရပြန်၏။ အနည်းငယ်သာ သက်သာရာရတော့၏။

အဆွေးပင်လယ်ဗွေကား အပြင်ကျယ်လှ၏။ တစ်ဖန် မိမိအရှင်သီပေါမင်းကို တသပြန်၏။ လွမ်းပြန်၏။ ၎င်းနောက် မြန်မာပြည်ကြီးကို တသလွမ်းဆွတ်ပြန်၏။ မြန်မာပြည်ကြီးကား တစ်ပါးကျွန်ဖြစ်ချေပြီ။ ဤကဋ္ဌာရစရီးသည် မည်သည့်အခါကျမှ လွန်လေမည်နည်း၊ မြန်မာအမျိုးသားတို့ တန်ခိုးအား ညှိုးချေပြီ။ မြန်မာစာပေလည်း ချည့်နဲ့ပျော့ခွေသောအနေသို့ ရောက်တော့မည်။ ဗုဒ္ဓဘာသာ သာသနာတော်ကြီးလည်း ရောင်ခြည်မှိန်၍ ထွန်းထိန်ခြင်း ကင်းတော့မည်ကို တွေးလိုက်ခြင်းသည် အခြားလွမ်းဖွယ် ဆွေးဖွယ် ဝမ်းနည်းဖွယ်တို့ကို ပြည့်လွှမ်းကာဖြင့် အုပ်ကွယ်လိုက်ပြန်တော့၏။

ယခုမူကား လှိုင်းတို့သည် ကမ်းခြေသို့ မရိုက်မူ၍ မြောက်ဘက်ဆီသို့သာ လူးလိမ့်ပြေးသွားကြကုန်၏။ ဦးသက်ထွန်း၏စိတ်လည်း လှိုင်းများဖြင့် မြောက်သို့မျောပြန်၏။ 'အို... တငြိမ့်ငြိမ့်ဖြင့် လူးလိမ့်သွားကြသော လှိုင်းကလေးများ၊ အမျိုးသားတို့ တန်ခိုးမဲ့ရာ အမျိုးသားစာပေ၊ ပျော့ခွေခွေ သိမ်ဖျင်းဖျင်း ပွဲတွင်းမဝင် လူရာမရောက်ဖြစ်ရာ သာသနာတော်ကြီးအရှိန်အစော် ပျက်ချော်ချော်ရှိရာ မြန်မာပြည်သို့ ရောက်အောင်သွားကြပါလေ၊ သွားကြပါလျှင် ကျွန်ုပ်မှာကြား လိုက်ပါရစေ။ ကျွန်ုပ်စကားကို မြန်မာများအား ပြောကြားဖြစ်အောင် ပြောကြားပါလေ။ မြန်မာအမျိုး ကြီးပွားတိုးတက်၍ တန်ခိုးထွက်ဖို့ရန်၊ မြန်မာစာပေခြေနေပေါ်တွင် သခင်စာဖြစ်စေရန်၊ သာသနာတော်မြတ်အရောင် ဇမ္ဗူဘောင်၌ တောက်ပြောင်စေရန်မှာ အမျိုးသားများ တာဝန်ဖြစ်ကြောင်းများကို ပြောပါလေ။ ကျွန်ဘဝက လွန်ကြစေရန် ရည်သန်ကာ အနည်းနည်းဖြင့် ကြိုးစားသင့်ကြောင်း ပြောဖြစ်အောင်ပြောပါလေ။ အဆွေတို့ မြန်မာများသည် မျိုးချစ်စိတ်ကို လက်ကိုင်ထား၊ ငါးပါးသီလကဲ့သို့လုံအောင် စောင့်ထိန်း၍ အရာခပ်သိမ်း မကွဲမပြား ညီညီညာညာ ဆောင်ရွက်ကြပါဟု တစ်ဆိတ်ပြောပါ။ အသင်တို့ကျေးဇူးကို ကျွန်ုပ်မည်သည့်အခါမျှ မမေ့ပါ။ ကျွန်ုပ်မှာကား ခါးကျိုးသောကျား၊ အစွယ်ကျိုးသောမြွေကဲ့သို့ မလှုပ်နိုင်မယှက်နိုင် တစ်သက်တိုင် နေရတော့မည်။ တစ်မြေတစ်ရေ ကွာခြားလေသည့်

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်းမြေ ဤရပ်၌ စိတ်ကျပ်တည်းစွာ နေရပါပြီတကား' ဟူသော စကားတစ်ဆင့်ကမ်းလေ၏။

ထိုအခါ မသာလည်းတ၊ သာလည်းတ ဂဲမ္ဘာတန်ဆာ ငွေသော်တာသည် ဦးသက်ထွန်း၏စကားများကို ဆောင်လျက် မြန်မာပြည်သို့ ပျော်ရွှင်အားရစွာ လျင်လျင်မြန်မြန် သွားကြသော လှိုင်းများကို ဝိုင်းဝန်းညီညာ သဘောတူပါသဖြင့် သွားလာရာလမ်းကို ညွှန်ပြသောအားဖြင့် မိမိရောင်ခြည်များကို နဂိုကထက် ပိုမိုလင်းစေသည်ဟု ထင်ရလေတော့သတည်း။

**သိန်းနေနွယ်**

တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်း၊ အတွဲ–၂၆၊ အမှတ်–၂

ဒီဇင်ဘာ၊ ၁၉၃၃။

❑

mgyoe.com

mgyoe.com SAMPLE BOOK



# ငါ့လင်နှင့် ငါ့ငွေ

၁

လေသည် ပြင်းထန်စွာ တိုက်ခတ်လေ၏။ မန်ကျည်းပင်၊ ညောင်ပင်၊ ထနောင်းပင်ကြီးများပင် ဟိုယိမ်းသည်ယိမ်းဖြစ်နေရကား တမာပင်၊ ဥန္နဲပင်၊ သနပ်ပင်၊ ဒဟတ်ပင်တို့မှာ စွန်ကိုကြောက်သော ကြက်ငယ်ကလေးများ ဝပ်သကဲ့သို့ ဝပ်၍သာနေကြတော့၏။

သီးပင်အိုင်ရွာ၏ အနောက်ညောင်ပင်ကြီး၏ ကိုင်းမကြီးသည် ကျိုးလေပြီ။ ရွာအရှေ့ဘက် ထန်းပင်ကြီးလည်း လဲလေပြီ။ ရွာတောင်ဘက် ကုက္ကိုပင်ကြီးလည်း 'ဂျိ ဂျိ...ဂျွတ် ဂျွတ်...ဂျိုင်း' ဟည်းကာ လဲလေပြီ။ ရွာဦးစေတီမှ ဆည်းလည်းညောင်ရွက်များလည်း ပြုတ်ကျကုန်လေပြီ။ သချိုင်းကုန်းရှိ ဇရပ်မှသွပ်များလည်း လေဟုန်ကိုစီး၍ လေယာဉ်ပျံများကို တုပကြကုန်လေပြီ။ ဦးတိုး၏ အိမ်၊ ဦးဖောင်၏ တဲ၊ ဒွေးလေးခန့်၏ စပါးကျီ၊ မဝွမ်းမှုံ၏ အိမ်တို့သည် အမိုးမရှိ အကာတစ်ခြမ်းသာ ဖြစ်ကြလေပြီ။

လေနတ်သားသည် ထန်းရည်မူးနေသလော။ ရမ်းလွန်းလှသည်။ ကြမ်းလွန်းလှသည်။ ဂူးဂူးဝေါဝေါနှင့် တိုက်လိုက်သည်မှာ သန်းခေါင်ကျော်မှ ရပ်တော့သည်။ လေရပ်လျှင်ပင် လျှပ်စီးတဝင်းဝင်း၊ မိုးကြိုးတဒင်းဒင်း ဖြစ်လာလေသည်။ မကြာမီ မိုးရွာလေ၏။

နံနက်မိုးလင်းသောအခါ တစ်ရွာလုံး လှုပ်လှုပ်ရွရွဖြစ်နေလေ၏။ မိမိတို့အိမ်မှ အခြားသို့ အလည်အပတ်သွားနေကြသော ကိုထန်းရွက်၊ မကပ်တို့အား သွားရောက်စုဆောင်းကြရသည်။ အားလုံးသော မန်းကျည်းရွက်များသည် ကြွေလေကုန်ပြီ။ ဦးဖောင်၏အိမ်မှ မန်ကျည်းရွက်များသည် ဒွေးလေးခန့်၏အိမ်မှ မန်ကျည်းရွက်များနှင့် ရောထွေးနေကြလေသည်။ တစ်ရွာလုံး၏ အမှိုက်များသည် ရေတွင်မျောလာပြီးနောက် သူကြီးမင်းဦးဖိုးဝင်း၏ အိမ်ရှေ့လမ်းတွင် စုဝေးကြကာ 'သူကြီးမင်းခင်ဗျား၊ ကျွန်တော်တို့သူကြီးမင်းအား အခွန်ဆက်လာကြပါသည်' ဟု ပြောဆိုနေကြဟန် ရှိလေ၏။

mgyoe.com

mgyoe.com

အရိုးစိမ်း၏ အိမ်မိုးသည် ဟာလာဟင်းလင်းဖြစ်နေလေ၏။ အခြင်တန်းများ အနည်းငယ်သာ ကျန်လေတော့၏။

အရိုးစိမ်းသည် မုဆိုးမ ပစ္စည်းပေါတစ်ဦးဖြစ်သည်။ အသက်မှာ ၄၅ နှစ်မျှ ရှိပေဦးမည်။ ချောင်းအနီးတွင် ယာတောနှစ်တောရှိသည်။ မြေဩဇာကောင်းသည့် သနပ်ပင်တောယာတိုက်ကိုလည်း ပိုင်လေသည်။ ၎င်း၏ယောက်ျားထံမှ ကျောက်မြေလယ်တောတိုက်ကိုလည်း အမွေရ လိုက်လေ၏။ ပဲပေး၊ နှမ်းပေး ဆီပေး စသည့် အဆမတန် အဖိုးများတင်လျက် ဆင်းရဲသား များကို အကြွေးပေးလေ့ရှိသည်။ ငွေတစ်ဆယ်လျှင် တစ်ကျပ်တိုးဖြင့် ချေးငှားသောမြီရှင်လည်း ဖြစ်ပြန်သည်။ ကြွေးတောင်းရာ၌ လွန်စွာရက်စက်လေသည်။ ငွေမရက လှည်း၊ နွား၊ အိမ်တို့ကို သိမ်းလေ့ရှိသည်။

ရွာ၌ သံဃာ့ဒါနဆွမ်းလောင်းပွဲ ကျင်းပသောအခါအများက မုန့်ဆိကြော်၊ ပဲခွေ၊ ငပေါင်း၊ ဂတိုးကွာများ လောင်းလေ့ရှိသည်တွင် အရိုးစိမ်းက ပေါက်ဆီ၊ မုန့်ကြိုးလိမ်၊ ဂျူလေဘီ၊ အုန်းသီး၊ ငှက်ပျောဥသီးများ လောင်းနိုင်လောက်အောင် ကြွယ်ဝလေသည်။

အရိုးစိမ်း၏ခင်ပွန်း ဦးငှက်ကြီးနှင့် ကြာရှည်လေးမြင့်စွာ ပေါင်းသင်းခဲ့သော်လည်း သားသမီးမရခဲ့ချေ။ နောက်ထပ် လင်လိုချင်သေးသော်လည်း မိမိပစ္စည်းများကိုသာ ဖြုန်းလို၍ အထုပ်အထည်မပါသော အိမ်ရှင်လောင်းများကိုသာ တွေ့ရသောကြောင့် လင်လိုချင်သော စိတ်ကို ချုပ်တည်း၍ထားရလေသည်။ လင်လိုချင်သော အာလျှနှင့် ငွေကုန်မည်စိုးသော ဗျာပါဒတို့ကို ချိန်ခွင်စက်လိုက်ပါက ဗျာပါဒကသာ လေးလံနေလေသည်။

ယနေ့မူ မိမိလင်သားမရှိ၍သာ ယခုလို အိမ်မိုးဟာလာဟင်းနှင့် ဖြစ်ရသည်။ အိမ်မိုးမည့်သူ၊ ကူညီမည့်သူနည်းရသည်။ ညက မိမိလင်မရှိ၊ တစ်ကိုယ်တည်းမို့သာ ပုလဲနားကပ်ကြီး မိုးကွင်းရင်း ပျောက်ရသည်။ အရိုးစိမ်းသည် အားငယ်မိ၏။ ဝမ်းနည်းမိ၏။ အထူးသဖြင့် လင်ဆာမိ၏။ သို့သော် 'ငါ့ပိုက်ဆံတွေ ဖြုန်းမှာပါပဲ' ဟူသော စလောင်းဖုံးကြီးဖြင့် လင်ရှိရင်ကောင်းမှာပဲဟူသော အိုးကြီးကို ပိတ်ထားလိုက်သောအခါမှ လင်ရတနာတို့၏ ဂုဏ်ကျေးဇူးအငွေ့အနံ့သည် မထွက်လာဘဲရှိလေ၏။

လင်းလျှင်လင်းချင်း ထန်းရွက်ငါးမတ်ဖိုးဝယ်၍ မိမိလယ်လုပ်သား မောင်စံအေး၊ မောင်အောင်ဘန်း၊ မောင်ဖိုးနီနှင့် မောင်လှဒန်တို့ကိုခေါ်၍ အိမ်မိုးခိုင်းရတော့၏။ ဆွမ်းခံပြန်ချိန်တွင် အိမ်မိုးခြင်းအတော်ပြီး၏။ ခေါင်အုပ်ရန်လောက်သာ ကျန်တော့၏။ အိမ်မိုးသူများအား ထမင်းကျွေးရန် ပြင်ဆင်လေ၏။ ဝက်သားနှင့် ကျောက်ဖရုံသီးချက်၊ ပဲတီချဉ်သုပ်၊ ဆိတ်သားခြောက်နှင့် ငရုတ်သီးကြော်များနှင့် ကျွေးလေ၏။

ထမင်းစားခိုက် ဦးကျောက်လုံးရောက်လာလေသည်။ ဦးကျောက်လုံးသည် မုဆိုးဖိုကြီးဖြစ်လေသည်။ ရှေးကမူ တောပွဲစားဖြစ်ခဲ့၍ ယခုမူ သားရေကုန်သည်ဖြစ်နေလေ၏။ ၎င်း၏သားနှစ်ယောက်မှာ အိမ်ထောင်အသီးသီးကျပြီးလျှင် တကွဲစီနေကြလေသည်။ ဦးကျောက်လုံး

mgyoe.com SAMPLE BOOK

သည် ကျောက်အိုး၊ ကုက္ကိုစု၊ ကြက်ရိုးကုန်း၊ ညောင်ကန်ရွာ စသောရွာများတွင် အသိအကျွမ်း လွန်စွာပေါလေသည်။ သားရေကုန်ကူးရသဖြင့် ပိုက်ဆံလွန်စွာမဖြစ်သော်လည်း တစ်ဝမ်း တစ်ခါးကို ကောင်းစွာကျွေးနိုင် ဆင်နိုင်လေသည်။ ၎င်း၏အသက်မှာ ငါးဆယ်မျှသာ ရှိသေး သည်။

ဦးကျောက်လုံးသည် အိမ်ခေါင်ကိုကြည့်ပြီး "ခေါင်မချုပ်ရသေးပါကလားကွယ်ရို" ဟု ပြောလေ၏။ အသံကိုကြားလျှင် အရီးစိမ်းသည် မီးဖိုချောင်ထဲမှ ထွက်လာပြီးနောက်

"ဦးကျောက်လုံးပါလား၊ ဘယ်သွားမလို့တုံး" ဟု မေးမှ ဦးကျောက်လုံးက ပြုံးပြီး–

"မယ်စိမ်းရယ်၊ မလိုတမာ မေးတာလား။ ငါ ညည်းအိမ်မိုးဆိုလို့ လာတာကပဲဟဲ့" ဟု ပြန်ဖြေလေ၏။ အရီးစိမ်းက –

"ဟဲ ဟဲ...၊ ဒီလိုဖြင့် ကောင်းပါရဲ့တော်၊ ကဲ...အမှင်းများစားသွားပါဦး၊ ဆတ် သားခြောက်ကြော်လည်း ပါတယ်'

"ဟယ်...နေပါစေ"

"မဟုတ်ဘူး၊ တော့်ဖို့ ပိုချက်ထားပါတယ်။ လာ လာ...လက်ဆေး၊ ဝင် ဝင်...၊ ခေါင်းလန်းလည်း အဆုံသားပဲ" ဟု ဖွတ်ပြောသောကြောင့် ဖိုးကြိုင်းတုတ်ဖြစ်သော ဖိုးကျောက် လုံးသည် ဆန်ဆေးရည်အိုးတွင် လက်ဆေး၍ ဝင်လွေးလေ၏။

ထမင်းစားပြီးလျှင် ကိုယ်စီကိုယ်င ပြောင်းဖူးဖက်ဆေးလိပ်ကြီးများကို ရှုကြလေ ၏။ ဖိုးကျောက်လုံးသည် လျှော်သပ်နေလေ၏။ အရီးစိမ်းက အနားမှထိုင်၍ သပ်ပြီးလျှော် များကို ရေအင်တုံထဲသို့ ထည့်နေလေ၏။ အတန်ကြာလျှင် ဦးကျောက်လုံးက ထန်းတစ် လက်ကို ဓားမောက်ဖြင့်ခွဲရင်း "မယ်စိမ်းရယ်...၊ နင် စောစောကပြောမထားလို့ ငါနောက် ကျတာ။ ခိုင်းစရာရှိ ခေါ်သာခိုင်း၊ ဘာမှအားမနာနဲ့။ နင့်မှာယောကျ်ားမရှိတော့ ဘယ်သူမှ အားကိုးစရာမရှိဘူး။ ငါ့ကို အရင်းလိုသဘောထားပြီး ခိုင်းတာပ" ဟု စလေ၏။

"တော်ပြောတာဟာ အကောင်းသားပ။ အကျွန်နဲ့တော်နဲ့ ရွေမျိုးမဟုတ်တော့ မခိုင်းဝံ့ ဘူး" ဟု ပြောပြီး ပေါလောပေါ်နေသော လျှော်များကို ရေထဲသို့နှစ်လိုက်လေ၏။

"မယ်စိမ်းရဲ့၊ ရွေမျိုးမှ ခင်ခင်မင်မင် အားကိုးရတာ မဟုတ်ဘူး၊ ငါတို့လို လူပဲအား ကိုးရတယ်။ လုပ်ဖို့ကိုင်ဖို့ဆိုတာကတော့ မေတ္တာသာအရင်းခံပဲ၊ ကြားလား" ဟု စကားကောင်း နေစဉ် –"အရီးစိမ်း၊ ကျုပ်တို့ ခေါင်ပေါ်တက်တော့မယ်" ဟု စံအေးက အရေးကောင်း ဒိန်းခေါင်းဖျက်လိုက်လေ၏။

အရီးစိမ်းက "အေး အေး၊ ခေါင်းလောင်းမထိုးခင် ပြီးအောင်လုပ်ကြဦးကွယ်" ဟု ပြောပြီးလျှင် လျှော်များသွားပေးလေ၏။

ဖိုးကျောက်လုံးသည် အရီးစိမ်းနောက်သို့လိုက်ပြီး "မယ်စိမ်း၊ ငါရော ခေါင်ပေါ် တက်ဦးမှပဲ"

mgyoe.com

"မလုပ်ပါနဲ့တော်ရယ်၊ ကျကျိုးနေပါဦးမယ်။ သန်သန်မာမာလူတွေ လုပ်ပါစေ"

"မဟုတ်ဘူးလဟဲ့။ ငါက နွားပျိုသန်လှ နွားအိုပေါင်ကျိုးတာထဲက ဟဲ့။ ဖယ်ဖယ် ...ငါတက်မယ်"

"အို အို...မတက်ပါနဲ့၊ မတက်ပါနဲ့။ မောင်မင်းကြီးသား ဘုရားဖြစ်မယ့် လူကြီးရယ်၊ မလုပ်ပါနဲ့နော်၊ အကျွန် မမြင်ဝံ့ပါဘူး"

"ဘဟာ့အရာ ကြောက်ရမှာတုံး။ ငါက မယ်စိမ်းအတွက်ဆိုရင် ကျလို့သေသေ၊ တက်ပြီးလုပ်ကိုင်ချင်တာပဲ။ ညည့်အိမ်ခေါင် သိပ်ပြီးချုပ်ချင်တာပဲ။ ညည်းက သဘောတူ မလား" ဟု စပ်ဖြဲဖြဲမေးသံကို ဖိုးနီသည် ရီသဲ့သဲ့ကြားသဖြင့် လှဒန်အား တံတောင်နှင့် တွက်ပြီး ထန်းရွက်သွားသယ်ကြလေ၏။ ထိုနေ့တွင် ခေါင်ချုပ်ခြင်း ပြီးစီးသွားလေ၏။

၂

ဦးကျောက်လုံးသည် အရီးစိမ်းမည်၍မည်မျှ ချမ်းသာသည်ကိုသိ၏။ မိမိမှာ ယခုနေ အခါ၌ စီးပွားရေးမဖြောင့်ဘဲ သားရေအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ကျပ်တည်းနေ၏။ အသက်ငါးဆယ်တွင်ဖြစ်သော်လည်း ဥပုသ်စောင့်သွားရာတွင် ဖျပ်ရွက်မည့်သူလိုသေး၏ဟု အမြဲနလုံးသွင်း၏။ ထမင်းအချိန်မှန် ချက်ကျွေးမည့်သူလည်း လိုသေး၏။ ဆေးလိပ် လိပ် ပေးမည့်သူ၊ လုံချည်ရက်ပေးမည့်သူ ရှိထိုက်သည်ဟု အယူရှိလေ၏။ အခြားအခြားသော ဇနီးမောင်နှံ ပျိုပျိုစိုစိုဖြစ်စေ၊ ယိုယိုအိုအိုဖြစ်စေ အတူတကွ သွားလာနေထိုင်သည်ကိုမြင် လျှင် အားကျဆဲ အားကျတုန်းဖြစ်၏။ ထို့ကြောင့် ပစ္စည်းလည်းရှိ၊ အရွယ်မှာလည်း မိမိနှင့် ရှေ့သွားနောက်လိုက်ညီ၊ ရုပ်ရည်မှာလည်း ဖြူဖြူဖွေးဖွေး၊ သားသွေးစိုစို၊ မောက်မို ဖောင်းကြွ၊ ဝဝစက်စက်၊ အမက်ကြီးမက်စရာသဖွယ်ဖြစ်သော အရီးစိမ်းကိုသဒ္ဓါ၏။ မြတ်နိုး ၏။ မေတ္တာရှိ၏။ ကရုဏာသက်ဝင်၏။ လျှော်မွေးနှင့် ဗာရာဏသီ မဖွဲ့ဘဲဆိုပါသော် ယခု ဝါမဆိုမီ လိုချင်လေ၏။

သို့ကြောင့် အခါအခွင့်ရတိုင်း အရီးစိမ်းထံ သွားရောက်လည်၏။ ကြက်ဟင်းခါး သီးချက်တွင် ပင်စိမ်းကြီးခပ်သကဲ့သို့ ရိုးရိုးရိုးရိုးနှင့် ပြောသမျှစကားတွင် ချစ်ရိပ်ကြိုက်ရိပ် အငွေ့အသက်များ ထည့်၍ပြောလေ့ရှိ၏။

ညနေ နေဝင်ဖျိုးဖျအချိန်တွင် အရီးစိမ်းသည် အိမ်ရှေ့ကွပ်ပျစ်ပေါ်၌ ပဲကြီးရေစိမ်ပွကို အခွံသင်နေလေ၏။ ဦးကျောက်လုံးသည် ရောက်လာ၍ ကွပ်ပျစ်တွင် ထိုင်လေ၏။ အရီးစိမ်းက ဆေးလိပ်တည်လေ၏။

ဦးကျောက်လုံးသည် ခါတိုင်းကဲ့သို့ သွက်သွက်လက်လက်မရှိဘဲ ငေးမှိုင် တွေဝေနေလေ ၏။ တစ်စုံတစ်ရာကို စဉ်းစားနေဟန်ရှိလေ၏။ တံတွေးကို ခဏခဏမျို၍ ချောင်းမကြာမကြာ ဟန့်သည်ကို တွေ့ရလေ၏။ ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို အခိုးတထောင်းထောင်းနှင့်

mgyoe.com

mgyoe.com SAMPLE BOOK

နေအောင် ဖွာလေ၏။ အရီးစိမ်းသည် ဦးကျောက်လုံး အခြေပျက်သည်ကို သိသော်လည်း မသိယောင်ဖြင့် "ပဲကလည်း စုန်းပြူးတွေ သိပ်ပါတာပါပဲ" ဟု စကားစလိုက်လေ၏။

"အေးလဟယ်၊ စုန်းပြူးတွေ သိပ်ပါတာပဲ၊ သဟာကြောင့် ကန်ဦးတိုက်ဆရာတော် ဦးမိတ်က ပဲစုန်းပြူးလို လူယုတ်တွေ လောကမှာသိပ်ပေါတာပဲလို့ ဟောတာပ။ စင်စစ် လိုက်ကြည့်တော့ ငါတို့သတ္တလောကကြီးမှာ လူမိုက်၊ လူဗာလနံတွေ သိပ်ပေါတာပဲ။ ကြည့် ပါလား၊ တောင်ဘက်အိမ်က မောင်ခွက်ကြီးက ထန်းရည်သမားဗျား။ မြောက်ရပ်က မောင်ခြုံ တို့များ ကျောင်းဒကာဆိုပြီး ကြက်သမားကြီးဗျား။ ဦးဗျောဝိတော့ သေခါနီး သင်္ချိုင်းခြေတစ် ဖက်နှင်းတောင်မှပဲ ဖဲရိုက်တုန်းဗျား။ ဒီရွာမှာဆိုရင် ငါလိုလူ ရိုးရိုးသားသားနေပြီး ငါးပါးသီလ လုံခြုံတဲ့လူ မရှိဘူးဟဲ့။ ငါ့ကိုယ်မို့ ငါပြောတာမဟုတ်ဘူး။ သတ္တလောကကြီးမှာ ငါလို လူလိမ္မာအရှားသားပဲ" ဟု ပြောသည်တွင် အရီးစိမ်းက ဟင်းခနဲ သက်ပြင်းကြီးချပြီး –

"အကျွန်ုပ်ရို့ မောင်ငှက်ကြီးတော့ ရိုးရှာပါတယ်တော်၊ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ ထန်းရည်မသောက်ဖူးဘူး။ ဖဲ မရိုက်ဖူးဘူး။ သူများကို ဘယ်တော့မှမညစ်ဖူး၊ ရိုးရှာပါတယ်။ အကျွန်ုပ်အပေါ်မှာဆိုရင် သိပ်ကောင်းရှာတာပါပဲ။ နေရာတကာ အလိုလိုက်ရှာတယ်။ လင့်ဝတ္တရားပြည့်အောင် စောင့်ရှောက်ပါပေတယ်ကော်။ မောင်မင်းကြီးသား ဘုရားသိကြားမလို့ ကောင်းရာမွန်ရာ ရောက်ပါစေတော်" ဟု ဆုတောင်းရင်း မျက်ရည်လည်လာသည်တွင် လက်ခေါက်နှင့် မျက်ရည်ကိုပွတ်လိုက်လေ၏။

"အေးဟယ်၊ ငါ့သူငယ်ချင်းကြီး ကောင်းရာမွန်ရာရောက်ပါစေဆိုတာ ဆုတောင်းပါ ရဲ့ဟယ်။ လူရိုးလူကောင်းကြီးပါပေပဲ"

"အဲသည်လိုမို့ အကျွန်ုပ် ခဏခဏအောက်မေ့ပြီးနေတာပေါ့။ သိပ်လွမ်းတာပဲ ဦးကျောက်လုံးရယ်"

"ငါလည်း ကနေ့ပဲစဉ်းစားနေတာ"

"လွမ်းရုံမကသေးဘူးတော့်၊ အကျွန်ုပ်မှာ သူရှိတုန်းက လုပ်တဲ့အလုပ်တွေ အကုန်လုပ် နေရတော့ အင်မတန် ဒုက္ခများတယ်"

"အားလည်း ငယ်မှာပဲ။ ဒီတော့ ငါတစ်ခုပြောမယ်၊ နားထောင်မှာလား"

"ပြောပါတော်၊ ပြောပါ"

"မိန်းမဆိုတာ နေရာတကာမျိုးလုပ်လို့ တင့်တယ်တာ မဟုတ်ဘူး။ ညည်းမှာ လယ်သီးယာသီး သိမ်းရတယ်၊ ကြွေးတောင်းရတယ်ဆိုတာ နယ်နယ်အလုပ်မဟုတ်ဘူး။ ညည်းကိုတော့ ကိုငှက်ကြီးကိုကြောက်သလို အလုပ်သမားသားတွေက မကြောက်ဘူး။ လယ်သီး ယာသီးကိုလည်း လိမ်ပြီးပေးချင်တာပဲ။ တစ်ရာထွက်တာကို ကိုးဆယ်ဆိုလည်း ယုံရတော့ တာပဲ။ ညည်းကလည်း သွားပြီးမကြည့်နိုင်ဘူး။ ဒီတော့ ဒီလိုအတွက် စိတ်ချရ မယ့် လူတစ်ယောက်ရှာပြီး" ဟု ပြောပြီး ဆေးလိပ်ကို ရှူရှိုက်နေပြန်လေ၏။

mgyoe.com

"ရှာပြီး ဘာလုပ်ရမလဲ၊ အခ တော်တော်ပေးရမှာပေါ့"

"ဟဲ့ အခစားကို ငါပြောတာမဟုတ်ဘူး၊ ရိုးရိုးသားသား ယောကျ်ားတစ်ယောက်ကိုရှာပြီး ယူဖို့ပြောတာ" ဟု ပြောသည်တွင် အရီးစိမ်းက နှုတ်ခမ်းစူပြီး

"အမယ်လေးတော်၊ ယောကျ်ားတော့ နောက်ထပ်မယူပါရစေနဲ့" ဟု ယောကျ်ားဆိုက ကျားကဲ့သို့ ကြောက်သောမျက်နှာမျိုးဖြင့် ပြောလေ၏။

"စဉ်းစားဦးဟယ်၊ မယ်စိမ်းရဲ့ ညည်းမှာလည်း အရွယ်ရှိသေးတယ်။ ညည်းမှာ ယောကျ်ားမရှိရင် ပစ္စည်းဆုတ်ဖို့သာရှိတယ်။ ယောကျ်ားမရှိရင် မတင့်တယ်ဘူး၊ အကွပ်မရှိတဲ့ တောင်းလို နေမှာပေါ့။ ယောကျ်ားယူရင် နင် အားငယ်တာရို၊ ဒုက္ခများတာရို၊ လွမ်းတာရို၊ ပစ္စည်းဆုတ်မှာရို ပျောက်သွား မှာပေါ့ဟဲ့။ ငါ အကောင်းပြောတာ၊ ငါ့စကားနားထောင်ဟဲ့"

"ဦးကျောက်လုံးရယ်၊ အကျွန် လင်လည်းမလိုချင်ပါဘူး။ လိုချင်ပြန်လည်း ရိုးရိုးသားသားနဲ့ အကျွန့်ပစ္စည်း ပွားများအောင်လုပ်မယ့်လူ တွေ့မှာမဟုတ်ပါဘူး" ဟု ပြောကာ ပဲခွံများကို ဆန်ခါထဲသို့ ထည့်လေ၏။

"ယူမယ်ဆိုရင်တော့ မရှားပါဘူးလဟာ၊ တွေ့နိုင်ပါတယ်"

"ရှားပါတယ် တော်ရယ်၊ အကျွန်ဖြင့် တစ်ယောက်မှမမြင်ဘူး"

"အမယ်လေး အဝေးရှာဖို့ မလိုပါဘူး။ နားရွက်လိုပေါ့၊ နားရွက်ကို မျက်စိနဲ့တော့ ကြည့်လို့ မမြင်ရပေမဲ့ လက်နဲ့ကိုင်စမ်းတော့ အနီးလေးမှန်း သိရသလိုပေါ့။ မယ်စိမ်းကတော့ မမြင်ဘူးထားပါတော့။ အခုနေ လက်နဲ့သာစမ်းပါတော့၊ မယ်စိမ်းအနားက ကြမ်းတစ်ပြေးတည်းထိုင်နေတာကို စမ်းမိပါလိမ့်မယ် ဟဲဟဲ" ဟု ပြောပြီးနောက် စပ်ဖြဲဖြဲ လုပ်နေလိုက်လေ၏။ အရီးစိမ်းသည် မျက်နှာညိုသွားပြီး ဒေါသအမျက် ခြောင်းခြောင်းထွက်ကာ

"သွား၊ သွား။ ကျုပ်အိမ်မလာခဲ့နဲ့။ ဒီလိုစိတ်ထားမျိုးနဲ့ဆိုရင် ကျုပ်ကို ဘယ်တော့မှ မခေါ်နဲ့" ဟု ငေါက်ဆတ်ဆတ် ပြောလေ၏။

"စိတ်မဆိုးပါနဲ့ မယ်စိမ်းရယ်။ ငါက ညည်းကို တကယ်ကိုကြိုက်နေတာ ကြာလှပြီ။ ကိုငှက်ကြီးကိစ္စပြီးကတည်းက ငါကြိုက်နေတာ"

"အသေကောင်ခြောက်ကြီး သွားသွား။ ဟဲ့... သေခြင်းဆိုးကြီး၊ သွားသွားမလာခဲ့နဲ့။ ငါ နင့်မျက်နှာ မကြည့်ချင်ဘူး"

"စဉ်းစားပါဦး မယ်စိမ်းရယ်"

"ဘာ စဉ်းစားရမလဲ။ စောက်...၊ ဟင်း ဆဲလိုက်ရ၊ မြွေပွေးကိုက်ကြီး။ လောင်မီးကျ၊ သွားဟဲ့၊ ခုသွား"

"မယ်စိမ်းကိုရမှ သွားမှာ၊ ငါက အဟုတ် တကယ်နှစ်ကယ် ဘုရားစူးရစေတော့ ကြိုက်တယ်ဟဲ့"

"သွားဆိုတာ မသွားဘူးလား၊ အော်ဆဲရမှာလား။ တဏှာအိုးကြီး၊ သေနာဘော်ကြီး"

mgyoe.com SAMPLE BOOK

ဟု ကျယ်လောင်စွာဆဲလေ၏။

"ကြိုက်ဖို့ တောင်းပန်တာပါ အေရယ်၊ နည်းနည်းကလေးမှ ပြန်မကြိုက်နိုင်ဘူးလား။ ငါက ရိုးရိုးတန်းတန်း သားမှတ်မှတ်မယားမှတ်မှတ်"

"ကဲတော့ ကဲတော့ သားမှတ်မှတ် မယားမှတ်မှတ်" ဟု အံသွားကြိတ်ပြောပြီး ပဲခွံထည့်သော ဆန်ခါနှင့် ဦးကျောက်လုံးအား ခုတ်လေ၏။

"အမယ်လေးဗျ၊ အမယ်လေးရဲ့လေး။ လုပ်မှလုပ်ရက်ပလေတယ် အေရယ်။ ငါ့မှာတော့ မေတ္တာရှိလွန်းလို့ ပြောတာပါဗျာ။ မချစ်ပေမဲ့ သနားပြီးမချစ်သော်လည်း အောင့်ကာနမ်း၊ မနမ်းသော်လည်း ပင့်သက်ရှူထိုက်ပါရဲ့ဗျာ။ လုပ်မှလုပ်ရက်လေဗျာ။ ကျွတ်၊ ကျွတ် မယ်စိမ်းရယ်။ နာမည်နဲ့လိုက်အောင် စိမ်းကားပါပေရဲ့ကွယ်" ဟု ပြောပြီး ထိုင်ရာမှထ၍ 'ကြုံသေးပေး ပေးတယ်၊ ကုန်ဆွေး ဗျာထုကြွယ်။ ဘယ်ရှေးကံရယ် စိမံဖန်လာပါတော့တယ်၊ တယ် ရတယ်တဲ့ရယ် တတူနဲ့တဲ့' အသွားမျိုးဖြင့် သွားသည်တွင် မိမိ ဆိုးခနဲဆတ်ခနဲလုပ်လိုက်သည်မှာ လွန်သွားလေပြီဟု အမှတ်ပြုကာ –

"ဦးကျောက်လုံး၊ နေဦး၊ ပြောရဦးမယ်။ ထိုင် ထိုင်၊ တော့်ကိုက တယ်ကဲတာကိုး။ အကျွန်ကတော့ တော့်ကို ဆွေမျိုးအရင်းလို သဘောထားပြီး အားကိုးအားထားပြုနေတာကို တော်ကြီးက ကလေးကလား ပြောလာတော့ အကျွန်က လုပ်လိုက်တာပဲ"

"မယ်စိမ်းရယ်။ ကြီးကြီးငယ်ငယ် ယောကျ်ားနဲ့မိန်းမ်ဆိုတာ ဓာတ်ဖိုနှင့် ဓာတ်မဆိုတော့ ဘယ်ဆွေမျိုးလို မိတ်ဆွေလိုသဘောထားပြီး ပေါင်းနိုင်ပါမလဲဟယ်။ ညည်းပဲ စဉ်းစားပါတော့၊ ငါဟာ ပုထုဇဉ်ပဲဆိုတော့ ညည်းကိုမကြိုက်ဘဲ မနေနိုင်ဘူး။ ညည်းက အလွန်ချစ်စရာ၊ ကြိုက်စရာကောင်းတာပဲ။ ကဲပါဟယ်၊ ငါချစ်သလိုများ ချစ်စမ်းပါဟယ်" ဟု ကြက်အိုကြီး ချွဲသကဲ့သို့ ချွဲလေပြန်ရာ –

"မဖြစ်နိုင်ဘူး ဦးကျောက်လုံးရယ်၊ အကျွန်တော့ မကြိုက်နိုင်ဘူး" ဟု ပြောပြီး ဆန်ကောကို ကွပ်ပျစ်ပေါ်သို့ ပြန်ချလေ၏။

"မယ်စိမ်းရယ် ဖြစ်နိုင်ပါတယ်။ ကြိုက်စမ်းပါကွယ်၊ ကြိုက်စမ်းပါကွယ်၊ ကြိုက်စမ်းပါ။ ငါတော့ ညည်းမရရင် သေတော့မယ်။ ဘုရားကို စူးပါစေရဲ့" ဟု ဆိုပြီး ဓလုံကိုကိုင်ထားသော အရိုးစိမ်း၏လက်ကို ဆွဲလိုက်လေရာ အရိုးစိမ်းသည် လက်ကို ရုတ်တရက်ပြန်သိမ်းပြီး ပဲကြီးဓလုံနှင့် ဦးကျောက်လုံး၏ထိပ်ကို သုံးကြိမ်မျှ ခုတ်ပြန်လေ၏။

"ဟဲ့...သွား သွား၊ ခွေးမျိုးကြီး။ အလောင်းကောင်၊ စောက်...။ စောက် တဏှာရူး။ သွားဟဲ့၊ ကဲတော့ ကဲတော့။ ကဲ" ဟု ပြောပြောဆိုဆို ခုတ်လေရာ နဖူးကွဲ၍ သွေးထွက်လာလေ၏။ ဦးကျောက်လုံးသည် အပြင်ကို လက်ဝါးဖြင့်အုပ်ရင်း "အမယ်လေးဗျ၊ နာလှချည်ရဲ့ဗျာ။ မယ်စိမ်းရယ်၊ မယ်စိမ်းရဲ့၊ ကယ်ပါဦးကွယ်။ အမယ်လေး ကျွတ် ကျွတ်၊ မူးလှချည်ရဲ့ဗျာ။ မယ်စိမ်းမကယ်ရင် ကယ်မယ့်သူ မရှိပါဘူးဗျ။ အမယ်လေး၊ မယ်စိမ်းမကယ်ရင် သေရတော့

mgyoe.com

မယ်။ အလို ဘုရား၊ ကျွတ် ကျွတ်" ဟုဆိုကာ ကွပ်ပျစ်ပေါ်တွင် လှဲလိုက်လေ၏။

အရီးစိမ်းသည် မျက်စိပြာသွားလေ၏။ 'ခက်ကြပေါ့နော်၊ လက်လွန်ပြီ' ဟုတွေးကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေလေ၏။ ဦးကျောက်လုံးအား သနားလာလေ၏။ မိမိသည် ရက်စက်စွာ တကား၊ ကြမ်းကြုတ်စွာတကား၊ မညှာမတာ ရိုက်ရက်စွာ တကားဟု ယူကျုံးမရဖြစ်ပြီးလျှင် ဦးကျောက်လုံးကို ဖေးထူပြီး

"မူးသေးသလား ဦးကျောက်လုံး၊ နာသလား။ အို...သွေးတွေကတယ်ထွက်ပါကလား" ဟု ပြောလေ၏။

ဘကြီးကျောက်လုံးသည် မျက်စိကလေး ကလယ်လယ်လုပ်ပြီးနောက်

"မယ်စိမ်းရေ၊ မင်းဘယ်လောက် စိမ်းကားပေမဲ့ ရက်စက်ပေမဲ့ ငါ စိတ်မဆိုးပါဘူးကွယ်။ ကယ်ပါ" ဟုဆို၍ မျက်စိမှိတ်၏။

"အကျွန် မရက်စက်ချင်ပါဘူး။ သို့ပေမဲ့ တော့်ကို ကဲလွန်းလို့ စိတ်ဆိုးမိတာပဲ"

"သြော်...မယ်စိမ်းရယ်၊ ကြိုက်တာကိုး။ ကြိုက်မရှက် ငတ်မရှက်တဲ့ကွယ့်။ ကြိုက်လွန်းလို့ ပြောမိတာပဲကွယ်။ ညည်း အခုရိုက်ပေမဲ့ ငါချစ်တာက မပျက်ဘူး။ ကိုယ်ပေါက်ပြဲပေမဲ့ အချစ်မပေါက်ဘူး။ မယ်စိမ်းက ဓားနဲ့ထိုးပေမဲ့ ညည်း ချစ်တာဟာ မပျောက်မပျက်ဘဲ နောင်ဘဝတောင် ဆက်လက်ကြိုက်မှာပဲ" ဟု အာဘော်ကုန်ကြ၍ မယ်စိမ်း၏ရင်ခွင်တွင် ခေါင်းတင်ကာ ငြိမ်နေလေ၏။ မယ်စိမ်းက ပြုံးပြီး "အဟုတ်ပြောတာလား ဦးရွှေလုံးကြီးရဲ့"

"အဟုတ်ပါကွယ်၊ ဘုရားစူးပါရစေရဲ့"

"ဒီလိုဖြင့် အကျွန်လည်း ပြန်ချစ်ပါပြီ ဦးရွှေလုံးကြီးရဲ့" ဟု ပြောမှ ဦးကျောက်လုံးသည် အရီးစိမ်းအား 'ချစ်စို့ကွယ်တဲ့ ကြိုက်စို့ကွယ်။ ဘယ်ဖက်ကာ ညာလှမ်းလို့' ဟူသော အကြည့်မျိုးဖြင့် ကြည့်လိုက်လေသတည်း။

၃

'အင်း...ငါတော့ ကော်တာပဲ။ ရွှေချိုးဖြူ မူလခဲသိုက်ထက် ဖောတဲ့သိုက်ကို တူးမိပြီ။ ဒီလိုသိုက်မျိုးဆိုတာ အနိယတ္တ ကုသိုလ်မျိုးနဲ့ မဖြစ်ဘူး၊ ကော်တယ်။ ငါ ကော်တယ်။ ငါ ငါ့သားရေအလုပ် ဖြုတ်တော့မယ်၊ အကုသိုလ်ကြီးတယ်၊ လူပင်ပန်းတယ်၊ ဂုဏ်လည်းရှိတဲ့အလုပ် မဟုတ်ဘူး။ ဒီလို အနာခံတော့ အသာစံရတာပဲ။ မယ်စိမ်း မယ်စိမ်း၊ ငါ ငကျောက်လုံး မင့်လင်ဖြစ်ပြီနော်'ဟု တွေးတောရင်း အိမ်ပြင်ဘက်မှ 'ဆွမ်းတော်ဖျို့၊ ဆွမ်းတော်ဖျို့' ဟု အော်သံကြားသဖြင့် ထထိုင်လေ၏။ အနားမှ ခွေခွေကလေး အိပ်၍နေသော အရီးစိမ်းအား သာယာညင်းပျောင်းစွာ လက်နှင့်ပုတ်နှိုးပြီး

"ဟဲ့...မယ်စိမ်း၊ မယ်စိမ်း။ ထလကွယ်၊ နေမြင့်လှပြီ။ ကနေ့တော့ ရှင်မ

mgyoe.com

mgyoe.com SAMPLE BOOK

ဆွမ်းတော်တောင် မမီတော့ဘူး" ဟု ပြောလေ၏။

အရိုးစိမ်းသည် ခါးတွန့်ကာထပြီး

"ဆွမ်းတော်မိပြန်လည်း ဆွမ်းဟင်းမိမှာ မဟုတ်ဘူး။ ဆွမ်းဟင်းချက်မယ့်ပဲတွေက မနေ့ညက မှောက်ကုန်ပါပေါ့ကော" ဟု ပြောကာ မျက်နှာသစ်ရန် ထသွားလေ၏။

'အင်း မယ်စိမ်း မယ်စိမ်း။ ခုလို ဆံပင်ကလေး ဖိုးရိုးဖားရား၊ ထဘီ မနိုင်ပဝါမနိုင် ခပ်ယိုင်ယိုင်ကလေး သွားတော့လည်း ကြည့်ကောင်းသားပဲ။ အဆုံးမှာတော့ ငါကော်တာပဲ။ တင့်တင့်တယ်တယ်နဲ့ သူကြွယ်လည်း အခေါ်ခံရသေးရဲ့။ ကုသိုလ်များ အကျိုးပေးပလား ဆိုမှဖြင့် ပစ္စည်းဆိုတာလည်း အလုပ်မလုပ်ဘဲ ရတတ်တာမျိုးကိုး။ ငါ ပျော်ပျော်နေမယ်၊ ကောင်းကောင်း စံစားမယ်၊ ပိုးသားပုဆိုး များများဝယ်ဝတ်လိုက်မယ်။ ဂန်ဒီဖျင်ချောချောကို တိုက်ပုံအင်္ကျီ ဝယ်ချုပ်လိုက်ဦးမယ်။ ဩော်...အပေါာသုခံ အပေါာသုခံ' ဟု တမ်းတ ဥဒါန်းကျူးရင်း မျက်နှာသစ်လေ၏။

သို့ဖြင့် လူသိပေါင်းသင်းလာခဲ့ရာ အတော်ကြာလျှင် ဦးကျောက်လုံးသည် အတွေးနှင့် အတွေ့ ကွာလှသည်ကို သိစပြုလေ၏။ လူရတတ်နှင့် ညားရ၍ ချောင်ချောင်ချိချိ နေရမည် ဟု ထင်ခြေများမှာ အလွန်မှားလေ၏။ တောသို့ ယာများလယ်များကို ခဏခဏ သွားရောက် ကြည့်ရလေ၏။ လုပ်သားများနှင့် ခဏခဏစကားများရလေ၏။ တစ်လလျှင် ဆယ့်လေးငါး ခေါက် အခြားရွာများသို့ အကြွေးတောင်းထွက်ရ၏။ လယ်သီးယာသီးများ ရလျှင်လည်း မိမိကိုယ်တိုင် ရောင်းချလေ၏။ နှမ်းရလျှင် ဆီဆုံ၌ပွတ်ရ၊ လှောင်ထားရ၊ ရောင်းရဖြင့် လွန်စွာ အလုပ်များလေ၏။ နှမ်းဖတ်က တစ်မျိုးဒုက္ခပေးသေး၏။ မြေပဲရလျှင် နေလှန်းရ၊ အခွံနွှာရ၊ ဆီပွတ်ရ၊ ကျီးခြောက်ရဖြင့် အလုပ်တွေ တောင်ပုံရာပုံ ရှိနေတတ်သဖြင့် 'မြေပဲ မရပါစေနဲ့ဗျာ' ဟုသာ ဆုတောင်းမိတော့၏။

ညနေ ညနေလည်း ရွာဦးကျောင်းရေကန်မှ အိမ်သို့တိုင်အောင် ရေထမ်းရသေး၏။ အိမ်အောက် အိမ်ဝင်းတွင် တံမြက်လှည်းရသည်မှာလည်း နဖူးမှချွေး ခြေမကျတော့၏။ အိမ်ဝင်းထဲတွင် ချဉ်ပေါင်ပင်၊ ငရုတ်ပင်၊ ဘူးပင်၊ ပဲလင်းမြွေပင်၊ ခဝဲပင်တို့ကို ရေလောင်းရ သည်မှာ ကြီးလှသောဒုက္ခဖြစ်၏။ မိမိမလုပ်ချင်ဟု အရိုးစိမ်းအား တွက်ရန်မှာလည်း မသင့် လျော်ချေ။ အရိုးစိမ်းသည် ကိုယ်တိုင်ထင်းခွေ၏။ ကိုယ်တိုင် ဟင်းရွက်ခူး၏။ ထမင်းချက်၏။ ဗိုင်းငင်၏။ ဝါဖတ်၏။ ရက်ကန်းရှယ်၏။ ရက်ကန်းရက်၏။ သို့ဖြင့် မအားအောင် ရှိနေ လေ၏။ မိမိက 'မယ်စိမ်းရယ် ငါမောလှတယ်။ ရေအထမ်းငှားပါကွယ်' ဟု လည်းကောင်း၊ 'မယ်စိမ်းရယ်၊ ငါပျင်းလှတယ်ကွယ်။ ဆီဆုံ မမောင်းပါရစေနဲ့' ဟုလည်းကောင်း ပြောမိလျှင် 'အဲ...တော်တို့လို မောနေမယ် ပျင်းနေမယ်ဆိုရင် အကျွန် ဒီလို စီးပွားမဖြစ်ဘူး။ ချမ်းသာ ချင်ရင် အလုပ်လုပ်ရတာပဲတော့' ဟု ပြောသောကြောင့် ဆိတ်ဆိတ်နေရလေ၏။

တစ်ခါတစ်ခါ အရိုးစိမ်း ထင်းစည်းကလေးရွက်၊ ဟင်းရွက်အိတ်ကလေးလွယ်လျက်

mgyoe.com

ပြန်လာရာ ချွေးတဒီးဒီးနှင့် မောနေသည်ကို မြင်လေလျှင် သနားလှ၍ 'ကဲ…နောက်ထပ် ထင်းမခွေပါနဲ့ဟယ်၊ ဝယ်တာပေါ့။ ဟင်းရွက်တွေလည်း တစ်ပြားဖိုးဝယ်ရင် သုံးလေးမည်ရတာပဲ။ ဘဟာ့အရာ အမောခံနေတာလဲ'ဟု ပြောသည်တွင် –

"မောင်က မောင်မလုပ်ချင်နေပါတော်။ အကျွန်တော့ ပိုက်ဆံမကုန်ရင်ပြီးရော၊ ဘာမဆိုလုပ်မှာပဲ။ လုံ့လနဲ့ဘာနဲ့ ကြိုးစားတဲ့လူကို အားလျော့အောင် မတိုက်တွန်းပါနဲ့တော်" ဟု ဖြေပြန်လေ၏။

ပိုးသားပုဆိုးဝယ်ရန်မှာလည်း အကျပ်အတည်း တွေ့နေပြန်လေ၏။

"ဦးကျောက်လုံးရယ်၊ အသက်အရွယ် ဒီလောက်ကြီးမှဖြင့် ပိုးသားပုဆိုး ဝယ်နေဖို့ မလိုပါဘူး။ ပိုးသားပုဆိုးဝတ်လို့ မျောက်ဖိုးစိန်မင်းသားအကျီဝတ်တာ လိုရှိမှာပေါ့"

"ဩော်…မယ်စိမ်းကလည်း တယ်အသေးတာပဲ။ လူနဲ့သူနဲ့ပေါင်းတော့ အမွှေးပြောင်ပြောင်နဲ့ ခပ်ထောင်ထောင်နေနိုင်မှ ဂုဏ်ရှိသာဟ။ လူမှာအဝတ်၊ တောင်းမှာအကွပ်တဲ့ဟ။ ဟဲ့… ငါဂုဏ်ရှိတယ်ဆိုရင် ညည်းလည်း ကျက်သရေတိုးဖို့ပါ၊ သို့မို့ပြောရတာ" ဟု ပြောသော်လည်း

"အကျွန်တို့က ဂုဏ်မလိုချင်ပေါင်တော်။ အစက ဂုဏ်လိုချင် တခြားမိန်းမ မရှာဘဲကိုး။ အကျွန်တော့ တော့်ပုဆိုးဝယ်ဖို့ဆိုရင် တစ်ပြားမှ ငွေမထုတ်နိုင်ဘူး"ဟု ခပ်ကျယ်ကျယ် ပြောပြန်လေသဖြင့် ယခုထက်တိုင် ဖျင်အကျီ၊ ပင်နီတိုက်ပုံ ဖျင်လက်နံ၊ တစ်ခါတစ်ရံ မဲပြာပုဆိုး၊ တစ်ခါတစ်ရံ ဖျင်တွင် ပိုးဖောက်ထားသော လုံချည်၊ တစ်ခါတစ်ရံ ခိုသန်းယောလုံချည်ဖြင့်သာ တင်းတိမ်၍ မျက်နှာသုတ်ပဝါ ခေါင်းပေါင်းဖြင့်သာ နေခဲ့ရလေသည်။

စားရာသောက်ရာ၌လည်း ခရမ်းသီးခြောက်၊ ငရုတ်သီးချက်၊ မန်ကျည်း ရွက်ချဉ်ရည်၊ ဆတ်သားခြောက်ဖုတ် စသော ဟင်းများ၊ ဘူးရွက်၊ ကုလားပဲရွက်၊ ချဉ်ပေါင်ရွက်၊ သဇ္ဈက်ရွက်၊ သနပ်ရွက်၊ ခွေးတောက်ရွက်၊ နွားလျှာကြီးရွက်၊ ဘုံလုံခါးသီး၊ ကြက်ဟင်းခါးသီး၊ ကင်းပုံသီးဆီပြန်ချက် အခြေအနေမှ တိုးတက်ရေး မရှိသေးချေ။ ပဲကြားကို အဆန်ချွတ်၍ချက်၊ ရေစိမ်ပွလုပ်၍ကြော်၊ ပြုတ်၍ကြော်၊ ပြည်ပန်းညှိရွက်နှင့် ဟင်းချိုချက်၊ ပဲကြီးဆီပြန်ချက် စသည်ဖြင့် ပဲအမျိုးမျိုးကို နည်းအမျိုးမျိုးဖြင့် ချက်၍စားနေရလေ၏။ တစ်ခါတစ်ရံ လျှာစောင့်နတ် တန်ခိုးထပါမှ ဝက်သားနှင့် ဆီးပြုသီးခြောက်၊ အမဲအူချက်၊ မြင်းသားချက်ကလေးများ စားရ၏။ နေ့ခင်း ဆာလောင်လာက အမှင်းကြမ်း၊ ငရုတ်သီးထောင်း၊ ပဲလှော်လောက်သာ စားရ၏။ တစ်ခါတစ်ရံမှသာ မရွှေး၊ ပေါက်ပေါက်၊ မုန့်လေပွေ၊ ထုန်းလျက်များ စားရလေသည်။

'ဟီး၊ လူချမ်းသာဖြစ်ရတာ ဘာမှမကောင်းပါဘဲလားနော်၊ အလုပ်သိမ်းလုပ်ရပြီး အငတ်ငတ် အပြတ်ပြတ် နေရပါကလား။ အကောင်မကြီးကလည်း ဗျာ၊ နမြောရန်ကော။ သူ့ပိုက်ဆံကလေးများထိရင် ညောင်ညီ ညောင်ညိနဲ့ ဆူနေတာပဲ' ဟု တွေး၍ လက်မှိုင်ချပြီး

mgyoe.com

လျှင် ဟီး ဟီး ဟီးနှင့် နေရလေ၏။

တစ်ခါကလည်း မိမိတူ မောင်ကံထိုက်သည် ချစ်တီးကြွေးတင်၍ အိမ်ကိုလေလံပစ်၊ လှည်းတွေရောင်း၊ နွားတွေရောင်းနှင့်ရှိသည်တွင် ကူညီထောက်ပံ့လို၍ အရီးစိမ်းထံမှ ငွေတစ်ရာ လောက်ပေးပါဟု တောင်းသည်တွင် အရီးစိမ်းက –

"ဦးကျောက်လုံးရယ်၊ ရှိသမျှ ရွှေမျိုးတွေမွဲတိုင်း ထောက်ပံ့ရရင်ဖြင့် ခက်ကရောပေါ့။ ဘယ်မယ်ပေးနိုင်ပါ့မလဲ။ ရွှေမျိုးတွေကို ကြည့်လောက်အောင်လည်း အကျွန် မချမ်းသာဘူး တော့်၊ သိရဲ့လား" ဟု ငေါ်တော့တော့ ဖြေပြန်လေ၏။ နှစ်ဦး ကြည်ကြည်လင်လင်ရှိသော အခါ ဦးကျောက်လုံးက –

"မယ်စိမ်းရယ်၊ ငါတစ်ခုပြောစမ်းပ မဟယ်"

"ပြောလေ ပြောပါ။ တောင်းပန်နေရသေးသလား၊ သည်းရန်ကော"

"ဒါဖြင့် ငါပြောစမ်းမဟယ်'

"ပြောမှာ ပြောပါတော်။ ငွေရေးကလွဲပြီး ဘာဖြစ်ဖြစ်ပြောတာပေါ့" ဟု ဆိုပြန် သဖြင့် 'ပုစွန်ဆိတ်ဆိတ်၊ မောင်ရင်လာ တံခါးပိတ်၊ ဂျိတ်' ခနဲ ပြောမည့်စကားများ ပိတ်သွားလေ၏။

လွန်ခဲ့သည့် သီတင်းကျွတ်လတွင် ဦးကျောက်လုံးသည် ခေါင်းခဲ၍ အကြောအခြင် တွေ ကိုက်နေလေ၏။ ဦးကျောက်လုံးက အနီးရှိသည် ဆေးဆရာခေါ်ဖို့ ပြော၏။ အရီးစိမ်းသည် အမိန့်ကိုမနာခံဘဲ မိမိကိုယ်တိုင် နင်းနယ်ပေး၏။ ကွမ်းရွက်မျက်စဉ်း (ဝါ) ဆေးမြီးတို မျက်စဉ်းကို အတင်းခတ်သောကြောင့် ဦးကျောက်လုံးသည် ကုန်းအော်ရလေ၏။ ဆေးခါး ကြီးတိုက်သဖြင့် ပျို့၍ပျို့၍သာ လာလေ၏။ အဖျားရောဂါလည်း အရီးစိမ်းအား ကြောက် သောကြောင့် မြန်စွာထွက်ပြေးလေ၏။ ဦးကျောက်လုံးသည် ကွမ်းရွက်မျက်စဉ်းနှင့် ဆေးခါး ကြီးကို ကြောက်သောကြောင့် 'နောင် တစ်သက်နှင့်တစ်ကိုယ် ဘယ်တော့မှမဖျားပါစေနဲ့ဗျာ' ဟု ဆုတောင်းမိလေ၏။

သို့ဖြင့် ပစ္စည်းရှိသောမယားမှ ချမ်းသာခြင်း၊ ပျော်ရွှင်ခြင်းကို ရှာဖွေသော ဦးကျောက် လုံးသည် မိုးကုပ်စက်ဝိုင်းကို သွားသောသူကဲ့သို့ နီးမလိုလိုနှင့် ဝေးခဲ့ရလေသည်။

၄

ကံထိုက်သည် ဆေးစပ်ကြမ်းကို ဆေးတံတိုထဲသို့ ထည့်ပြီးနောက် မီးခဲတင်၍ ညှိလေ၏။ ၎င်း၏ရှေ့၌ မီးဖိုသည် မီးတောက်မီးလျှံ မရှိတော့ဘဲ မီးကျီးဖြင့်သာ ရဲရဲထိန် နေလေ၏။ ၎င်းသည် ခြေနှစ်ချောင်းကိုကားလျက် ထန်းပလပ်ခုံကလေးပေါ်တွင် ဖင်ချ၍ ထိုင်နေလေ၏။ ဆေးတံကို ပြင်းစွာရှိုက်၍ရှိုက်၍ ရှူလေ၏။

'ငါတော့ ဒီလောကလူဖြစ်နိုင်မယ် မထင်ပါဘူး။ တစ်နှစ်လုံး နားရက်လည်းမရှိ။

mgyee.com

နေ့စဉ်နေ့တိုင်း အလုပ်လုပ်ရတာပဲ။ နွေအခါကျတော့ နွားတွေကျောင်းရတာက အလုပ်ရှုပ်။ နွားစာရှာရ၊ နွားရေခပ်ရ၊ မိုးခါကျလည်း ထွန်ရ၊ ပျိုးကြဲရ၊ ပေါင်းသင်၊ ယာစောင့်။ ဆောင်းခါကျတော့ ဟင်းသီးဟင်းရွက်။ နောက် ပြောင်းရိတ်၊ နှမ်းသိမ်း။ ဘယ်တော့မှ အားတယ်မရှိဘူး။ ဒီလို အလုပ်လုပ်လျက်နဲ့ တစ်ပြားမှပိုက်ဆံမပိုဘူး။ တလင်းချိန်ကျတော့ ဖောဖောသီသီ သုံးရတော့မယ်လို့ အောက်မေ့တုန်း ဆီပေး၊ ပဲပေးတွေ အတိုးနဲ့ ပြန်ဆပ်ရ၊ အခွန်ဆောင်ရနဲ့ ကုန်ရော။ အရီးစိမ်းရို့ကလည်း ဆီပြန်ပေးမှ ကျေနပ်တယ်။ သူကြီးကလည်း အခွန်ပြေအောင်ပေးမှ။ မပေး အမျိုးမျိုးညှဉ်းဆဲတယ်၊ ဒါနဲ့ မွဲသထက်မွဲနေတာပဲ။ ပေါတဲ့လူတော့ ပေါပါပေ့ဗျာ။ တတ်နိုင်ဘူးဟယ်၊ သေမြေကြီး ရှင်ရွှေထီးပေါ့။ ငါ့ဟာငါ အလုပ်လုပ်လို့တော့ ချမ်းသာမှာမဟုတ်ဘူး။ ဒီငနဲမကြီးပစ္စည်းတော့ တိုက်ယူမှပဲ။ ဒင်းပစ္စည်းတွေ အလကားပိုနေတာပဲ။ ငါတို့က ဆင်းရဲပန်းရဲလုပ်ရတယ်။ ဒင်းတို့က ဘာမှမလုပ်ဘဲ တို့ချွေးနဲ့စာ သိမ်းသွားတယ်။ ဒီပစ္စည်းတွေလည်း ဘာမှသုံးတာမဟုတ်ဘူး။ ငါတို့လို ကောင်တွေကိုမှုပေးမယ်ဆိုရင် ပစ္စည်းလည်း အလကားဖြစ်မှာမဟုတ်ဘူး။ ခု ငါ့မှာ ချစ်တီး ကလည်း အိမ်နဲ့လှည်းကို သိမ်းသွားပြီ။ စားစရာလည်း ဘာမှမရှိတော့ဘူး။ ကဲ…ကံပဲ။ ဒီလောက် ဆိုးအောင်လုပ်ရင် အိုးရွဲ့ စလောင်းရွဲ့ ပိတ်သလိုလုပ်မှပဲ။ ငါတိုက်ယူမယ်၊ တိုက်တော့မယ်' ဟု စဉ်းစားပြီး သက်ပြင်းကြီးချကာ ဆေးတံကို ရှူရှိုက်လိုက်ပြန်လေ၏။

ထို့နောက် နေရာမှထခဲ့၍ နောက်လိုက်လေးယောက်ကို ခေါ်ပြီးလျှင် အရီးစိမ်းတို့ အိမ်သို့ လာခဲ့ကြလေ၏။

ဦးကျောက်လုံးသည် ဒိန်းဒိန်းနှင့် တံခါးဖွင့်သံကို ကြားသလိုလိုရှိသောကြောင့် ခေါင်းထောင်၍ နားထောင်လေ၏။ ထပ်ကြားရပြန်လေ၏။ အနီး၌ အရီးစိမ်းကား တခေါခေါ ဟောက်လျက် အိပ်မောကျနေလေ၏။ ထိုအခိုက် ဒိန်းဒိန်းအသံသည် ရပ်၍ ဒိုင်းခနဲအသံကြီး ပေါ်လာပြီးလျှင် လေ့ကားတံခါး ပွင့်လာသည်ကို တွေ့ရလေ၏။ ဦးကျောက်လုံးသည် တစ်ကိုယ်လုံး တုန်လှုပ်သွားလေ၏။ ပျာပျာသလဲ အိပ်ရာမှထလေ၏။ လှမ်းကြည့်သောအခါ လူလိုလိုအရာများ တက်လာကြသည်ကို တွေ့ရလေ၏။ မျက်စိများမှာ ဖမ္မန်ဖဝါ ဖြစ်နေလေ၏။ အသည်းနှလုံးများလည်း ကင်းကိုက်ခံရသော ဖားပြုပ်ကဲ့သို့ တစပ်စပ်ခုန်နေလေ၏။ ရတ်တရက် သတိရပြီးလျှင် အရီးစိမ်းအား လက်နှင့်လှုပ်၍

"ဟ…မိန်းမ၊ ထ…ထ…ထပါဦးဟ" ဟု အော်ငေါက် နှိုးလေ၏။

"အင့်…အင်း…ဝူးဝါး" ဟု သမ်းပြီးလျှင် အရီးစိမ်းသည် အိပ်ရာပေါ်တွင် လွန့်ကာ အပျင်းကြောဆွဲနေလေ၏။

"ဟ…မိန်းမ၊ ထပါဟ"

"တော်…၊ ဘာများတုံး ဦးကျောက်လုံးရဲ့'

"မိန်းမ…မိန်းမ၊ လုံးပေးစမ်းပါဟ…၊ ဓားပြတွေ အိမ်ပေါ်ရောက်နေပြီ" ဟု အဆော

mgyoe.com

mgyoe.com SAMPLE BOOK

တလျှင်ပြောလေလျှင် အရီးစိမ်းက

"ဩော်...ဩော်၊ အင်း" ဟု ပြန်ဖြေလိုက်လေ၏။

"ဟာ...မိန်းမရ၊ လုံ ထယူပါ။ သူခိုးထိုးမယ်" ဟု ပြောသည်တွင်မှ အိပ်ရာမှ 'အမယ်လေးတော့်' ဟု အော်ကာထပြီး ထဘီလက်နှင့်ဆွဲကာ လုံထယူလေ၏။

သာဝနှင့် ဖိုးမန်းသည် ဦးကျောက်လုံးအား အတင်းသိမ်းဖက်၍ ကြိုးများနှင့် တုပ်လိုက်လေ၏။ တောက်ထွန်းနှင့် မောင်ဖဲတို့သည် အရီးစိမ်းအား ဓားနှင့်မိုးထားလေ၏။ ကံထိုက်သည် အနီးသို့လာ၍ ဓားနှင့်ရွယ်ပြီးလျှင်

"မအော်နဲ့၊ အော်ရင် လည်ပင်းလှီးလိုက်မယ်။ ကျုပ်တို့ ငွေလိုချင်လို့လာတယ်။ ငွေငါးထောင် ပေးရမယ်"

"ငွေမရှိပါဘူး မောင်ရင်တို့ရယ်၊ အသက်ချမ်းသာပေးပါကွယ်"

"ဘယ် မရှိဘူးလဲ၊ ပေးရမယ်၊ မပေးရင် လည်လှီးပစ်မယ်။ အကန်းမကြီး ကျုပ်တို့သိတယ်။ ခင်ဗျား အင်မတန်ပစ္စည်းရှိတယ်"

"ခု ဘုရားစူးပါစေရဲ့၊ ပစ္စည်းမရှိပါဘူးကွယ်"

"ဘာကွယ်နေတာလဲ" ဟု ပြောပြီးနောက် စူးချွန်သောဓားဖြင့် တင်ပါးခွက်ကို ဖွက်ခနဲ ထိုးလိုက်လေ၏။

"အမယ်လေးတော့် သေပါပြီ"

"ပေးမှာလား မပေးဘူးလား၊ ပြော ပြော"

"မောင်ရင်ရယ် တစ်ပြားမှ မရှိပါဘူးကွယ်"

"လုပ်ပြန်ပြီ၊ ကဲဗျာ မရှိပြောဦး"

အခြားတင်ပါးခွက်ကို ဓားဖြင့်တွက်ပြန်လေ၏။

"အမယ်လေးတော့်၊ သေပါပြီတော့။ နှိပ်စက်ရန်ကော၊ မရှိဘူးဆိုတာ ပဲ" ဟု ပြောကာ ငိုလေ၏။

"နင် သူများပစ္စည်းတွေယူပြီး ဘယ်ထားသလဲ။ ပေးဟ၊ ပေး" ဟု ငေါက်ပြီး ဓားပြားနှင့်ကျောကို တဖြန်းဖြန်းရိုက်လေ၏။

"ကဲဗျာ၊ မပေးနဲ့ဦးဗျာ" ဟုဆိုကာ ဒူးနှင့်ကျောကို ဆောင့်လိုက်လေရာ ရှေ့ကော ပြီး လဲကျသွားလေ၏။

"အမယ်လေး နာလှချည့်ရဲ့တော့်။ လုပ်မှ လုပ်ရက်ပလေ မောင်တို့ရယ်"

"ခင်ဗျား အသက်ကို အဆုံးခံမလား၊ ငွေငါးထောင်ကို အဆုံးခံမလား။ ငွေမရရင် ခင်ဗျားကို သတ်ရလိမ့်မယ်၊ ကဲ...ပြော"

"ဘုရားကို စူးပါရစေရဲ့ မောင်ရင်ရယ်၊ ငွေမရှိပါဘူး၊ မပေးနိုင်ပါဘူးကွယ်။ သတ်ပစ်ရင်လည်း သေရုံရှိမှာပေါ့ကွယ်၊ သနားပါကွယ်" ဟု ခိုမက ခိုထီးကို ချွဲသကဲ့သို့ ချွဲလေရာ—

mgyoe.com

mgyoe.com SAMPLE BOOK

ကံထိုက်တွင် သနားစိတ်မပေါက်လှဘဲ မုန်းစိတ်တွေမှာ တဖွားဖွား ပေါ်လာရကား၊ ဓားရိုးဖြင့် နဖူးကို ခွပ်ခနဲဆောင့်လိုက်လေ၏။ အရီးစိမ်းသည် မေ့သွားမလောက် နာကျင်လေ၏။

"ကဲ...ဒင်း သလောက်ရှိလှတာ သေပေစေတော့၊ နှစ်ယောက်လုံး သတ်ပစ်မယ်။ ကျောက်လုံးကိုဖမ်းခဲ့၊ ငွေငါးထောင်ပေးမှ လွှတ်၊ မပေးရင်သတ်ပစ်။ ဟဲ့...အကောင်ပုပ်မကြီး၊ နင့်လင် သတ်ပစ်တာခံမလား၊ ငွေပေးမလား' ဟု ပြောသည်တွင် အရီးစိမ်းက –

"ဦးကျောက်လုံးကို ဘာပဲလုပ်လုပ် ခံရုံပါပဲ။ ငွေတော့မရှိဘူး" ဟု ဆိုကာ ငိုလေ၏။

'သြော် ငါ့လင်နှင့်ငါ့ငွေ ဘယ်ဟာ အဖိုးတန်သလဲ။ လောကမှာ လင်ရှိလို့ ငွေရနိုင်တာ မဟုတ်ဘူး။ ငွေရှိရင် လင်လိုချင်သလောက် ရနိုင်တာပဲ။ လင်ဆိုတာ ဘာမှမက်စရာရှိတာ မဟုတ်ဘူး။ သူတို့ရှိတဲ့အတွက် ဒုက္ခတောင်ပိုများသေးတာပဲ။ လင်မရှိလို့ ငါသေမှာလည်း မဟုတ်ဘူး။ လင်တစ်ယောက်အတွက်နဲ့ ငွေငါးထောင်ပေးလိုက်ရမယ်ဆိုရင် မိုက်ရာကျ တော့မယ်။ လင်တစ်ယောက် ငွေငါးထောင်တန်ရာကျလိမ့်မယ်။ ငါးထောင်ဆိုတဲ့ငွေဟာ နည်းတာ မဟုတ်ဘူး။ ငါ့မှာ မစားရက်မသောက်ရက် စုလာတာ။ တစ်သက်လုံး မွေးခဲ့ တဲ့ကြက် တစ်မနက်နဲ့ သတ်စားဆိုသလို ဖြစ်မှာပေါ့။ တစ်သက်လုံး စုတဲ့ပစ္စည်း လင်တစ် ယောက်တည်းနဲ့ဖြင့် မကုန်ပါစေနဲ့။ ငါ့လင်နဲ့ ငါ့ငွေ၊ ငါ့ငွေက အဖိုးတန်တယ်။ ဦးကျောက် လုံးကို သတ်ရုံမကလို့ မီးဖုတ်ပြီးစားစား' ဟု တွေးတောကာ ဆိုပြီးစကားကို ပြန်မရုပ်သိမ်း ဘဲနေလေ၏။

ဦးကျောက်လုံးသည် မယား၏ စိမ်းကားပုံကြားသဖြင့် စိတ်နာကြည်းလှ၏။ လွန်စွာရှက်လှ၏။ 'သြော်...မယ်စိမ်း၊ မယ်စိမ်း။ လူစင်စစ်မှ ဟုတ်သေးရဲ့လားဟဲ့၊ ငွေမက်မကြီးရဲ့။ ငါ့ကျတော့ သေစေ၊ ဒင်းငွေတော့ မကုန်စေနဲ့တဲ့။ ကောင်းကြပါတယ် ကွယ်။ လောကမှာ လင်ရယ် မယားရယ်လို့ ဒီလောက်ကြာ ကြာပေါင်းလာပြီးမှ လင့်အပေါ်မှာ ကရုဏာမရှိ၊ မေတ္တာမရှိ၊ ထောက်ထားခြင်း မရှိ၊ မင်းမို့ နေနိုင်ပေတယ်ကွယ်။ ငွေတွေသာ မင့်လင်ကြီးတွေကိုးကွယ့်' ဟု စိတ်ထဲ၌ ကျိတ်၍ရန်ထောင်ရင်းသာ ငုံ့၍နေရှာလေ၏။ အကယ်၍ ကြိုးသာတုပ်မထားပါက အရီးစိမ်းအား သေအောင်သတ်ပေလိမ့်မည်။ အရီးစိမ်းအား လွန်စွာစက်ဆုပ်၏။ ရွံရှာ၏။ အစိမ်းလိုက်ပါ စားလိုတော့၏။

ကံထိုက်သည် တစ်အိမ်လုံး မွှေနှောက်၍ ရှာသော်လည်း ရွှေဖဲလိမ် နားတောင်းကြီး တစ်ရန်၊ မြင်းစီးလုံ့ထိုး ရွှေဒင်္ဂါးသုံးပြား၊ ဘူးနွယ်ကြိုးလိမ် လက်ကောက် ၂ ဆင့်သာ ရလေ၏။

"ဟဲ့...လူတကာမကြီး၊ နင့်ပစ္စည်းတွေ ဘယ်ထားသလဲ" ဟု မေးလေရာ ဦးကျောက် လုံးက "သူ့ငွေတွေ ကျောက်မြေတောမှာ မြုပ်ထားတာပဲကွယ့်။ ဘယ်နေရာမှန်းတော့ ကျုပ်လည်းမသိဘူး။ သူ့ကို ကျောက်မြေတော အတင်းခေါ်သွား။ မရရအောင် အဖော်ခိုင်း။ ဒီလောက်ရက်စက်တဲ့မိန်းမ ရိုက်သာစစ်ကြ။ တွေ့မှာပဲ" ဟု နည်းပေးသဖြင့် ကံထိုက်၊

mgyoe.com

mgyoe.com
SAMPLE BOOK

တောက်ထွန်း၊ မောင်ဖဲတို့သည် အရိုးစိမ်းအား တုပ်နှောင်ဆွဲသွားကြလေ၏။ ဦးကျောက်လုံးအား လုံချည်တစ်ထည်ဖြင့် မျက်နှာကိုစည်းလေ၏။ နောက် ကံထိုက်က –

'ဟော့...သာဝ၊ မင်း သူ့ကိုခေါ်သွား။ လေးမြေသွားတဲ့လမ်းက ဟို... လက်ပံပင်ကြီးသိတယ်ဟုတ်လား။ အဲသည်က စောင့်နေကြ။ ဖိုးမန်းလည်း လိုက်သွား။ ငါတို့ လိုက်ခဲ့မယ်။ ရော့...ဒီပစ္စည်းတွေလည်း ယူထား" ဟု လွှတ်လိုက်လေ၏။

မိမိ၊ တောက်ထွန်းနှင့် မောင်ဖဲတို့မှာမူ အရိုးစိမ်းအား ရိုက်နှက်ခေါ်ငင်ကာ ကျောက်မြေတောသို့ ရောက်ခဲ့ကြလေ၏။

"ဟဲ့... အကန်းမကြီး၊ ဘယ်နေရာမှာ မြှုပ်ထားသလဲပြ၊ ဖော်ပေး"

"မသိပါဘူး မောင်တို့ရယ်၊ အကျွန် မမြှုပ်ရပါဘူး"

"ကြည့်စမ်း...ကြည့်စမ်း၊ ကွယ်ပြန်ပြီ။ ပြော" ဟုဆိုကာ ဓားနှင့် လက်မောင်းကို အနည်းငယ် လှီးလိုက်လေ၏။

"အမယ်လေးတော့်၊ နာလှပါပြီတော့်၊ ပြောပါ့မယ်တော့်"

"ကဲ...ပြော ပြော၊ ဘယ်မှာလဲ"

"ဟို ရှားပင်နားမှာပါတော်၊ ရှားပင် မြောက်ဘက်က ထန်းပင်နားမှာတော့်"

"လာ လာ၊ သွားတူးကြမယ်" ဟု ဆိုကာ သွားကြ၍ ကြာရှည်စွာ တူးကြသော်လည်း ဘာမျှမရသည့်အတွက်

"တောက်... ခွေးမကြီး၊ နင်ညာတာ၊ အမှန်ပြော။ ဘယ်နားမှာလဲဟင်။ ကဲ... ညာဦးဗျာ" ဟုဆိုကာ လက်ကို ဓားနှင့်မွန်းပြန်လေ၏။

"အကျွန့်သတ်ချင်သတ်၊ မပြောဘူး" ဟု တင်းမာစွာပြောသဖြင့် ကံထိုက် ဒေါသကို မချုပ်တည်းနိုင်ဘဲ ဓားဖြင့် လည်ပင်းကိုချိုင်လိုက်ရာ အရိုးစိမ်းသည် ပုံလျက်သား လဲသွားလေ၏။

"ဒင်းတို့ သေချင်းဆိုးနဲ့ သေပါစေတော်။ ကျွန်မျိုးတွေ။ သဘောက်မျိုးတွေ။ ဘဝဆက်တိုင်း အမွဲချည်းဖြစ်ပါစေတော်" ဟု ကိုန်ဆဲရင်း ဇိဝိန်ချုပ်လေတော့၏။

ကံထိုက်၊ တောက်ထွန်းနှင့် မောင်ဖဲတို့သည် စိတ်ပျက်သောအမူအရာနှင့် ပြန်ခဲ့ကြလေသတည်း။

၅

အရှေ့ကောင်းကင်ပြင်သည် အပျိုကလေး၏ ပါးအို့ကလေးကဲ့သို့ နီးပြာပြေအဆင်းရှိလေသည်။ တိမ်တောင် တိမ်တိုက်တို့မှာ ရွှေတောင်ငွေတောင်များနှင့် သဏ္ဌာန်တူလေသည်။ စိုဝင်းသော အတန့်အစာန့်နှင့် ရောင်ခြည်များသည် ကောင်းကင်ပြင်အလုံးကို ဒါလီကုံးဖြင့် တန်ဆာဆင်သကဲ့သို့ ရှိလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကံထိုက်တို့ ခရီးသွားသင်းသည် ဦးကျောက်လုံးအား ခေါ်ဆောင်လာခဲ့ကြရာ တောင်ခြေရင်းကိုပင် ရောက်ခဲ့လေပြီ။ ကျောက်တုံးကြီးများသည် ဆီးနှင်းများစွာ စွတ်နေသဖြင့် စိုစွတ်နေလေပြီ။ သစ်ပင်များသည် ညိုမှောင်၍နေလေပြီ။ တောင်ခိုးများလည်း ထွက်စပြုလေပြီ။ ကံထိုက်တို့သည် ခပ်သုတ်သုတ် တောင်ပေါ်သို့တက်ရသဖြင့် အေးမြသော ဆောင်းရာသီပင်ဖြစ်လင့်ကစား ချွေးများစို့လာလေသည်။ မကြာမြင့်မီ တောင်ကုန်းအထက်ပိုင်း ညီညာပြန့်ပြူးသော နေရာတစ်ခုသို့ ရောက်ခဲ့ကြလေသည်။ ထိုနေရာတွင်တောလည်း အလွန်ထူထပ်လေသည်။

နီရဲသော နေဝန်းကြီးသည် တိမ်တောင်တိမ်တိုက်တို့ အကြားမှ ဘွားခနဲပေါ်လာလေသည်။ တောင်ကုန်းမှ အခိုးများသည် ပိုမိုထူထပ်လာလေသည်။ စိမ်းစိုသောအပင်များအထက်ပိုင်းသည် ရွှေရည်ဖျန်းထားသကဲ့သို့ ရှိလေသည်။ တောကြက်များတွန်သံကို ကြားရလေသည်။ ချိုးကူသံလည်း ပေါ်လာလေသည်။ ဘုတ်အော်သံသည် သာယာသောနံနက်ခင်းကို ပိုမို၍သာယာစေလေသည်။ မြောက်လေပြည်လည်း ဖြည်းညင်းစွာ တိုက်ခတ်လေသည်။

ကံထိုက်သည် ဦးကျောက်လုံးအား တောင်ကမ်းပါးတစ်ခုပေါ်သို့ခေါ် လာလေသည်။ ဦးကျောက်လုံးမျက်နှာကို စည်းထားသော အဝတ်ကို ဖြုတ်လိုက်လေ၏။ ဦးကျောက်လုံးသည် ကြောက်ဒူးတုန်နေလေ၏။ ကံထိုက်သည် မိမိအငှားတပ်ထားသော နှုတ်ခမ်းမွေးကို ဖြုတ်လိုက်သည်။ ရှမ်းခေါင်းပေါင်းကြီးကို ချွတ်လိုက်လေသည်။ ဦးကျောက်လုံးလည်း မော်ကြည့်လိုက်ပြီး 'ဟိုက်'ဟု အံ့သြတွေဝေကာ ငေးကြည့်နေလေ၏။

"ငါ့တူရယ်၊ လုပ်မှလုပ်ရက်ပလေကွယ်"

"ဟာ…သူများဖြင့် ကျုပ်မလုပ်ပါဘူး ဦးလေးရဲ့။ ခင်ဗျား မိန်းမကြီး အမြင်ကတ်လွန်းလို့ လုပ်တာ။ ကျုပ်မွဲတာ ဒင့်ကြောင့်ပဲလို့ ကျုပ်တော့ အယူရှိတာပဲ။ ကျုပ်ဖြင့် ထမင်းငတ်တော့မယ်၊ ကူဖော်လောင်ဖက် ဘာမှမရဘူး။ သူ ဒီလိုပစ္စည်းရှိလာအောင် ကျုပ်တို့ ဘယ်လိုကူပေးတယ်ဆိုတာ ခင်ဗျားမသိဘူး။ မပြောချင်ဘူးဗျာ၊ ဒီခွေးမကြီးတော့"

"နို့ အခု မယ်စိမ်းကို ဘယ်မှာထားခဲ့သလဲကွယ့်။ သူက ပစ္စည်းတွေ ဖော်မပေးဘူးလား"

"ဖော်မပေးတဲ့ပြင် ညာနေသေးတယ်။ ဒါကြောင့် အဆုံးစီရင်ထားခဲ့ပြီဗျား"

"ဟင် လွန်လှချေကလားကွယ်"

"ခင်ဗျားက သနားသေးသလား"

"မယားဆိုပြီး သနားတာမဟုတ်ပါဘူးကွယ်။ လူသတ္တဝါတစ်ယောက် သေဆုံးတယ်ဆိုတာ ကြားရလို့သနားတာပါ"

"ခင်ဗျားကြီး မရှက်ဘူးလား။ ကြီးကောင်းကြီးမား မိန်းမရှာ၊ ဘုရားတရားမေ့ပြီး ဒီကောင်မကြီးနဲ့ အလေလိုက်နေ။ ခင်ဗျား ဘာကောင်းတာရှိသလဲ။ မယားက ချစ်စရာ

mgyoe.com

ကောင်းရင်လည်း ဟုတ်ပါစေဦးတော့။ ခုတော့ ဘာတစ်ကွက်မှ ခင်ဗျားအပေါ် ကောင်းတာ မရှိဘူး။ သူ့တွက်ကိန်းက ငါ့လင်ထက် ငါ့ငွေကသာ အဖိုးတန်တယ်လို့ သဘောထားတာ ကလား။ ခင်ဗျားလည်း ပစ္စည်းပေါ်ရတယ်ဆိုပြီး လူချင်းတူအောင်လည်း မနေရဘူး။ ရှက်ပါဗျာ"

"အေးကွယ်...၊ ဦးလေး သိပ်မှားတာပဲ။ ခုတော့ နောင်တရပါပြီကွယ်။ ဒင်းကို လည်း တွယ်တာတဲ့စိတ် တစ်ရွေးသားမှမရှိပါဘူး။ လူ့ပြည်မှာ ကြွားကြွားဝါဝါနဲ့ လူမလုပ် ချင်ပါဘူးကွယ်။ ဂုဏ်လည်း မလိုချင်တော့ဘူး။ အသက်အရွယ်ကြီးတော့ ပုတီးနဲ့တော် ဆိုတာလို ပုတီးစိပ်ပြီး သူတော်ကောင်းလုပ်နေတော့မယ်ကွယ်။ ဒီတောမှာပဲ ဘုန်းကြီး လုပ်တော့မယ်။ ဟောဒီတောင်ပေါ်မှာ တောရကျောင်း·တစ်ကျောင်းရှိတယ်ကွယ့်၊ အဲဒီမှာ သင်္ကန်းဝတ်ပြီး အရိုးထုတ်တော့မယ်။ ဦးလေးမှားတာတွေ ငါ့တူ အပြစ်ရှာမနေနဲ့၊ ကြားလား။ ငါ့တူလည်း ဒီအလုပ်ကိုလုပ်တာ ဘယ်သူမှမသိရအောင် ဘယ်သူ့မှငါမပြောဘူး။ တကယ် လို့ ပုလိပ်တွေသိကုန်မှဖြင့် ငါ့တူ ထောင်ကျနေဦးမယ်။ မင်းတို့လည်း ပိပိစီးစီးနေကြ။ မင်းတို့ မနေ့ညက ဘယ်လောက်ရသလဲ"

"ငွေနှစ်ရာလောက်ပါ ဦးလေးရယ်"

"အိမ်ကိုပြန်ကြ။ တို့အိမ် စပါးကျီခေါင်မိုးမှာ ငါဝါးကျည်တောက် တစ်ခုထိုးထား တယ်။ အဲဒီထဲမှာ ငွေငါးရာရှိတယ်ကွယ့်။ တစ်နေ့ကပဲ ဆီရောင်းရတဲ့ငွေ။ မယ်စိမ်းကို ငါမအပ်သေးဘဲ သိမ်းထားတာ။ ပြီးတော့ အိမ်အောက်မှာ ပဲထည့်တဲ့ ပုတ်ကြီးရှိတယ်။ ဒီပုတ်အောက်မှာ အိုးကလေးတစ်လုံးနဲ့ ငါဖွက်ထားတဲ့ ငွေငါးရာရှိတယ်။ ကဲ... ဒါတွေယူပြီး မင်းတို့ငါးယောက် ညီညီမျှမျှဝေကြ။ ကောင်းကောင်းနေကြလေ။ နောက်ထပ်လည်း ဒီအလုပ်မလုပ်ကြနဲ့နော်။ ရင်းနှီးစားကြကွယ်" ဟု ပြောသဖြင့် အိမ်သို့ပြန်ကြလေ၏။

ဦးကျောက်လုံးမှာမူ မိမိစကားအတိုင်း ဘုန်းကြီးဝတ်၍ နေလေသတည်း။

**သိန်းနေနွယ်**

ဂန္ထလောကမဂ္ဂဇင်း၊ အတွဲ–၂၁၊ အမှတ်–၁၂၅
ဇွန်–ဇူလိုင်–ဩဂုတ်၊ ၁၉၃၄။

❑

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mrgyoe.com SAMPLE BOOK



# မင်းတိုင်ပင်

## အခန်း ၁
## အမတ်ကြီးဖြစ်၍ ရန်ကုန်မြို့သို့ထွက်ခန်း

'သြော်...လောကကြီး တယ်ပြောင်းလွဲလွယ်ပါကလား။ တစ်လအတွင်းမှာပဲ ငါဟာ ရေးကလို တောသား အနုပ်စုတ်ကုပ်စုတ် ဖိုးကူးမဟုတ်တော့ဘူး။ မင်းတိုင်ပင်အမတ်ကြီး ဦးဖိုးကူး ဖြစ်နေပါပကောနော်။ ငွေသုံးလေးထောင် အကုန်ခံလိုက်တော့ ချက်ချင်း အရေးပိုင် ထက်တောင်ကြီးတဲ့ မင်းတိုင်ပင်အမတ်ကြီး ရာထူးရလာတာပဲ။ ခု ငါဟာ အာဏာ အာဏာနည် ပုဂ္ဂိုလ်ကြီးဖြစ်ပေါ့' ဟု တွေးတောရင်း အမတ်လက်သစ် ဦးဖိုးကူးသည် နောက်လိုက်များနှင့် ရထားစောင့်နေလေ၏။ လက်ထဲ၌ရှိသော ပထမတန်းရထားလက်မှတ်ကို ကြည့်လျက် ပီတိ သောမနဿ ဖြစ်နေလေ၏။

မိမိကိုယ်ကို ပြန်ကြည့်ပြန်လေ၏။ မန္တလေးပိုးရင်ဖုံး ဝါကြင့်ကြင့် ဘန်ကောက် ဖက်ဖူးရောင် တောင်ရှည်ပုဆိုး၊ ကတ္တီပါပုံတော်ဖိနပ်တို့ဖြင့် မွမ်းမံအပ်သော မိမိသည် ရောမ လူချောလူလှ လူမြတ်ကြီးဖြစ်နေပြီဟု အောက်မေ့မိလေ၏။

တင်ဖေဆိုသော (B.A., B.L.) ဘီအေ ဘီအယ် ရှေ့နေပေါက်စ တစ်ယောက်သည် အနီးသို့ကပ်ပြီး "ဘကြီးက ဒီလိုဆိုတော့ အရင်နဲ့ လုံးလုံးမတူတော့ဘူး။ သိသိသာသာကြီးကို မင်းတိုင်ပင်အမတ်ကြီး ဦးဖိုးကူးပဲဗျာ" ဟု ချီးကျူးလိုက်သောကြောင့် အသည်းသို့ခိုက် ဘဝင်သို့ဆိုက်၍ နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးပြီးမှ –

"အိမ်း ဟုတ်မှဟုတ်ရဲ့လားကွယ်။ ဒူးနေရာဒူး တော်နေရာတော်ဆိုတာ လိုကြည့်ပြီး ဂိုက်ထုတ်ရတာကိုးကွယ့်။ အမတ်တွေ စုံညီညာနဲ့ မင်းပွဲဝင်ရမှာဆိုတော့ ခုလို ပြောင်ပြောင် လက်လက်မှပဲ တင့်တယ်တာကိုးကွယ်" ဟု ပြောလိုက်လေ၏။ ထိုအခိုက် ဦးဖိုးကူးအား အမတ်ဖြစ်အောင် ဆောင်ရွက်ပေးလိုက်သော နယ်လုံးဆိုင်ရာ သံဃာ့အဖွဲ့ချုပ်ကြီး ဥက္ကဋ္ဌ

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာတော် ဦးသုမနရောက်လာသဖြင့် ဦးဖိုးကူးသည် ပျာပျာသလဲ ဖိနပ်ချွတ်ကာ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ရလေ၏။ ဆရာတော်လည်း မင်းတိုင်ပင်အမတ်ကြီး တောသူဌေးဦးဖိုးကူးက ရှိညွှတ်ခယသည်ကိုခံရသည်မှာ အရသာရှိသလိုလိုဖြစ်ပြီး ခေါင်းကို မော့လျက်

"အဲ အဲ…ဒကာကြီး၊ ဟိုကျတော့သာ ကျုပ်တို့နယ်အတွက် ကြိုးစားပေတော့။ ကျုပ်တို့ ဝတ္တကမြေအကြောင်း မေးခွန်းထုတ်ဖို့လည်း မမေ့လေနဲ့နော်"

"အရှင်ဘုရား ခိုင်းစေတာတော့ မေ့ရိုးလားဘုရား။ ဒီပြင် မှာချင်တာရှိမှာလိုက်ပါဘုရား"

"တခြားတော့ မှာစရာမရှိပါဘူးဗျာ။ ဟိုရောက်တော့ ကျုပ်တို့သမ္မတ ကြီးကိုသာ ဘုန်းတော်ကြီးက မေတ္တာပို့ကြောင်း ပြောလိုက်ပါတော့လေ။ ဒါထက် ဒကာကြီး၊ ခုတော့ တစ်သွေးတစ်မွေးပြောင်းပြီး မင်းဟန်စိုးဟန် ရနေတာပဲ။ ဟိုအရင်တုန်းကတော့ ဒကာကြီးမှာ တောသူဌေးပစ္စည်းရှင်ဆိုတာကလွဲလို့ ဘာမှဂုဏ်မရှိခဲ့ဘူး။ အဲဒီတုန်းက နေတာကလည်း စုတ်စုတ်ချာချာနဲ့။ ခုလို မင်းတိုင်ပင် အမတ်ကြီးဖြစ်နေတော့ တစ်သွေးတစ်မွေးပဲ ဒကာကြီးရဲ့"

"တင်ပါ့ဘုရား" ဟု သွက်သွက်ပြောပြီး မှီရသောသူကဲ့သို့ ဦးဖိုးကူးသည် ဖောတဖိန့်ဖိန့် ပီတိစိမ့်၍ ခေါင်းညိတ်နေလေ၏။ ထို့နောက် ဘီအေ ဘီအယ်တင်ဖေဘက်သို့ လှည့်၍ "တင်ဖေရေ၊ အိမ်ကြည့်ရစ်ပါကွယ်။ အစစ အရာရာ စိတ်ချပရစေဟေ့ နော်" ဟု စကားပြောဆို မှာထားလေ၏။ အမတ်ကြီးကတော် မရွှေတုတ်ကို ငဲ့ကြည့်၍ ခေါင်းညိတ်ကာ ခေါ်လေ၏။ အနီးသို့ရောက်လေလျှင်

"ကောင်းကောင်းနေရစ်နော်၊ ကြားလား။ အိမ်မှာ ရောင်းစရာ ချစရာတွေ အားလုံးပဲ ကြည့်ရှုရောင်းရစ်ပေတော့။ ဟ…ဟိုဗေဒင်ဆရာကြီး အိမ်လာသေးသလား။ ငါ မင်းတိုင်ပင် ရွေးကောက်ပွဲနိုင်မယ်လို့ဟောတဲ့ ဗေဒင်ဆရာ ဟာလကွယ်။ သူလာရင် ငွေသုံးကျပ်လောက် ကန်တော့လိုက်ဟေ့။ အရှေ့ကျောင်းကိုလည်း ဆွမ်းအုပ်နေ့တိုင်း မှန်မှန်ပို့ရစ်ပါဟေ့" ဟု ပြောသည်တွင် ဝဝတုတ်တုတ်၊ ဖဲကြိုးလုံချည် ပန်းပွင့်ထိုးကြီးဝတ်ထားသူ အမတ်ကြီးကတော် ဒေါ်ရွှေတုတ်က စိန်နားကပ်ကိုယမ်း၍ 'စိတ်ချသာသွားပါတော်' ဟု ပြန်ပြောလိုက်လေ၏။ တစ်ဖန် မောင်ဒေါင်းကို လက်ယပ်ခေါ်ပြီး

"ဟေ့ ဖိုးဒေါင်း၊ ရေတစ်ခွက် ခပ်ခဲ့စမ်းပါကွာ" ဟု အမိန့်ပေးလေ၏။ နောက် ဒေါ်ရွှေတုတ်ဘက်သို့ တစ်ဖန်လှည့်ပြီး "ရွှေတုတ်ရေ၊ ငါ့ဆေးပေါ့လိပ် မီးညှိယူခဲ့စမ်းပါဟေ့" ဟု ပြောသည်တွင် တင်ဖေက အနီးသို့ကပ်ပြီး

"ဘကြီးကလည်း တောလေတွေ ဖျောက်ပါဦးဗျာ။ ဒီအဝတ်ဒီအစားနဲ့ ပထမတန်းရထားစီးမယ့် မင်းတိုင်ပင်ကြီးက ပြောင်းဖူးဖက်ဆေးလိပ်ကြီး သောက်နေလို့ဖြစ်တာမဟုတ်ဘူး

mgyoe.com

ဘကြီးရဲ့၊ ရော့ ဟောဒီက စီးကရက်သောက်" ဟု ဆေးဖြူလိပ်ကလေးများကို ပေးလေ၏။

သို့နှင့် မင်းတိုင်ပင်အမတ်ကြီး ဦးဖိုးကူးသည် မိမိသဏ္ဍာန်တွင် မှီခိုနေသော တောလေများကို တောအရပ်၌ မှုတ်ထုတ်စွန့်ခွာခဲ့ပြီးလျှင် မြို့လေများကို ရှူရှိုက်စပြုလာလေ၏။ များမကြာမီ မီးရထားသည် ဂူးရှဲဂူးရှဲနှင့် ဘူတာဝင်းထဲသို့ ပြေးဝင်လာလေ၏။ ဦးဖိုးကူးသည် ဆရာတော်ဦးသုမနအား နှုတ်ခွန်းဆက် ကန်တော့ပန်း ဆင်ပြန်လေ၏။ နောက် ပထမတန်းတွဲပေါ်သို့တက်၍ အပေါက်ဝက မတ်တတ်ရပ်လျက် အားလုံးကို နှုတ်ဆက်နေလေ၏။ ခရီးသည် အပေါင်းတို့သည် ဦးဖိုးကူးအား ဂရုပြု၍ ကြည့်ကြလေ၏။ လူအများတို့၏ ဂရုပြုခြင်းကို ခံရသောအခါ အငြိမ့်မင်းသမီးသည် ပွဲကြည့်သူကာလသား ကိုကိုနှင့် နောက်ပိုးသားသည်အဖေများတို့၏ ပိုးပန်းခြင်းကိုခံရရာ၌ ဘဝင်ကြွ၍ သွေးမြောက်မိသလို ဦးဖိုးကူးသည် ဘဝင်ကြွ၍ သွေးမြောက်မိ၏။ 'ငါဟ ယောကျ်ား၊ ဖိုးကူးတဲ့။ ဘ မို ပုံ့ ထိ' ခနဲ ဆို၍ လက်ပန်းပေါက်ခတ်ချင်လေ၏။

'အူ ဂျိတ်' ဟု ရထားထွက်စပြုသောအခါ နိုင်ငံကြီးခေါင်းဆောင် ဒေါက်တာသာကျော်၏ ထုံးကိုနှလုံးပိုက်၍ မတ်တတ်ရပ်ရင်း လက်အုပ်ချီကာ 'အရှင်ဘုရား၊ သွားပါသေးပြီဘုရား။ ဦးတင်ပါသေး ဘုရား' ဟု ပါးစပ်က ရေရွတ်ကာ ဆရာတော်ဦးသုမနကို နှုတ်ဆက်နေလေ၏။

ဆရာတော်ဦးသုမနသည်လည်း 'အင်း တယ်ရိုသေ ဂါရဝတရားရှိတဲ့ သူပဲ။ ငါ့ဒကာကြီးတန်ခိုးတက်ပြီး ကျော်ကြားပါစေ' ဟု ဆုတောင်းလေ၏။ ဦးဖိုးကူးသည် အတန်ကြာမှ တံခါးပိတ်ပြီး ဆိုဖာကုလားထိုင်ကြီးများပေါ်တွင် ထိုင်လိုက်လေ၏။

အခန်းတို့၏ ပြောင်လက်ပုံ၊ တံခါးတို့၏ သပ်ရပ်ပုံ၊ ထိုင်ခုံများ၏ သာယာပုံ၊ ထိုင်ခုံခင်းကတ္တီပါ၏ နူးညံ့ပုံ၊ အောက်မှမွေ့ရာ၏ အိစက်ပုံတို့ကို တွေ့ထိပြီး အရသာခံစားနေလေ၏။ 'ဒါတွေကြောင့်လည်း ပိုက်ဆံပိုပေးရတာကိုး' ဟု အမိပ္ပာယ်ပေါက်နေလေ၏။ နူးညံ့သော ကတ္တီပါကလေးများကို လက်နှင့်ပွတ်၍နေလေ၏။

ရင်းနောက် ပိုးအင်္ကျီရင်ဖုံးကို ချွတ်မည်ကြံသော်လည်း အထက်က တဟူးဟူးလည်နေသော လေနတ်သား အငယ်စားကလေး မောင်ပန်ကာကြောင့် အေးစေးစေးရှိသည်က တစ်ကြောင်း၊ ပိုးရင်ဖုံးအင်္ကျီကို ပန်ကာလေတိုက်သောအခါ မြစ်ရေပြင်တွင် လေချိုကလေးရှပ်၍တိုက်ခတ်လိုက်သောအခါကဲ့သို့ လှိုင်းကလေးတွေထနေသည်မှာ တစ်မျိုးလှပသည်ဟု ထင်မိသည်ကတစ်ကြောင်းကြောင့် မချွတ်ဘဲထားလေ၏။ အခါတိုင်းကဲ့သို့ ရထားပေါ်၌ လုံချည်လဲရန် လုံချည်တစ်ထည်ထုတ်ပြီးမှ တွေဝေငေးမောနေပြန်လေ၏။ 'ဒီ ပိုးအင်္ကျီဝါလဲ့လဲ့ကလေးနဲ့ ဒီဘန်ကောက်ပုဆိုးနဲ့ သိပ်လိုက်တာပဲ။ ဒီလို ပထမတန်းတွဲပေါ်မှာ လုံချည်ညစ်ဖို့လည်း မကြောက်ရဘူး။ ပထမတန်းစီးရင်လည်း ပထမတန်း အဝတ်အစားနဲ့မှ တော်တာပဲလေ' ဟု စဉ်းစားပြီး လဲမည့်လုံချည်ကို ပြန်ခေါက်ထားလေ၏။ နောက် ခေါင်းပေါင်းချွတ်

mgyo e . c o m

မည်ရွယ်ပြီးမှ ပန်ကာကြောင့် တလွှားလွှား တလွင့်လွင့်နေသော ခေါင်းပေါင်းမြိတ်စကလေးသည် အပျိုကလေးဆံမြိတ်စကဲ့သို့ ကြည့်လှနေသည်ဟု အောက်မေ့ အနက်ထင်မိသောကြောင့် ခေါင်းပေါင်းကိုလည်း မချွတ်ဘဲထားလိုက်လေ၏။

## အခန်း ၂
## မင်းတိုင်ပင်အမတ်ကြီး လွှတ်တော်တက်ခန်း

နိုင်ခံ့မြင့်မားသော စက္ကရီတေရီ ရိတ်တိုက်တန်းကြီးများ ဝန်းဝိုင်းလျက်ရှိသဖြင့် ပုကွသေးနံ့သော မြန်မာပြည် လွှတ်တော်အဆောက်အအုံသည် ပိုပု၊ ပိုကွ၊ ပိုသေး၊ ပိုနံ့ သည်ဟု ထင်ရလေသည်။ ဘုတ်အိုင့်အိုင့် အစည်းအဝေးခန်းမသည် ဘုတ်အိုင့်အိုင့် ဧည့်ခန်း၊ ဘုတ် အိုင့်အိုင့်စားပွဲရုံတို့ဖြင့် ဆက်သွယ်နေသဖြင့် လွှတ်တော်တို့၏ ဓမ္မတာမောက်မောက် မားမား ထူထူထောင်ထောင် မဟုတ်တော့ဘဲ အလုပ်ရုံကလေးနှင့်သာ တူနေတော့၏။ ထူထောင်ထားသော လွှတ်တော်အလံသည်လည်း ကြောက်တတ်သော သတ္တဝါကုပ်ကုပ်နေ သလို မလှုပ်မလွင့် ကုပ်ကုပ်ကလေး ရှိနေလေသည်။

သို့သော် ဥပဒေပြုလွှတ်တော်သည် ပိန်နဲ့သီးနှင့်တူစွာ အပြင်ဘက်၌ မခံ့မညားသော် လည်း အတွင်းမှာ အတော်အသင့် သပ်ရပ်ခံ့ညားသည်ဟု ဆိုရပေမည်။ အထက်အမိုးမှ ပန်ကာများသည် အမတ်ကြီးများကိုယ်ကို အေးမြစေသည်။ အသည်းနှလုံး ချမ်းမြေ့စေ သည်။ ခေါင်းပေါင်းစ တလူလူ လွင့်စေသည်။ နေ့ကြောင်တောင် တစ်ခါတစ်ခါ မှောင်နေ သဖြင့် ဓာတ်မီးများ ထွန်းညှိထားလေ့ရှိရာ အခန်းတစ်ခုလုံး ပြောင်လက်၍နေလေသည်။ အမတ်ကြီးများ ထိုင်ခုံမှာလည်း ချိပ်ဆေးအရောင်ဖြင့် တောက်ပြောင်၍နေသည်။ စားပွဲများ သည်လည်း ချောမောသပ်ရပ်ပေသည်။

ဆယ့်တစ်နာရီထိုးလေပြီ။ အမတ်ကြီးတို့ကား လက်ဖက်ရည်ဆိုင် တချို့၊ ပြင်ဘက် တချို့၊ ဧည့်ခန်းတချို့ဖြင့် အစည်းအဝေးခန်းမတွင်းသို့ မရောက်ကြသေးချေ။ ခေါင်းလောင်း ထိုးလိုက်ရလေသည်။ မကြာမီ အစည်းအဝေးခန်းမကြီး ပြည့်လာလေပြီ။ ဥက္ကဋ္ဌ၏ ရှေ့တော် ပြေးသည် ငွေလှံတံကိုထမ်းလျက် ဝင်လာလေပြီ။ ဥက္ကဋ္ဌကြီးလည်း မည်းနက်သော အင်္ကျီ ရှည်ကြီးကို ဝတ်ဆင်လျက် နောက်မှပါလာလေပြီ။ အမတ်အပေါင်းတို့သည် ထ၍ အရိုအသေ ပေးကြရသည်။ ဥက္ကဋ္ဌကြီးသည် စင်ခပ်မြင့်မြင့်ပေါ်တက်၍ ဥက္ကဋ္ဌကုလားထိုင်တွင်ထိုင်မှ အားလုံး သောအမတ်များ ထိုင်ကြရသည်။ ထိုသို့ထ၍ အရိုအသေပြုရသောသူထဲတွင် သစ်တောရေးဝန်ကြီးချုပ်လည်း ပါသည်။ ပညာရေးဝန်ကြီးချုပ်၊ ဘဏ္ဍာရေးဝန်ကြီးချုပ်၊ ဟုမ်းမင်းဘားခေါ်သော အတွင်းဝန်ကြီးတို့ ပါဝင်လေသည်။ ထို့ကြောင့် 'ငါဟာ တကယ့်လူ၊ အဓိပတိကြီးပဲ။ ဒီဝန်ကြီးတွေကပဲ ထပြီး အရိုအသေပြုကြရကား ငါ ငါ ပထမတန်း ငါ' ဟု စဉ်းစား၍ ဥက္ကဋ္ဌကြီး သဘောတွေ့ မနော မွေ့နေမည်လောဟု တွေးတောဖွယ်ရှိလေသည်။

mgyoe.com

များမကြာမီ အမတ်အသီးသီးတို့က မေးခွန်းများမေး၍ ဆိုင်ရာအတွင်းဝန်တွေက ဖြေကြရသည်။ 'မြန်မာပြည်အစိုးရသည် ဘယ်နေရာ ဘာဖြစ်နေသည်ကို သိပါသလား၊ သိလျှင်ဘာကြောင့် လမ်းမှန်ရောက်အောင် မပြုပြင်ပါသလဲ' စသော မေးခွန်းကို ထုတ်လေသည်။ အစိုးရအမတ်များက 'အဲဒါကိုသိပါ၏။ ငွေမရှိသောကြောင့် မပြုပြင်နိုင်သေးပါ။ အဲဒါကို မသိရသေးပါ။ နောင် စုံစမ်းပါအံ့' 'မြန်မာပြည်အစိုးရသည် ခရိုင်ဝန်ကြီးများရာထူးကို မြန်မာများအား ဘာကြောင့် မပေးအပ်ပါသနည်း'။ 'မြန်မာများသည် လုံလောက်သော အရည်အချင်း မရှိသောကြောင့် ဖြစ်ပါသည်' စသော မေးခွန်းနှင့် အဖြေမျိုးကို မေး၍ဖြေကြလေသည်။

ဆာ အေ ဂျေ မောင်ထီး၏ဂိုဏ်းမှ ဦးဖေထွန်းက အဆိုတစ်ခုတင် သွင်းလေသည်။ အဆိုသွင်းမပြီးခင် စကားထွေရာ ပြောလေသည်။ အမတ်မင်းတို့က ကြားညှပ်၍ 'နိုး နိုး' အော်သူအော်၊ 'အိုင်း အိုင်း' အော်သူအော် ဆူညံ၍နေလေသည်။ တစ်ခါတစ်ခါ ဆာ အေ ဂျေ မောင်ထီးသည် 'ဟီးယား ဟီးယား' ဟုအော်ပြီး ရှေ့စားပွဲကို လက်နှင့်ပုတ်ကာ သြဘာပေးလေသည်။ ဦးဖေထွန်းပြီးသောအခါ ဆာ အေ ဂျေ ကိုယ်တိုင် အဆိုကို အကျယ်တဝင့် ရှင်းပြ၍ ထောက်ခံလေသည်။ နောက်သို့ပြောနေခိုက် ပြည်သူ့ဘက်အမတ်တို့သည် တစ်ယောက်ပြီးတစ်ယောက် ဥက္ကဋ္ဌကို မတ်တတ်ရပ်လျက် အရိုအသေပေးပြီး အစည်းအဝေးပြင်ဘက်သို့ ထွက်သွားလေ၏။ အချို့သော အမတ်တို့လည်း တစ်ဦးနှင့်တစ်ဦး စကားစစ်ထိုးနေကြလေသည်။ အချို့လည်း စာရေးခြင်းဖြင့် အလုပ်ပွေနေလေသည်။ နောက်တစ်ကျိပ်နှစ်ဦးအဖွဲ့ဝင် ဗီးကွက်ဦးပေါက လက်သီးလက်ရုံးတန်း၍ အဆိုကို ကန့်ကွက်လေသည်။ ဗီးကွက်ဦးပေါ ပြောနေခိုက် အစိုးရဘက်အမတ်များသည် ဥက္ကဋ္ဌကိုခေါင်းညွှတ်၍ အစည်းအဝေးပြင်ဘက်သို့ ထွက်သွားပြန်လေသည်။ ဘဏ္ဍာရေးဝန်ကြီးလည်း ထွက်သွားလေသည်။ ဟုန်းမင်းဘားလည်း ထွက်သွားပြန်လေသည်။ ဒေါက်တာသာကျော် အဖွဲ့ဝင်ဆော်သြသူ ဦးလှသည် ထပ်မံကန့်ကွက်ပြန်လေသည်။ ဤအဆိုသည် တိုင်းပြည်ကို အကျိုးနစ်နာစေသဖြင့် အကြိမ်ကြိမ် ပြင်းထန်စွာ ကန့်ကွက်ပါကြောင်းဟု အဆုံးသတ်လိုက်သောအခါ ကျန်ရစ်သူ အမတ်အပေါင်းက သောင်းသောင်းဖြဖြ သြဘာပေးကြလေသည်။

မင်းတိုင်ပင်အမတ်ကြီး ဦးဖိုးကူးသည်ကား တစ်ကျိပ်နှစ်ဦးအဖွဲ့ကိုလည်းကောင်း၊ ဒေါက်တာသာကျော်အဖွဲ့ကိုလည်းကောင်း တူးတူးခါးခါး မုန်းထားရှိရှာသူဖြစ်သဖြင့် ဆာ အေ ဂျေအဖွဲ့ကို မကြည်ညိုသည့်တိုင်အောင် ၎င်းတို့အား ကိုးလိုးကန့်လန့် လုပ်ရလျှင် တော်ပြီဟူသောသဘောဖြင့် ဆာ အေ ဂျေ ကို ထောက်ခံလေသည်။ အမတ်ဦးဖိုးကူးကား တိုင်းပြည်အကျိုး ရှိ၊ မရှိ စုံစမ်းဖို့ မရှိ၊ သူ့ရန်သူကို လက်စားချေရ ပြီးရောဟု ဖွတ်ထောက်ခံသူ ဖြစ်လေသည်။

သည်တွင် တစ်ကျိပ်နှစ်ဦးအဖွဲ့ဝင် မိမိကိုယ်ကိုမိမိ ရှေးက ဖိုးရာဇာအမတ်ကြီး၊

mgyee.com

ဦးပေါ်ဦးတို့ကဲ့သို့ ပညာရှိကြီးဟုထင်နေသော ဦးဘစိန်ထပြီး 'ကျွန်တော်တို့မိတ်ဆွေကြီး ဦးဖိုးကူးဟာ လူထူးပဲဗျ။ ဟိုအရင်တစ်နေ့ကတော့ ဆာ အေ ဂျေ ဟာ လူမသမာ၊ လူယုတ်မာကြီးတဲ့။ ခုတော့ စိတ်တစ်မျိုးပြောင်းပြီး ဘယ်နတ်များ ဝင်ပူးနေလို့ ဆာ အေ ဂျေ ကို ကြည်ညိုနေသလဲဆိုတာ မပြောတတ်ပါဘူးဗျာ' ဟု ထေ့တေ့တေ့နှင့် ပြောလိုက်လျှင် ဦးဖိုးကူးက –

'ကျွန်တော် ဘယ်တုံးကများ ဆာ အေ ဂျေဟာ လူယုတ် လူမသမာလို့ ပြောဖူးလို့လဲ။ ခင်ဗျားတို့ တစ်ကျိပ်နှစ်ဦးတွေဟာ သူခိုးက လူပါ အော်တာလို ကိုး' ဟု ဒေါသလွှမ်းစွာဖြင့် မေးလေလျှင် –

'အင်း ဟုတ်မှာပေါ့ဗျာ၊ မေ့နေရောပေါ့။ ဒီတုန်းက ခင်ဗျားက အရက်မူးနေတုန်း ပြောတာကိုး။ မေ့ရောပေါ့လေ။ အသက်ကလည်း ကြီးမှကိုး' ဟု ချေပလိုက်သောအခါ ဥပဒေပြုလွှတ်တော်တစ်ခုလုံး ရယ်မောသံ၊ သြဘာသံတို့ဖြင့် ပွဲတင်သွားလေ၏။ သို့ဖြင့် မဲခွဲကြသောအခါ ဆာ အေ ဂျေ အဆို ရှုံးသွားလေ၏။

နေ့လယ် အနားပေးသောအခါ ဦးဖိုးကူးသည် စားပွဲရုံ၌ ထမင်းစားလေ၏။ တစ်သက်လုံး မကိုင်ဖူးသောဇွန်းခက်ရင်းကို တောက်တက်၊ တောက်တက်နှင့်ကိုင်၍ ပွဲတော်တည်နေလေ၏။ ကြက်ဥ ဟပ်ဖရိုင်ကိုလည်း မှာစားလေ၏။ ထမင်းစားပြီးလျှင် လင်မနစ်နှင့် ချောကလက်များ မှာစားလေသေး၏။ ထမင်းဝရုံ တစ်ခါစားကာမျှနှင့် ငွေတစ်ကျပ်လေးပဲ ကျနေသည်ကို အံ့သြနေလေ၏။ 'အင်း... အမတ်ထမင်း၊ အမတ်ဟင်း၊ အမတ်မုန့်တွေစားရတာ တယ် အဖိုးကြီးသာကိုး။ ဒီလိုပေါ့၊ ချစ်တီးပေါင်းမိမှ ကြွေးတင်တာ မကြောက်ရသလိုပေါ့လေ' ဟု စဉ်းစားနေခိုက် ဆာ အေ ဂျေတို့လူစု ရောက်လာပြီး ဦးဖိုးကူး မဲထည့်ခြင်း၊ ထောက်ပံ့ ကူညီခြင်းအတွက် ကျေးဇူးတင်စကား ပြောနေလေ၏။ မိမိကလည်း နောင်အခါ၊ အခွင့်သင့်သောအခါ ဦးဖိုးကူးအား ကူညီပါမည်ဟု ကတိထားလေ၏။ ဦးဖိုးကူးလည်း ဆာ အေ ဂျေလို ဆာဘွဲ့ရ ဝတ်လုံတော်ရကြီးက ကျေးဇူးတင်ခြင်းခံရသောအခါ ဆာ အေ ဂျေအား နောက်နောင်လည်း ကူညီရန် သဘောပေါက်လာလေ၏။

ဒေါက်တာသာကျော် ရောက်လာလေ၏။ ဒေါက်တာသာကျော်သည် မိမိဖေးဘရိတ် မြင်းကြီး ပန်းတိုင်ပထမဦးဆုံးဝင်ခါနီး ပြုံးသကဲ့သို့ပြုံးပြီး –

"ဟလို၊ သူဌေးမင်း ဦးဖိုးကူးပါကလား။ ကျွန်တော့် ထမင်းမကျွေးတော့ဘူးလား သူဌေးမင်းရဲ့" ဟု အရောတဝင် နှုတ်ဆက်လေ၏။

"အို...ကြွပါဗျာ၊ ကြွပါ။ သုံးဆောင်ပါ ဝတ်လုံတော်ရမင်း။ ဟေ့... ဘွိုင်၊ အောင်း" ဟု အမိန့်ပေးလိုက်လေ၏။ ဒေါက်တာသာကျော်သည် ဦးဖိုးကူး၏ ညာဘက်က ထိုင်ခုံတွင် ထိုင်ပြီး "ကျွန်တော် ထမင်းစားပြီးခဲ့ပါပြီ။ လင်မနစ် တစ်ခွက်လောက်သာ" ဟု ပြောလေသည်။ နောက် ငွေစီးကရက်ဘူးမှ စီးကရက်တစ်လိပ်ထုတ်သောက်ပြီး ဦးဖိုးကူးအား စီးကရက်

mgyoe.com

mgyoe.com
SAMPLE BOOK

တည်လေ၏။

"ဘယ့်နှယ် သူဌေးမင်း၊ ရန်ကုန် ဘယ်မှာတည်းသလဲ။ ကျွန်တော့် အိမ်မှာမတည်းဘဲ ကိုး" ဟု ဖော်ဖော်ရွေရွေပြောသည်တွင်

'အင်း...တယ်ဟန်တဲ့ငါပဲကိုး။ ဒေါက်တာဆိုတာ အင်္ဂလိပ်ပညာဘွဲ့ထူးရပုဂ္ဂိုလ်တွေ၊ ဝတ်လုံတွေကလည်းပဲ ဖူးဖူးမှုတ်ပြီးနေကြ၊ အရှိအသေပြုနေ ကြရပါကလား။ ခုဆို သူတို့နဲ့ ပခုံးချင်းယှဉ်ပြီး စားသောက်နေကြရ၊ ငါရှေးရှေးတုန်းက ဖိုးကူးနဲ့ တယ်ကွာပါကလား' စသဖြင့် စဉ်းစားရင်း –

"ကိစ္စမရှိပါဘူး ဝတ်လုံတော်ရမင်းရယ်။ ကျွန်တော့်မှာ ဆွေမျိုးများရှိလို့ သူတို့အိမ်မှာပဲ တည်းနေရပါတယ်" ဟု ထပ်ပြောပြန်၏။

'ဟီး၊ ဒေါက်တာသာကျော်ဟာ သူများပြောသလို မရိုင်းပါဘူး။ သဘောကောင်းရှာသားပဲ။ ငါက သူ့ရန်သူထင်ပြီး နေရာတကာ ကိုးလိုးကန့်လန့် လုပ်ခဲ့တယ်။ ဒါတွေ သူအပြစ်မယူတဲ့အပြင် ခုတော့ ငါ့ကိုပဲ မိတ်ဖွဲ့နေပါကလား။ မွန်မြတ်တဲ့၊ သူတော်ကောင်းစိတ်ရှိတဲ့ လူတွေပဲ။ အကျင့်စာရိတ္တဆိုတာ လူရုပ်လိုက်တာထင်ပါရဲ့။ ရုပ်ကလေးကလည်း ချောရန်ကော။ ပေါင်ဒါကလည်း ရိုက်ထားတော့ ပြုံးတာများ မိန်းကလေးထက်တောင် ကြည့်ကောင်းသေးတယ်နော်။ အင်း...ခေါင်းပေါင်းကလေးကလည်း တစ်မျိုးပဲ။ ခေါင်းအမြီး ဖြန့်သလို တကားကား လွင့်ပြီးနေတာပဲ။ တောင်ရှည်ပုဆိုးနဲ့ အပေါ်အင်္ကျီနဲ့ ရွှေနဲ့မြ၊ နေနဲ့လလို တယ်လိုက်လည်း ပန့်ရဆတယ်။ အတွင်းချော၊ အပြင်ချော ခေါင်းဆောင်ပဲထင်ပါရဲ့' ဟု တွေးတောရင်း ဒေါက်တာသာကျော်အား မုန်းစိတ်တွေပျောက်၍ ချစ်စိတ်တွေသွင်းနေလေ၏။

"သူဌေးမင်းတို့နယ်မှာ အေးအေးချမ်းချမ်းပဲလား"

စီးကရက်ကို ပြင်းပြင်းဖွာပြီး မီးခိုးများကို မျက်နှာမော့၍ထုတ်ရင်း မေး၏။

"အေးအေးချမ်းချမ်းပါပဲဗျာ။ ရောဂါဘယလည်း ကင်းပါရဲ့"

"အသီးအနှံများကော ကောင်းပါရဲ့လား။ အို...ဒါထက် သူဌေးမင်းတို့နယ်မှာ တန်ခိုးကြီးဘုရားများ ရှိရဲ့လား။ ကျွန်တော် ဘုရားဖူးလာချင်တယ်"

"ရှိပါတယ်ဗျာ။ ဘုရားဖူးလာရင် ကျွန်တော့်သာ အကြောင်းကြားလိုက်ပါ။ ကျွန်တော့် အိမ်မှာပဲ တည်းတာပေါ့"

"ကျေးရွာအထူးတင်လှပါပြီဗျာ။ တကယ်ပဲ အားကိုးရမှာလား"

"ဘယ်နေရာမျိုးမဆို အားကိုးတာပေါ့"

"ဟား ဟား" ရယ်ပြီး (လက်ညှိုးကလေးကို ထောင်၍ ထောင်ပြရင်း) "တကယ် ပြောတာလား သူဌေးမင်း။ ယုံရမှာလား"

"ဩော်...ဝတ်လုံတော်မင်းနှယ်၊ ကျွန်တော်တို့ တောအမတ်တွေ မလိမ်တတ်ပါဘူး"

mgyoe.com

"ကဲ…ဒါဖြင့် ကျွန်တော်အားကိုးရတဲ့အမတ်ကြီး ဖြစ်မယ်ဆိုပါတော့" စသည်ဖြင့် စကားသွယ်၊ စကားနွယ်၊ စကားဆွယ်၍ ကြွယ်ကြွယ်ကလေး ဆက်ပြောသည်တွင် ဦးဖိုးကူး သည် ဒေါက်တာသာကျော်အဖွဲ့ဝင်အမတ် ဖြစ်သွားလေသတည်း။

## အခန်း ၃
## အမတ်ကြီး ရန်ကုန်မြို့အရသာကို ရှာဖွေခြင်း

အမတ်ကြီးဦးဖိုးကူးသည် ထမင်းစားပြီးသောအခါ ပက်လက်ကုလားထိုင်တွင် ထိုင် နေစဉ် မောင်ဘတင် ရောက်လာလေ၏။ မောင်ဘတင်သည် ရန်ကုန်ကြမ်းပိုးဖြစ်၍ ရှေးအခါက ဟိုတယ်များတွင် မန်နေဂျာအဖြစ်ဖြင့်လည်းကောင်း၊ မိန်းမထိန်းအဖြစ်ဖြင့်လည်းကောင်း ဆောင် ရွက်ခဲ့ဖူးသူဖြစ်လေသည်။ ၎င်းသည် မင်းတိုင်ပင်အမတ်များ မြို့သို့လာလျှင် မြို့ရည်လည်အောင် သင်ပြရသော ကထိကတစ်ယောက် ဖြစ်လေသည်။ အခြားသော မင်းတိုင်ပင်တစ်ဦးက မိတ်ဆက်ပေးသဖြင့် မောင်ဘတင်နှင့် ဦးဖိုးကူးသည် အသိအကျွမ်းများ ဖြစ်လာကြလေသည်။

ဦးဖိုးကူးအနီးသို့ရောက်လျှင်

"အမတ်မင်း ပျင်းသလားခင်ဗျာ" ဟု မေးလေ၏။

"အေးကွယ်၊ ထမင်းစားပြီး ပျင်းပျင်းရှိတာနဲ့ ထိုင်နေတယ်။ ဘုရားလည်း ခဏခဏ ရောက်တာနဲ့ ခုတော့ ပျင်းလာပါပြီကွယ်။ ရန်ကုန်ဆိုတာ ပျော်ဖို့ကောင်းတယ်ဆိုပေမဲ့ ဦးတို့တော့ ပျင်းတာပဲ"

"ဒါကတော့ ရန်ကုန်အကြောင်း သိတဲ့လူများဆိုရင် ပျော်စရာတွေ တွေ့ရတာပေါ့။ ရန်ကုန်ဆိုတာ ဘယ်လိုပါလိမ့်ဆိုတာ မသိသူတွေကတော့ ရန်ကုန် မှာ မပျော်ဘဲ အိမ်က အမတ်ကတော်ကြီး လွမ်းနေရတာပေါ့"ဟု ပြောပြီး အနီးကထိုင်ခုံပေါ်တွင် ထိုင်နေလေ၏။

"အေးကွယ့်၊ ဦးတို့တော့ အတယ်ဆိုဆို၊ နတယ်ဆိုဆို အိမ်ကိုသာ လွမ်းလွမ်းနေတော့ တာပဲ။ ဘယ်လိုဘယ်ပုံ ရန်ကုန်မှာ ပျော်ပျော်နေရမယ်ဆိုတာကို နားမလည်ဘူးကွယ်"

"မသိမေး မစင်ဆေးတဲ့၊ မေးပါများ စကားရသတဲ့၊ အမတ်မင်းလည်း အသိသားနဲ့။ သိတဲ့လူ၊ နားလည်တဲ့လူကိုမေးရင် ပါဠိကြည့်အနက်မထင်တော့ နိသျှရှာသလို ထင်းခနဲသွား မှာပေါ့"

"အေး…ဟုတ်ပါရဲ့၊ မေးဖို့က ရှက်တက်တက်ဖြစ်နေလို့ ငါ့တူတော့ လူယုံမို့မေးရဦး မယ်။ ပျော်ဖို့စနစ်ကလေးများ ပြောပါဦးလေ"

"ပြောတော့ လွမ်းရုံပဲရှိမယ်။ အပြောနဲ့မလွမ်းဘဲ အတွေ့နဲ့လွမ်းရအောင်။ ကဲ… ကျွန်တော်တို့ မြို့ထဲလှည့်ပြီး မော်တော်ကားစီးကြမယ်" ဟု ပြောပြီး "ကဲပါ…အမတ်မင်းရယ်၊ ရှက်စရာမရှိပါဘူး" ဟု ခေါ်လေ၏။

မကြာမီ အိမ်ပေါက်သို့ ပရိုက်ဗိတ် တက္ကစီကလေးတစ်ခု ဆိုက်လာလေ၏။ ဘတင်က

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ကနေပြီး အမတ်ကြီးအားခေါ်လေလျှင် အမတ်ကြီးသည် ရန်ကုန်လာခဲ့စဉ်က ရထားပေါ်၌ မချွတ်ရက်မလဲရက်သော ပိုးအင်္ကျီ၊ ဘန်ကောက်ပုဆိုးကို ဝတ်ဆင်၍ဆင်းခဲ့လေ၏။ ကားအနီးသို့ရောက်သောအခါ မောင်ဘတင်အား –

"ဒီ ကားငှားခက ဘယ်လောက်ပေးရမှာလဲကွယ့်" ဟု မေးမှ ဘတင်က –

"အောင်မယ်လေး စီးသာစီးပါ၊ ကားခ အရေးမကြီးပါဘူး။ နောက်ကြည့်ပေးပေါ့။ ကိုင်း ကိုင်း...တက် တက်" ဟုပြောပြီး တံခါးဖွင့်ပေးလေ၏။

အမတ်ကြီးဦးဖိုးကူးသည် ကားပေါ်၌ အခန့်သားထိုင်ပြီး 'ငါ ပျော်ရတော့မည်' ဟု တွေးရင်း ရင်ခုန်နေသည်ကို သတိပြုလေ၏။ မီးတထိန်ထိန်၊ ဓာတ်ရထားသံက တညံညံ၊ မော်တော်ကားသံက တကွိကွိဖြင့် ဆူပွက်နေသော လမ်းများပေါ်တွင် မော်တော်ကားကလေးသည် မနှေးလွန်း မမြန်လွန်း မှန်မှန်ကလေး သွားနေလေ၏။

မကြာမီ လမ်းကြားတစ်ခုထဲသို့ ထိုးဝင်ပြီး ဘတင်က "ကဲ...အမတ်ကြီး တိုက်ပေါ် ခဏတက်ပါဦး" ဟု ပြော၏။

"ဘာလုပ်လဲကွ"

"ကဲဗျာ၊ ကိစ္စ အပေါ်ကျတော့ သိရောပေါ့။ တက်သာတက်ပါ" ဟု ပြောမှ ဖားသံကြားရာ၌ ရေရှိသည်အထင်နှင့် နားစွင့်၍သွားမိသော ဆင်ကန်းကြီးလို ဘတင်ပြောရာ၌ ပျော်စရာရှိသည်ဟုယုံကြည်ကာ ဘတင်နောက်မှ လိုက်သွားလေ၏။ အထက်ထပ်သို့ရောက်သောအခါ ဦးဖိုးကူးအား ကုလားထိုင်တစ်လုံး ပေါ်တွင်ထိုင်စေ၍ ဘတင်သည် ဗိုလ်ကေစုတ်ဖွားနှင့် ခပ်ဝဝလူတစ်ယောက်နှင့် စကားပြောနေလေ၏။ ဦးဖိုးကူး၏မျက်လုံးများက နံရံတွင် ချိတ်ထားသော မိန်းမပုံများတွင် ကျက်စားနေလေ၏။ မကြာမီ သနပ်ခါးထူထူလိမ်း၍၊ နှုတ်ခမ်းနှင့်ပါးကို ဆေးနီဆိုး၍ ဆံမြိတ်ဖားဖား၊ ဆံထုံးကားကားနှင့် မိန်းမတစ်ယောက်သည် ကာလပေါ် ချစ်ရေစင်လုံချည်ကို ဝတ်ဆင်လျက် ဦးဖိုးကူးရှေ့၌ ထိုင်လာလေ၏။ အသက်မှာ နှစ်ဆယ့်ငါးနှစ်ခန့်မျှ ရှိပေဦးမည်။ နောက် ပိုးတွန့်ပြောင် အစိမ်းလုံချည်နှင့် အင်္ကျီပါးပါး၊ ဇာနားမြိုင်မြိုင်ကို ဝတ်ဆင်လျက် ဝဝတုတ်တုတ် ဖြူဖြူမိန်းမတစ်ယောက်သည်လည်း ဦးဖိုးကူး ၏ရှေ့တွင် ထိုင်လာပြန်၏။ ဦးဖိုးကူးသည် ထိုမိန်းမကို စိုက်၍ကြည့်ပြီး 'အိုး၊ သာလည်း အနိပ်သားကပဲ။ တုပ်တုပ်စက်စက်ကြီး' ဟု သက်ပြင်းချလေ၏။ ထိုမှတစ်ပါး ဆံပင်ကို ဖားလျားထားလျက် တလွင့်လွင့် တထောင်ထောင်နေသော ဖဲပွင့်ကို တပ်ထိုးထားသော ရယ်တာပေါ့ လုံချည်ကလေးကို ဝတ်ဆင်ထားသူကလေးသည်လည်း ရှေ့တော်သို့ရောက်လာ ပြန်လေ၏။ ထိုသူငယ်မကလေး အသက်မှာ ဆယ့်ရှစ်နှစ်မျှ ရှိပေဦးမည်။ ဦးဖိုးကူးသည် အံ့ဩသောအမူအရာဖြင့် စေ့စေ့စွာကြည့်ပြီး၊ 'အင်း...တယ်ချော၊ တယ်လှ၊ တယ်နိပ်ပါကလား။ ပါးအို့ကလေးတွေကလည်း မို့မို့၊ အသွေးနီစို့စို့၊ နှာတံ ကလေးကသွယ်သွယ်၊ မျက်တောင် ကလေးက ကော့ကော့။ ကြည့်ပ၊ ပါးစပ် ကလေးကလည်း ရေးထားသလို၊ ကိုယ်ပေါက်

mgyoe.com

ကလေးက ယဉ်ယဉ်၊ ခါးအင်က ပြည့်ပြည့်၊ တင်နေက ဖောင်းဖောင်း၊ အကောင်းတကာ့ အဆီခဲ ရွှဲလို့သာစိုဆိုသာလိုပဲ' ဟု တွေးရင်း တံတွေးမျိုနေလေ၏။

ဘတင်က 'ကဲ...အမတ်ကြီး၊ ဘယ်သင်းကြိုက်သလဲ။ ပန်းကုံးစွပ်ချင်ရာ စွပ်ပေတော့။ အပျိုတွေ စုံညီညာ ခေါင်းခေါက်လို့သာ ယူပေတော့' ဟု စပ်ဖြီးဖြီးပြောသည်တွင် မိန်းမတွေထဲမှ ကြိုက်ရာကို ခေါင်းခေါက်၍ယူရမည် ဖြစ်သဖြင့် 'ငါဟာ ရှေးမင်းသားများလို ဖြစ်နေပါပေါ့လား' ဟု မိမိကို ရှေးမင်းသားများနှင့် နှိုင်းဖက်မိလေ၏။

"ကွယ်...ဟိုတက်က ကြီးကြီးတွေတော့ တို့ဘယ်မှာမဆို တွေ့နိုင်သားပဲ။ မြေးအရွယ် ဟောဒီက ဖဲပွင့်ထိုးကလေးမှ နွားအိုမြက်နုကြိုက်ဆိုတာနဲ့ ညီမှာပေါ့။ ဟဲ ဟဲ...သူငယ်မလာစမ်း။ မြေးအရွယ် အဆွယ်အရံတွေနဲ့ သူငယ်ပြန်ကာ တူတံ့ပုပ်နှန်းကြရအောင်' ဟု အာဝဇ္ဇန်းဉာဏ်အပွေသားနှင့် လေထွား၍နေလေ၏။

'ဟင့်အင်း၊ လူကြီးကလည်း ကြောက်စရာကြီး' ဟု ချွဲ၍ ခေါင်းငုံ့ကာ ထားပြီးပေါ်နေသော ခြေဖျားများကို ထဘီနှင့်ဆွဲဖုံးရင်း ပြုးစစနှင့် ပြောလေ၏။ အမတ်ကြီး ဆရာကူးလည်း တဏှာရူးဖြစ်သွားလေပြီ။

"ဟဲ့...လာလေ၊ နာမည်က ဘယ်လိုခေါ်သလဲ"

"လူစီခင်ခင်တဲ့ဗျား" ဟု ဘတင်က ပြောလေ၏။

"အောင်မယ်၊ ကပြားမလေးပေါ့။ ကပြားမနဲ့ ငါ ညားရမကွယ့်" ဟု ဥပဒေပြုအစည်းအဝေးတွင် ထစ်အအနှင့် ပြောနေကျအမတ်ကြီးသည် နဘေထပ်နှင့် ကျေနပ်စွာပြောနေလေ၏။

"လူစီခင်ခင်ရေ၊ သွားကြစို့ကွယ်" ဟုခေါ်ပြီး ကားပေါ်သို့ တက်ကြလေ၏။ ကားသည်လည်း ဖြည်းညင်းစွာ မောင်းသွားလေသည်။ ကားပေါ်၌ ထိုင်မိ၍ အသားကျူလျှင်ကျချင်း အမတ်ကြီးသည် လူစီခင်ခင်အား အတင်းဖက်ထားပြီး 'လူစီ လူစီ လူစီ' ဟု မြည်တမ်းနေလေ၏။ ပွေ့ရင်း မွှေးရင်း အပျော်ကြီးပျော်နေလေ၏။ လေပြည်ကလေးက တဟူးဟူး၊ ရင်ကို တိုးဖွေ့တိုက်လိုက်၊ လူစီခင်ခင်ထံမှ သနပ်ခါးနံ့ သင်းကြူကြူကလေးက နှာဝသို့ တိုးဝင်လိုက်၊ လူစီခင်ခင်က 'ဟင့်အင်း၊ ဟင့်အင်း' ဟု မူလိုက်၊ မော်တော်ကားထိုင်ခုံက အိပက်အိပက်နှင့် စည်းစိမ်တစ်မျိုးကို တိုးတက်စေလိုက်သဖြင့် ဦးဖိုးကူးသည် လူ့လောကကြီးကို မေ့သလိုလို ဖြစ်လာလေ၏။ လက်ကလည်း ထူးမြတ်သော ထိတွေ့ခြင်းကို ခံစားနေရသဖြင့် အပျော်တကာတွင် ဘယ်အပျော်နှင့်မျှမတူအောင် အပျော်ကြူးနေလေ၏။ 'အမေရေ၊ အိုအမေ။ ခင်ဗျားသားကြီး ဖိုးကူးကို ကြည့်လှည့်ပါဦးဗျာ' ဟု အောက်မေ့နေလေ၏။ လမ်းနံဘေးရှိ တိုက်တာများ၊ သစ်ပင်များ၊ အားလုံးသောအရာများကို မမြင်ရတော့ဘဲ လူစီခင်ခင်ကိုသာ ကွက်ကွက်ကွင်းကွင်း မြင်ရလေသတည်း။

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ၄
## လူစီခင်ခင်အား ချစ်လာခန်း

ရန်ကုန်မြို့ကြီးသည် ဆောင်းဘက်မှ ခြေတစ်လှမ်းခွာ၍ နွေဘက်သို့ ခြေတစ်လှမ်း ဝင်ခါစဖြစ်သောကြောင့် မပူလွန်းမအေးလွန်း။ ကောင်းကင်ကြီးသည်လည်း စိန်မြ ပတ္တမြား တို့ဖြင့် သီကုံးထားသော ကတ္တီပါပြာကြီးကဲ့သို့ လမင်းကြယ်တာရာတို့ဖြင့် လှပတင့်တယ်နေ လေသည်။ အမတ်ကြီးဦးဖိုးကူးတို့ ကားကလေးသည် ငွေရည်ပက်ဖျန်းထားသော လမ်း ကလေးပေါ်တွင် ပြေးနေသည်မှာ ကြည့်၍သာယာလှသည်။ ကန်တော်ကြီးတစ်ပတ်ပတ်ပြီး နောက် ည ၁၀ နာရီခွဲလောက်ရှိသောအခါ သိမ်နီဟိုတယ်ထဲသို့ ကားထိုးဝင်သွားသည်။ ဗွီခနဲ ဟွန်းပေးလိုက်လျှင် လူတစ်ယောက်ထွက်လာသဖြင့် ဘတင်က "အခန်းရှိသေးသလား" ဟု မေး၏။

"ဆောရီးဗျာ၊ အခန်းမအားဘူး။ တော်တော်နေမှ အားမှာပဲ" ဟု ဝမ်းနည်းစွာနှင့် ထိုလူက ဖြေလိုက်လေ၏။

'နဲဗားမိုင်း' ဟု ရေရွတ်ကာ ကားကိုလှည့်မောင်းပြီး အတန်ကြာလျှင် ပလေးဟိုတယ် သို့ ရောက်ခဲ့လေ၏။ ဦးဖိုးကူးက –

"ဒီမှာလည်း အခန်းမအားရင် ခက်တာပဲ။ ရန်ကုန်တယ်ပေါတာပဲ နော်။ ဟိုတယ် တွေ အခန်းပြည့်ချည်းပဲ" ဟု မှတ်တမ်းတင်လိုက်၏။

"ဘာခက်ရမလဲ။ ဒို့ပြင်နေရာတွေ ပြည့်နေတာပဲ" ဟု ဘတင်ကပြောလျှင် ကား သမားက 'ယုတ်စွအဆုံးဗျာ၊ အင်းလျားကန်စောင်းပေါ့' ဟု နောက်လိုက်လေ၏။ သို့သော် ကံအားလျော်စွာ အခန်းတစ်ခုရရှိလေ၏။

ဘတင်နှင့် ကားသမားတို့သည် ပြင်ဘက်ဧည့်ခန်းတွင် နေခဲ့ကြ၍ ဘီယာ၊ ခေါက်ဆွဲ၊ ဝက်သားသုပ်တို့ဖြင့် စားပွဲထိုင်ကြလေ၏။ ဘတင်၏ သွန်သင်ချက်အရ ဦးဖိုးကူးသည် လူစီခင်ခင်ကို အခန်းထဲခေါ်သွားပြီး

'ပုစွန်ဆိတ်ဆိတ်၊ ခင်ခင်လာ တံခါးပိတ်၊ ဂျိတ်' ဟုဆိုကာ တံခါးကို ပိတ်လိုက်လေ၏။ လူစီသည် ခုတင်ပေါ်တွင် တင်ပါးလွှဲထိုင်ကာ ခြင်ထောင်ကိုဆွဲ၍ လက်ဆော့နေလေ၏။ ဦးဖိုးကူးသည် တော်သလင်းလ၌ လက်ဖြူဆိုသော ခွေးကြီးသည် နီမအနီးသို့ကပ်သော အခါ အမြီးနန့်သလို စပ်ဖြီးဖြီးကြီးလုပ်၍ တံတွေးမျိုပြီးမှ "ဟဲ ဟဲ လူစီခင်ခင်ရဲ့၊ သီချင်း ကလေးများမရဘူးလား" ဟု မေးလေ၏။

"အို...ဘဘကြီးရဲ့ မရပါဘူး" ဆိုပြီး ခေါင်းယမ်းနေလေ၏။

"အို...ဘဘကြီးခေါ်မယ့်အစားလေ ခွေးဝဲစား သေခါနီးကြီးရဲ့လို့ ခေါ်ပါတော့လား။ သလိုခေါ်ပါနဲ့ ခင်ခင်ရယ်၊ ကိုကိုလို့ ခေါ်စမ်းပါ" ဟု ပြောသည်တွင် လူစီက ပြုံးပြီး –

"အမယ်...ခေါ်နိုင်ပေါင်ရှင်။ ခေါ်တော့ ဘာပေးမှာလဲ" ဟု မေးလေ၏။

mgyoe.com

"ဒါပေးမှာပေါ့" ဟု ပြောပြောဆိုဆို အနီးသို့တိုး၍ လူစီကို ဖက်လိုက်သည်တွင် ပေါင်တွင်းကြောလိမ်ကာ

"ကိုကို၊ ကိုကိုလို့ ခေါ်ရမှာလား"

"အိုင်း…၊ ကိုကိုလို့ခေါ်ကွယ်။ ကဲပါ…တေးချင်းများ တစ်ပုဒ်လောက် ဆိုပြစမ်းပါဦး"

"အို…ကြံကြံစည်စည် ရှက်ပါတယ်၊ ဆိုတတ်ပေါင်။ ခင့်ကို ကိုကိုက အဆိုသမ မှတ်လို့လား" ဟု လူစီက ဆယ့်သုံးနှစ်သမီးကလေး၊ အပျိုစစ်စစ်ကလေး ရှက်ပုံမှု၍ ပြောသည်ကိုပင် တကယ်ထင်သော ဦးဖိုးကူးသည် 'အင်မတန်ချစ်ဖို့ကောင်းပါကလား။ တယ်သနားဖို့ကောင်းပါကလားနော်။ တေးချင်းဆိုရမှာကိုပဲ ရှက်တယ်ဆိုတော့ ဘတင် ပြောတဲ့အတိုင်းပဲ အသစ်ဆိုတာ ဟုတ်ရှာမှာပဲ' ဟု တွေးနေလေ၏။

"အိုင်း အိုင်း ဒါဖြင့် ကိုကိုကပဲ ဆိုပြရတာပေါ့"

"ကလေးလို ဘူတုံးဟော့လို့၊ မြူပြုံး၍နေစဉ်၊ ယူကျုံးလို့ ပွေ့ချင်တယ်၊ ငွေ့ရွှေရင် လှုံလို့။ နပါးတော် မွေးအဆီကို၊ သွေးနီအောင် နမ်းချင်ရဲ့ကို။ ရွှေရင်လှပ်ပြီ့ တပြီကို၊ မို့တမို ပိုခိုမို့။ သီကရီ အိုမပို့ပါနဲ့၊ ညှိုတိုတိုမျက်နှာ၊ သေသတ်တာ အိုမဟုတ်ပါဘူး၊ အို ဆုတ်ဆုတ် ဘာပြုဆိုလာ၊ လိမ့်ကော့လို့ ရွံ့တဲ့ခါငယ်၊ တုံ့လှဲ့ကာ ကိုယ်မရုန်းပါနဲ့၊ စံပယ်ကုံး မုန်းဘူးနော်၊ ဖုန်းနဲ့ပျော့ပျော့။ ယနေ့ဖြင့် အချက်ပေါ်ပြီ၊ အို ရှက်တော်မူစမ်းပါနဲ့ လေး။ ။ တဒူနဲ့တဲ့၊ တူနက်တယ်တယ်၊ တူတဲ့တယ် တဒူတဲ့တယ်တဲ့။ တဒူနဲ့ တဲ့တဲ့ တဲ့တိမ်း' ဟူသော တေးထပ်ကို နွေးရာသီ နေပူကြီး ခိုညည်းသောအသံမျိုးဖြင့် ချွဲငင်ကာ ဆိုပြလေ၏။

နောက် မိနစ် ၂၀ မျှကြာလေသော် ဦးဖိုးကူးသည် စကားပြောဖို့ သတိရပြီး –

"ကို့ကို့ကို ချစ်တဲ့လား လူစီခင်ခင်ရဲ့" ဟု အသည်းနှလုံးထဲမှ ထွက်လာသော လေသံဖြင့် မေးလေ၏။

"ချစ်တာပေါ့" ဟု ကြာကြည့်ကြည့်ပြီး ပြန်ပြောလေ၏။

"ဟားဟား၊ ဘယ်လောက်များချစ်သလဲ ခင်ခင်ရဲ့"

"အို ပြောမပြနိုင်အောင် ချစ်တာပေါ့" ဟု ပြောရင်း ဦးဖိုးကူး၏ နှုတ်ခမ်းမွေးကလေး ကို လက်နှင့်ဆွဲလိမ်နေလေ၏။

"လူစီ ဒီလိုဖြစ်တာ ဘယ်လောက်ကြာပြီလဲ"

"အို…ဘာကြာသေးသလဲ။ ဟိုဒင်းလေ၊ ဟို မတ်လဆန်းစကမှပေါ့။ လူတိုင်းနဲ့လည်း မလိုက်ပါဘူး။ ကိုကိုတို့လို အမတ်ကြီးတို့၊ အရေးပိုင်တို့၊ ဝတ်လုံတို့နဲ့မှ လိုက်တာပဲ။ ကောလိပ်ကျောင်းသားတွေတောင် မလိုက်ဘူး။ ကောလိပ်ကျောင်းသားတွေက လူဆန်း လူရမ်းတွေ"

"သြော်…တွေ့ကရာ မလိုက်ဘဲကိုး။ ဒါကြောင့်ထင်ပါရဲ့၊ အင်း" ဟု ဝါကျအဆုံး

mgyoe.com

mgyoe.com
SAMPLE BOOK

မသတ်ဘဲ "တွေ့ခဲ့တဲ့အထဲ ကိုကို့ကို အချစ်ဆုံးမဟုတ်လား" ဟု မေးပြန်လေ၏။

ဟ'ဟုတ်တာပေါ့ ကိုကို"

'ချစ်ရင်' ဟုဆိုပြီး ဦးဖိုးကူးက ပါးပုတ်ပြလေ၏။ ပါးနပ်သော လူစီသည် 'ကဲ ကဲ' ဟုဆိုပြီး ဘကြီးကူးအလို ဖြည့်လိုက်လေ၏။

နောက်တစ်နာရီခန့်ကြာသော် လူစီသည် အရက်သောက်သဖြင့် မူးနေလေ၏။ ဦးဖိုးကူးသည်လည်း အနည်းငယ်လောက်သာ သောက်သဖြင့် ပျော်ရုံကလေးသာ ရှိလေ၏။

"လူစီခင်ခင်၊ ဘာလို့ ဒီအလုပ်မျိုးလုပ်တာလဲ။ ရုပ်ကလေးက ချောပါဘိသနဲ့။ ယောကျ်ားတစ်ယောက် ကောင်းကောင်းရနိုင်သားနဲ့"

"ကိုကို့ကြိုက်လို့ လုပ်တာပေါ့"

"ကိုကို့ကြိုက်ရင် တောပြန်တော့ လိုက်ခဲ့ပါလား"

"တကယ်ခေါ်မှာလား ကိုကို"

"နှစ်ကယ်ပါ ခင်ဗျ"

"အို...အိမ်က အမတ်ကတော်က ရိုက်ထုတ်မှာပေါ့။ ရိုက်မထုတ်လည်း သိပ်နှိပ်စက်မှာပေါ့။ ကြောက်ပါတယ် ကိုကိုရယ်"

"အို...အိမ်ကဟာကြီးက ကိုကို ကြိုးဆွဲသလို ခံနေရတာပါ။ ကိုကိုက သေဆိုသေ၊ ရှင်ဆိုရှင်ပါဗျ"

"အဟုတ်နော်၊ ဒါဖြင့် ခင်ခင်လိုက်ခဲ့မယ်။ ခင်ခင်နေတဲ့အိမ်က ခင်ခင့်ကို သိပ်နှိပ်စက်တာပဲ"

"ဘယ်လိုနှိပ်စက်သလဲပြောစမ်း၊ မင်း တိုင်ပင်အစည်းအဝေးမှာ မေးခွန်းထုတ်လိုက်မယ်"

"အို...သိပ်ခိုင်းတာပဲ၊ ခင်ခင် လိုက်ချင်ပြီ"

"လိုက်သာ လိုက်ခဲ့ပါကွယ်"

"ဘုရားစူး"

"ဘုရားအဆူဆူ စူးပါစေရဲ့"

"ရှင့် မိုးကြိုးပစ်"

"ပစ်ချစေဗျ"

"ကဲ၊ ဒါဖြင့်" ဟုဆိုပြီး ဦးဖိုးကူး၏ လည်ပင်းကို အတင်းဖက်ထားလေ၏။

သို့ဖြင့် နံနက်လင်းမှ ပလေးဟိုတယ်မှ ပြန်ခဲ့ကြပြီး လူစီခင်ခင်ကို ပြန်ပို့ရလေ၏။ ကားမှဆင်းခါနီးတွင် လူစီခင်ခင်က –

"ကိုကို၊ ဒါကော" ဟု လက်ကွင်းပြမှ

"ဩော် ဟုတ်သားကလား" ဟု အမှတ်ရပြီး ညစ်ပေသော လက်ကိုင်ပဝါနှင့် ထုပ်ထားအပ်သော ငွေပြားရေ တစ်ဆယ့်ငါးတိတိကို ထုတ်ပေးလိုက်လေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

လူစီက "ခင်ခင်လေ၊ ပင်မင်းအပ်ထားတာရွေးချင်လို့ ငါးမူးလောက်ပေးပါဦး" ဟု လက်ဝါးဖြန့်ပြန်သောကြောင့် ငါးမူးပေးလိုက်ရပြန်သေး၏။

## အခန်း ၅
## အမတ်ကြီး လူစီခင်ခင်ကို ခိုးပြေးခြင်း

အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်ဆိုသော စကားသည် ဦးဖိုးကူးအတွက် အလွန်မှန်နေလေ၏။ အစသော် စိတ်လက်ပျော်ရွှင်အောင် လူစီခင်ခင်ကိုခေါ်၍ ကားစီးခြင်းဖြစ်၏။ ဒုတိယအဆင့်မှာမူ 'တွေ့တုန်းပဲ နောက်မေ့မှာပေါ့' ဟု သဘောထားပြီး 'ခင်ခင့်ကို ခေါ်မယ်။ ခင်ခင့်ကို မယားလုပ်ပြီး စံစားမယ်' ဟု အာမဝန္တာခံခဲ့၏။ တတိယအဆင့်ကား 'ဒီရုပ်ဒီရည်ကလေးနဲ့ ဒီလိုဖြစ်နေရှာ၊ သနားစရာကြီးပဲ။ သူ့ခမျာမှာလည်း သိပ်အနှိပ်စက်ခံရသတဲ့။ ဖြစ်မှဖြစ်ရလေနော်' ဟု သနားလာ၏။

နောက်တစ်ရက်ညတွင် ထမင်းစားပြီး ထိုင်နေသောအခါ မနေတတ် မထိုင်တတ်ဖြစ်နေလေ၏။ လက်ဖက်စား၍လည်း မတင်းတိမ်။ စီးကရက်သောက်၍လည်း အားမရ။ လက်ဖက်ရည်သောက်၍လည်း စိတ်မငြိမ်။ ၎င်း၏စိတ်သည် ရပ်တည်ရာမရ ဖြစ်နေလေသည်။ ၎င်း၏စိတ်တွင် ကြီးကျယ်ထင်ရှားသော အရာတစ်ခုသည် လိုနေလေ၏။ ပွဲကြီးတည်ည် စည်ကားခိုက် ပျော်ပါးပြီးနောက်တစ်နေ့၌ စိတ်ဟာတာတာနေသလို ဦးဖိုးကူးသည် စိတ်ဟာတာတာနှင့် ကန္တာရသဲလမ်းတွင် ခရီးပြင်းသွားနေရလေ၏။

အပေါင်းအဖော်များ လာလည်ပတ်ကြ၏။ စကားထွေရာပြောကြ၏။ ဦးဖိုးကူးမှာ မေးတစ်ခွန်း ပြောတစ်ခွန်းသာရှိလေ၏။ စကားပြောရာ၌ စိတ်မဝင်စားဘဲ ငေးမောတွေဝေနေလေ၏။ တစ်ခါတစ်ရံ မိမိအား မိတ်ဆွေများက မေးခွန်းထုတ်သည်ကိုပင် မကြားဘဲရှိနေလေ၏။ ယမန်နေ့ညက ခင်ခင်နှင့် ပျော်ခဲ့ပုံသည်လည်းကောင်း၊ မြူးခဲ့ပုံသည်လည်းကောင်း ကွက်ကွက်ကွင်းကွင်း ရုပ်ရှင်ပြသလို ပေါ်နေလေ၏။ လူစီခင်ခင်၏ မျက်နှာကလေးနှင့် ဖဲပွင့်ထိုး ဆံပင်ဖားဖားကလေးကိုသာ မြင်ယောင်ယောင် ရှိရှာလေ၏။ လူစီခင်ခင်က 'ချစ်ပါတယ်' ဆိုသံကလေးကို ကြားနေမိလေ၏။

လူစီခင်ခင်ကို ထပ်မံတွေ့လို၏။ ထပ်မံ အတူတူကားစီးလို၏။ ထပ်မံ၍ ဟိုတယ်တက်လို၏။ သောက်လေသောက်လေ မက်မပြေသည့် ဆားငန်ရည်ဆိုသော တဏှာရာဂကား ရောင့်ရဲခြင်း၊ ကျေနပ်ခြင်းကို မိတ်မဖွဲ့၊ အသိမလုပ်။ ပုထုဇဉ် စိတ်ကား တဏှာရာဂ၌သာ မွေ့ဘိ၏။

ဦးဖိုးကူးသည် စိတ်ဆောက်တည်ရာမရသဖြင့် ထိုင်မနေဘဲ လမ်းလျှောက်နေလေ၏။ 'အင်း၊ ငါထပ်သွားရင်ကောင်းမလား' ဟု သူ့စိတ်တွင် မေးခွန်းပေါ်လာလေ၏။ 'ဪ… တန်ဆေး၊ လွန်ဘေးဆိုတဲ့စကား ရှိသေးတယ်လေ။ တော်တော်ကြာ ခက်နေဦးမယ်' ဟူသော

mgyoe.com

mgyoe.com
SAMPLE BOOK

အခြေလည်း ပေါ်လာပြန်၏။ သို့ဖြင့် အနည်းနည်း ဖြေဖျော်နေရှာလေ၏။ စိတ်ပြေလက်ပြေ အိမ်နားက ၎င်း၏အသိ ရုပ်ရည်ချောချော ရေခဲလက်သုပ်သည်မသစ်နှင့် စကားခဏသွား၍ ပြောနေပြန်၏။ သို့သော် မသစ်ကို လူစီခင်ခင့်နေရာ၌ထား၍ စဉ်းစားမိပြန်လေ၏။ 'ကြာရင် ခက်ချေရဲ့' ဟုတွေးပြီး ပြန်လာခဲ့ရလေ၏။ အိမ်သို့ရောက်သောအခါ အိပ်ရာပေါ်တွင် အိပ်ပြန်လေ၏။ အိပ်၍ကားမပျော်။ 'အမယ်လေး ဘေးစောင်းအိပ်ပြန်တော့လည်း သူက ကျုပ်ဘေးက။ ပက်လက်အိပ်ပြန်တော့ သူက အထက်ကပေါ်နေပြန်။ မှောက်လျက်အိပ်ပြန်တော့ အမယ်လေးရဲ့' ဟု အော်သော ရုပ်သေးစင်ပေါ်က မင်းသားရူးကြီးအခြေသို့ ဆိုက်ရောက်နေလေ၏။

နောက်တစ်နေ့ကျသောအခါ ပြုမြဲအတိုင်း ထမင်းစား၊ ရေချိုး၊ လွှတ်တော်သွား၊ ကုလားထိုင်ပေါ်ထိုင်၍ အချိန်ဖြုန်းလေ၏။ အခြားအမှတ်တွေပြောသမျှ ဘာမျှမကြား၊ ကြားသည့်တိုင် နားမလည်၊ စိတ်မဝင်။ လူစီခင်ခင် ပြောသံသည် ဓာတ်စက်ဖွင့်သလို ကြားနေရလေ၏။ လွှတ်တော်ဥက္ကဋ္ဌထိုင်ရာ နေရာတို့သည် ဦးဖိုးကူးမျက်စိတွင် ပျောက်သွားပြီး ရုပ်ရှင်ကား ပေါ်လာလေ၏။ ထိုရုပ်ရှင်ဓာတ်ကားတွင် ဦးဖိုးကူးကား ဓာတ်လိုက်မင်းသား၊ လူစီခင်ခင်ကား ဓာတ်လိုက်မင်းသမီး ဖြစ်လေ၏။ သို့ဖြင့် အချိန်ကုန်၊ အိမ်ပြန်၊ ထမင်းစား၍ ပက်လက်ကုလားထိုင်ဖြင့် ထိုင်နေပြန်၏။ ယနေ့အဖို့မှာမူ စိတ်ကို ထိန်းမရတော့ချေ။ လူစီထံသို့သွားမှဖြစ်တော့မည်။ မသွားလျှင် အပျင်းစခန်း သိမ်းတော့မည်မဟုတ်ပေ။

ထို့ကြောင့် ပရိုက်ဗိတ်တက္ကစီကိုငှားလျက် လူစီခင်ခင်ကိုခေါ်၍ ပလေးဟိုတယ်သို့ သွားရပြန်၏။

"မနေ့ညက ကိုကိုဘာလို့မလာသလဲ" ဟု လူစီခင်ခင်က မေးသဖြင့်

"ကွယ်...အလုပ်ကလေး နည်းနည်းရှုပ်နေလို့ပါ" ဟု ပြောရသေး၏။

"မင်းကော ကိုကိုမလာတော့ ဘယ်သွားရသေးသလဲ" ဟု မေးလေ၏။

"ဝတ်လုံဆိုလား၊ ရှေ့နေဆိုလား ကိုကိုရယ်။ လာခေါ်လို့ လိုက်သွားရသေးတယ်" ဟု ပြန်ပြောလျှင် ဦးဖိုးကူးသည် ထိတ်လန့်သွားလေ၏။ အသည်းကို လှံနှင့်ဆွသလို နာလာလေ၏။ 'တောက်၊ ဘာလို့ ဒီဝတ်လုံနောက် လိုက်ရပါလိမ့်မလဲ' ဟု တွေး၍ ဒေါပွမိလေ၏။ ဝတ်လုံဆိုသော သတ္တဝါအား မုန်းမိ၏။ မနာလိုမိ၏။ အစိမ်းလိုက်ဝါးစားလို၏။ လောကကြီးတွင် မိန်းမသည် အူတိုမျိုးဟု ဆိုရိုးရှိ၏။ ယောက်ျားသည်လည်း မိန်းမထက်ပို၍ အူမတိုသည့်တိုင်အောင် ညီတူညီမျှအူတိုကြောင်း ဦးဖိုးကူးက သက်သေပြလျက်ရှိ၏။ ဦးဖိုးကူးသည် စိတ်မသက်သာဘဲ များစွာမနာလိုမိ၏။

"ဘယ်တတ်နိုင်မလဲ ကိုကိုရယ်။ အိမ်က အတင်းထည့်တာကိုး" ဟု လူစီက ချွဲလိုက်မှ စိတ်သက်သာရာရလေ၏။

* * *

mgyoe.com SAMPLE BOOK

နောက် စနေနေ့တွင် ဦးဖိုးကူးသည် မင်းတိုင်ပင်အမတ်များကို အခမဲ့ဖိတ်သော မြင်းပွဲ တစ်ဆယ်တန်လက်မှတ်တစ်ခု ရလေ၏။ တစ်ဆယ်တန် လက်မှတ်တစ်စောင်ကို မင်းတိုင်ပင်အမတ်ကြီးမို့ ရရသည်။ ငွေတစ်ဆယ်ဆိုသည်မှာ နည်းသောငွေမဟုတ်။ မြင်းခ လောင်းသည့်တိုင် အလကားရသောကြောင့် ကြည့်ရှုမှုဖြစ်စေ ကြည့်ထိုက်ပါသည်။ ထိုသို့ တွက်ကိန်းချသော ဦးဖိုးကူးသည် မြင်းပွဲသို့ သွားကြည့်လေ၏။ သို့ရာတွင် ဘေးကလူတွေ လောင်းကြသည်ကို အားကျသဖြင့်လည်းကောင်း၊ မြင်းပြေးသည်ကို အားကျသဖြင့်လည်း ကောင်း မြင်းလောင်းလေ၏။ 'သြော်၊ ဒါ နတ်တင်ပွဲပေါ့' ဟု တွက်ခြေချ၍ စိတ်သက်သာရာ ရစေတော့၏။

တနင်္ဂနွေနေ့တွင်ကား လွှတ်တော်လည်း မတက်ရ၊ လည်စရာလည်း မရှိသောကြောင့် ပျင်းနေပြန်လေ၏။ လူစီခင်ခင်ကို အောက်မေ့လွမ်းဆွတ်နေပြန် လေ၏။ ယနေ့မူ လူစီကို သုံးနာရီကပင် သွားခေါ်ပြီး ရုပ်ရှင်ရုံသို့ သွားပြန်လေ၏။ လူစီတိုက်တွန်းချက်အရ တဏှာရာဂ အားပေးရာတွင် မည်သူနှင့်မျှမတူသော အင်္ဂလိပ်ဇာတ်ထုပ်ကို ဝင်ကြည့်လေ၏။ ရုံထဲထိုင်မိ သည်နှင့်တစ်ပြိုင်နက် လူစီခင်ခင်က –

"ကိုကို မနေ့ညက ဘယ်သွားနေသလဲ။ သိပါတယ်၊ ကိုကိုတို့ကတော့ အသစ်တစ် ယောက် တွေ့နေပြီဟာပဲ"

"အို...မဟုတ်ပါဘူးကွယ်။ မိတ်ဆွေတွေ လာလည်နေကြလို့ ဘယ်မှမထွက်ရဘူး"

ယမန်နေ့ညက ခေါ်သူကို စောင့်ပါသော်လည်း တစ်ယောက်မျှ မပေါ်လာသဖြင့် မလိုက်ရသော လူစီက –

"ခင်ခင်ကတော့ ဟိုသီချင်းလို ကျနေပြီ။ 'စိန်ခြူးကြာညောင်၊ လရောင် တွေလင်းပါလို့၊ မှန်ရွှေဖြူ ပြတင်းရယ်က မယ်ခမျှော်။ သုံးချက်စည်တော်၊ ရိုက်ဆော်ကာ ညင်းတယ်လေး၊ လင်းရွှေကြက်ဆော်' ဆိုတဲ့ သီချင်းကလေးနဲ့ စောင့်လိုက်ရတာ"

"ခင်ခင့် ဘုရားစူး"

"စူးပါစေရဲ့"

"ဟဲ ဟဲ၊ ဒါမှ ငါ့မယားကွ" ဟု ပြောပြီး ဝမ်းသာလုံးဆို့နေလေ၏။ နောက်မှ "ငါဟဲ့...ယောက်ျား၊ ငါဟဲ့...ဖိုးကူး၊ ငါဟဲ့...ယောက်ျား၊ ပေါင်း... ပေါင်း...ပေါင်း...ထိ" ဟု လက်ခမောင်းခတ်လိုသောစိတ်များ ပေါ်လာလေ၏။

ထိုအတောအတွင်း ရုပ်ရှင်စပြလေ၏။ လူစီခင်ခင်သည် အင်္ဂလိပ်စာ အတော်အတန် တတ်သည့်ပြင် ရုပ်ရှင်ကို ခဏခဏကြည့်သောကြောင့် အင်္ဂလိပ်ရုပ်ရှင်ကို သာမန်ကောလိပ် ကျောင်းသားတစ်ယောက်ထက် နားလည်လေ၏။ ဦးဖိုးကူးအား ဘာသာပြန်ပြောရသေး၏။ ဦးဖိုးကူးလည်း 'အိုင်း အိုင်း' နှင့် လွန်စွာသဘောကျလေ၏။

"ကိုကို၊ ဒါက မောရစ် ရှီတ်ဘယ်လီရားဆိုတဲ့လူပေါ့။ မြာမြူများသူ့ မီတဲ့ရှို

mgyoe.com

mgyoe.com SAMPLE BOOK

အရှားသား။ ခင့်ခင်ဖြင့် ကိုကိုတစ်ယောက်ပဲ တွေ့ဖူးသေးတယ်"

"အိုင်း...မှုတ်ပေသားပဲ"

"အိုင်း...အိုင်းနဲ့ ကိုကိုဟာ အမြဲပြောလေ့ရှိတယ်။ ကိုကိုတို့ဆီမှာ ဒီလိုပဲပြောသလား"

"အိုင်း...ဆိုတာက မင်းတိုင်ပင်အစည်းအဝေးရောက်မှ တတ်တဲ့စကားပေါ့ ခင်ခင်ရဲ့။ ကိုကိုတို့တော့ ဟုတ်ကဲ့၊ ဟုတ်တယ်၊ အင်းလို့ ပြောလေ့ရှိတယ်။ မင်းတိုင်ပင်ကောင်စီမှာတော့ ဒီအဆိုကို သဘောမတူရင် 'နိုး' အော်ပါ၊ ဒီအဆိုကို သဘောတူရင် 'အိုင်း' လို့ အော်ပါတဲ့။ ဒီတော့ သဘောတူလို့ 'အိုင်း' ပြောတာပေါ့"

"ဩော်... ဩော်၊ အိုင်းဆိုတာ မင်းတိုင်ပင်တွေပြောတဲ့ စကားကိုး။ အဓိပ္ပာယ်ကတော့ ရက်စ်ပေါ့လေ"

"အိုင်း အိုင်း၊ မှန်တယ်" ဟုပြောရင်း ရန်ကုန်မြို့ကြီး၏အရသာကို ခံစားနေလေ၏။

သို့ဖြင့် ဦးဖိုးကူးသည် ငွေကုန်စရာလမ်းများနေလေ၏။ အိမ်က ငွေမှာ၍ သုံးနေရလေ၏။ ထိုအတောအတွင်း လှစီခင်ခင်ကို အ,အ အမဲသားကျွေးဆိုတာလို စွဲနေလေ၏။ လှစီခင်ခင်နှင့်နေရမှ ပျော်၏။ ၎င်းနှင့်ကင်းသောနေ့တွင် ပျင်း၏။ လှစီခင်ခင်က ၎င်းအထိန်းများ နှိပ်စက်ပုံကိုပြောလျှင် သနား၍ လှစီကို ကယ်ချင်လာလေ၏။ လှစီခင်ခင် တစ်ပါးသော ယောကျ်ားနှင့် လိုက်ပါသွားသည်ကိုပင် မခံနိုင်။ မကြည့်ရက်။ တစ်ပါးသောယောကျ်ားများကို မနာလိုလာလေ၏။

အတိုပြောရသော် လှစီခင်ခင်ကို အတည်ကြံ၍ ယူထားလို၏။ ချစ်မိ၏။ ၎င်းပြင် 'ငါ ခုလိုသွားနေရတာက သိပ်ပိုက်ဆံကုန်တယ်။ သူ့ကို အပိုင်ယူထားရင် ငွေလည်းဒီလောက်ကုန်မှာမဟုတ်ဘူး။ ငါတစ်ယောက်တည်း ရီဇပ်ဖြစ်နေမှာပဲ။ သူ့ကျွေးမွေးထား၊ ဆင်ထားရင် ငွေကုန်သက်သာမယ်။ ဟိုတယ်အခန်းခ၊ ကားခ အကုန်ငြိမ်းမယ်'ဟူသော ဆင်ခြေက ထောက်ခံလိုက်သဖြင့် အတည်ယူရန် စိတ်ဆုံးဖြတ်မိလေ၏။ လှစီခင်ခင်လည်း 'ဒီလို အဘိုးကြီး၊ ပိုက်ဆံပေါ တောသူဌေးကြီး ချိုင်လိုက်ရရင် ငါလည်း ဒီလောက် ဆင်းရဲမှာမဟုတ်ဘူး။ သူကလည်း လူကြီးမို့ သိပ်အလိုလိုက်မှာ။ တင့်တောင့်တင့်တယ် ဝတ်စားပြီးနေရမှာပဲ။ သူ တကယ်ယူရင် တကယ်ငါကြိုက်မယ်။ ဟိုကျတော့ အမတ်ကတော် အခေါ်ခံ၊ သနပ်ခါး ခြေဆုံး ခေါင်းဆုံးလိမ်းပြီး စည်းစိမ်နဲ့နေမယ်' စသည်ဖြင့် သဘောကိုက်ညီနေသောကြောင့် အမတ်ကြီး ဦးဖိုးကူး၏ 'တောပြန်တော့ ခိုးပြေးရန်' ဟူသော အဆိုသည် ကန့်ကွက်ချက်မရှိ၊ ဖြည့်စွက်ချက်မရှိဘဲ လှစီခင်ခင်ကောင်စီရုံးတွင် နိုင်သွားလေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ၆
## မယားကြီးမယားငယ်နှင့် စံစားခန်း

တောသို့ရောက်သောအခါ အမတ်ကြီးဦးဖိုးကူး၏အိမ်သည် အခါတိုင်းနှင့် မတူတော့ပေ။ အိမ်မှာ ထန်းပလပ်ပြား ကုလားထိုင်များသည် အမတ်ကြီးတစ်ယောက်အိမ်နှင့် မတော်ဟုယူဆပြီး အခြားသို့ ပို့ထားလိုက်လေ၏။ ဆိုဖာကုလားထိုင်ကြီးများ ဝယ်ယူထားလေ၏။ ဧည့်ခံရန် ဥယျာဉ်ထဲတွင် မဏ္ဍပ်တစ်ခု ဆောက်လုပ်ထားလေ၏။ ရှေးက လက်ဖက်ရည်အကြမ်းဖြင့် တင်းတိမ်ခဲ့သောအိမ်သည် ယခုအခါ လက်ဖက်ရည်အချိုကလေးနှင့်မှ တင်းတိမ်တော့၏။ ဦးဖိုးကူး ထမင်းစားသောအခါ ချောက်ဂျက် ချောက်ဂျက်ဟူသော ဖွန်းခက်ရင်းသံများကို ကြားရလေ၏။ ဟိုအရင်က ဘုရားတရားသံ၊ ကြေးစည်သံဖြင့် သာယာခဲ့သောအိမ်သည် ယခုအခါ ဓာတ်စက်သီချင်းသံဖြင့် ဆူညံနေလေ၏။ ကိုလန်ဘတ်သည် အမေရိကန်ကမ္ဘာသစ်ကြီးတွေ့သောအခါ ကမ္ဘာဟောင်းကြီးပြောင်းလဲသလို ဦးဖိုးကူး ရန်ကုန်ကိုတွေ့မှ ဦးဖိုးကူးအိမ်သည် ပြောင်းလဲလာလေ၏။ ဦးဖိုးကူး ကိုယ်တိုင်ကလည်း များစွာပြောင်းလဲလာလေ၏။ ဟိုအရင်ကထက် ဂိုက်ထွားလာလေ၏။ အဝတ်သစ်၊ အစားသစ်ကလေးနှင့်သာ နေလေ၏။ ရှေးကလို အိမ်နားနီးချင်းအိမ်သို့ သွားရောက်မလည်ပတ်တော့ဘဲ အိမ်မှာ လူစိခင်ခင်နှင့် တခင်တည်း ခင်နေလေ၏။

'အမတ်ကြီး ဦးဖိုးကူးက မယားကလေး ခိုးပြေးလာတယ်' ဟူသော သတင်းသည်လည်း လျင်မြန်ပျံ့နှံ့သွားလေ၏။ အချို့သောသူတို့သည် အိမ်နားသို့ လာရောက်ကာ ဦးဖိုးကူးမိန်းမကို ချောင်းမြောင်းကြည့်ကြလေ၏။ 'ဟင်ကွာ၊ မြေးလောက်ကလေး ယူလာတယ်ဟ' ဟု အချို့ကပြောကြ၏။ အချို့ကမူ 'တို့အမတ်ကြီး ဘယ်လိုလုံးလုံး တာဝန်ကျေပွန်အောင် ထမ်းနိုင်မလဲကွယ်' ဟု သော်လုံးထိုးကြလေ၏။ တချို့က 'ငတိကြီးသေရင် တို့တော့ မုဆိုးမကလေးယူဦးမယ်' ဟု ပြောပြီး လက်နှစ်ဖက် အထက်မြှောက်၍ ဟူးဝါးခနဲ မသမ်းချင်ဘဲ သမ်းလိုက်သေး၏။

အမတ်ကြီးကတော် ဒေါ်ရွှေတုတ်သည် သူ့လင်တော်မောင်ကိုသာ ထောင်ဆဲလို၏။ သို့သော် ငယ်ရွယ်သူမဟုတ်ကြ၍ ရန်ထောင်ဖို့မှာ ရှက်ဖွယ်အလုပ်တစ်ခုဟု အောက်မေ့နေ၏။ လူစိခင်ခင်ကို စောင်းမြောင်းနှိပ်စက်ရန်မှာလည်း ဒေါ်ရွှေတုတ်သည် သဘောရင်းကကောင်း၊ စိတ်ရင်းက အေးအေးဖြစ်သည့်ပြင် လင်ကိုလည်း ကြောက်ရသေးသောကြောင့် ဘာမျှမလုပ်ဝံ့အောင် ရှိနေလေ၏။ 'မယားခိုးလာတာ တော်တော်ကြာ တရားစွဲခံနေရပါလိမ့်မယ်' ဟုသာ လင်ရတနာကြီးအတွက် စိုးရိမ်မိလေ၏။ သို့သော် ကမ္ဘာ့ဓမ္မတာကြီးအတိုင်း ကြည်ကြည်ဖြူဖြူ မနေနိုင်ရှာပေ။

လူစိခင်ခင်မှာကား လင်နှင့်သားနှင့် နေရာတကျဖြစ်ပြီဟု စိတ်တိုင်းကျကာ ဖဲပွင့်ကလေးကိုဖြုတ်၍ အုပ်လုံးသိမ်းပြီး ဆံထုံးထုံးကျင့်လေ၏။ ဆံထုံး ထုံးတတ်သောအခါ

mgyoe.com

mgyee.com

ဆံထုံးကားကားထုံး၊ နံနက်လင်းလင်းချင်း ရေချိုး၊ သနပ်ခါး ခြေဖျားခေါင်းဖျားလိမ်း၊ ဘီအေလုံချည်၊ အမ်အေလုံချည်၊ အိုင်စီအက်လုံချည်၊ ယုဇနလုံချည်၊ မဟာညွန့်လုံချည်၊ ဘာလုံချည်၊ ညာလုံချည် အမျိုးမျိုးတို့ကို ပြောင်းလဲဝတ်ဆင်၍ နေလေ၏။ နေ့လယ် ထမင်းစားပြီး အင်္ကျီပန်းထိုး၊ ၎င်းနောက် ဝတ္ထုဖတ်၊ အိပ်၊ ရေချိုး၊ သနပ်ခါးလိမ်းဖြင့် တစ်နေ့လုံးမအားအောင် ရှိလေ၏။ ဘုန်းကြီးလူထွက်များ ဂိုက်ထွားသလို မိန်းမရှင်လူထွက် လူစီခင်ခင်သည် ဟော တစ်မျိုး၊ ဟောတစ်မျိုးဖြင့် ဂိုက်ထုတ်ပညာတွင် ဝိဇ္ဇာမဖြစ်နေလေ၏။

လက်ဖက်ရည်ကို ခဏခဏသောက်၊ ဘီစကွတ်မုန့်ကို ပုံးလိုက်ဝယ်စား၊ ကတ်ဗာရီ ချောကလက်ကိုစား၊ တော်တော်ကြာ အစုံသုပ် သုပ်စား၊ တော်တော်ကြာ ထောပတ်ထမင်းချက်ပြီး ကြက်သားဟင်းနှင့် ပွဲတော်တည်၊ တော်တော်ကြာ ထပ်တစ်ရာ (ဝါ) ပလာတာလုပ်၍ ဆိတ်သားဟင်းနှင့် စားပွဲထိုင်ကာ မြိုင်မြိုင်ကြီး ထမင်းစားနေလေ၏။ ငွေကို ရေလိုသုံးနေလေ၏။

ဦးဖိုးကူးကလည်း နေရာတကာ အလိုလိုက်ထားလေ၏။ အများက 'ခင်ဗျားမိန်းမ ဘယ်ကလဲ' မေးသောအခါ 'ဟာ...မပြောပါရစေနဲ့ဗျာ၊ သူ့မိဘများက လိုက်ရှာနေလို့' ဟု ခပ်တည်တည် ကြွားလေ၏။ 'သြော်...ပြောသာ ပြောပါ၊ ကျုပ်တို့ မပေါက်ကြားစေရပါဘူး'

'လူရင်းချင်းမို့ ယုံလို့ပြောတာနော်၊ ဘယ်သူ့မှ ပြောမနေနဲ့ဦး။ သူက ကွန်ဗင့်ဆိုတဲ့ အင်္ဂလိပ်ကျောင်းသူကလေးဗျ။ မင်းတိုင်ပင်ဆိုတော့ တယ်ဂုဏ်ရှိတာကို။ ရန်ကုန်မှာ မင်းတိုင်ပင်ဆိုရင် အလွန်အရေးပေးကြတာကလား။ ဒါနဲ့ ကျုပ် ဒီက ကွန့်ဗင့်ကျောင်းသူကလေး အရချူနိုင်တာပေါ့ ဟား ဟား' ဟု ပိပိကြီး ကြွားနေလေ၏။

## အခန်း ၇
## ထူးဆန်းသောရောဂါရပုံ

သို့ဖြင့် နေခဲ့ကြရာ နှစ်လမျှကြာလာလေ၏။ တစ်နေ့ညနေသော် ပန်းခြံတွင်း၌ အမတ်ကြီးသည် ပက်လက်ကုလားထိုင်နှင့် ခွေခွေကလေး ထိုင်နေလေ၏။ ၎င်းသည် တစ်ကိုယ်လုံးကိုက်ပြီး တုတ်ဖြင့်အရိုက်ခံရသလို နေလေ၏။ နေရသည်မှာလည်း မအီမသာရှိလေ၏။ လူစီခင်ခင်က အနီးရှိခုံပေါ်တွင်ထိုင်၍ ဝတ္ထုဖတ်နေလေ၏။

"ခင်ခင်ရယ်၊ ကိုကိုတော့ သိပ်ညောင်းတာပဲ။ တစ်ကိုယ်လုံး ကိုက်လိုက်တာလည်း ရစရာ ဘာမှမရှိဘူး။ အရိုးတွေက အောင့်တာပဲ" ဟု ရှုတ်မဲ့၍ ပြောလေရာ –

"ဒါဖြင့် အနှိပ်သည်တို့၊ ဆေးဆရာတို့ ခေါ်ပေးမယ်လေ"ဟု ပြောလေ၏။

"ဟော့...ဖိုးခေါင်၊ ဖိုးခေါင်။ ဆေးဆရာ ဦးကျောက်တန် ပင့်ချည်ကွာ။ လမ်းအနှိပ်သည် မောင်ဖိုးမှင်လည်း ခေါ်ခဲ့ဟော့" ဟု ပန်းပင်ရေလောင်းနေသော ဖိုးခေါင်အား အမိန့်ပေး

mgyee.com

လေ၏။ ဖိုးခေါင်းလည်း မကြာမီပြေးသွားလေ၏။

"ခင်ခင်ရေ၊ အလားလား၊ အလားလား။ ကိုက်လှချေကွယ်။ ဟင်၊ ဟိုဟာက ယားလိုက်တာကွယ်။ အမယ်လေး ပူလိုက်တာ။ အမယ်လေးဗျ၊ ကိုက် လိုက်တာကွယ်။ ဖွားဖက်တော်ထဲ ခြင်ကောင်များ ခဲနေရော့လား။ ကယ်ပါဦး လူစီခင်ခင်ရဲ့။ ကျွတ် ကျွတ်" ဟု စုတ်သပ်ကာ "ဩော်...သိပ်ခက်တာပဲ။ ခင်ကလည်း ဘာမှမလုပ်တတ်ဖူးလား"

"ယားပြီး ကိုက်တာလား"

"အေးကွယ်၊ ကျွတ် ကျွတ်" ဟု စုတ်သပ်၍ အမြီးပြတ်သော အိမ်မြှောင်လို တရှုရှု ဖြစ်နေလေ၏။

"ကဲ ကဲ...သိပြီ။ ဒီလိုနဲ့ မပြီးသေးဘူး။ ဆေးကုလားမရှာပြီး ရေစိမ်သောက်မှ ဟန်မှာပဲ။ ဆေးကုလားမ မရခင် ဒု ဆော်ဒါသောက်တာပေါ့။ နွားနို့နဲ့ ဘိလပ်ရည်ခါးလေ" ဟု ပြောပြောဆိုဆိုထသွားပြီး ကာကာဆိုင်သို့ ဆော်ဒါအဝယ်လွှတ်လိုက်လေ၏။

ဤအတောအတွင်း ဆေးဆရာဦးကျောက်တန် ရောက်လာလေ၏။ သွေးလေများကို စမ်းသပ်လေ၏။

"ခုနေခါ နေကသိပ်ပူတော့ တေဇောလွန်လို့ ဝါယောကြွတာကိုး အမတ်ကြီးရဲ့။ ဝါယောကြွတော့ အဆစ်တွေ အရိုးတွေ ကိုက်လာရောပေါ့"

"ဟုတ်ပါလိမ့်မယ် ဆရာရယ်၊ ကြည့်ရှုကုသပါခင်ဗျာ။ ဟာ...ဒါထက် ခါးကိုက်တာ က ခက်တယ်ဗျ။ အလေးရဲ့လေး၊ လေးလေးဗျ။ လူစီရေ"

"ဩော် အမတ်ကြီး၊ ငရုတ်သီးတွေ သိပ်စားတယ်ထင်တယ်။ ဒုက္ခပဲဗျာ၊ ဥဏှာလွန် တဲ့ကာလကြီး ငရုတ်သီးစားတယ်ဆိုတော့ ခက်တာပေါ့ အမတ်ကြီးရဲ့" ဟု ဆေးဆရာကြီး သည် ရောဂါမှန်ကိုမသိဘဲ မြေစမ်း ခရမ်းပျိုးနေလေ၏။

ထိုအခိုက် လူစီလည်း ရောက်နေပြီဖြစ်၍

"တယ်...ဆရာကလည်း မဟုတ်တဟုတ်တွေ ပြောနေပါပြီ။ ခုတ်ရာတခြား ရှရာ တခြား။ သူဖြစ်တာက...... ဆရာရဲ့" ဟု ဆရာကြီးအား တိုးတိုးကလေး ပြောလိုက်မှ သဘောပေါက်သွားပြီး

"ဩော်...ဟုတ်သားပဲ။ ဒါဖြင့် မှိုင်းခံကြည့်ပါလား" ဟု အားရပါးရပြောလျှင်

"နောက်ကျမှ မှိုင်းခံတန်ခံတာပေါ့ ဆရာရယ်။ ခုတော့ ဆေးကုလားမပဲ ရေစိမ်တိုက် သေးတာပေါ့။ ဒါထက် ဒီမှာ တရုတ်မျက်စဉ်းမှုန့်ဆိုတာ မရနိုင်ဘူးလား"

"ခင်ဗျာ၊ တရုတ်မျက်စဉ်း မကြားဖူးဘူးခင်ဗျ။ မရနိုင်ဘူးထင်တယ်"

"ဒါဖြင့် ချောက်ပဲဆရာရေ၊ မှိုင်းခံဖို့ ရှိတော့တာပဲ"

သို့ဖြင့် ခေါင်းချင်းရိုက်၍ ဆေးကုကြသော်လည်း ဦးဖိုးကူးရောဂါမှာ မပျောက်ဘဲ ဆိုးသည်ထက် ဆိုးရွားလာလေ၏။

mgyoe.com

## အခန်း ၈
## တောက်ထွန်း၏ ရှာပုံတော်

လူစီခင်ခင်ကို ထိန်းသော မောင်တောက်ထွန်းသည် နာမည်ကျော် လူမိုက်ခေါင်းဆောင်ကြီး ဖြစ်လေသည်။ လူစီခင်ခင် ပျောက်ခြင်းကြီးမလှ ပျောက်ရသည်ကို အခဲမကျေနိုင်ဘဲရှိလေသည်။ 'မြွေပွေး ပိုးထိ' ဆိုသောစကားကဲ့သို့ ရှိနေသောကြောင့် သာမန်လူ ဒေါသထွက်သည်ထက် ပိုထွက်နေလေ၏။ မိုက်သည်၊ လည်သည်ဟူသော နာမည်ကြီးကို လက်ကိုင်ထားပြီးမှ ယခုကဲ့သို့ ခေါင်းတုံးပေါ် ထိပ်ကွက်ခံရသည်မှာ လောကတွင် ရှက်ဖွယ်အကောင်းဆုံးသောအရာဖြစ်သည်ဟု အောက်မေ့မိလေ၏။ ဤကိစ္စသည် တောက်ထွန်း၏ ဂုဏ်ကို အထိခိုက်ဆုံးဖြစ်ပေသည်။ သူခိုးလက် သူဝှက်လုဆိုသကဲ့သို့ ၎င်းကဲ့သို့ မိန်းမထိန်း၍ အသက်မွေးသောသူများပင် ခိုးတန်ရာ၏ဟု ရန်ကုန်မြို့ပေါ်တွင် အမျိုးမျိုးစုံစမ်းလေ၏။ အထိန်းချင်းခိုက်ရန်ဖြစ်သည်မှာလည်း မကြာခဏဖြစ်လေ၏။ တစ်လလောက်ကြာအောင် စနည်းနာ၍ ရှာပါသော်လည်း မတွေ့သဖြင့် တောသို့လိုက်လံ၍ရှာဖွေပြန်လေ၏။ အထူးသဖြင့် လူစီခင်ခင်သည် နာမည်နှင့်လိုက်အောင် လူစီပြီး ပိုက်ဆံအဝင်ဆုံးဖြစ်သောကြောင့် တောက်ထွန်းသည် တွေးလေနှမြောလေ ဖြစ်လေသည်။

## အခန်း ၉
## အမတ်ကြီးလဲရာတွင် သူခိုးထောင်းခြင်း

ဦးဖိုးကူးသည် မင်းတိုင်ပင်လုပ်သည့်နေ့ကစ၍ ဝင်ငွေမရှိ၊ ကုန်ငွေသာရှိလေ၏။ စတင်လျှောက်ကတည်းက ငွေကုန်ရ၍ ရွေးကောက်ပွဲတွင်လည်း စုစုပေါင်း ခြောက်ထောင်လောက် ကုန်လေ၏။ နောက် ရန်ကုန်သို့သွားသောအခါ ယူသွားသော ငွေသားငါးရာကျပ်၊ ကြေးနန်းဖြင့်မှာသော ငွေတစ်ထောင်ငါးရာ၊ မြင်းရှုံးသဖြင့် တည်းအိမ်၌ ကြွေးတင်ခဲ့သောငွေ၊ နောက်မှဆပ်ရသော ငွေတစ်ထောင်ကျပ် စသည်ဖြင့် မြောက်မြားစွာကုန်လေသည်။ လူစီခင်ခင်ကို လက်ဝတ်လက်စား ဆင်ရသည်မှာလည်း ငွေရှစ်ရာဖိုးလောက် ကုန်လေသည်။ တစ်ဖန်အိမ်ပြန်ရောက်သောအခါ ကုန်စည်ကူးသန်းမှုကို ရပ်ဆိုင်းထား၍ ဝင်ငွေမရှိဘဲ စားနေရာ လူစီခင်ခင်က ဖြုန်းနေသဖြင့် ငွေတစ်ထောင်ကျော်ကျော် ကုန်ပြန်လေ၏။ သို့ဖြင့် ခြောက်လအတွင်း ငွေတစ်သောင်းကျော် ကုန်သွားလေ၏။ သို့ကြောင့် လက်ထဲ၌ ငွေသားမကျန်ရစ်လောက်အောင် ဖြစ်နေလေ၏။ မိမိအလုပ်ကို ပြန်လုပ်မည်စိတ်ကူးသော်လည်း လူစီခင်ခင်နှင့် ပျော်နေရသဖြင့် ရက်ရွှေ့ဆိုင်းလာခဲ့သည်မှာ ရောဂါဖြစ်သည့်တိုင်အောင် ဆိုက်ခဲ့၏။ သို့ဖြင့် တစ်အိမ်လုံး ငွေသုံးကျပ်နေလေ၏။

ဦးဖိုးကူးသည် ပြန်၍မကျန်းမာတော့ဘဲ တစ်ခါတစ်ရံ အိပ်ရာ၌နေရလေ၏။ တစ်ခါတစ်ခါ လူကဖျား၊ တစ်ခါတစ်ခါ ညီကလေးက ဖျားသဖြင့် အနားမရဘဲ ရှိနေလေ၏။

m.gyone.com

လည်ပင်း၌လည်းကောင်း၊ ပေါင်ခြံ၌လည်းကောင်း အကျိတ်များထွက်နေသဖြင့် ခွဲ၍ကုသရလေ၏။ ၎င်းအရာများကား တော်တော်နှင့်မပျောက်အောင် ရှိလေ၏။ တစ်ခါတစ်ရံ လောက်သာ တောင်ဇေးကိုင်၍ ပန်းခြံထဲ၌လမ်းလျှောက်နိုင်လေ၏။ ၎င်းရောဂါကြောင့် စိတ်ဒုက္ခရောက်ရ၏။ ရောဂါမှ ခံစားမှုဝေဒနာသည် ကြီးကျယ်ပြင်းထန်လာလေ၏။ ထိုပြင် ပျော်ခဲ့မိစဉ်က အရှက်မဖက်မိသော်လည်း ယခုကား အရှက်ရနေလေ၏။ နယ်သားတွေက မိမိအကြောင်းသိသည်ကို တွေး၍ရှက်နေလေ၏။ မိမိတစ်သက်လုံးဖုံးသမျှ ခုမှပေါ်တော့ သဖြင့် များစွာရင်ထုမနာရှိလေ၏။ ရှေးက မိမိမယားကို အမွှမ်းတင်၍ မိမိကြွားခဲ့သမျှ သည်-ယခုမှ အမှန်တွေပေါ်နေလေ၏။ မိမိမယားကား မိန်းမရှင်၊ မိမိမယားကား ရောဂါ တောင် မကင်းသည့် မိန်းမရှင်။ ထိုသို့သောအကြောင်းတို့သည် ဦးဖိုးကူး၏စိတ်ကို အပေါ်ယံ ရောဂါထက် ထိခိုက်စေလေ၏။ ရှက်ခြင်းတည်းဟူသော မြွေပွေးသည့် ဦးဖိုးကူးအား အမြဲ ပေါက်၍နေလေသည်။ သည်အတောအတွင်း ဒေါ်ရွှေတုတ်၏ ငွေကျပ်ကြောင်း ညည်း ညူသံ၊ လူစီခင်ခင်၏ ဘာမသုံးရဘူး၊ ညာမသုံးရဘူး စသော အောင့်သက်သက် အသံတို့ကို ကြားရလျှင် သေမင်းပြည်က သေမင်းခေါ်သံကို ကြားရသကဲ့သို့ မှတ်ထင်မိရှာလေ၏။ ခုနေအခါ မည်သူ့မျက်နှာကိုမျှ ရဲရဲမကြည့်ဝံ့အောင် ရှိနေလေ၏။ ဆရာတော်ဦးသုမနသည် ဒကာကြီး ဖျားကြောင်းကြား၍ လာရောက်မေးမြန်းသည်ကိုပင် အတွေ့မခံဝံ့ဘဲ ရှိနေလေ၏။

သို့သော် ထိုရောဂါ ထိုအရှက်ကိုပေးသော၊ ထိုရောဂါ ထိုအရှက်ကို ဖြစ်စေသော လူစီခင်ခင်ကို ဦးဖိုးကူး မုန်းလေသလောဟု မေးဖွယ်ရှိချေသည်။ ဦးဖိုးကူးသည် ရုတ်တရက် သော် လူစီအပေါ်၌ အမျက်မာန်ပွားမိ၏။ လူစီကို 'ဒါ မင့်ကြောင့်' ဟု ပြောကာ အိမ်မှ နှင်ထုတ်လို၏။ သို့သော် သေသေချာချာ စဉ်းစားလျှင် မည်သူမပြု မိမိမှုဆိုသော စကားပုံ ကိုသာ သတိရလာလေ၏။ သည့်အပြင် လူစီခင်ခင်ကို မမုန်းနိုင်သောအချက် ရှိချေသေး၏။ ထိုမျှ ကြာရှည်စွာပေါင်းသင်းခဲ့သော မိန်းကလေးအချောအလှကလေးတစ်ယောက်အား စွန့်ပစ်ရန်မှာ ခဲယဉ်းသောကိစ္စတစ်ခု ဖြစ်နေလေ၏။

ဦးဖိုးကူး၏ စိတ်ထဲတွင် လူစီအား ချစ်စိတ်သည် မြဲမြဲစွာ အမြစ်တွယ်၍နေချေပြီ။ ရှေးက ပျော်ပျော်ပါးပါး နေခဲ့ကြသည်ကိုသာ မြင်ယောင်ယောင် ထင်ယောင်ယောင်ဖြင့် တွေးကာ စားမြုံ့ ပြန်နေလေ၏။ 'ငါ ဒီရောဂါပျောက်ရင် ထပ်ပြီးပျော်ပျော်ကလေး နေရဦးမှာပဲ' ဆိုသော မျှော်လင့်ချက်လည်း ပေါ်ပေါက်လာတတ်သေး၏။ သည်တွင်မကသေး။ 'တကယ်လို့ ငါက နှင်ထုတ်လိုက်ရင် ခင်းကလေး ဘယ်လိုနေလို့ ဘယ်လိုစားရှာမလဲ။ ငါမှတစ်ပါး အားထားရာ မရှိပါကလား။ ရန်ကုန်ပြန်သွားရရင်လည်း ခင်းကလေး အရင်ကလို ထပ်ပြီး ဖြစ်နေဦးမယ်' စသည်ဖြင့် သနားစိတ်ပေါက်နေပြန်လေ၏။ သို့ဖြင့် လူစီခင်ခင်ကို မခွဲနိုင်ဘဲ စွဲခိုင်မြဲသော မေတ္တာပေါက်နေလေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ၁၀
## အသွင်မတူ အိမ်သူမဖြစ်

လူစီမှာမူ တွက်ခြေတစ်မျိုး ချနေပြန်၏။ သူသည် အစက အဘိုးကြီးနောက် လိုက်ခဲ့ခြင်းမှာ အသက်မွေးရသည်ကို ငြီးငွေ့သည်က အရေးမကြီးလှ။ အဘိုးကြီး၏ ပိုက်ဆံကို များများဖောဖောသုံးပြီး ခပ်ခန့်ခန့်နေချင်၍သာ လိုက်လာခြင်း ဖြစ်သည်။ ယခုမူ အဘိုးကြီးမှာ ငွေကြေးလည်းကျပ်နေလေပြီ။ မိမိမှာ ရောက်စကလို သုံးချင်တိုင်းမသုံးရ၊ စားချင်တိုင်း မစားရတော့ပြီ။ ငွေကိုလည်း မိမိသော့ကိုင်၍ မသုံးရဘဲ အဘိုးကြီးထံက တောင်းသုံးရခြင်း ဖြစ်ရာ၊ ယခု အဘိုးကြီးဖျားနေခိုက် ဒေါ်ရွှေတုတ်ထံမှ တောင်းသုံးရလေ၏။ ဒေါ်ရွှေတုတ်မှာ နှမြောတတ်သဖြင့် ရှိသည့်တိုင်အောင် မရှိဘူးဟု လိမ်လည်ပြောတတ်လေ၏။ လူစီခင်ခင် သည် မယားကြီးထံမှ မယားငယ်က ခယတောင်းနေရသည်ကို မခံနိုင်အောင်ရှိလေ၏။ ထို့ပြင် ရန်ကုန်မြို့၌ ရုပ်ရှင်ခဏခဏကြည့်၊ အငြိမ့်ခဏခဏသွား၊ လမ်းခဏခဏ သလားခဲ့ သော ဝသီသည် ခေတ္တခဏသာ ငြိမ်ဝပ်နေသော်လည်း ကြာလျှင် ပေါ်လာပြန်သောကြောင့် တောဌ် နေရခြင်းကို မခံမရပ်နိုင်ရှိနေလေ၏။ မြို့၌သာ ပျော်လို၏။ တစ်ခါတစ်ရံ ပျင်းရိလှ သဖြင့် စက်သီချင်းဖွင့်လျှင် ဒေါ်ရွှေတုတ်လည်း သည်းမခံနိုင်တော့ဘဲ 'မိန်းမရှင်ပိပိ အလိုက် မသိလိုက်တာ။ ဟိုမှာ ဖျားနေလျက်ကြီး၊ သူက စိတ်စက်ဖွင့်နေပြန်ပြီ' ဟု ဆောင့်အောင့်ပြော သောကြောင့် နာကြည်း၍မဆုံးနိုင်အောင် ရှိနေလေ၏။ သည်ထက်လွန်ကဲသော အရာ တစ်ခုရှိသေး၏။ လူစီခင်ခင်သည် မိန်းမတို့တစ်သက်တွင် အပျော်ဆုံး၊ အရွှင်ဆုံးအရွယ်သို့ ရောက်စရှိ သေး၏။ ထိုအချိန်သည် တဏှာရာဂအဆူဆုံး ဖြစ်၏။ ထိုကဲ့သို့သော လူစီ ခင်ခင်မှာ ရောဂါသည်လူအိုကြီးနှင့် အဘယ်သို့ ပျော်မွေ့နိုင်အံ့နည်း။ အမတ်ကတော်၊ သူဌေးကတော်၏ စည်းစိမ်ခံစားနေရသဖြင့် ပြာဖုံးထားသောမီးခဲကဲ့သို့ ခေတ္တမျှနစ်မြုပ်နေ သော စိတ်ဆန္ဒတို့သည် ယခုအခါ တဖွားဖွား ပေါ်ပေါက်လျက်ရှိလေ၏။ စိန်နှင့်သံပုရာ မတည့်သလို၊ ဦးဖိုးကူးနှင့် လူစီခင်ခင်သည် စိတ်မတည့်တော့ချေ။ လူစီခင်ခင်၏ ဆန္ဒသည် ဦးဖိုးကူးနှင့်နေ သမျှ ကာလပတ်လုံး ပြည့်မည်မဟုတ်။ သို့ကြောင့် လူစီခင်ခင်သည် ဦးဖိုးကူး ထံမှ ခွာလိုလေပြီ။

တစ်နေ့ညနေ၌ ဦးဖိုးကူးသည် ခြံထဲ၌တစ်ယောက်တည်း လမ်းလျှောက်နေလေသည်။ တောင်ဝှေးဖြင့် ဒေါက်ထောက်၍ လျှောက်နေလေ၏။ ဦးဖိုးကူး၏ မျက်နှာသည် ဖြူဖပ် ဖြူရော်ရှိချေပြီ။ သွားပုံလာပုံမှာလည်း လွန်စွာ ချည့်နဲ့နေလေသည်။ ၎င်းသည် ဖြည်းဖြည်း ကလေး လျှောက်နေလေ၏။ လူစီခင်ခင်သည်လည်း မနီးမဝေး သစ်ပင်အောက်၌ ထိုင်၍ မှိုင်နေလေသည်။ တစ်ခါတစ်ခါ ဦးဖိုးကူးလမ်းလျှောက်နေသည်ကို ညိုးငယ်စွာ ကြည့်မိ လေ၏။

ထိုအခိုက် ထောက်ထွန်းသည် သစ်ပင်ကြားထဲမှ ဘွားခနဲပေါ်လာ၏။ သူ၏လက်ထဲ

mgyoe.com

mgyoe.com SAMPLE BOOK

၌ တုတ်တိုတစ်ချောင်း ပါလေသည်။ ဦးဖိုးကူးနောက်မှ တိတ်တိတ် ကလေးလိုက်သွားပြီး လက်ထဲရှိ တုတ်နှင့် တအားကုန် ခေါင်းကိုရိုက်လိုက်လေ၏။ ဦးဖိုးကူးသည်လည်း ဖုန်းခနဲ အရုပ်ကြိုးပြတ်လို လဲသွားလေ၏။ လူစီသည် လူသံများဘက်သို့ ကြည့်လိုက်လျှင် ဆံပင်စုတ်ဖွားနှင့် တောက်ထွန်းကိုမြင်ရာ အံ့အားသင့်သွားလေ၏။ ပထမ၌ အော်မည်ကြံသော်လည်း မအော်ဘဲ

"ကိုကို ဘယ်တုံးက လိုက်လာသလဲ" ဟု မေး၏။

"မိရွှေခင်၊ စကားများမနေနဲ့။ လိုက်ခဲ့" ဟု ပြောသည်တွင် ဖိုးခေါင်းပြေးလာလေ၏။ လူစီခင်ခင်က ကြောက်လန့်သော အမူအရာဖြင့် "ကျွန်မ လက်ဝတ်လက်စားတွေယူပြီး ည စောင့်နေမယ်။ ကိုကိုပြေး၊ ပုလိပ်တွေ ဖမ်းနေဦးမယ်" ဟု ပြောလေ၏။ "အေး၊ ညသာ စောင့်နေနော်။ မစောင့်ရင်တော့ မရွှေခင် သေဖို့သာပြင်ပေရော့" ဟုဆိုကာ အတင်းထွက်ပြေးလေ၏။ လူစီသည် မာယာ ဆည်ကာ

"ကိုဖိုးခေါင်း ကိုဖိုးခေါင်း၊ လာ...လာ၊ ဟိုလူက ရိုက်သွားတယ်။ အမယ်လေး ကယ်ကြပါဦး" ဟု အော်ကာ ဦးဖိုးကူးကို ပွေ့ထားလေ၏။ ဦးဖိုးကူးသည် မေ့မြောနေလေပြီ။ ပါးစပ်ကြီးဟောင်းလောင်းနှင့် လူစီ၏လက်ထဲ၌ ခွေခွေကလေး ဖြစ်နေလေ၏။ ဖိုးခေါင်းသည် တောက်ထွန်းနောက်သို့ လိုက်သော်လည်း မျက်ခြည်ပြတ်သွားသဖြင့် ပြန်ပြေးလာလေ၏။ နောက် အမတ်ကြီးကတော် ပေါက်လာလေ၏။ ပျာပျာသလဲ ဖြစ်နေလေ၏။ မျက်ရည်များလည်း ကျနေလေ၏။ လူစီခင်ခင်သည်လည်း မျက်ရည်များ ညှစ်ထုတ်ကာ တရှုပ်ရှုပ် ငိုလေ၏။ ဦးဖိုးကူးကို အိမ်ပေါ်သို့ ပွေ့တင်ထားကြလေ၏။

နောက်တစ်နေ့နံနက် ခုနစ်နာရီလောက်မှ သတိရလာလေ၏။ သတိရသည်နှင့် တစ်ပြိုင်နက်

"လူစီရေ၊ ကိုကို့ကို ကူပါဦးကွယ့်" ဟု အော်နေလေ၏။ ဒေါ်ရွှေတုတ်သည်လည်း ကရုဏာဒေါသောဖြစ်ပြီး –

"တောက်... ဒီတဏှာရူးကြီး၊ တဏှာရူးချင်လို့ ဒီလိုဖြစ်ရတာ။ အမှတ်မရသေးဘူး" ဟု ဟစ်လေ၏။

"ရွှေတုတ်ရေ၊ ခင်ခင်ကောကွ"

"တော့်ခင်ခင် လင်နောက်လိုက်ပြေးသွားပြီတော့်" ဟု အော်ပြောလိုက်လေ၏။ ဦးဖိုးကူးသည် မိမိနားကို မယုံသလိုလို ဖြစ်နေလေ၏။ သို့သော် ဒေါ်ရွှေတုတ်သည် သည်စကားကိုပင် ကျယ်ကျယ်ပြောသောကြောင့် နားကြားမလွဲတန်ရာ။ ဒေါ်ရွှေတုတ်ကသာ မလိုတမာ ပြောလိုက်သည် ထင်သဖြင့် –

"အကောင်းမေးတာပါကွယ့်၊ ခင်ခင်ကော"

"ရှင့်မယားကလေး လင်နောက်လိုက်ပြေးပြီဆိုတာ မယုံဘူးလား။ လက်ဝတ်လက်စား

mgyoe.com

mgyoe.com SAMPLE BOOK

တွေ အားလုံးကိုတောင် ယူသွားတယ်" ဟု ပြောလိုက်ရာ ဦးဖိုးကူးသည် မျက်လုံးများပြူး သွား၍ 'ဟင့် ဟုတ်ပေ့ကွာ' ဟု ညည်းကာ မေ့မြောသွားပြန်လေ၏။ ထိုသို့မေ့ရာမှ ပြန်မလူတော့တဲ့ နောက်ဆုံး၌ "အမယ်လေး...ဦးဖိုးကူးရဲ့၊ သွားတော့မလားကွယ်" ဟူသော ဒေါ်ရွှေတုတ်၏ ငိုသံကြီးနှင့် ခွေးကြီးအူသံကို ကြားရလေသတည်း။

* * *

ဦးဖိုးကူးကွယ်လွန်ပြီးနောက် ဘိုင်အီလက်ရှင်းခေါ် ကြားရွေးကောက်ပွဲကို ကျင်းပ မည်ဟု ကြော်ငြာလေသည်။ နယ်သူနယ်သားတို့လည်း ဦးဖိုးကူးထက်သာသော မင်းတိုင်ပင် အမတ်များကို ရှာကြလေသည်။ ၎င်းတို့သည် တွေ့မည် မတွေ့မည်ကို ရွေးကောက်ပွဲပြီး မှသာ သိရလေတော့မည်ဖြစ်ကြောင်း။

သိန်းနေနွယ်
ဒီးဒုတ်သတင်းစာ၊ အတွဲ–၁၃၊ အမှတ်–၂၉။
၄ မေ၊ ၁၉၃၅။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# မြင့်နှင့်သွင် ငယ်စဉ်က

မုံရွာမြို့ အမျိုးသားအထက်တန်းကျောင်း စာသင်ခန်းကလေး ဖြစ်လေသည်။ စားပွဲခေါင်းဆယ်ခု၊ ခုံရှည်ဆယ်ခု၊ ဆရာ၏စားပွဲ၊ ဆရာ၏ကုလားထိုင်၊ ဟိုဘက်က ကျောက်သင်ပုန်းကြီး၊ သည်ဘက်က ဗီရို၊ ဟောဟိုနားမှာ ရေအိုးစင်နှင့် နှီးခွက်၊ စားပွဲ စားပွဲခေါင်းများသည် ရုပ်ဆင်းပျက်နေကြလေပြီ။ မားခုတ်ရာများသည် ထူထပ်နေပြီ။ ခဲ၊ မင်တို့ဖြင့် ရေးထားသောစာများလည်း ရွှေတိဂုံဘုရား ညောင်ရေအိုးခုံရှိ စာများထက် အရေအတွက် ပိုမိုလေသည်။ ခုံရှည်များမှာ ထော့နဲ့ထော့နဲ့နှင့် ခြေကျိုးနေရှာပြီ။ နောက်ဆုံးခုံရှည်မှာ ခါးပင်ကျိုးနေလေပြီ။ မိန်းကလေးငါးယောက်ရှိလေရာ လေးယောက်သည် လက်ယာဘက်ရှိ ခုံ၌ ထိုင်နေကြ၏။ တစ်ယောက်မှာ လက်ဝဲဘက်ရှေ့ဆုံးခုံ၌ ထိုင်နေလေ၏။ တစ်ယောက်တည်းထိုင်နေသူမှာ လှမြင့် ဖြစ်လေသည်။

ဆရာ ကိုတင်ညွှန့်သည် အခန်းတွင်းသို့ ဝင်လာသည်နှင့်တစ်ပြိုင်နက် စာရင်းစာအုပ်ကို ဖွင့်ကြည့်နေလေ၏။ နောက်ပိုင်းနားက ဖေသန်းတို့လူစုသည် ထိုနေ့ညနေ ကစားမည့် ဗုဒ္ဓဘာသာကျောင်းနှင့် ဝက်စလီယန်ကျောင်း ဘောကန်ပွဲကို ဗေဒင်ဟောနေကြလေ၏။ သွားရောက်ကြည့်ရန် တိုင်ပင်ကြလေ၏။ မြမောင်တို့ခုံမှ လူစုံကား မြေပဲလှော်နှင့် ကွာစိလှော် စားနေလေ၏။ မြမောင်သည် ကွာစိကြီးကို ထောင်ကိုက်လိုက်ရာ ဒေါက်ဆိုသောအသံသည် တစ်တန်းလုံး ကြားလောက်အောင် ပေါ်ထွက်လာလေ၏။ မြမောင်သည် ရုတ်တရက် ပါးစပ်ပိတ်ပြီး မျက်နှာရှုတင်းထားလိုက်၏။ ဆရာသည် မျက်နှာမော့ကြည့်လေ၏။ မောင်လှ၊ မောင်သိန်း၊ အောင်ဖေတို့ကား ယမန်နေ့ညက ကြည့်ခဲ့သောရုပ်ရှင် အကြောင်း စားမြုံ့ပြန်နေကြလေ၏။ ကြည်ကြည်၊ သန်းတင်၊ စိန်မြ၊ ထွေးတင်တို့သည် စာအုပ်များကို ပေါင်ပေါ်တင်လျက် ခေါင်းငုံ့ကာ ဆီးဖြူသီးကို လျက်ဆားနှင့် တို့စားနေကြလေ၏။ လှမြင့်မှာ တစ်ယောက်တည်းမို့ စကားလည်းမပြောသာ၊ စားစရာလည်း မပါသောကြောင့် စာဖတ်၍သာ

mgyoe.com

mgyoe.com

နေရလေ၏။ တစ်ခါတစ်ရံ ကြည်ကြည်တို့ခုံသို့ လှမ်းကြည့်လိုက်သောအခါ ကြည်ကြည်က မျက်နှာကိုရှုံ့ပြပြီး ပါးစပ်ဖွင့်ချိဟချိ ပြတ်ပြတ်နှင့် လှုပ်ပြသည်ကိုသာ တွေ့ရလေ၏။ သန်းတင်က အိမ်မြှောင်အမြီးပြတ်သလို လက်ညှိုးလှုပ်ပြသည်ကိုသာ မြင်ရလေ၏။ ထိုအခါ လှမြင့်တွင် ထူးဆန်းသော ခံစားမှုတစ်ခု ပေါ်လာလေ၏။ ထိုခံစားမှုကြောင့် ကြောစိမ့်သွားလေ၏။ ပင်လယ်ထဲ၌ ရေငတ်သလို ကျောင်းသားတွေပေါများသော အခန်းထဲ၌ မချမ်းမြေ့ဖွယ် ဖြစ်နေလေ၏။

အတန်ကြာလျှင် ဆရာသည် သန်းတင်၊ ကြည်ကြည်၊ လှမြင့်၊ စိန်မြ၊ မောင်သိန်း စသည်ဖြင့် စာရင်းခေါ်လေ၏။ အသီးသီးရှိပါသည်ဟု ထူးကြ၏။ မောင်သွင်ဟုခေါ်လိုက်လျှင် ပြန်ထူးသံမပေါ်လာသောကြောင့် နောက်ထပ် မောင်သွင်ဟု ကျယ်ကျယ်ခေါ်လိုက်လေ၏။ ထိုအခါ အတန်းအပြင်ဘက်မှ ဖိနပ်သံ ဒေါက်ဒေါက်နှင့် တစ်စုံတစ်ယောက်လာနေသည်ကို သိရလေ၏။ ဖိနပ်သံသည် 'ရှိပါသည်ခင်ဗျား' ဟု အော်ထူးလိုက်သည်ကို ကြားရပြန်လေ၏။ ဆရာသည် ခေါင်းထောင်၍ကြည့်ပြီး 'လာခဲ့ မင်းတော့ သေရအောင်ပြင်ထား' ဟု မောင်သွင်အား နှုတ်ဆက်လိုက်လေ၏။ မောင်သွင်သည် တံခါးပေါက်၌ ရပ်နေလေ၏။ အခန်းတစ်ခန်းလုံးက ၎င်းအား ဂရုပြု၍ ကြည့်နေကြလေ၏။ မောင်သွင်သည် အသားဖြူဖြူ ရုပ်လှလှ အသက်ဆယ့်နှစ်နှစ်သား အရွယ်မျှသာဖြစ်၏။ သက္ကလတ်ဦးထုပ်ကို ဆောင်းထား၏။ စင်းကြားအင်္ကျီလက်တို၊ ပန်းရောင်ပိုးနှင့် တိုက်ဖြူတစ်ကွက်စီ ရက်ထားသောလုံကွင်း၊ ရွှေထိုးဖိနပ်တို့ကို ဝတ်ဆင်ထားလေသည်။ ဆရာကိုကြည့်ပြီး ပြုံးနေလေ၏။

"မင်း ဘာလို့နောက်ကျသလဲ မှန်မှန်ပြော" ဟု ဆရာက မေးလေ၏။

"ကျွန်တော်တို့အိမ်က နာရီကိုက နောက်ကျလို့ပါဆရာ" ဟု ဆင်ခြေပေး၏။

"မင်းတို့နာရီက ဘာလို့နောက်ကျရသလဲ" ဟု ဒေါသသံနှင့် မေးပြန်၏။

"နာရီက နှေးနေလို့ပါ ဆရာ" ဟု အပြုံးမပျက်ဘဲ ပြောပြန်လေ၏။

နီမြန်းသော နှုတ်ခမ်းများသည် ဖြူဖွေးသော သွားကလေးများကို ဖော်ပြထားလေ၏။ ဆရာသည် ခဲတံဖြင့် စားပွဲကိုခေါက်ပြီး

"တောက်... မင့်နာရီ ဘာလို့နှေးတာတုံး၊ လာခဲ့ လာခဲ့"

"နှေးတာက သံပတ်ကုန်နေလို့ပါ ဆရာ"

ဆရာတင်ညွန့်သည် ကုလားထိုင်ကို နောက်သို့ဖင်နှင့်တွန်းပြီး ကြိမ်ကိုင်ကာ မောင်သွင်ထံသို့ လာလေ၏။ တစ်တန်းလုံး တထိတ်ထိတ်နှင့် နေကြလေ၏။ လှမြင့်သည် မကြည့်ဝံ့လောက်အောင် ထိတ်လန့်နေလေ၏။

"လာခဲ့ လာခဲ့ ရှည်မနေနဲ့၊ မင်း ဆင်ခြေများတဲ့ကောင်" ဟု ကြိမ်းမောင်းပြီး နားရွက်ကို ဆွဲယမ်းလေ၏။

mgyoe.com

mgyoe.com
SAMPLE BOOK


"ကျွန်တော့်အပြစ်မဟုတ်ပါဘူး ဆရာ၊ နာရီအပြစ်ပါ ဆရာ" ဟု ပြောသော်လည်း နားဆွဲခေါ်ခဲ့၏။ လှမြင့်၏ နောက်ကပ်နေသောခုံတွင် နေရာချထားလိုက်၏။ မောင်သွင်သည် လှမြင့်ကို နောက်ကကြည့်ရင်း ဝမ်းသာနေလေ၏။

လှမြင့်၏ နက်ပြောင်သော သျှောင်ပေစူးကလေးကို ပန်းဝတ်ရည် ပန်းဝတ်မှုန်ကို လှပဖြာစီသော ရွက်ချပ်ကလေးများ ဝိုင်းအုံနေသလို အဖျားကော့နေသော ဆံရစ်ကလေး ဝိုင်းရစ်နေလေသည်။ ဆံရစ်တသီသီဝဲနေ၍ အင်္ကျီကြားမှ ပေါ်ထွက်နေသော သွယ်တန်းသည့် ကုပ်ဆက်ကလေးသည် သစ်ရွက်ကြားမှ ငွားငွားပြူပြူ ထွက်နေသော စံကားဝါပွင့်၏ ကျက်သရေမျိုးကို ဆောင်နေလေ၏။ ဖြူဆွတ် ညံ့နုသောဂွမ်းဖြင့် ရွှေစင်ကို အုပ်ထားသကဲ့သို့ ဖြူဆွတ်သော အင်္ကျီကလေး လွှမ်းထားသော ကိုယ်ကလေးမှာ အလွန်တင့်တယ်လှပေ၏။ သေးသွယ်သော ခါးကလေးဆီ၌ အင်္ကျီအဖြူကလေးသည် ချိုင့်၍နေပေ၏။ ပိုးနီနီနှင့် ရှန်တစ်ကွက် စီရက်ထားသော လုံချည်ကလေးနှင့် ဖြူဝင်းသောအသားသည် လွန်စွာပနံစားနေလေ၏။ လုံချည်ကြားမှထွက်၍ ခြေဖမိုးပေါ်တွင် မေးတင်၍နေသော ရွှေခြေချင်း ကလေးသည် စွန့်စွန့် လွှားလွှား ကြွားနေသည်နှင့် တူလေ၏။

နောက် ဆရာက ဂဏန်းတစ်ပုဒ် ကျောက်သင်ပုန်းပေါ်တွင် တင်၍ တွက်ခိုင်းလေ၏။ မောင်သွင်သည် ဂဏန်းမတွက်ဘဲ ကျောင်းအလာလမ်း၌ ပေသီးကျင်းလိုက်တမ်း ကစားနေခဲ့ ကြောင်းကို မောင်သိန်းအား အကျယ်တဝင့် ပြောနေလေ၏။ ရှေ့က လှမြင့်သည် မိမိပြောသမျှ ကို ဂရုစိုက်ပြီးနားထောင်၍ တစ်ခါတစ်ခါ ပြန်လှည့်ကြည့်သဖြင့် လှမြင့် ပိုကြားအောင် ခပ်ကျယ်ကျယ် ပြောနေလေ၏။ လှမြင့်၏ မျက်နှာကလေးမှာ အလှတကာတို့ထက် လှ၍ အကြည်တကာတို့ထက် ကြည်လင်နေလေ၏။ မောင်သွင်သည် လှမြင့်မျက်နှာကလေးကို ကြည့်ရသည်မှာ ဝမ်းသာသလိုလို ရှိနေလေ၏။ ဆရာက စကားမပြောကြနှင့်ဟု အမိန့်ပေးပြီး စားပွဲကို ကြိမ်ဖြင့်ရိုက်လေ၏။ သို့သော် မောင်သွင်သည် ပေသီးကျင်းလိုက်ရာ၌ မိမိနိုင်ခဲ့ သည်ကို မပြောရသေးသဖြင့် လှမြင့်အပေါ်၌ ကြွားလိုသောကြောင့် ခပ်ကျယ်ကျယ် မိမိဂုဏ်ကို ထုတ်၍ အသားယူနေလေ၏။ ဆရာသည် နေရာမှထပြီး မောင်သွင်အား ကြိမ်စာတစ်လုတ် ကျွေးလိုက်လေ၏။ ၎င်းနောက် နားရွက်ဆွဲပြီး 'ယူခဲ့ စာအုပ်တွေ' ဟု ပြောကာ မောင်သွင်ကို လှမြင့်ခုံ၌ နေရာချထားပြန်လေ၏။ လှမြင့်သည် ခုံ၌တစ်ယောက်တည်းထိုင်နေသည်ကို မခံမရပ်နိုင်သည့် အတောအတွင်း မောင်သွင်ရောက်လာသဖြင့် ဝမ်းမြောက်နေလေ၏။ စကားမပြောရသေးသည့်တိုင်အောင် အဖော်အလျော် အနားကရှိသည့်အတွက် အားတက်လာ လေ၏။ သို့သော် မောင်သွင်ကို ဂရုမပြုလေဟန်ဖြင့် ဂဏန်းတွက်နေလေ၏။ မောင်သွင်သည် ခေါင်းကိုငုံ့ကာ အောက်နှုတ်ခမ်းကို ကိုက်လျက် ကျောက်သင်ပုန်းကို တဒေါက်ဒေါက် တဂျစ်ဂျစ်နှင့် ဆွဲနေလေ၏။ လှမြင့်သည် မောင်သွင်စာရေးနေသည်ဟုသာ အောက်မေ့မိ လေ၏။

mgyoe.com

mgyobe.com SAMPLE BOOK

လှမြင့်၏အတွက်သည် အဖြေထွက်လာလေ၏။ မောင်သွင်လည်း အရေးရပ်၍ ကျောက်သင်ပုန်းကို ငုံ့ကြည့်ပြီး ကျေနပ်သည့်ပုံအသွင် ပေါ်နေလေ၏။ လှမြင့်သည် မိမိအဖြေနှင့် မောင်သွင်အဖြေတိုက်လိုလေ၏။

"အဖြေ ဘယ်လောက်ရသလဲ"

"ငါးဆယ့်ရှစ်ကျပ်ခွဲ" ဟု မော့မကြည့်ဘဲ မောင်သွင်က ဖြေလေ၏။

"ဟင်...ကျွန်မတော့ ခြောက်ဆယ်ရတယ်"

"မင်းမှားတာပေါ့ကွ" ဟု မျက်နှာစေ့စေ့ကြည့်ပြီး ပြောလေ၏။

"ဒါဖြင့် ပြစမ်းပါ" ဟု ပြောပြောဆိုဆို လှမြင့်သည် မောင်သွင်အနီးသို့ ကပ်၏။

"အောင်မာ ဘာလို့ပြရမှာလဲ" ဟုဆိုကာ လှမြင့်အနီးသို့ တိုးသွား၏။

"အို...ကြည့်ချင်လို့ပေါ့၊ တွက်နည်းပြစမ်းပါ" ဆိုကာ ကျောက်သင်ပုန်းဆွဲယူလိုက်ရာ တွက်နည်းကို မတွေ့ရဘဲ ခွေးရုပ်၊ လူရုပ်၊ ကျားရုပ်များကိုသာ တွေ့ရသဖြင့် အံ့သြသော မျက်စိဖြင့်ကြည့်ပြီး

"ဟင်...အရုပ်တွေပါကလား၊ ကိုသွင် အရုပ်ဆွဲတတ်တယ်နော်၊ ကောင်းသားပဲ" ဟု ပြောလေ၏။ နောက် "ဂဏန်းတွက်ဦးလေ၊ ဆရာဆိုနေလိမ့်မယ်" ဟုပြောကာ ကျောက်သင်ပုန်း ပြန်အပ်လိုက်လေ၏။ မောင်သွင်သည် ကျောက်သင်ပုန်းပေါ် တံတွေးထွေး၍ ဖျက်လေ၏။ မောင်သွင်သည် အလုပ်ရှုပ်နေပြန်လေ၏။ ကိုယ်ကို ဟိုင်ခဲ့သည်ငဲ့လှုပ်ပြီး ကျောက်တံကို တွင်တွင်မောင်းနေလေ၏။ ရေးပြီးသမျှကို လက်ဖြင့် ဖုံးကွယ်ထားလေ၏။ လှမြင့်သည် 'ဘာမို့ သူဖုံးထားရတာပါ လိမ့်နော်' ဟု စိတ်ထဲ၌ မေးခွန်းထုတ်နေလေ၏။ ကြည့်ချင်သောစိတ်သည် များပြားလာလေ၏။

"ကိုသွင် ကျွန်မ မသိရဘူးလား၊ ရှင် ဘာတွေရေးနေတာလဲ"

"ငါ ဘာရေးရေး၊ မင်းသိရမှာလားကွ"

"အို သိချင်တာပေါ့၊ ကဲ...ဘာလဲ ပြစမ်းပါ" ဟု စကားများထွက်သွား ပြီးနောက် သိလိုသောစိတ်တွေ တိုးဝင်လာလေ၏။ 'ကေန္တ သူအရုပ်ရေးတာပဲ၊ ငါ့ သက်သက်အကြောင်တိုက်ပြီး မပြတာ' ဟု သဘောရ၍ 'ကိုင်းပါ ပြစမ်းပါနော်' ဟုဆိုပြီး တိုးခစားလေ၏။

"မပြနိုင်ဘူး အသာနေ၊ မညာနဲ့ မပြဘူး။ သွေင်ဆိုတာ ဘူးဆို ဖရုံမသီးဘူး" ဟု ကြိမ်းဝါးပြီး လက်နှစ်ဖက်နှင့် နာနာပါအောင် ဆုပ်ထားလေ၏။

လှမြင့်တွင် ကြည့်ချင်စိတ် အားကြီးလွန်းသဖြင့် မောင်သွင်၏လက်များကို အတင်းဆွဲဖယ်လေ၏။ မောင်သွင်သည် စပ်ဖြီးဖြီးလုပ်ပြီး 'အောင်မာကွာ မကြည့်နဲ့' ဟု ပြောပြီး 'ဟင့်အင်း ဟင့်အင်း' နှင့် ဆွဲရာ မရုန်းမကန်လိုက်တတ်သော အပျိုကညာလို လှမြင့်လိုရာသို့ လက်ဖယ်ပေးလေ၏။

လက်ရွေ့သွားသောအခါ 'ကြက်တူရွေး' ဟူသော စာလုံးပေါ်လာလေ၏။ နောက်

mgyobe.com

mgyoe.com SAMPLE BOOK

'ခွေးကိုက်တယ်၊ လှမြင့်ကလေး ငါကြိုက်တယ်' ဟု ပေါ်လာသည်နှင့် တစ်ပြိုင်နက် လှမြင့်သည် ရှက်သွေးဖွန်လာလေ၏။ တစ်ချိန်တည်းတွင် မောင်သွင်သည် ပါးနပ်ဉာဏ်များသဖြင့် အူမြူးရွှင်ပျရလေ၏။ သို့သော် မိမိကို ပြောရမည်လောဟု ဒေါသထွက်လာပြန်၏။ မောင်သွင်၏ကျောကို အုန်းအုန်းနှင့် ဗျောတီးလိုက်လေ၏။

ဆရာသည် ခေါင်းငဲ့ကြည့်ပြီး 'ဘာလုပ်ကြတာလဲ၊ မင်းတို့တော့ အသေပဲကွာ' ဟု မြည်တွန်ပြီး ကုလားထိုင်ကို ဖင်နှင့်ပေါက်၍ နောက်ဖယ်ပြီး မောင်သွင်ထံသို့ သမင်အုပ်မည့် ကျားကြီးလို လာလေ၏။ တစ်တန်းလုံး အုန်းအုန်းကျွက်ကျွက် ရယ်နေကြလေ၏။ လူတိုင်း မောင်သွင်နှင့် လှမြင့်အား ကြည့်နေကြလေ၏။ မောင်သွင်သည် ရေးထားသော စာလုံးကြီးများကို ဆရာမလာခင် ဖျက်လိုက်လေ၏။

"မင်းတို့ ဘာဖြစ်ကြတာတုံး ဟင်" ဟု မေးသော်လည်း လှမြင့်ကလည်း အဖြေမပေး၊ မောင်သွင်ကလည်း အဖြေမပေးဘဲ ထားလိုက်လေ၏။

"ဟေ့...မောင်သွင် ဘာဖြစ်တာလဲ ပြောစမ်း"

မောင်သွင်သည် လှမြင့်ကို ညိုးငယ်စွာကြည့်ပြီး "ဘာမှမဖြစ်ဘူး ဆရာ" ဟု ဘူးတစ်လုံး ဆောင်နေလေ၏။

"တောက်.... ဘာမှမဖြစ်ဘူးလို့ ခွေးသားကလေး၊ လှမြင့် ဘာဖြစ်တာလဲ ပြောစမ်း" ဟု လှမြင့်ကို မေးလျှင် လှမြင့်သည် ခေါင်းကိုငိုက်စိုက်ထားပြီး ကျောက်တံဖြင့် ကျောက်သင်ပုန်းကို ခြစ်နေလေ၏။ မိမိက မောင်သွင်အား ထုလိုက်သည်ကို မောင်သွင်က မပြောဘဲ မျိုသိပ်ထားသည့်အတွက် မောင်သွင် သဘောကြီးပေသည်ဟု ချီးမွမ်းနေလေ၏။

"ကျွန်မတို့ ဘာမှမဖြစ်ဘူး ဆရာ" ဟု ပြောလိုက်လေ၏။

ဆရာသည် အလွန်ဒေါသထွက်ပြီး လှမြင့်ကို ကြိမ်ဒဏ်တစ်ချက်၊ မောင်သွင်ကို ကြိမ်ဒဏ်တစ်ချက်ပေးပြီး မောင်သွင်အား နောက်ဆုံးခုံသို့ သွားထိုင်ရန် အမိန့်ပေးလိုက်လေ၏။

မောင်သွင်သည် ညိုးငယ်သောမျက်နှာ၊ အယူခံသောမျက်နှာဖြင့် လှမြင့်ကိုကြည့်ပြီး နောက်ခုံသို့ သွားလေ၏။ နောက်ခုံသို့ရောက်လျှင် မစူးစမ်းမဆင်ခြင်သောကြောင့် ခါးကျိုးနေသော ခုံကိုထိုင်မိသဖြင့် လက်ထောက်လျက် အုတ်သမံတလင်းပေါ်တွင် လဲကျသွားလေ၏။ တစ်ခန်းလုံး အုန်းခနဲပွဲကျသွားလေ၏။ လှမြင့်မှာမူ မရယ်ဘဲ အလွန် ရင်ဖိုဝမ်းနည်းသွားပြီး မငိုမိရန် ကြိုးစားနေရှာလေ၏။ သနားစိတ် တဖွားဖွား ပေါ်နေလေ၏။ မောင်သွင်သည် မငိုမယို မညည်းညူဘဲ ပွန်းပဲ့သည်ကို လက်ကိုင်ပဝါနှင့် စည်းထားလေ၏။ ဆရာသည် လာ၍ချော့မော့ ရပြန်လေ၏။ မောင်သွင်သည် နောက်ထပ် ဂဏန်းသစ်တစ်ပုဒ်ကို ဆရာက မေးသောအခါ ဖျတ်လတ်သွက်လက်စွာတွက်ပြီး ဆရာကိုသွားပြလေ၏။ အဖြေအမှန်ရလေ၏။ လှမြင့်သည် လက်ကိုင်ပဝါစည်းထားသော မောင်သွင်၏ လက်ကလေးကိုကြည့်ပြီး

mgyoe.com

'ငါ့ကြောင့် သူ့ခမျာဖြစ်ရှာတာပဲ' ဟု သနားနေလေ၏။

နေ့လယ် ကျောင်းဆင်းသောအခါ မောင်သွင်သည် အတန်းခန်းပြင် ဘက်သို့ မထွက်ဘဲ ငြိမ်ငြိမ်ထိုင်နေလေ၏။ လှမြင့်သည် မောင်သွင်ကို စောင့်ကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။ လှမြင့်သည် မောင်သွင်ကို ခဏခဏကြည့်လေ၏။ တောင်းပန်ပါသည်ဆိုသော စကားများသည် ၎င်း၏မျက်နှာပေါ်တွင် ရေးထားသကဲ့သို့ ရှိလေ၏။ မောင်သွင်လည်း ပြန်လှန်ကြည့်ရှုလေ၏။ ကြည့်ပြီး တစ်ဖန် လှမြင့်က စူးစူးရှရှ ကြည့်နေသည်ကို တွေ့သဖြင့် –

"ဟော့...ငါ့မကြည့်နဲ့၊ မင်းကြောင့် ငါ့ ဟောဒီမှာ ကြည့်စမ်း၊ ဟော့... မကြည့်နဲ့ကွယ်" ဟု မလိုချင်ဘူးဆိုပြီး လက်ဝါးဖြန့်ခံသလို လုပ်ပြ၏။

"မတော်လို့ဖြစ်တာပဲ ကိုသွင်ရယ်၊ ကျွန်မ ဝမ်းနည်းပါတယ်" ဟု တောင်းပန်ရင်း မိမိခုံမှ မောင်သွင်ထံသို့ လာလေ၏။

မောင်သွင်လည်း "မတော်လို့မှ မဟုတ်ဘဲ၊ မင်း ငါ့ကိုမုန်းလို့ အုန်းခနဲ ကျောထုတာ။ သက်သက် ငါ့မုန်းလို့" ဟု ခွဲပြီး ရှေ့သို့တိုးခဲ့လေ၏။ တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြ၏။ အတော်ကြာ စကားမပြောဘဲ နေကြ၏။ နောက် မောင်သွင်က ပြုံးလေ၏။ လှမြင့်က ပြုံးပြန်လေ၏။

"မင်း ငါ့ကိုထုတာ သိပ်နာတာပဲကွာ"

"နောက်ကျ မထုတော့ဘူးနော်။ စိတ်မဆိုးနဲ့ ပြစမ်းပါ၊ လက်ဘယ်လောက်များ နာသွားသလဲဟင်၊ ဟင်" ဟု ပြောကာ လက်ကိုဆွဲယူပြီး လက်ကိုင်ပဝါဖြေ၍ အနာကို ကြည့်နေလေ၏။ မျက်စကလေးချီပြီး သနားစဖွယ် စစ်ဆေးနေလေ၏။

"ကျွတ် ကျွတ်၊ တော်တော်ပွဲသွားတာပဲနော်၊ ကျွန်မ ကျပ်ပူတိုက်ပေးမယ်" ဟု ပြောပြီး လက်ကိုင်ပဝါကို အလုံးကြီးလုပ်၍ အာငွေ့ပေးပြီး 'ဥုံ ပျောက်စေ' ဟု အပွဲများကို လက်ကိုင်ပဝါဖြင့် ဖိ့ပေးလေ၏။ မောင်သွင်လည်း ပြုံးပြုံးကြီး အယုအယခံနေလေသတည်း။

**သိန်းနေနွယ်**

ဒီးဒုတ်သတင်းစာ၊ အတွဲ–၁၁၊ အမှတ်–၄၀

၂၀ ဇူလိုင်၊ ၁၉၃၅။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## သူခိုး ဓားရိုးကမ်း

“ဟေ့…မောင်သောင်း၊ တယ် ဂိုက်များနေပါကလား၊ ပိုးလုံချည်အသစ်နဲ့၊ အောင်မာ…အစ်တယ်တီယန်ကွတ် အပေါ်အင်္ကျီတွေများ ထုတ်ဝတ်လို့ပါကလား၊ မင်းဘယ်သွားမလို့လဲ” ဟု သူငယ်ချင်းဖြစ်သူ မောင်ဘထွန်းက မေးလေလျှင် မောင်သောင်းသည် ပခုံးစွန်းနှစ်ဖွန်းကို မြှောက်၍ ဟန်ပြင်ရင်း –

“မမညွန့်ဆီပေါ့ကွ” ဟု အသံပြတ်နှင့် ဖြေလိုက်လေသည်။

“သြော်…သြော်… အပျိုဆီသွားမှာလိုက်လို့ကွာ၊ ဂိုက်ထုတ်ရန်ကော၊ ဒါ့ထက် မင်းနားရွက်ကြားထဲက ဖေါင်ဒါတွေပါကလား၊ ဖျက်ပါဦး ငါ့လူရာ” ဟုပြောလျှင် ‘ဟုတ်လား’ ဟု မေးပြီး တို့ပတ်ပဝါဖြင့် နားရွက်ကိုတိုက်လေ၏။

မောင်သောင်းသည် ဈေးရုံတွင်းသို့ ရောက်သောအခါ နှာခေါင်းရှုံ့မိ၏။ ထိုရုံသည် မန္တလေးဈေးချိုတွင် ရပ်ချောဈေးသည် အပေါဆုံးဖြစ်လျက် ဈေးသည်များသည် တစ်ခုလပ်ခြံကျော်မကျန် သနပ်ခါးကို တစ်ကိုယ်လုံး ကြမ်းထားကြ၏။

သို့သော်လည်း သနပ်ခါးအနံ့သည် ငါးပိနံ့၊ ငံပြာရည်နံ့တို့နှင့် စစ်တိုက်ရာ အရေးနိမ့်သဖြင့် သခင်မ၏ ပါးအနီးတွင်သာ ပုံ့ပုံ့ကလေး နေရရှာလေ၏။ ငါးပိမှ စိမ့်ယိုသော ငါးပိရည်၊ ငံပြာရည်အိုးနှုတ်ခမ်းမှ စီးကျသော ငံပြာရည်၊ ဈေးသည်မမတို့ ငါးပိငါးခြောက် ကိုင်ပြီး လက်ဆေးသောရေတို့သည် ပေါင်းစု၍ သမံတလင်းပေါ်တွင် စီးသွားနေကြ၏။ မောင်သောင်းသည် ချော်မလဲရန် ဂရုစိုက်ရသဖြင့် တဒေါက်ဒေါက် ဂိုက်ဖြင့်လျှောက်မည့် အကြံကို ဖျက်လိုက်ရပေသည်။

မညွန့်မေသည် ငါးရံ့ခြောက်၊ ပုစွန်ခြောက်၊ ငါးသိုင်းခြောက်၊ ငါးပိ ဗျပ်များ ခြံရံလျက် ထိုင်နေလေ၏။ မညွန့်မေမှာ ဖြူဖြူဝဝ၊ အလွန်အချိုးကျသော အသက် ၃၀ အရွယ် အပျိုကြီးဖြစ်၏။ မညွန့်မေသည် ကြည်လင်လှပသော မျက်လုံး၊ နီရဲသောနှုတ်ခမ်းနှင့် ဖောင်းအိ

mgyoe.com

mgyoe.com SAMPLE BOOK

စိုပြည်သော တင်များအတွက် အပျိုဖြစ်စက ယခုတိုင် ကျော်စေခဲ့လေသည်။ မညွှန့်မေသည် မောင်သောင်းကိုမြင်သည်နှင့်တစ်ပြိုင်နက် ရွှင်ပြုံးသွားပြီး –

"သြော်...ငါ့မောင်ကလေး လာပါပကောလား၊ ထိုင်ဟော့ အဲဒီရသေ့ လျှောင်းပေါ်မှာ ထိုင်ကွယ်၊ သြော်... သြော် ရေတွေစိုနေပါပကော၊ အင်း ... ဟောဒီအဝတ်စုတ်နဲ့ သုတ်ပစ်လိုက်" ဟု ပြောပြီး မျက်နှာသုတ်ပဝါစုတ်ကြီးတစ်ခုကို ပစ်ပေးလိုက်၏။

"မမညွှန့် ဈေးရောင်းကောင်းရဲ့လား" ဟု ခုံသုတ်ရင်းပြောပြီး စကားပြန်မစောင့်ဘဲ "မမညွှန့်ဝယ်ပေးတဲ့ လုံချည်နဲ့ ကျွန်တော်နဲ့လိုက်ကဲ့လား" ဟု မေးရင်း ထိုင်လေ၏။

"သိပ် ဂိုက်ကျတာပဲကွာ၊ ငါ့မောင်က အရင်ကထက် ပိုချောသွားပြီ၊ မမကို ထပြပါဦးကွ"

မောင်သောင်းလည်း မတ်တတ်ရပ်လျက် ပုဆိုးစကို ဆွဲထောင်၍ပြလေ၏။

"ဒါမှ ငါ့မောင်ကလေးကွ၊ ဒါကြောင့် မမက ချစ်တာပဲ၊ မကြာခင် ပိုးအင်္ကျီဝယ်ပေးမယ်၊ ဆောင်းတွင်းကျတော့ ဘလေဇာဝယ်ပေးမယ်နော်"

"ကျွန်တော်ကလည်းလေ မမညွှန့်ချောတယ်ထင်ရင် ပြီးရောပဲ၊ မမညွှန့်ဆင်တာဝတ်မှာပဲ" ဟူသော စကားများသည် 'ငါ တယ်ဟုတ်တဲ့လူပဲ၊ ဒါကြောင့်လည်း မမညွှန့်ဟာ အသည်းစွဲချစ်နေတာပဲ၊ မမညွှန့်ချစ်လေ၊ ငါ ကော်လေပဲ' ဟူသော အကြံများ ပေါ်ပေါက်နေရာ စိတ်ထဲမှ ပြုထွက်လာကြလေသည်။

"မမမောင်လေး ဘာစားမလဲ၊ ဟော့...ပေါက်ဖော် မြီးရှည်ယူခဲ့စမ်း၊ မောင်သောင်းရော၊ ယပ်ခတ်နေ" ဟု ယပ်တောင်ကလေးကို ယူပေးလေ၏။ မောင်သောင်းသည် မမညွှန့်၏ ချိုသာပုံ၊ မိမိအား ချစ်ခင်ယုယပုံ၊ ရုပ်လှပပုံ၊ အသံသာယာပုံတို့တွင် ပျော်ရွှင်ခြင်းကို တွေးနေခိုက် ယပ်ခတ်လိုက်ပြန်သဖြင့် ချိုရာသကာလောင်း ဆိုသကဲ့သို့သာ ရှိလေ၏။ ငါးပိနံ့၊ ငံပြာရည်နံ့များကိုလည်း မခံစားရတော့၊ ချွေးပေါက်ကလေးများအတွက်လည်း စိတ်မဆင်းရဲရတော့။ မညွှန့်မေလည်း မိမိပြုစုပျိုးထောင်ခဲ့ရသဖြင့် လူပျိုမားမားကလေးဖြစ်လာသော လူချောလူလှ မောင်သောင်းကို ကြည့်နေရသည့်အတွက် ဝမ်းမြောက်နေ၏။ မောင်သောင်း ဝတ်ဆင်စားသောက်နေပုံကို ကြည့်မြင်ရခြင်းတွင် အရသာပီတိ တွေ့နေလေ၏။ တစ်နေ့လုံး ချွေးတလုံးလုံး၊ ယပ်တဖျပ်ဖျပ်နှင့် ဈေးရောင်းခဲ့ရသည့် စိတ်၏ဆင်းရဲခြင်းသည် နေရောင်ခြည်ရှေ့၌ ပျောက်ပြယ်သော ဆီးနှင်းလို ပျောက်ပျက်သွားလေ၏။ မောင်သောင်းအပေါ်၌ ချထားအပ်သော စေတနာသည် မိမိနှင့် ဘာမျှမတော်မစပ်သည်ကို လုံးလုံးသတိမရရှာတော့ချေ။ ဆိုင်နားနီးချင်းမှ အေးစိန်၊ လှရင်၊ တင်မေ၊ ဒေါ်ထွေးတို့သည် မျက်ရိပ်ပြ၍လည်းကောင်း၊ စကားတီးတိုး၍လည်းကောင်း။ 'လင်တော်မောင်ကလေးလာလို့ ပျော်နေပြီဟော့၊ တော်တော်လာတဲ့ အပျိုကြီးပဲ။ ဒါကြောင့်လည်း ကောင်ကလေး စွဲနေတာပေါ့၊ အရှက်လည်း မရှိကြဘူး၊ ကြည့်စမ်း... ကြည့်စမ်း၊ မောင်ကလေးက သူ့ပန်းခေါင်းက

mgyoe.com SAMPLE BOOK

အတင်းဖြတ်ယူပြီး ပြောင်နေတယ်။ လူတွေကလည်း လာလိုက်ကြ၊ အရက်လည်း မရှိဘူး' စသည်ဖြင့် ကဲ့ရဲ့နေကြသည်ကို မရိပ်မိရှာချေ။

ညနေ ဈေးသိမ်းလျှင်လည်း မောင်သောင်းနှင့် မညွန့်မေတို့သည် မြင်းရထား အတူတူ စီး၍ ဝါးတန်းလမ်းက ဖြတ်ပြန်လျှင် လမ်းလျှောက်၍ ပြန်ကြသော ငါးပိတန်းက ဈေးသည်များသည် 'ဟော့…စိန်ရေ၊ ဟော့ဟို မြင်းရထားထဲမှာ စုံတွဲ ပါသွားပါပကော၊ တစ်ခုံတည်း စီးသွားတာ စိန်ရဲ့။ သူတို့က ကပ်နေတာပဲ၊ ဒါနဲ့များ မောင်လိုနှမလိုတဲ့ စိန်ရယ်' ဟုပြောသော စကားများကို မညွန့်မေကြားရန် နားတစ်ပေါက် နောက်ထပ်ဖောက်ပေးရမည်ကဲ့သို့ ရှိနေလေ၏။

မောင်သောင်းသည် မိမိအိမ်သို့ မပြန်သေးဘဲ မညွန့်မေတို့အိမ်၌ ထမင်းစား၏။ "မောင်သောင်း စားကွယ့်၊ ဟင်းကလည်း သိပ်မကောင်းဘူး၊ ဟောဒါ ပဲသီးဟင်းချိုု ရွှေပုစွန်နဲ့ ချက်ထားတာ။ ဒါက မန်ကျည်းသီးစိမ်းချက်၊ မင်းဘက်ကဟာက စားတော်ပဲနဲ့မျှစ်ကြော် ထားတာကွဲ့၊ ငါးရံ့ခြောက်ကြော်နဲ့ လိုက်တယ်ရော့" ဟု ပြောကာ ငါးရံ့ခြောက်ကြော် များကို မောင်သောင်းပန်းကန်ထဲသို့ ထည့်လေ၏။ "ဘဲသားဟင်းသွားဝယ်တာ ကြာလိုက်တာ၊ ဟော… ပြောတွင်းဆိုတွင်း ရောက်လာပြီ။ မေမေလည်းစားလေ" ဟု မိခင်ကြီးအား ပြောပြီး ဘဲသားများကို မောင်သောင်းပန်းကန်ထဲသို့ ချပြန်လေ၏။ မိခင်ကြီးကိုကား အတူတူ စားနေကျဖြစ်၍သော မသိရာ ဘာမျှအရေးမလုပ်ပေ။

* * *

'ရွှေဝသွား ပါးလိုက်တဲ့ ဆောင်းပါးလေ၊
လွမ်းသူ့စာရွေ၊
သည်စာရွေ အထွေထွေ ပါလေရဲ့လား၊
စီလို့သာ ကုံးရ၊
စာလုံး တယ်မလှလေဘူး၊ မိန်းမလက်ရေး'

"ကဲ… မမ ဆိုပြီးပြီ၊ မောင်သောင်းအလှည့် ကျန်တော့တယ်ဆိုလေ၊ အို…ဆိုပါ ဆိုနေတာ" ဟူသော သီချင်းသံနောက်မှလိုက်လာသော စကားသည် မန္တလေးမြို့ရိုး အရှေ့ဘက် ကျုံးလမ်းပေါ်တွင် တဂျွန်းဂျွန်း တခွမ်းခွမ်းပြေးနေသော မြင်းရထားထဲမှ သာယာစွာ ပေါ်ထွက်လာသော အသံဖြစ်လေသည်။

"မမက ဘယ်သူ့ဆီများ စာရေးလိုက်လို့တုံး မမရဲ့"

"ဩော်…မောင်သောင်းကလည်း သီချင်းရှိလို့မို့ ဆိုရိုတာပေါ့၊ ကဲပါ… သီချင်းသာ ဆိုပါ" ဟု ပြောလေ၏။

"အောင်မာ…မဆိုဘူး၊ မမ ဘယ်သူ့ဆီစာပေးသလဲ၊ မပြောရင်မဆိုဘူး၊ ပြောပါ

mgyoe.com

မမရ"

"အို...မောင်သောင်းကလည်း ဘယ်သူ့ဆီ မမပေးရမှာလဲ၊ သီချင်းသာဆိုပါကွာ။ မဆိုရင် မမက ခေါင်းပုတ်လိုက်မှာနော်"

"ပုတ်ချင်ပုတ်လေ ရော့" ဟု ခေါင်းငုံ့၍ မညွှန့်မေ၏ ရင်ခွင်ဆီသို့ ခေါင်းထိုးပေးလေ၏။

"တောက်...ကောင်လေး၊ ပုတ်လိုက်ရ သေသွားရော့၊ မပုတ်ပါဘူးတဲ့ ဆရာသောင်းရယ်"ဟုပြောကာ ခေါင်းကလေးကို လက်ဖြင့်ယုယစွာ မံ့သယ်ပြီး မောင်သောင်း၏ ကျောကို ပွတ်ရင်း

"ဘုရားကို စူးစေရဲ့၊ မမမှာ ဘယ်က ရည်းစားမှ မရှိဘူး၊ ကဲကွာ... သီချင်းသာဆိုပါ" ဟု ပြောလေ၏။ ရထားကြီးကလည်း ချိုင်းခနဲ စုန်လိုက်သဖြင့် မောင်သောင်းသည် တခြားဘက်သို့လဲသွားမည်ရှိရာ မညွှန့်မေသည် ဖက်ထားလိုက်ရလေ၏။

မညွှန့်မေ၏လက်မောင်းနှင့် ကိုယ်၏ပူနွေးသော အငွေ့သည် မောင်သောင်းအား မျက်စိပြာသွားစေ၏။ အေးမြသော လေပြည်ကလေးသည် ရေပြင်ကိုဖြတ်၍ တိုက်လာရင်း ယူဆောင်လာသော ပူနွေးသည့် ရေငွေ့ဓာတ်ကို ခံယူရသည်ထက် ပို၍စည်းစိမ်ရှိ၏။

မညွှန့်မေသည် လက်များကို ရုပ်သိမ်းလိုက်မှ မောင်သောင်းသည် ဆယ့်ခြောက်နှစ်သား မောင်သောင်းပြန်ဖြစ်ပြီး (ဝါ) မမညွှန့်၏ မောင်ကလေးပြန်ဖြစ်ပြီး –

"မမရာ ဟောဒီကျုံး၊ ဟောဒီမြို့ရိုး၊ ဟောဟို ပြအိုး၊ ဟောဟို တန်ဆောင်း၊ ဟောဟိုကနန်းတော်၊ ဟိုဘက်က ဗဟိုရ်စည်တွေ မြင်ရလျက်ကနဲ့ ဗဟိုရ်စည်သံတော့ မကြားရဟော့ဘူးနော်၊ အဲဒီတော့ –

ရွှေဗဟို စည်သံများကိုလ၊
မကြားရ ကြာချေပြီ၊ လေးလ ရာသီ၊
တိုင်း ဌာနီရယ်လေ၊ မဟုတ်ကယ်ပါပြီမို့၊
ကြက်သံကို ပဟိုရ်ပြုရတယ်၊
(မမရယ်) (မမညွှန့်ရယ်) တောသူရွာမို့၊

လို့ ဆိုရတော့မှာပဲ၊ ကျွန်တော်တို့ ရတနာပုံမြို့ကြီးဟာ ပဟိုရ်စည်သံနဲ့ဝေးတဲ့ တောလက်ကျေးဖြစ်ပြီ မမညွှန့်ရဲ့"

"မမတို့ မန္တလေးမြို့ကြီးဟာ ချမ်းအေးပူအိုက်၊ ခြင်ကိုက် ဖုန်ထူ၊ နေပူလွန်းတဲ့ အရပ်ဖြစ်နေပြီ၊ ဟိုရှေးငယ်တစ်မူနှင့် မတူလေဘဲ

မာလာရုံကွန်းမှာလ၊ ရွှေညွှန်းပျံကြူ၊
ဟိုရှေးငယ်တစ်မူနှင့် မတူလေဘဲ၊
ပေါ်ရုံရွှဲငယ်နှင့်၊ သဲဝါပုံဆောင်၊

mgyoe.com

mgyoe.com SAMPLE BOOK

သီပေါသခင်၊
ဘမဟာကွန်းမှာလေး၊
ထွန်းနေလရောင်၊
ဆိုဆိုပေသားငယ်နှင့်၊ ပျိုနားမထောင်၊
ရိုးပြာမြေ တိုင်အောင်ပ၊ ကြံရွယ်ဟောင်း၊
ရွေးသူကောင်းငယ်တို့၊ ပုံသက်သေ၊
နိုမှ သောင်၊ နောင်မှ သိမယ်လေး၊
ထုံးရှိလျက်ပေ"

စသည်ဖြင့် ရသမျှ ဘောလယ်မှထုတ်ဆိုပြီး မြို့ရိုးငေးစိုက်ကြည့်နေသော မညွန့်မေသည် ပူဆွေးဟန်လက္ခဏာရှိလေ၏။

"မမ၊ ကဲ...တောင်ပေါ်တက်ကြစို့"

"အို လူတွေက တယ်ပေါပါကလား မောင်သောင်းရာ"

"ပေါတော့ ပျော်တာပေါ့ မမညွန့်ရာ၊ လာလာတက်ကြစို့" ဟု ပြောဆိုကာ မောင်သောင်းနှင့် မညွန့်မေတို့သည် ဘေးပန်းယှဉ်ကာ တက်သွားကြလေ၏။ လမ်းနံဘေး စီတန်းထိုင်နေကြသော လူပျိုကလေးများသည် မညွန့်မေကို စိုက်ကြည့်ကြလေ၏။ မောင်သောင်းသည် မညွန့်မေကို ကြည့်ရမည်လောဟု ဒေါသထွက်၏။ မျက်စောင်းထိုး၍ကြည့်၏။ ၎င်းတို့အား ကျော်တက်မိလေလျှင်–

'ယောက်ဖ' ဟု နောက်မှခေါ်သံကို ကြားလိုက်ရလေ၏။

မြတ်စောညီနောင်ဘုရားသို့ ရောက်သောအခါ ဘုရားဖူးကြလေ၏။ ဗေဒင်ဆရာ တစ်ယောက် သီဟိုဠ် (သီရိလင်္ကာ) ပြန်နှင့် တွေ့သဖြင့် မညွန့်မေသည် မောင်သောင်းကို အနားတိုးလာဖို့ခေါ်ပြီး

"မောင်သောင်းရေ၊ မမ ဗေဒင်မေးချင်တယ်ကွာ"

"မေးတာပေါ့ မမရဲ့၊ သီဟိုဠ် (သီရိလင်္ကာ) ပြန်ဆိုတော့ တော်တော်မှန်မှာပဲ၊ ကျွန်တော်လည်း မေးမယ်နော်"

"မမ မောင်သောင်းကို ဖွင့်ပြောစရာတစ်ခုရှိတယ်။ အရေးသိပ်ကြီးတာပဲ၊ ဒီစကားကို ဘယ်သူ့မှ မပြောရဘူး၊ မပြောပါဘူးလို့ သစ္စာဆိုရင် မောင်သောင်းကို ဒီစကားပြောပြီး ဗေဒင်မေးမယ်"

"မမက မပြောစေချင်ရင် ကျွန်တော်က ဘာလို့ပြောရမှာလဲ။ ကဲ ဘုရားမှာသစ္စာဆိုမယ်၊ မမက သစ္စာတိုင်ချေ"

"တပည့်တော် မောင်သောင်းသည် (တပည့်တော် မောင်သောင်းသည်)၊ မမညွန့် ပြောသမျှကို (မမညွန့်ပြောသမျှကို)၊ ဘယ်သူ့မှ ဖွင့်မပြောပါ (ဘယ်သူ့မှ ဖွင့်မပြောပါ)၊

mgyoe.com

mgyoe.com SAMPLE BOOK

ဖွင့်ပြောမိပါသော် (ဖွင့်ပြောမိပါသော်)..."

ထိုသို့ ဘုရားရှေ့တွင် သစ္စာပြုနေကြသည်ကို တောင်ပေါ်သို့ တက်လာကြသော အေးစိန်၊ လှခင်၊ တင်မေတို့ လူစုသည် မြင်လျှင် 'စိန်ရေ၊ ဟောဟိုမှာ စုံတွဲဘုရားဖူးပြီး သစ္စာနံ့နေကြ ထင်ပါ့ကွယ်၊ အပျိုကြီးမို့ စောစောက မစွံခဲ့သမျှ အတိုးနှင့်ချဲ့နေတာပါ၊ မြမျိုးလွင်ရဲ့ တပည့်မတွေများလား မပြောတတ်ပါဘူး စိန်ရယ်' ဟုပြောပြီး တစ်ယောက်ကို ဂုစ်ယောက် တံတောင်နှင့်တွက်ပြီး ဆက်တက်သွားကြလေ၏။

"(ဖွင့်ပြောမိပါသော်)၊ လူအညွန့်တုံးပါစေသော် (လူအညွန့်တုံးပါစေသော်)" ဟူ၍ ဆုတောင်းကြ၏။

'မောင်သောင်း' ဟု ဆွဲကြိုးကို လက်တစ်ဖက်ဖြင့်ကိုင်၍ 'မမ ယုံလို့ ပြောပြီနော်' ဟု မညွန့်မေက ပြောလေ၏။

"ပြောမှာသာပြောပါ၊ မမညွန့်ရယ်" ဟု လက်တစ်ဖက် ထောက်လျက် မေးငေါ့ကာ နားထောင်နေလေ၏။

ညွန့်မေသည် မျက်တောင်ကိုစင်းထားပြီး "ဒီလိုကွယ့်၊ မောင်သောင်း နှင့် မမလေ ဒီလောက်ကြာကြာ ချစ်ခင်နေကြပေမဲ့ (မောင်သောင်း အသည်းနှလုံးသည် တဒိတ်ဒိတ် ခုန်နေလေ၏။) မမရဲ့ နောက်ကအဖြစ်အပျက်ကို မောင်သောင်းမသိဘူးနော်",ဟု ပြောပြီး မျက်စိကို လက်ညှိုးဖြင့် ပွတ်လေ၏။

"မသိတာ မမညွန့်က မပြောဘဲကိုး"

"အေး အေး၊ ခုတော့ မမပြောမယ်၊ အရင်ကတော့ပြောလို့ မတော်သေးလို့ပေါ့။ မမတို့မှာလေ အခု ငွေသိပ်ကျပ်တာပဲ၊ ဈေးရောင်းတာကလည်း ခုနေအခါ သိပ်ပါးတာပဲကွယ်၊ တစ်ခါတစ်ရံများကွယ် သနပ်ခါးဖိုးမှ မကျေဘူးကွ။ တစ်ခါတစ်ရံ အိမ်က မြင်းရထားခ တွေတောင် စိုက်ရသေး၊ ဒီတော့ မောင်သောင်း မပါလာရင် မမ ခြေကျင်လျှောက်တာပဲ"

"မမညွန့်ရယ် ကျွန်တော့်အတွက်နဲ့ဖြင့် မြင်းရထားကြီး၊ ဘာကြီးနှင့် မလုပ်ပါနဲ့၊ ကျွန်တော် ခြေကျင်ပဲ"

"သြော်... မောင်သောင်းတို့လို လူပျိုကလေးတွေဆိုတော့ ဟန်ပေးနိုင်မှ တော်ကာ ကျတာပဲ။ အိမ်က မေမေများ ဈေးလာရင် ဘယ်တော့ဖြစ်ဖြစ် ခြေကျင်ပဲလာရာတာကွဲ့၊ ခုလိုဆင်းရဲတာဟာ တခြားကြောင့် မဟုတ်ဘူး၊ မမတို့ အဖေနေမကောင်းလို့"

"အို... နို့ မမညွန့်က မမညွန့်ဖေဖေ ဆုံးပြီးပြီဆို"

"ဒါက အကြောင်းမပြောချင်လို့ဘဲ၊ မမတို့အဖေဟာ ဟိုတက်ဘုရားကြီး ရှမ်းဈေးထဲမှာ ကောကွဲ့၊ မင်းတိုင်ပင်အမတ် ဦးမောင်မောင်ကြီးတို့ အိမ်နားမှာပေါ့၊ သူတို့က ဝံသာနု တွေထဲမှာ နေတယ်၊ မမတို့က ၂၁ ဦးဆိုတော့ ဝါးတန်းမှာနေတယ်။ မမဖေဖေက ဦးလူလှ တဲ့၊ ပွဲစားကြီး၊ ပစ္စည်းပေါတယ်"

mgyoe.com

mgyoe.com SAMPLE BOOK

"ဩော်... နို့ ဘာဖြစ်လို့ ကွဲလာကြတာလဲ မမညွန့်ရဲ့"

"မမတို့ဖေဖေက မိန်းမငယ်နေလို့ပေါ့ကွာ၊ လွန်ခဲ့တဲ့ငါးနှစ်လောက်တုန်းက မင်းတို့ငယ်ငယ်ကလေး ရှိဦးမှာပေါ့၊ ဟို ဩဘာသောင်းတို့ အငြိမ့်ထဲက ပွဲဦးထွက်ခင်ကြည်ဆိုတာ ရှိတယ်။ မမတို့ဖေဖေက အစမှာတော့ အပျော်အပါးသက်သက်ဆိုပြီး ခင်ကြည့်ကို ပိုးတယ်၊ နောက် မယားငယ်အဖြစ်နှင့် အိမ်ငှားထားတယ်၊ ဒီတော့ မေမေလည်း အသိသားပဲ။ သို့ပေမဲ့ ဘာမှ မေမေက ဖေဖေ့ကို အပြစ်မဆိုဘူး။ နောက် ခင်ကြည်တို့က ဆေးနဲ့လုပ်တယ် ထင်ပါရဲ့ကွယ်၊ ဖေဖေက ခင်ကြည်ကို သိပ်စွဲနေရော၊ ခင်ကြည်ပြောသမျှ နားထောင်တာပဲ၊ ခင်ကြည်ကို တစ်နေ့မတွေ့ရ မနေနိုင်ဖြစ်နေတာပေါ့၊ မကြာခင် ခင်ကြည်ကို အိမ်ခေါ်လာ ပါလေရော့ကွယ်၊ ဒီတော့ မေမေက ဆူတာပေါ့။ ဆူပေမဲ့ ကျဲပါးစောင်းတီးပဲ ဖြစ်နေတာပဲ"

"ဟာ... မမနှယ် လူပျက်ဘလိုင်ပြောသလို ဒိန်းဒလိန်းနတ် စွဲနေပေါ့ထင်ပါရဲ့"

ညွန့်မေသည် ပါးအို့လေးများပေါ်တွင် အချိုင့်ကလေးများ ပေါ်လာအောင် ပြောပြီး

'အေး... ဒါထဲကပဲ၊ နောက်လေ သူ့မယားငယ်ကို မမက မခေါ်လာဆိုပြီး ဖေဖေက ကြိမ်းတယ်၊ ရုပ်ရှင်သွားလည်း အတူတူသွားရမတဲ့။ တစ်ခါ ဆိုင်းတန်းရုံမှာ ရုပ်ရှင်သွား ကြည့်တော့ သူ့မယားငယ်လေးနှင့်အတူတူမို့ မမက 'အငြိမ့်မင်းသမီး ဖက်ခွက်စားနှင့် အတူတူမသွားချင်ဘူး'ဆိုတော့ မမကို ရိုက်လိုက်တာလေ၊ မမလည်း ဘယ်တော့မှ စိတ်မချမ်း သာရဘူး၊ တို့ဖေဖေက မယားလေးစကားသာ နားထောင်တယ်။ လူတကာက ဦးလူလှ ကတော့ ဆေးမိပြီပြောကြတာပဲ။ မေမေ့ကို ခဏခဏရန်လုပ်၊ ဆဲမောင်း ပုတ်မောင်းလုပ် ရော၊ မေမေလည်း မမအတွက်နှင့် စိတ်မအေး၊ သူ့အတွက် စိတ်မအေးမို့ ငတ်ချင်ငတ်ပေ့ စေတော့၊ အေးရာသွားမှပဲဆိုပြီး ပြောင်းလာခဲ့ကြတာပဲ။ တို့ဖေဖေများ ဘယ့်လောက် အသည်း နာစရာကောင်းသလဲ၊ သူ မယားကလေးသာ ဂရုစိုက်တာပဲ၊ တို့ထွက်သွားတာ သူသတိရနိုး ရနိုးနဲ့ စောင့်နေတာ၊ အခုထက်တိုင်ပါရောကွာ။ ဩော်... တစ်ခုကျန်သေးတယ်၊ တို့ဖေဖေ က မမကို ယောကျ်ားပေးစားမယ်လုပ်ရော၊ မမကလည်း သူပေးစားတာ မလိုချင်လို့သာပြီး အိမ်ကဆင်းဖြစ်တာပေါ့လေ"

"ယောကျ်ားက ဘယ်ကလဲ"

"အို...မပြောပါရစေနဲ့တော့ကွာ၊ မမထက် နည်းနည်းကြီးတယ်။ သို့ပေမဲ့ မကြိုက် လို့မယူတာဘဲ"

"ငယ်ငယ်ကြီးကြီး မမရယ်၊ ကြိုက်မှယူတာပေါ့"

"အေးပေါ့ကွ၊ ဒါနဲ့ တို့ ဝါးတန်းမှာနေတယ်၊ ပါလာတဲ့ပစ္စည်းကလေး ထုခွဲပြီး အိမ်ဝယ်၊ ဆိုင်ဝယ်နေကြတာပဲ။ ခုတော့ ဆိုင်က အလကားလိုလို ဖြစ်နေတာပဲ၊ ဒီတော့ တစ်နေ့က ဓာတ်ဆရာတစ်ယောက်နဲ့တွေ့တယ်။ ဒီဓာတ်ဆရာက ဖေဖေ့မှာ ဆေးမိနေတာကို ပျောက်အောင်လုပ်ပေးမယ်တဲ့။ မမတို့ကို ပြန်ခေါ်စေမတဲ့၊ ငွေကလည်း ၃၀၀ တောင်

mgyoe.com

mgyoe.com SAMPLE BOOK

ပေးရမတဲ့၊ မမတို့ ဆိုင်ထားတယ်။ ငွေကလည်း လက်ထဲမရှိသေးတော့ တကယ်လို့ ပေါင်နှံပြီးလုပ်လိုက်ရင် ရမှာပေါ့။ သို့ပေမဲ့ ဟန်ကျမယ့်ဓာတာမရှိရင် ဖွတ်မရဓားမဆုံးထဲက နေမှာကြောက်တယ်။ ဒီတော့ ဗေဒင်ဆရာကို မေးမယ်ကွယ်၊ သေချာရင် ငွေ ၃၀၀ ကျပ်ကို ဘယ်နည်းနဲ့ ဖြစ်ဖြစ် ရှာပေးလိုက်မယ်"

"ကောင်းသားပဲ မမရာ၊ မေးတာပေါ့။ ကဲ ကဲ...သွားကြစို့ ဗေဒင်ဆရာ အနားကိုလေ" ဟု ပြောပြီး စားပွဲပုကလေးနောက်၌ တင်ပျဉ်ခွေလျက် ထိုင်နေသော ဗေဒင်ဆရာ အနီးသို့ ကပ်ကြလေ၏။ ဗေဒင်ဆရာကြီးသည် ရွှေကိုင်းတပ် ကျောက်သလင်း မျက်မှန်ကြီးကို တင်ထားလေ၏။ ခေါင်းပေါင်းမှာလည်း အစိမ်းကြီးဖြစ်၏။ စားပွဲပေါ်၌ ကျောက်သင်ပုန်း တစ်ချပ်နှင့် ကျောက်တံတိုတစ်ချောင်း ရှိလေ၏။

"ကြွကြပါ၊ ကြွကြပါ၊ အဲ အဲ" ဟု ဗေဒင်ဆရာက နေရာပေးလေ၏။

ထိုင်၍ ဗေဒင်မေးကြလေရာ ညွန့်မေ၏ ကြံစည်ချက်သည် ကေန်မုချ ငါးလအတွင်း အောင်ရလိမ့်မည်ဖြစ်ကြောင်း၊ လာမည့် တော်သလင်းလဆန်း ၉ ရက်နေ့ နံနက် ၅ ချက်တီးအချိန်တွင် ဓာတ်ရိုက်ဖို့သင့်ကြောင်း၊ ဆေး အင်း အိုင် စီစဉ်သင့်ကြောင်းများကို ဟောလိုက်သဖြင့် ညွန့်မေသည် အလွန်ဝမ်းမြောက်နေလေ၏။ ဗေဒင် ၁၅ မူး ပေးခဲ့ကြ၏။

"ကဲလာ၊ မောင်သောင်း ဆင်းကြစို့" ဟု ပြောပြီး မြင်းရထားဖြင့် ပျော်ရွှင်မြူးထူးစွာ သီချင်းတကြော်ကြော်ဆိုရင်း ပြန်ကြလေ၏။

* * *

"မမညွန့်၊ ကနေ့ည ရုပ်ရှင်သွားကြည့်ရအောင်" ဟု ပြောပြီး မောင်သောင်းသည် ဟင်းချိုခွန်းကို တောင်ခနဲ ချလိုက်လေ၏။ ထမင်းလုတ်ကို ပါးစပ်ထဲ မသွင်းသေးဘဲ ပြန်စကားစောင့်နေ၏။

"မမညွန့် မအားဘူးကွာ၊ နောက်မှသွားတာပေါ့"ဟု သရက်ချဉ်သုပ်ကို ထမင်းထဲ မြုပ်ရင်း ပြောလေမှ –

"ဘာလုပ်စရာရှိလဲ မမညွန့်ရယ်၊ ဒီနေ့ နောက်ဆုံးနေ့ မမညွန့်ရဲ့၊ ပဲရော့က 'အပျိုကြီး'ဆိုတဲ့ကား ကောင်းတယ်လို့ ပြောကြတာပဲ"

ညွန့်မေ တွေနေလေ၏။ ၎င်း၌ ငွေ ၁ ကျပ်သာရှိ၏။ သွားခလာခ ပွဲကြည့်ခဖြင့် ငွေ ၁ကျပ် ဘယ်နည်းနှင့်မျှ မလောက်နိုင်။ ထိုငွေ ၁ ကျပ် သုံးလိုက် ပြန်ကလည်း နက်ဖြန်အခက်အခဲတွေ့ဖို့ရှိ၏။

"ဒါဖြင့် မောင်သောင်းချည်းသွားပေါ့၊ မမ ပိုက်ဆံပေးလိုက်မယ်"

"အို...ကျွန်တော်တစ်ယောက်တည်းတော့ မသွားဘူး၊ မမလိုက်မှသွားမှာ။ သွားရအောင် မမရ"

mgyoe.com

mgyoe.com SAMPLE BOOK

ညွန့်မေသည် မောင်သောင်းကို စိတ်မညီးငယ်စေလို၊ မောင်သောင်း စိတ်တိုင်းကျလျှင် မိမိလည်း စိတ်တိုင်းကျ၏။ မောင်သောင်းကျေနပ်အောင် နည်းလမ်းရှာလေ၏။ ဖောင်တိန်ကလေးသည် 'သခင်မ ကျွန်တော်ဟာ သခင်မအတွက် ဘာမျှဆောင်ရွက်မပေးရပါ။ သခင်မမှာ ကျောင်းသူလည်း မဟုတ်၊ စာတိုက်စာရေးလည်း မဟုတ်။ ကျွန်တော့်ကို သိပ်အလိုမရှိထင်ပါသည်။ ကျွန်တော်သည် ဂန္ထာလရာဇ်တိုင်းက မိတ်ဆွေများနှင့်အတူတူ တစ်လ၊ နှစ်လနေရလျှင် သခင်မမှာ ယခုလိုသောငွေကို ရနိုင်ပါလိမ့်မည်' ဟု မိမိအားပြောနေသည်ဟုထင်မှတ်လေ၏။

"ပဲရောကတဲ့လား"

"ဟုတ်တယ် မမ"

"ဒါဖြင့် သိပ်ကောင်းမယ်မထင်ဘူး"

"ဒီကားတော့ တော်တယ်လို့ ဘထွန်းက ပြောတာပဲ"

"ကဲ...ဒါဖြင့် သွားကြမယ်"

'အပျိုကြီး' ဇာတ်ကားကြည့်ကြသောအခါ ခင်နုသည် အပျိုကြီးတို့ ဓမ္မတာ လင်လိုချင်ပါသော်လည်း မျိုသိပ်ခါနေ၍ အောင်ခင်ကို တိတ်တိတ်ပုန်း ကြိုက်နေပုံကို မြင်ရသောညွန့်မေသည် 'အုံ့ပုန်းမ'ဟု ကဲ့ရဲ့ပြစ်ဆို၏။ တစ်ခါတစ်ရံ အောင်ခင်နှင့် မောင်သောင်း၊ မိမိနှင့် ခင်နု ယှဉ်ကြည့်သော်လည်း မောင်သောင်းမှာ အောင်ခင်ထက် အပုံကြီးငယ်ပါကလားဆိုပြီး ဖောက်ပြန်ခြင်းကို တားမြစ်ရတော့၏။ မောင်သောင်း၏စိတ်ကား မဆွတ်ခင်က ညွတ်ချင်သောပန်းနှင့်တူ၏။ နဂိုကပင် ဆန်းပြားချင်သောစိတ်သည် 'အပျိုကြီး' ဇာတ်ကားမှလမ်းစရလာသောအခါ ခင်နုက အောင်ခင်အား နောက်တစ်နေ့၌ ချစ်ကြောင်း ကြိုက်ကြောင်းဖွင့်ဟပြောသလို မမညွန့်ကလည်း မိမိအား ချစ်ကြောင်းကြိုက်ကြောင်း စတင်ပြောလိမ့်မည်ဟု ယုံကြည်နေလေ၏။ အိုးချင်းထား အိုးချင်းထိဆိုသည့်စကားကိုလည်း ယုံကြည်သည့်အတိုင်း ညွန့်မေနှင့် အမြဲပူးကပ်နေလေ၏။ 'ဩော်... မမညွန့် မမညွန့်၊ မိန်းမတို့ဓမ္မတာ လူတကာမသိ၊ အပြင်အေးလို့ အထဲပူတယ်၊ ငရဲသူ နှိုင်းစို့တန္တိဆိုတာလို ငါ့ကို တကယ်ပင်ထင်အမှတ်နှင့် အတွင်းက ပွက်ပွက်ဆူအောင် ကြိုက်နေတာပဲ။ မမညွန့်ဟာလေ ယောဒီကားထဲကပါတဲ့ ခင်ခင်နုထက်ပဲ လှသေးတယ်၊ ခင်ခင်နုဟာ နာမည်သာကြီးတယ်၊ ပိန်ခြောက်ခြောက်နဲ့။ ယောဒီက မမညွန့်ကတော့ တစ်ဖက်တထောကြီး၊ ဝဝစက်စက်ကြီး။ မမညွန့် မမညွန့်၊ ခင်ဗျားလည်း တစ်နေ့တော့ ဒီငသောင်းကို ချစ်ကြောင်းကြိုက် ကြောင်းဖွင့်ပြောရမှာပေါ့ဗျာ' ဟု ဝမ်းတွင်းမှာ ဓားကြိမ်းကြိမ်းရင်း ညွန့်မေကိုကြည့်လိုက်၊ ခင်နုကိုကြည့်လိုက်ဖြင့် အဓိပ္ပာယ်ပေါက်နေလေ၏။ နောက်ပိုင်း ခင်နုနှင့် အောင်ခင် ထီးကိုကာပြီးတူတူရေဝါးလုပ်သည်ကို မြင်ရသောအခါ မောင်သောင်းသည် ရီးတိုးရွတ ဖြစ်နေလေ၏။

"မောင်သောင်း မင်းအိမ်တော့ လိုက်မပို့နိုင်တော့ဘူး၊ ၁၀ နာရီမှာ လူတစ်ယောက်နဲ့

mgyoe.com

mgyee.com

ချိန်းထားတယ်ကွယ့်။ ဒီတော့ မမတို့အိမ်ကိုသာ လိုက်ခဲ့ပါတော့၊ အိမ်မှာ အိပ်တာပေါ့ကွယ်"

"အိပ်တာပေါ့၊ ဘာခဲယဉ်းတာလိုက်လို့" ဟု ဝမ်းမြောက်ဝမ်းသာစွာ လက်ခံလိုက်လေ၏။

အိမ်သို့ရောက်သောအခါ ရုံတော်ကြီးမှ ရုပ်ဆိုင်ပိုင်ရှင် ကိုချစ်မောင်ကို အခန့်သင့် တွေ့ရလေ၏။ ကိုချစ်မောင်မှာ အသက် ၃၅ နှစ်အရွယ် မုဆိုးဖိုကြီးဖြစ်၏။ သျှောင်တစောင်းနှင့် အလွန်ဟန်များသူဖြစ်လေသည်။ ၎င်းသည် ညွန့်မေကို ပိုးနေသူဖြစ်၏။ သို့သော် ညွန့်မေကား နုနုထွတ်ထွတ်လူပျိုကလေးတွေကိုပင် လက်မခံ ငြင်းပယ်ခဲ့ဖူးသဖြင့် မိမိကဲ့သို့သော တစ်ပတ်ရစ်လူပျိုကို စိတ်ကူးထဲမှာ သွင်းမည်ဟု မထင်သဖြင့် ကြောက်ကြောက်ရွံ့ရွံ့နှင့် ပိုးရှာလေ၏။ ညွန့်မေသည် ပန်ချင်းပန်က နှင်းဆီပန်း နီတျာတျာ လန်းဆတ်ဆတ်ကိုသာ ပန်မည်၊ အပန်းခံပြီး ငါလို ဒေါနပန်းကို ပန်ဆင်မယ် မထင်ပါဘူးဟု ထင်မိသော်လည်း ဒေါနပန်းတို့ မည်သည်ခြောက်နေသည့်တိုင်အောင် အနံ့မပြယ်ဘဲ စာအုပ်ကြား၊ လုံချည်ကြား၊ အိတ်ထောင် ကြားတို့၌ထားက သင့်လျော်တတ်သေး၍လား မသိရ။ ယနေ့မှ ညွန့်မေသည် မိမိထံမှ အားကိုးတစ်ခုပြု၍ ငွေ ၄၀၀ ကျပ် ချေးပြန်သဖြင့် ချစ်မောင်သည် မျှော်လင့်ခြင်းတည်းဟူသော လေယာဉ်ပျံကိုစီး၍ ညွန့်မေတည်းဟူသော မြို့တော်ကြီးပေါ်၌ ရစ်ဝဲ၍နေလေ၏။

ညွန့်မေသည် မောင်သောင်းအား ခပ်ဝေးဝေးတွင်သွားပြီး စာကြည့်နေရန်ခိုင်းပြီး ကိုချစ်မောင်ထံသို့ လာခဲ့လေ၏။

"သြော်...ကိုချစ်မောင် ရောက်နေတာကြာပြီလား"

"ဟုတ်ကဲ့၊ တော်တော်ကြာသွားပြီ။ ဒေါ်ဒေါ်တောင်ပဲ အိပ်ချင်တယ်ဆိုလို့ ကိုချစ်မောင်ကို စောင့်နေပါတဲ့။ နှောင်မှသာ ငါသိမယ်တဲ့၊ ဒါနဲ့ စောင့်နေတယ်၊ ဒေါ်ဒေါ်တော့ သွားအိပ်လေရဲ့" ဟု ပြောပြီး အိတ်ထဲမှ ငွေထုတ်လေ၏။

ညွန့်မေသည် အနီး၌ရှိသော ကုလားထိုင်ပေါ်တွင် ဆေးစောင်းထိုင်ပြီး

"ဟုတ်ပါရဲ့ရှင်၊ ဟောဟိုက မောင်သောင်းက ရုပ်ရှင်ကြည့်ချင်တယ် ပူဆာတာနဲ့ သွားပြရတယ်"

မောင်သောင်းသည် နှစ်ပြားတန် မြန်မာ့ဦးစွန်း သတင်းစာကို လက်ကကိုင်ရင်း ညွန့်မေတို့ဆီကို လှမ်း၍ လှမ်း၍ ကြည့်လေ၏။

"သြော် ဒါထက် မောင်သောင်းက ညွန့်တို့နှင့် ဘာတော်သလဲ"

"ကျွန်မ ကိတ္တိမ မောင်ပေါ့ ကိုချစ်မောင်ရဲ့၊ ဒါနဲ့ ကျွန်မ အချိန်နည်းနည်း နောက်ကျသွားတာ၊ ကိုချစ်မောင် စောင့်နေရတဲ့အတွက် သိပ်အားနာတာပဲ" ဟု မျက်ခုံး တစ်ဖက်ကို အထက်မြှင့်၍ ပြုံးကာပြောလေ၏။

"အို...စောင့်ရတာဒုက္ခတစ်ခုလို့ ကိုချစ်မောင်က အမှတ်မပြုပါဘူး။ ဟောသည့်မှာ

mgyee.com

ငွေ ၄၀၀ ကျပ်"

"ကောင်းပါပြီရှင်၊ ကျေးဇူးတင်လှပါတယ်။ ကိုချစ်မောင်တို့ ဟော့ဒီက နှမကိုလည်း ထိုက်သင့်တဲ့ကိစ္စများရှိရင် ခိုင်းစေပါ၊ အားမနာပါနဲ့။ ခုနေအခါ နှမများမှာတော့ ဒါလောက်ပဲ ကျေးဇူးဆပ်နိုင်ပါတယ်"

မောင်သောင်းသည် 'ကျေးဇူးဆပ်နိုင်ပါတယ်' ဟူသောစကားကို ကြားရလျှင် ခေါင်းကြီး သွားလေ၏။ မြန်မာ့ဦးစွန်းဆိုသော စာတမ်းကလေးသည် ၎င်း၏ မျက်စိရှေ့တွင် ချာချာလည် သွားသည်ဟု ထင်ရလေ၏။ သတင်းစာပါ စာလုံးတိုင်း စာလုံးတိုင်းသည် နှစ်ကိုယ်ခွဲ၍ နေကြသည်ဟု မြင်ယောင်ယောင်ရှိနေလေ၏။

ကိုချစ်မောင်၏ မျှော်လင့်ချက်တည်းဟူသော လေယာဉ်ပျံကြီးသည် ဒွိဟီဟီနှင့် မရပ် မနား မြန်သည်ထက် လျင်မြန်စွာ ပျံဝဲနေလေ၏။ 'အင်း...ငွေ ငွေ ဘယ်လိုပင် တန်ဖိုး ရှိတဲ့ငွေ၊ ညွှန့်မဆိုတဲ့ အချောအလှ အယဉ်အလိမ္မာမ ကလေးထံမှ ဒီလိုစကားမျိုးထွက်စေ သည့် ငွေ၊ ညွှန့်ကို ငါရအောင်ချမယ်။ ငါတည်းဟူသော ဒေါနပန်းခြောက်၏ အနှစ်အရသာ ဖြစ်တဲ့ အနံ့ကို သင်းကလေးရှူစေမယ်' ဟု တွေးပြီး ပြုံးနေလေ၏။

"ကျေးဇူးရယ်လို့ မအောက်မေ့ပါနဲ့ ညွှန့်ရယ်၊ ကျေးဇူးဆပ်ချင်တာကို သိရလျှင် တော်ပါပြီနော်။ နောက်ထပ်တစ်ရာလောက် ထပ်ယူချင်ယူပါဦးလား၊ အားမနာပါနှင့်"

"တော်ပါပြီရှင်၊ ကဲ ကဲ စာချုပ်များကိုသာပေးပါ၊ လက်မှတ်ထိုးရအောင်"

"သြော်...စာချုပ် မေ့တောင်နေတယ်၊ ရော့ ရော့ လက်မှတ်ထိုးတာပေါ့လေ"

ထို့နောက် စကားလက်ဆုံကျ၍ ၁၁ နာရီခွဲမှ ပြန်သွားလေ၏။

မောင်သောင်းလည်း အိပ်ရာပေါ်၌ ခွေခွေကလေးသာနေရသော်လည်း အိပ်မပျော်နိုင်၊ အိပ်ရန်လည်း မကြံရွယ်ချေ။ ယနေ့ညသည် ၎င်း၏ တစ်သက်လုံးကို ပြုပြင်ပြောင်းလွဲ မည့်ညဖြစ်သည်။ ယနေ့အရေးကြီး၏။ ယနေ့ည သူသည် မမညွှန့်၏ လှုပ်ရှားသံကို အာရုံခံ၍ နားထောင်နေလေ၏။ ချွတ်... ချွတ်... ချွတ်...။

*(ဤ၀တ္ထုအဆုံးသတ်ပိုင်း ပါရှိသော ဒီးဒုတ်သတင်းစာများကို ရှာဖွေမတွေ့ရှိရပါ။ တွေ့ရှိခဲ့လျှင် မူ ထပ်မံပုံနှိပ်ခြင်းများ၌ ဖြည့်စွက်ထည့်သွင်းမည် ဖြစ်ပါသည်။)*

**သိန်းနေနွယ်**

ဒီးဒုတ်သတင်းစာ၊ အတွဲ-၁၁၊ အမှတ်-၄၇၊ ၄၈

၇၊ ၁၄ စက်တင်ဘာ၊ ၁၉၃၅။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# ရှင်တို့ယောကျ်ား

"ကိုကို ထား လှေစီးချင်လိုက်တာ"ဟု လင်ဖြစ်သူ မောင်တင်ဖေ၏ လက်ကိုဆွဲ၍ မျက်နှာမော့ကာ မထားတင်က ပြောလေ၏။ ဇနီးမောင်နှံနောက်နားမှ လိုက်လာ၍ ရှင်မြူးနေသော လှိုင်းဂယက်များကို ငေးမျှော်ကြည့်နေသူ မထားကြည် က "ဟုတ်တယ် ကိုကိုလေးရယ်၊ အကြည်တို့ လှေစီးကြရအောင်နော်" ဟု ပြောပြန်လေ၏။ မောင်တင်ဖေသည် မိမိ၏ မနောအကြည်ဓာတ်ပေါ်တွင် သာယာသော ညနေခင်းကို ဓာတ်ပုံကူးယူထားလေသည်။ ကြည်လင်သော ရေပြင်သည် ဣန္ဒနီငယ်၊ သိင်္ဂီထက်ဝယ်၊ ဖက်၍ ဆေးစုံ၊ ခြယ်သောပုံသို့ သစ်ပင်တို့၏ အရိပ်ပေါ်သောနေရာတွင် စိမ်းလဲ့လဲ့၊ နေရောင်ခြည် ပက်ဖျန်းသောနေရာတွင် နီရွှေရွှေ၊ မိုးကောင်းကင်ကျရောက်သောနေရာတွင် ပြာနေလေသည်။

"ကဲပါ ကိုကိုရဲ့၊ လှေစီးရအောင်ပါနော်…နော်" ဟု ထပ်မံတောင်းပန်မှ တင်ဖေသည် ရေပြင်ကို ကြည့်ပြီးလျှင် –

"ကြည့်ပါဦး ထားထားရဲ့။ တိမ်သက်တံရောင်၊ အဝါဆောင်ဝယ်၊ မှောင်ခဲ့တစ်ခါ၊ ပြာခဲ့တချို့၊ ညိုခဲ့တစ်လီ၊ ရီခဲ့တစ်ဖုံ၊ မှုန်ခဲ့တစ်ချက်ဆိုတာလို အလွန်တရာလှပတဲ့ တိမ်တွေဟာ ရေပေါ်မှာ ပေါ်နေလိုက်တာ။ ညာနဝါကြည်၊ ညွန့်ခက်စည်သား၊ စိုပြည်စိမ်းလန်း၊ တောင်နရန်း နှင့်၊ တောတန်းတွေလည်း ရေထဲမှာ အရိပ်ပေါ်နေပုံ ဘယ်လောက်များလှသလဲ။ လေးဆူ ဓာတ်ပုံ ရွှေတိဂုံဘုရားကြီးလည်း ခြောက်ရောင်လွှတ်ချွေ၊ နှစ်သိမ့်စေလော့၊ ရွှေသိင်္ဂီ ရင့်ဆိုသလို ရေထဲပေါ်နေတာက ပကတိထက် ကြည်ညိုဖို့ ကောင်းပါသေးသလား ထားထား ရဲ့။ သည်အချိန်သည်အခါမှာ သည်ရေသာတဲ့ ကန်တော်ကြီးကို ဝဝကြီးကြည့်ရမယ်။ စု ကိုကိုတို့ လှေစီးလိုက်ကြရင် ကန်တော်ကြီးအလှတွေ ပျက်ကုန်မှာပေါ့၊ လှေမစီးဘဲ သည်က နေပြီး ဆေးမျိုးစုံခြယ်လှယ်တဲ့ကန်ကို ကြည့်နေကြပါစို့ ထားထားရယ်" ဟု ပြောလျှင် ထားတင်မှာ ထိတ်သွားလေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

"ကိုကို မြန်မာစာဂုဏ်ထူးတွေယူထားပြီး ဘာမဟုတ်တဲ့ရေပြင်ကိုပဲ ချီးကျူးနေတာ ကိုပဲ ကိုကို။ လှေသာစီးကြပါစို့ရဲ့၊ ကဲပါ, သမ္ဘန်ကုလားခေါ်လိုက်ပါ ကိုကိုရဲ့"

ထိုအခိုက် အင်္ဂလိပ်လှေပြိုင်သားတို့သည် အားကုန်ထုတ်၍ လှေလှော်လာကြလေ၏။ မောင်တင်ဖေသည် အံ့သြဝမ်းနည်းနေဆဲမှာပင် ၎င်းတို့ရှေ့မှ ဖြတ်သွားလေ၏။ ခယ်မ မထားကြည်က –

"ကျွန်မတို့ မြန်မာတွေ ကိုကိုလေးတို့လို ယောက်ျားတွေရှိနေလို့ ညံ့နေတာ ထင်ပါရဲ့။ ကြည့်ပါလား၊ သူ့မှာဖြင့် ကန်ထဲက ရေပြင်ကို လှ လှချေရဲ့၊ သာယာလှချေရဲ့၊ သာယာလှ ချေရဲ့ဆိုပြီး တရိုတသေကြည့်နေတယ်။ လှပသာယာတဲ့ရေပြင်ကို မဖျက်လိုဘူးတဲ့။ ကဲ... ခုတော့ ဘယ့်နှယ်ရှိစ၊ လှေပြိုင်သမားတွေက ဖျက်သွားပြီ"

"တောက်... သင်းတို့က ဘာလို့ဖျက်ရတာလဲဟင်။ ကြည့်ပါဗျ၊ သက်သက်မဲ့ အရုပ်ဖျက်တာတွေပဲ"

"သူတို့က နားလည်တာကိုး ကိုကိုလေးရဲ့၊ သူတို့မှာ ဒီရေပြင်ကိုဖျက်ရမှ ကျန်းမာရေး ညီညွတ်မှာကိုး၊ ဒီရေပြင်ကို အလှကြည့်နေဖို့မှ မဟုတ်ဘဲ၊ အသုံးကောင်းကောင်းချတတ်ရမှာ ကိုး၊ သူတို့ ကောင်းကောင်းအသုံးချတတ်လို့ အခုကြည် တို့အပေါ်က မင်းလုပ်နေကြရ တယ်မဟုတ်လား၊ ကြည်တို့ မြန်မာတွေကတော့ အလှကြည့်ဖို့လောက် ဘယ်နေရာမဆို နားလည်နေတာကိုး၊ ဒီလို အလှကြည့်ရင်းနှင့် ခွေးဇာတ်ခင်းနေခဲ့ကြရတာပေါ့" ဟု မထား ကြည်က ရှင်းပြလျှင် တင်ဖေမှာ ငေးမောသွားလေ၏။ ထိုတွင်မှ သမ္ဘန်ခေါ်၍ စီးကြလေ၏။ တောင်ဘက်မှ လေပြည်ကလေး တိုက်ခတ်လာလျှင် သုံးဦးသားသည် မြူးလာလေ၏။ မထားတင်က –

"ကဲ...ကိုကို၊ သီချင်းကြီးတစ်ပုဒ်လောက် ဆိုပြစမ်းပါဦး၊ ထားတို့လည်း ဆိုပြမှာ ပေါ့"

"ရေပေါ်မှာ လှေလှော်တယ်ဆိုတော့ ဆီလျော်တာ ဆိုရမှာပေါ့နော်"

"သီတာ သီတာ မြသား၊ ကြာကြာကြာ ငါးပါး၊ ကမ်းနား ကမ်းနား ဝန်းကျင်၊ ငွေသဲပြင်လေတည့်မှ ပျော်ချင်ဖွယ်၊ မြစ်တွေး စင်ရော်၊ မြူးတဲ့ မြူးစံပျော်၊ ငှက်တော်ကြိုးကြာ၊ ကျူးရင့်ရင့်သာ၊ လိပ်ပြာပျံကာသွား၊ ဟိုမှာ သည်မှာ နား၊ ရေပေါ်မှာ လွှားပါလို့၊ ကြာဆံကို စားပါလို့၊ ဝဲကာပျံလေတည့် ဝဲကာပျံ"

"ကဲဗျာ ပြီးပါပြီ၊ ထားက တစ်ပုဒ်လောက်ဆိုကွယ်"

"ဘာဆိုရမှန်း မသိဘူး"

"အို... ကိုကို ရေးပေးထားတဲ့ နတ်ရှင်နောင် ရတုထဲကပေါ့၊ ရွှေတိဂုံဘုရားကြီး မြင်ရသော်... **'မဟာစေတီ၊ မွေသံရီ၏၊ မြေညီခင်းပြန့်၊ တလင်းသန့်ငယ်၊ နှင်းပန့် တပဲ၊ ဝတ်ဖြူလဲနှင့်၊ နန်းထဲနန်းလှေ့၊ သီမငှေ့ဘဲ၊ ချမ်းမြေ့စိတ်ကြည်၊ ပီတိရည်ဖြင့်၊**

mgyoe.com

mgyoe.com SAMPLE BOOK

နိုင်တည်နှလုံး၊ တဖြောင့်သုံး၍၊ နှောင်ထုံးကေရှင်၊ လျှော့ဖြေချင်လည်း၊ နတ်ရှင်သူ့ကြောင့်၊ တရေးမှောင့်ခဲ့၊ မဖြောင့်ပျံ့လွင့်၊ နှောင်းကြိုးငင်သည်၊ လုလင်ငွေမျက်ရည်တကား' လို့ ဆိုရမှာကို ထားမှာတော့ ကိုတင် သူ့ကြောင့် တရေးမှောင့်ခဲ့ မဖြောင့်ပျံ့လွင့်လို့ ဆိုရမှာပေါ့"

"ဟား... ဟား...၊ ဟုတ်တယ် ဟုတ်တယ်၊ ဟော့...ကုလား၊ ပြန်ပြီးလော့၊ တို့ကမ်းကိုပြန်မယ်။ ကဲ...အကြည်က တစ်ပုဒ်လောက်၊ ကိုကိုလေးတို့ကို ဆိုပြပါဦး"

"ဒါဖြင့် လေးချိုးလေးတစ်ပုဒ်လောက် ဆိုပြရသေးတာပေါ့"

'အိုင်တွေ့လျှင် ရေချိုဇေယ်နှင့်၊ ထိုင်၍ပင် ခြေကိုဆေးလိုကြ၊ မြေ ပဟိုရ်ကြေးရယ်က (ကျား) တကာ။ တကိန်းဆပါတော့၊ မိန်းမမှာမာယာတဲ့ သဲကိုးဖြာအမည်ရသော်လည်း၊ လေးဆယ်သာ ရွှေစာပြတယ် မိန့်ဟသေရျာ၊ ဖောက်ပြားသွေခါခါဖြတ်နိုင်တဲ့၊ ယောကျ်ားတွေ မာယာတတ်ပုံက၊ ကမ်းခတ်မို့မနိုင်းသာ၊ တိုင်းတာဖြင့် မရှိကောင်း၊ သို့လောက်ပင် ယောကျ်ားမှာ မာယာရှင်မို့၊ ခါခါပင် နှုတ်သံနှောပါလို့၊ (ပါဝါ) တင် လုပ်ကြံပြောသော်လည်း၊ မဟုတ်တတ် ဟုတ်တန်သဘောတို့ကို၊ စစ်ကြောကာ သတိသွင်းပါလို့၊ ချစ်ဩဇာ တမိနှင်းပါမှ၊ ဘဝင်ဆူ လင်ပူကင်းလိမ့်မယ် ယွင်းသူ့အကြောင်း'

"အလို့... ညီမလေး စာကတယ်ဆိုပါကလား"

"ဟော့...ဟိုဘက်တိုးကပ်၊ အဲ...အဲ၊ ပိုက်ဆံဘယ်လောက်ပေးရမလဲ"

ကန်တော်ကြီး အလယ်ကျွန်းပေါ်သို့ရောက်၍ ဖြည်းညင်းသာယာစွာ လမ်းလျှောက်ခဲ့ကြလေ၏။ ထားတင်နှင့် ထားကြည်ကား တတွတ်တွတ် စကားပြောလာကြလေ၏။ တင်ဖေကား စိမ်းစိုသော မြက်ခင်းပြင်ကို ကြည့်လာလေ၏။ ခပ်လှမ်းလှမ်း၌ ဖြူဆွတ်သောလက်ကိုင်ပဝါလေးတစ်ထည်ကို မြင်လေ၏။ သူသည် လက်ကိုင်ပဝါဖြူလေးဆီသို့ သွား၏။ ညီအစ်မ စကားပြောရင်း ရှေ့လျှောက်သွားလေ၏။

တင်ဖေသည် လက်ကိုင်ပဝါကို ကောက်ကြည့်ရာ ချွေးစွန်းချေးကွက်မရှိဘဲ ခဝါပေးထားခါစ လက်ကိုင်ပဝါဖြစ်သည်ကို တွေ့ရလေ၏။ ဖြန့်လိုက်သောအခါ သင်းပျံ့အေးကြည်သော ရေမွှေးနံ့သည် နှာခေါင်းတွင်းသို့ ဝင်လာလေ၏။ ထောင့်စွန်းတွင် နှင်းဆီခက်ပန်းကလေးထိုးထားလျက်ရှိလေ၏။ မျက်နှာဆိုင်အစွန်း တွင်ကား S.S. ဟူသော စာလုံးများကို မရန်းရောင်ချည်နှင့် ထိုးထားလျက်ရှိ၏။ တင်ဖေသည် လက်ကိုင်ပဝါလေးကို ချစ်နေလေ၏။ လောကဓာတ်တစ်ခုလုံးနှင့် မြင်မြင်သမျှ လူအပေါင်းကို ချစ်နေခိုက် ချစ်စရာကောင်းသော လက်ကိုင်ပဝါလေးကို မြင်ရနေရာ ထူးကဲစွာ ချစ်ခြင်းဖြစ်ပေါ်နေလေ၏။

"S.S. ဆိုတော့ စန်းစန်းလား၊ စိန်စိန်လား၊ ရွှေရွှေလား၊ စုစုလား၊ ဘယ်သူများပါလိမ့်နော်။ လက်ကိုင်ပဝါဖြူလှသလို ပိုင်ရှင်လေးလည်း လှပေမှာပဲ။ လက်ကိုင်ပဝါလေး

mgyoe.com

ဖြူစင်သလို သူ့မှာလည်း ဖြူစင်တဲ့စိတ် ရှိမှာပဲ နော်။ သြော်... ဖြူဖွေးစင်ဖွေ့ လက်ကိုင်ပဝါမှာ ပုန်းတစ်ပွင့်တည်း ပန်းသလို၊ မိန်းမကောင်း ပန်းပန် တစ်ပွင့်မျိုးထဲကပဲ ထင်ပါရဲ့နော်။ ပိုင်ရှင် ဘယ်များ သွားလေပြီလဲ၊ ဟော့...မောင်လက်ကိုင်ပဝါရဲ့၊ မင်းမမ ဘယ်ကိုသွားနေပြီလဲ။ သူ ဘယ်ကိုသွားသွား ငါလိုက်ပြီးပေးမယ်။ ပြောပါကွာ၊ ငါ ဟိမဝန္တာကိုတောင်သွားမယ်၊ ပဝါပိုင်ရှင်ကလေးနှင့် တွေ့ရရင်တော်ပြီ"

ထားတင်နှင့် ထားကြည်သည် ခပ်လှမ်းလှမ်းမှ စောင့်နေကြ၏။ အသက် အစိတ်ခန့်မျှ မိန်းမတစ်ယောက်သည် တင်ဖေ့ထံသို့ ရှေးရှုလာနေသည်ကို တွေ့ရ၏။ တင်ဖေ မျှော်လင့်သည်ထက် ချောမောလှပ အချိုးကျနေသည်ကို တွေ့ရလေ၏။ တင်ဖေလည်း သူပဲ လက်ကိုင်ပဝါရှင်ဖြစ်မှာပဲဟုတွေးကာ သူ့ကျေးဇူးအတင်ခံရရင် လူဖြစ်ရကျိုးနပ်ပြီဟူသော တွက်ခြေဖြင့်ဆီးကြိုကာ ပြုံးလေ၏။ အဆိုပါမိန်းမလည်း တင်ဖေအား စူးစိုက်၍ကြည့်လေ၏။

"ဒီလက်ကိုင်ပဝါ ဒီနားက ကောက်ရပါတယ်၊ အဆွေတော်ရဲ့ လက်ကိုင်ပဝါများဖြစ်မလားလို့"

မိန်းမက ညာဘက်မျက်ခုံးကို မြှင့်ပြီး

"သြော်...ဟုတ်ပါတယ် အစ်ကိုရယ်၊ ဟုတ်ပါတယ်၊ ခင် ခုနက လမ်းလျှောက်လာတော့ ကျနေရစ်ပါတယ်"

တင်ဖေက မိန်းမကို စူးစိုက်ကြည့်ပြီး လက်လှမ်းကာ "ရော့ပါ...ရော့ပါ...ပြန်ယူပါ၊ ခု ပိုင်ရှင် အဆင်သင့်မတွေ့ရင် ရှာပေးမယ်လို့ပဲ"

ပါး ချိုင့်အောင် ပြုံးပြီးလျှင်

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်၊ ဘယ်တော့မှ ကျေးဇူးမမေ့ပါဘူး"

ထားတင်သည် ထိုအခြင်းအရာကိုမြင်လျှင် "ကိုကိုကလည်းနော်၊ ဘယ်က မယားငယ်နှင့်များ အလွမ်းသင့်နေပါလိမ့်၊ သူတို့ယောကျ်ားတွေတော့ ဒီလိုချည်းပဲ" ဟု ပြောလျှင် ထားကြည်က

"မိတ်ဆွေများထင်ပါရဲ့"

"မိတ်ဆွေဖြင့် သည်လောက် ကြာမများပါဘူး"

တင်ဖေက ခါးထောက်ပြီး "ပြောဖို့မလိုပါဘူး နှမရယ်၊ သူများကျပျောက်တာကို သိမ်းဆည်းမထားဘဲ ပိုင်ရှင်ကို ပြန်အပ်ဖို့က အစ်ကိုတို့ဝတ္တရားပါပဲ"

"ဝတ္တရားတော့ ဟုတ်တာပေါ့၊ အစ်ကို တစ်ယောက်တည်း လမ်းလျှောက်လာပါသလားရှင့်"

"ဟို ဟို...တစ်ယောက်တည်းပဲ။ ခင်ကော တစ်ယောက်တည်းပဲလား၊ တစ်ယောက်တည်း မိန်းမသားဆိုရင် သိပ်ပြီး မသင့်ဘူးနော်"

"အို...ကိစ္စမရှိပါဘူး၊ ခင်က လာနေကျပဲ။ ဒါထက် အခုလို ရုတ်တရက် တွေ့ကြ

mgyoe.com

ရပေမဲ့ မိတ်ဆွေလို သဘောထားပါနော်၊ နောင် မိတ်ဆွေရင်းဖြစ်ဖို့ပေါ့"

ထားတင်သည် အသားတွေ တဆတ်ဆတ် တုန်နေလေ၏။ တင်ဖေအား အဝေးမှ မျက်စောင်းထိုးကြည့်နေလေ၏။ တင်ဖေထက် ထိုမိန်းမကို ပိုမိုမုန်းနေလေ၏။

"ကြည့်ပါလား အကြည်ရယ်၊ ဒီမှာဖြင့် စောင့်နေရတယ်၊ သူကတော့...၊ တောက်... ရှင်တို့ယောကျ်ားတွေနော်၊ အကြည် မမ မခံဘူး သွားကြစို့၊ သူ့ဘာသာသူ နေရစ်ပေစေ လာသွားမယ်" ဟုဆိုကာ ဆောင့်အောင့်၍ ကားထားရာသို့ သွားလေ၏။ တင်ဖေမှာ အူမြူးသောမျက်နှာဖြင့် –

"ကောင်းပါပြီဗျာ ကောင်းပါပြီ၊ မဆွတ်ခင်က ညွတ်ချင်တဲ့ ပန်းမျိုး ပါပဲ"

"ဟဲ... ဟဲ၊ ခင်တို့အိမ် လာလည်ပါနော်၊ ရော့...ဟောဒါ လိပ်ပဲ၊ ကဲ... သွားပြီနော်၊ ချဲရီယို"

မိန်းမသည် သွက်လက်စွာထွက်သွားလေ၏။ တင်ဖေသည် ပါးစပ်ဟောင်းလောင်းနှင့် ကျန်ရစ်ခဲ့လေ၏။ ခေါင်းငိုက်စိုက်ချလျက် ကားဆီသို့ လာလေ၏။ ထားတင်သည် ကား၏ လက်ဝဲဘက်အစွန်ဆုံးတွင် ထိုင်၍ ထားကြည်ကို အလယ်ပိုင်း၌ နေရာချထားသည်ကို တွေ့ရလေ၏။ သူ့အတွက်ကား လက်ယာစွန်းမှာ ချထားပြန်လေ၏။ ထားတင်သည် ၎င်း အားမကြည့်ဘဲ အခြားဘက်သို့လှည့်၍ နှုတ်ခမ်းစူနေလေ၏။

"အို... ဘယ့်နှာလဲကွ၊ ထားက ဒီဘက်လာလေ"

ထားတင်သည် စကားမပြောဘဲနေသဖြင့် ထားကြည်က မေးငေါ့ထိုးပြပြီး တင်ဖေကို လက်ခါ၍ပြလေ၏။ တင်ဖေသည် ထားတင် စိတ်ဆိုးခြင်း၏ ဝိဘာဝကို သိလေ၏။ ခယ်မ အနီး ကပ်လျက်ထိုင်လေ၏။ ကားသမားကို 'အိုင်ဆေး ပြန်ပေတော့' ဟု အမိန့်ပေးလေ၏။

"အကြည်၊ ကိုကိုလေး ပြောမယ်၊ ဒီအနားကို တိုးစမ်း" ဟု ပြောပြီး အကြည့်ပါးနား ကပ်၍ တတွတ်တွတ်နှင့် တောင်စဉ်ရေမရ ပြောနေလေ၏။ ထားတင်သည် မျက်စောင်းထိုး ကြည့်ပြီး အခြားဘက်သို့ လှည့်သွားပြန်၏။ "သူကတော့ ဒီလိုချည်းပဲ၊ ဒီက စိတ်ဆိုးမှန်း သိလျက်နဲ့လည်း ဂရုတောင်မစိုက်ဘူး၊ သူ အလေလိုက်ဖို့လောက်သိတာပဲ" တွေးတော နေဆဲ ညီမနှင့် လင်မှာ တခစ်ခစ်ရယ်နေကြနေလျှင် ကြာကြာမခံနိုင်တော့ဘဲ မျက်ရည် ကျခါ ရှိုက်ကြီးတငင် ငိုလေ၏။

"အို... ထားက ဘာပြုလို့ငိုသလဲ၊ တိတ်ပါကွယ်"

"တိတ်ဝူး (ဝူး...ဝူး...ဝူး...) ရှင်တို့ယောကျ်ားများ အင်မတန်စိမ်းကားတယ်၊ ထား (အား...အား) ကို ခေါ်နဲ့၊ ရှင့်မိန်းမနောက်လိုက်သွား၊ ထားနဲ့ (အီ...အီ) ဒီမှာ တော့ ဘယ်လောက်ဝမ်းနည်းတယ်ဆိုတာ မမေးဘူး၊ ရှေ့ကြောင်တောင် တဟားဟား သောနေတယ်။ (အီး...အီး) ဘယ်က မိန်းမရှင်နဲ့ စကားပြောနေတာလဲ။ သွားပါ... မိန်းမရှင်မနောက် လိုက်ပါ"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟိုက်...မိန်းမရှင် မဟုတ်ပါဘူး" ဟု မျက်လုံးပြူးကာ ပြောလျှင် ကားသမားက...

"ဆရာ ခုနင်က စကားပြောနေတာတော့ မိန်းမကောင်းမှမဟုတ်ဘဲ'

"ဟ...မိန်းမကောင်း ဂုဏ်သရေရှိထဲကပါကွ၊ ဟော့ဒီမှာ ကြည့်ပါလား၊ သူပေးခဲ့တဲ့ လိပ်"

ကားသမားက လိပ်ယူကြည့်ပြီး

"အစစ်ပေါ့ဆရာ၊ ကျွန်တော် တက္ကစီမောင်းတုန်းကတောင် မင်းတိုင်ပင် တစ်ယောက်အတွက် ခေါ်ပေးလိုက်ရသေးတယ်"

"အင်း... ဟုတ်လား" ဟု ပြောပြီး မျက်နှာနီနေလေ၏။

"ရှင်တို့ယောကျ်ားများ မိန်းမမြင်ရင် နံ့ချင်တာပဲ၊ အထက်ဆင့် နီနီမြင် ပိုးချင်တာပဲ၊ ကြည့်ပါတော် မယားရှိလျက်နဲ့တောင် ပိုးချင်သေးတယ်။ ပြီးတော့ မိန်းမရှင်တောင် မိန်းမရှင်မှန်း မသိဘူး"

"လွန်တာ လွန်ပါစေ... ထားရာ" ဟု ပြောပြီး အားလုံးငြိမ်သွားလေ၏။

"အကြည်"

"မမ"

"ဒီဘက်လာစီး၊ မြို့ထဲကလူတွေက ခဲအိုနှင့် ခယ်မ၊ အတူတူ ဘေးချင်းယှဉ်စီးတယ် ဖြစ်နေပါဦးမယ်"

**သိန်းနေနွယ်**

ဒီးဒုတ်သတင်းစာ၊ အတွဲ-၁၂၊ အမှတ်-၄

၁၂ အောက်တိုဘာ၊ ၁၉၃၅။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# ရေပွက်ပမာ

မောင်စိုးထွန်းနှင့် သူ၏ယောက္ခမကြီး ဒေါ်လှကြီးတို့ ထိုင်နေကြသော အခန်းကား အဆော့်ပင် ခမ်းနားသပ်ရပ်လေသည်။ စားပွဲများမှာ အရိပ်များပေါ်လောက်အောင် ပြောင်လက်၍နေလေသည်။ ဆိုဖာကုလားထိုင်များမှာ ကတ္တီပါခုံများဖြင့် ခုံညားလှလေသည်။ ခန်းဆီးလိုက်ကာများမှာလည်း နောက်ဆုံးပေါ် ဇာစများဖြင့် ပြီးကုန်သည်။ နံရံတွင်ချိတ်ထားသော ကားများမှာလည်း နာမည်ကျော် ပန်းချီဆရာများ၏ လက်ရာများဖြစ်လေသည်။ တိုင်ကပ်နာရီကြီးသည် ကျောက်ဂျက်၊ ကျောက်ဂျက်နှင့် သွားနေလေ၏။ ဒေါ်လှကြီးသည် ဆံပင်ကိုမျှ ကောင်းစွာမထုံးနိုင်၊ နီမြန်းသော မျက်လုံးသည် ညှိုးနွမ်းသော မျက်နှာတွင် ပေါ်ထင်နေလေ၏။ တစ်ခါတစ်ခါ ရှိုက်သံကို ကြားရလေ၏။ မောင်စိုးထွန်းကား ဖျင်ရင်ဖုံးနှင့် ရခိုင်လုံချည်ကို ဝတ်ဆင်ထားပြီး ခေါင်းမှာ စုတ်ဖွားဖြစ်နေလေ၏။ ယောက္ခမကြီးဘက်သို့ လှည့်မကြည့်ဘဲ အရှေ့ဆီသို့သာ ကြည့်လျက် တွေနေလေ၏။ မကြာမီ နှုတ်ခမ်းမွေးကောင်းကောင်း၊ ဆံထုံးနှင့်လူတစ်ယောက် အခန်းတွင်းသို့ ဝင်လာလေ၏။

“ဆရာ အထက်ထပ် မတက်တော့ဘူးလား” ဟု ဝင်လာသော ဆေးဆရာက မိမိနှုတ်ခမ်းမွေးဆွဲကာ မောင်စိုးထွန်းအား မေးလေ၏။

“ကျွန်တော် အများကြီးကျေနပ်ပါတယ် ခင်ဗျာ” မောင်စိုးထွန်းက လက်ပိုက်လျက် ပြန်ဖြေ၏။

“သြော်...သြော် ဟုတ်ပါလိမ့်မယ်၊ ညွှန့်သေတာ မင်းကျေနပ်မှာပေါ့လေ၊ မကျေနပ်တာများရှိသေး ပြောတော်မူပါ မောင်ရယ်” ဟု ယောက္ခမ ဒေါ်လှကြီးက ကြားစွက်လိုက်လေ၏။

“ကျွန်တော် ဘာမကျေနပ်စရာရှိသလဲ ဒေါ်ဒေါ်၊ ညွှန့်မှာ သေတယ်ဆို အခန့်စားသေရတယ်။ ကဲ...ကြည့်ပါဦး ဘယ်လောက်ခမ်းနားတဲ့ အခန်းတွေလဲ။ ပြောင်လက်ပြီးနေတဲ့

mgyoe.com

 mgyoe.com SAMPLE BOOK 

အဖိုးတန်မယ့်ဆိုတဲ့ ခုတင်ပေါ်မှာ ညွန့်သေရတယ်။ ကမ္ဘာပေါ်မှာ ပြိုင်စံရှားမယ့်ဆိုတဲ့ ဆေးဆရာရဲ့ အကုအသခံလိုက်ရတယ်၊ အဲ... ဒေါ်ဒေါ်တို့ လေးထောင်စားတွေ၊ ငါးထောင်စားတွေ၊ ခန့်ခန့်နေပြီး ခန့်ခန့်သေကြဖို့ ကျွန်တော်တို့ မြန်မာဆင်းရဲသားတွေဟာ နေ့မအား ညမအား နပူးကချွေး ခြေမကျအောင် အလုပ်လုပ်ကြရတယ်၊ ပဲစု ပြားစု စုပြီး အခွန်တော်ကိုဆောင်ကြရှာတယ်၊ သူတို့မှာတော့ အသက်နဲ့ကိုယ်မြဲဖို့ရာ မနည်းကြီး ကြိုးစားရှာကြရတယ်၊ ဆင်းရဲသားတွေဟာ ဒေါ်ဒေါ်တို့ လခကြီးသမားတွေ ပျော်ပျော်ခန့်ခန့်နေပြီး ခန့်ခန့်သေဖို့ ဒုက္ခခံကြရတာမို့ သူတို့သာ မကျေနပ်စရာပါပဲ"

"တယ်မှန် တယ်တော်။ ဒါကြောင့်မို့ပေါ့နော်၊ မယားကိုစွန့်ပြီး ထင်ရာသွားနေရာ၊ လင်သား ပီပါမယ့်နော်"

"ဘာ ဘာ ဘာတဲ့ ခင်ဗျာ၊ ထင်ရာသွားနေတယ် ဟုတ်လား။ ခင်ဗျားတို့လို မင်းစိုးရာဇာဆိုတာတွေသာ မသိတာ၊ ဂရုမမူတာ။ အရိပ်နေနေ အခက်ချိုးချိုး အသားထဲက လောက်ထွက်ဆိုတာ ခင်ဗျားတို့မှ အစစ်ဗျ၊ ကျုပ်ထင်ရာ သွားနေတာမဟုတ်ဘူး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအဝေးကြီး ဖြစ်မြောက်အောင် လုပ်ရတယ်၊ သည်းခံလျက်တော်လှန်ခြင်းဆိုတဲ့ ဂန္ဒီတို့ နည်းကိုလိုက်ပြီး အမျိုးသားအတွက် ထောင်ကျခံခဲ့ရတယ်၊ ခင်ဗျားဘာသိလို့ ကျုပ်ကို ဒီလိုပြောရတာလဲဗျာ၊ ဒီလို အချိန်အခါကြီးမှာ ကျုပ်အလေလိုက်နေ သလိုလို ခင်ဗျား ဘာလို့ပြောရတာလဲဗျာ" ဟု ဒေါသဟုန် ပြင်းပြင်းဖြင့် စကားကုန်ခွင်းသည်တွင်

"ငါက မောင့်ကို ဘာပြောသေးလို့ ဒီလောက်တောင် နာကြည်းနေရတာလဲ၊ (ဆေးဆရာဘက်သို့ လှည့်၍) မမ ဘာပြောမိသလဲဟင်" ဟု မေးလေ၏။

"မင်းကတော်ရယ်၊ ဆရာက တကယ်နာကြည်းလို့ မဟုတ်ပါဘူး။ ညွန့်ကလေးအတွက် စိတ်မကောင်းဖြစ်ရှာလို့ စကားမှား..."

"ဘာ ခင်ဗျာ၊ ဟုတ်လှဗျာ ကျုပ်က မိန်းမသေတာနဲ့ ဝမ်းနည်းရဦးမှာလား၊ စိတ်မကောင်းဖြစ်ရဦးမှာလား။ ညွန့် ခုသေနှင့်တယ်၊ နောက်မကြာခင်ပဲ ကျုပ်တို့လည်း သေရဦးမှာပဲ၊ တကယ်လို့ ကျုပ်တို့ အနိစ္စတရားနဲ့ ကင်းနိုင်မယ့် နိစ္စကောင်တွေဆိုရင်တော့ သေတဲ့လူအတွက် ဝမ်းနည်းရမယ်၊ သေတဲ့လူကို သနားရမယ်။ ကျုပ်တို့က အနိစ္စကောင်တွေ အတူတူဆိုတော့ ဘာသနားရမလဲ၊ ဘာကြောင့်ပူပင်ရမလဲ ပြောပါဦးလေ" ဟု အရာရာတွင် ဆန့်ကျင်၍ မောင်စိုးထွန်းက ပြောလေလျှင် ဆေးဆရာနှင့် ဒေါ်လှကြီးတို့မှာ ရှေ့ဆက်စရာ အကျပ်ဖြစ်နေ ကြလေ၏။

ဤစကားကိုထောက်သဖြင့် အစကနဦးက မိမိသမက်သည် လူစိမ်းကား လူရက်စက်မှုဆိုးတစ်ပိုင်း ယောကျ်ားရိုင်းဖြစ်သည်ဟု ယူဆချက်သည် ပိုမိုမှန်လေပြီ။ အများတကာက မိမိသမက်အား ကဲ့ရဲ့ရှုတ်ချခြင်းသည် အမှန်ကြီးမှန်ပေပြီ။ မောင်စိုးထွန်းသည် ဒေါ်လှကြီးတို့က

mgyoe.com

mgyoe.com SAMPLE BOOK

မိမိပြောစကားကို မနှစ်မြို့နိုင်သည်ကို သိသဖြင့် ရှေ့သို့မဆက်တော့ဘဲ အခန်းပြင်ဘက်သို့ ထွက်ခဲ့လေ၏။ အိမ်မှခွာတော့မည့်ဆဲဆဲတွင် တစ်စုံတစ်ရာကို သတိရသဖြင့် နောက်သို့ ပြန်လှည့်ကာ အပေါ်ထပ်သို့ ပြေးတက်သွားလေ၏။ မိန်းမတစ်ယောက်သည် အခန်းမှ ထွက်၍ ကြည့်နေသည်။

"အဲသည်ထဲမှာလား" ဟု စိုးထွန်းက မေးလေ၏။

"ဟုတ်တယ်" ခေါင်းညိတ်ရင်း လေသံနှင့် ဖြေလေသည်။ အခန်းထဲသို့ဝင်သည်နှင့် တစ်ပြိုင်နက် အသည်းနှလုံးသည် ဗွေ့ဗွေ့ခုန်လေ၏။ တင်းမာတည်ကြည်သော မျက်နှာသည် နေထိသော ကြာပန်းကဲ့သို့ ညှိုးသွားလေ၏။ အခန်းဝတွင်ရပ်၍ ငေးနေလေ၏။

"ရုပ်မပြောင်းဘူးရှင်၊ ခုထက်ထိ အလှမပျက်သေးဘူး" ဟူသော စကားကိုကြားလျှင် မောင်စိုးထွန်းသည် ၎င်းမိန်းမအား မျက်နှာတင်းတင်းနှင့် ကြည့်လေ၏။ ထိုစကားသည် ပြောင်လုံးပြက်လုံးနှင့်တူသည်ဟု ထင်မိလေ၏။ အတွင်းသို့ဝင်သွားလေ၏။ အလောင်းအနီး သို့ရောက်လျှင် 'ငါ ပြင်ဘက်နေမိရင် အကောင်းသား' ဟု အောက်မေ့မိ၏။ အရာဝတ္ထု တစ်ခုသည် ပျောက်ပျက်၍သွားလျှင် ပိုင်ရှင်မှာ ပိုမို၍ အဖိုးတန်သည်ဟုထင်ကာ နှမြော တတ် သကဲ့သို့ လောကတွင် မယားကိုမသေခင် ဂရုမစိုက်၊ သေတော့မှ အချစ်ကြူး၍ မယားတရူးသောသူတို့ ရှိ၏။ မောင်စိုးထွန်းသည် ထိုကဲ့သို့သောသူမျိုးမဟုတ်။ နက်ပြောင် သော ပိတုန်းရောင်ဆံပင်၊ ဆွတ်ဆွတ်ဖြူသော ခေါင်းအုံး၊ အတင့်အတယ် ခြူးပန်းခြူးနွယ် တို့ဖြင့် ခြယ်လှယ်အပ်သော အလောင်းဖုံးပဝါ၊ ပန်းမွှေ့ရာ စသော အလောင်းဆင်တန်ဆာ များသည် မောင်စိုးထွန်းအတွက် လှပခြင်း၊ သာယာခြင်း မဆောင်နိုင်။ ဖြူဖပ်ဖြူရော် ပြုံးတော့မယောင်၊ မဲ့တော့မည့်အလား၊ သနားချင့်စဖွယ်သော သန်းညွန့်၏ မျက်နှာကလေး သည်သာ စိုးထွန်း၏စိတ်ကို ဆွဲနိုင်လေ၏။ သန်းညွန့်၏ မျက်နှာကလေးမှာ ဂမ္ဘီရုပ် မျက်နှာကလေးနှင့်တူသည်ဟု ထင်မိ၏။ မျက်နှာကိုကြည့်ဆဲပင် ဒူးတုန်လာသဖြင့် တည့်မတ် စွာမရပ်နိုင်ဘဲရှိသောကြောင့် ဒူးကို ခုတင်နှင့် ကပ်ထားရလေ၏။

တစ်ဖန် ထပ်မံ၍ကြည့်ပြန်သောအခါ မျက်နှာကလေးသည် အသက်ဝင်လာသကဲ့သို့ ရှိဘိ၏။ 'ဟော...ညွန့် အသက်ရှင်လာပြီ၊ ဂမ္ဘီမျက်နှာ မဟုတ်တော့ပြီ' ညွန့် အသက်ရှိ စဉ်က မျက်နှာ၊ ညွန့် ပျိုစဉ်က မျက်နှာ၊ သန်းညွန့်၏ မျက်နှာသည် မည်သို့သောအခါကမျှ သို့ကလောက် နုပျိုရွှင်လန်းသည်ကို စိုးထွန်း မမြင်ခဲ့ဖူးဟု ထင်လေ၏။ စိုက်၍ကြည့်နေရာမှ တစ်မိနစ်ခန့် ကြာသွားလေ၏။ မျက်ရည်စက် တစ်စက်ကျလာလေ၏။ စိုးထွန်းသည် လန့်ထိတ်သွားလေ၏။ မျက်ရည်စက်ကြီးတစ်စက် ကျလာပြန်လေ၏။ နောက် စိုက်ကြည့်နေ ပြန်လေ၏။

"ဒီလိုဟာကို ကိုထွန်း ဘယ်တော့မှ မစဉ်းစားမိဘူး၊ ကိုထွန်းလေ ဝမ်းမနည်းဘူးတဲ့၊ ဒါပေမဲ့ မျက်ရည်တော့ကျတယ်။ ကိုထွန်း လှိုက်လှိုက်ဆူဆူ တကြုံကြုံငိုနေပါပေါ့လား၊

mgyoe.com

mgyoe.com SAMPLE BOOK


ညွန့်သေလို့ ကိုထွန်းမှာ တွယ်တာသမှု သံယောဇဉ်တစ်ခုပြတ်ခဲ့ပြီ၊ ဝမ်းသာအားရတော့မယ် မဟုတ်လား။ အို…ကိုထွန်း မပြောတတ်ဘူး၊ ကိုထွန်းရဲ့ခေါင်းထဲမှာ ဆုံတဲစ်ခုရှိတယ်ထင်ပါရဲ့၊ ဒီဆုံဟာ လျှပ်စစ်အားနှင့်လည်တယ်၊ ဟော…ခုလေ ညွန့် ဒီလို မနိုးသောအိပ်ခြင်းဖြင့် အိပ်တယ်ဆိုတဲ့ လျှပ်စက်ဓာတ်အားရလျှင် ဆုံလံည်ရော။ ဆုံလည်တော့ ဆုံထဲက မျက်ရည်တွေ ထွက်လာရော၊ ဝမ်းတော့မနည်းဘူးတဲ့ ညွန့်ရယ်၊ မျက်ရည်တော့ ထွက်တယ်နော်၊ ဒီဆုံလည် နေသမျှတော့ ကိုထွန်း ဝမ်းနည်းရဦးမှာထင်ပါရဲ့နော်။ ခုနေ ကိုထွန်းများ ဝိဇ္ဇာဇော်ဂျီတို့၏ တန်ခိုးရလျှင် ကိုထွန်း ဘယ်လိုလုပ်မလဲသိလား၊ အသက်ပြန်သွင်း မှာပဲနော်" ဟု စိုးထွန်းသည် အလောင်းကို ပြောနေလေ၏။ စိတ်တုန်လှုပ်ခြင်းမရှိအောင် အတော်ပင် ကြိုးစားနေရ၏။

'ညွန့်ရေ ညွန့်ရဲ့၊ ကိုထွန်းကို ညွန့် တကယ်ချစ်ရိုး ဖကေန်မှန်ခဲ့ရင် သေတာက မြတ်သေးတယ်။ ကိုထွန်းလိုလူဟာလေ မယားတစ်ယောက်ကိုချစ်ဖို့ အခွင့်ရတဲ့လူမျိုး မဟုတ်ဘူးကွယ့်၊ ဟော…ခုတော့ နှစ်ယောက်စလုံး ချမ်းသာကြပြီ မဟုတ်လား၊ ညွန့်လည်း ကိုထွန်းနဲ့ဝေးပြီ၊ ကိုထွန်းမှာလည်း သံယောဇဉ် ကြိုးအထုံးက လုံးလုံးကြီး လွတ်ခဲ့ပြီ။ လွတ်လွတ်ကျွတ်ကျွတ် မြန်မာဆင်းရဲသားတွေ ကောင်းစားဖို့ ကြိုးစားဆောင်ရွက်နိုင်ပြီ'

မကြာမီ လေးနေသောရင်သည် ပေါ့၍လာလေ၏။ သက်သာရာရရန် အခန်းကို လှည့်ကြည့်လေ၏။ ခေါင်းရင်းကို တိုး၍ သန်းညွန့်၏မျက်နှာကို သေချာစွာ ကြည့်ပြန်လေ၏။ 'ညွန့်ကလေး' ဟု ယုယစွာနမ်းလေ၏။ နောက် ရုတ်တရက် စိတ်ပြောင်းကာ…

'အမိုက်မလေး၊ အရူးမကလေး၊ ရုပ်တေးမကလေး။ ဟောဒီမှာ ကိုထွန်း နဲ့ရွယ်တူဖြစ်တဲ့ မိန်းကလေးရဲ့ရုပ်ဆောင်နေတဲ့ အပုပ်ကောင်ခန္ဓာကြီး။ ဟော… ကြည့်ပါဦး၊ ကိုထွန်းလေ ကိုထွန်း၊ သူ့ကိုယ်သူ အရိယာပုဂ္ဂိုလ်လို့ထင်ပြီး ညွန့်ရဲ့ ခန္ဓာကိုကြည့်ပြီး အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာဆင်ခြင်နေတယ်၊ ဟုတ်နိုင်သေးရဲ့လား ညွန့်ရဲ့"

စိုးထွန်းသည် သန်းညွန့်၏ ပါးအို့ကလေးများကို လက်ဝါးဖြင့် ပွတ်လေ၏။ နောက် မိမိ၏ ပါးများကို ပွတ်ပြန်လေ၏။

'ညွန့်ရေ၊ ဘာပဲပြောပြော ညွန့်ဆုံးပြီလို့ မဆိုနိုင်သေးဘူးကွယ့်။ ညွန့် ပြောခဲ့သမျှ စကားတွေ၊ ညွန့် အကြံတွေ၊ ဉာဏ်တွေဟာ ဘယ်တော့မှ ကွယ်ပျောက်မှာမဟုတ်ဘူး။ ကိုထွန်း အမြဲသတိရမှာပဲနော်' ဟု ရေရွတ်ပြီးတွေနေပြန်လေ၏။

'ညွန့်ညွန့် စုတေမနေ သေခဲ့ပြီ၊ လူ့လောကကြီးကို ငြီးငွေ့လို့ ဘဝတစ်ပါးပြောင်း သွားလေပြီ။ ရေပွက်ပမာ တစ်သက်လျှာတည်းဆိုတဲ့အတိုင်း ကိုထွန်းလည်း နောင်မကြာခင် ဖြောင့်ဖြောင့်တန်းတန်း ညွန့်သွားတဲ့လမ်းကို အလှမ်းလှမ်း သုတ်သုတ်ဖြင့် နောက်မဆုတ်ဘဲ လိုက်ခဲ့ရမှာပဲ။ အို…ညွန့်ကလေးရဲ့၊ အချစ်ကလေးရဲ့ သွားပြီနော် သွားပြီ၊ ကဲကွယ် ကိုထွန်း နှုတ်ဆက်တာကို ညွန့်ကြားနိုင်တယ်ပဲ ထားကြပါစို့ဟုတ်လား၊ သွားပြီနော် ညွန့်'

mgyoe.com

mgyoe.com SAMPLE BOOK


ထိုစကားများသည် စံကားဝါပန်းချပ်မြေပေါ်သို့ ကျသောအသံထက် အနည်းငယ် ကျယ်သော အသံဖြင့် မသိမသာ စိုးထွန်း၏ပါးစပ်မှ ထွက်ခဲ့ကြလေ၏။ စိုးထွန်းသည် ငုံ့ကာ သံန်းညွှန့်မျက်နှာကို စိုက်ကြည့်ပြန်လေ၏။ ထွက်သွားမည်ဟု လှည့်ဆဲမှာပင် ပြန်တုံ့၍ မျက်နှာကလေးကို ကြည့်ပြန်လေ၏။ ၎င်းနောက် စိတ်ပြေလာဟန်၊ ရွှင်လာဟန်ဖြင့် မားမားမတ်မတ်ရပ်ကာ အခန်းပြင်ဘက်သို့ ထွက်ခဲ့လေ၏။ အိမ်မှထွက်ခွာခဲ့လျှင် ပူပင်သော ကမ်း တည်းဟူသော ကုန်ထုပ်၊ သံယောဇဉ်ကုန်ထုပ်ကို စွန့်ခဲ့ပြီဖြစ်၍ စိုးထွန်း၏ စိတ်သည် ပေါ့ပါးလာလေ၏။ ကြည်လင်လာလေ၏။ 'ငါ့အဖို့မှာကား၊ ကမ္ဘာသစ်၊ ဘဝသစ်ရပေပြီ'ဟု ယူဆကာ ရွှင်ပျနေလေသတည်း။

**သိန်းနေနွယ်**

တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်း၊ အတွဲ-၁၅၊ အမှတ်-၁။ ၁၉၃၅ နှင့် ဒီးဒုတ်သတင်းစာ၊ အတွဲ-၁၂၊ အမှတ်-၆။ အောက်တိုဘာ၊ ၁၉၃၅။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# ၈

## ဆိုသစ္စာ

အမြဲပင်သာယာသော တောင်။ ရွှေတန်ဆောင်း၊ ငွေတန်ဆောင်းတို့သည် ထိန်ဝါဝါဝင်းတော့သည်။ ရွှေပန်းခိုင်၊ ငွေပန်းခိုင်တို့သည် ညွန့်လွင်လွင် တင့်တော့သည်။ ရွှေဥမင်၊ ငွေဥမင်တို့သည် လွှင့်ပြန့်ပြန့် ခန့်တော့သည်။ ဘုရားနှင့်ကျောင်း၊ လိုဏ်ခေါင်းနှင့် ပုထိုးတို့သည် မြင့်မြင့်မားမား သားနားလှသည်။ ခင်တန်းသစ်ပင်တို့သည် စိမ်းစိုစို ညိုမြလှသည်။ ထို့ကြောင့် အမြဲပင် သာယာသောတောင်။

သဒ္ဓါခိုင် ငုံဖူးကို အထူးသဖြင့် ပွင့်လန်းစေသောတောင်။ တောင်ထိပ် ဗဟိုမှ ခြေရင်းသို့ တိုင်အောင် စီတန်းနေကြသော စောင်းတန်းများသည် အသွယ်သွယ် တောင်စွယ်မှ ဖြာကျသော ရေယဉ်မြွာများနှင့် တူဘိသည်။ ဟိမဝန္တာတောင်ထိပ်ကို ဖြူလွှသောဆီးနှင်းများ တန်ဆာဆင်ဘိသကဲ့သို့ ဖြူဖွေးသော စေတီတို့သည် မန်းတောင်တော်ကို တန်ဆာဆင်ဘိသည်။ ထိန်လျှပ်တောက်ပသော ထီးတို့မှ 'တင် တင် တင်' ဟု သာယာစွာ အသံထွက်ပေါ်နေသည်မှာ 'ဘုရားကို အာရုံပြုတော့' ဟု ကြွေးကြော်သည်နှင့် တူဘိသည်။ ကြီးမားခံ့ညားသော အာရုံခံတိုက်ကြီးများသည် သတ္တဝါအများအား ဘုရားတည်းဟူသော ကိုးကွယ်ရာ၊ တရားတည်းဟူသော ကိုးကွယ်ရာ၊ သံဃာတည်းဟူသော ကိုးကွယ်ရာသည်မှာ ရှိသည်ဟုခေါ်သည်နှင့် တူဘိသည်။ ထို့ကြောင့် သဒ္ဓါခိုင်ငုံဖူးကို အထူးသဖြင့် ပွင့်လန်းစေသောတောင်။

ထိုသို့ အမြဲပင်သာယာသော သဒ္ဓါခိုင်ငုံဖူးကို အထူးသဖြင့် ပွင့်လန်းစေသောတောင်ထက် ဦးခန္တီနေရာ တန်ဆောင်း၏ တောင်ဘက်စွန်းတွင် ရသေ့ကျောင်းကလေးတစ်ခု ရှိပေသည်။ ကျွန်တော်သည် ထိုရသေ့ကျောင်းပေါ်၌ထိုင်ကာ တောင်ဘက်ရှိ ရွှေနန်းတော်ကြီးကို စူးစိုက်၍ကြည့်နေလေသည်။

လေးဘက်ပတ်လည်ဝိုင်းနေသော ကျုံးရေသည် စိမ်းနေလေသည်။ မြို့ရိုးကြီးသည်လည်း နီမည်းခြောက်သွေ့သော တောင်တန်းကလေးနှင့် တူလေသည်။ မြို့ရိုးအတွင်း၌

mgyoe.com

mgyue.com SAMPLE BOOK

ထူထပ်စွာပေါက်ရောက်နေသော မန်ကျည်းပင်များသည် ညှိုမှိုင်းနေလေသည်။ များစွာသော ပြအိုးတန်ဆောင်းတို့သည် ယိုယွင်းပျက်စီး နေလေသည်။ နန်းပြာသာဒ်တို့၏ ငှက်မြတ်နား၊ စုလစ်၊ ထီးတို့သည် သစ်ပင်အုပ်အကြားမှာ တိုးထွက်ပေါ်နေလေသည်။ နန်းမြင့်ထက် ပြာသာဒ်ဆောင်ကြီးသည် အများတကာထက် ထူးကဲပြူထွက်နေလေသည်။ အရောင်အဝါမဲ့သော ပျက်ခါနီး ပဟိုရ်စည်စင်သည်လည်း သစ်ပင်ကြို သစ်ပင်ကြားမှပေါ်၍နေလေသည်။ နန်းစည် ထီးကျိုး၊ သားရေညှိုး၍၊ မင်းမျိုးလည်းသုဉ်း၊ ပြည်လည်းပြုန်းခဲ့ပြီ။

ထိုနေရာတွင် သီဟာသနပလ္လင်၊ ငါတို့ဘုရင် ညီလာခံတော်မူရာ၊ ရှေ့တွင် မှူးမတ် ပရိသတ်တို့ ခစားကြရာ၊ လက်ဝဲဘက်တွင် မိဖုရားခေါင်ကြီး စံမြန်းရာဖြစ်ခဲ့သည်။ ထိုအဆောင်ကား အပျိုတော်အိုဇာတို့တစ်စု နေကြရာဖြစ်သည်။ ထိုအဆောင်ကား လက်ဖက်ရည်ဆောင်တော်၊ ထိုနေရာကား အားအင်သတ္တိ စွမ်းအင်ရှိသော စစ်သည်တော်တို့ လုံ့ရေးပြရာ ဓားရေးပြရာတည်း။ ထို့တွင် အမြောက်သည်များ နေရာဖြစ်ပေမည်ဟု ကျွန်တော်သည် တွေးတောကြံဆကာ နေရာညွှန်မိပါသည်။ ယခုမူကား ဘုရင်နှင့်ဝေး၊ ပြူပြင်ဝေး၍ နန်းဆွေးလည်းပျက်၊ ကြမ်းချေးတက်ခဲ့ပြီ။

ထိုစဉ်အခါ ကျွန်တော့်စိတ်ထဲ၌ မေးခွန်းတစ်ခု ပေါ်လာလေ၏။ သြော် ငါတို့မြန်မာပြည်ကြီး၏ သားသမီးများသည် ကျွန်အဖြစ် နှောင်ကြိုးများမှလွတ်၍ မိခင်ကြီး၏ ဒေါင်းအလံကို လေသာတွင် တလွင့်လွင့်ဖြင့် တင့်တယ်လွတ်လပ်စွာ လွင့်နိုင်သောခေတ်အခါ ရောက်ပါဦးမည်လော။ ကျွန် နှောင်ကြိုးပြတ်၊ မျိုးမြင့်မြတ်၍၊ ထက်ရပ်စွင့်စွင့်၊ ဒေါင်းလံလွင့်လိုပြီ။

ရွှေနန်းတော်ကြီးသည် ယခုအခါ ရွှေအရောင်ဖြင့် ထိန်ပြောင်ခြင်းမရှိ မင်းမင်းတို့စံရာ၊ ချက်ချာထွတ်ဖွေ၊ ဗဟိုမြေ မဟုတ်သောကြောင့် နန်းလည်းမဟုတ်ခဲ့၊ ဘုတိသမ္မာရှင် သခင်တို့ စံပျော်ရာ မဟုတ်သဖြင့် (တော်) ဆိုသော စကားကိုလည်းမသုံးနိုင်။ ရွှေလည်းမမွမ်း၊ နန်းလည်းမခေါ်၊ တော်သုံးမတန်၊ လျော်ကန်မသင့်၊ ဖြစ်ခဲ့ပြီ။

အရှေ့တောင်ဘက်သို့ မျက်နှာမူလိုက်လျှင် ကျွန်တော်တို့သည် ဘုန်းတော်ကြီးကျောင်းများကို မြင်ရပေ၏။ ရွှေနန်းတော်၊ မန္တလေးတောင်၊ ဘုန်းတော်ကြီးကျောင်း ဤသုံးခုကို မြင်ခြင်းသည် အကြောင်းတစ်ခုကို အမှတ်ရမိစေခြင်း၏ အခြေခံဖြစ်ပေသည်။ ဦးဝိစာရကိုယ်တော်သည် တိမ်တောင်တိမ်တိုက်ကြားမှ ဘွားခနဲပေါ်လာယောင်ယောင် ရှိလာလေသည်။ သြော်...ဤအာဇာနည် ကိုယ်တော်မြတ်သည် မြန်မာပြည်ကြီး လွတ်လပ်ရေးအတွက် အသက်ကိုစွန့်၍ ကြိုးစားသွားပေပြီ။ ကမ္ဘာလောကကြီးမှ ဦးဝိစာရကိုယ်တော်ကြီး ပျောက်ကွယ်သွားစေကာမူ အရှင်သူမြတ်၏ စွန့်စားမှုသည် မပျောက်မပျက်ဘဲ အမြဲတမ်းသက်သေတစ်ခုဖြစ်ပါစေသတည်းဟု ကျွန်တော် ဆုတောင်းမိပါသည်။

တောင်လေပြည်အေးကလေးသည် တသုန်သုန် တသွင်သွင် တိုက်ခတ်လာလေသည်။ လေပြည်လေအေးကလေးသည် ကျွန်တော့်အား တိုးဝှေ့ကလိဘိသည်။ ကျွန်တော့်၏

mgyue.com

mgyoe.com SAMPLE BOOK

ကိုယ်ပြင်ပအေးသလောက် အတွင်း၌ ကျွက်ကျွက်ဆူသည်။ ကျွန်တော်၏ အသည်းနှလုံးကို လှံတံဖြင့် အကြိမ်ကြိမ်ဆွဘိသကဲ့သို့ နာကြည်းလှသည်။ ရာဇဝင်ကို ပြောင်အောင် အလင်းရောင်ပေးခဲ့သော ဘုရင့်နောင်၊ အလောင်းဘုရား၊ ဆင်ဖြူရှင်တို့ကို သတိရမိသည်။ ဇာတိမာန်မီးသည် ညီးညီးတောက်၍ နေပေသည်။

ထိုအတောအတွင်းတွင် ကျွန်တော်၏ပခုံးကိုလှုပ်၍ 'ကိုကို...အကျော့လေ၊ ခုနင်က ဗေဒင်မေးနေတာ သိပ်မှန်တာပဲ'ဟု ပြောသံကြားမှ လှည့်၍ကြည့်လေရာ ကျွန်တော့်ရည်းစားသည် အကျော့၊ အများခေါ်အားဖြင့် ကျော့ကျော့အား တွေ့ရလေသည်။ ကိုယ့်ငါးချဉ် ကိုယ်ချဉ်သည်လည်း မဟုတ်ပါ။ ကိုယ်ထင် ခုတင်ရွှေနန်းလည်း မဟုတ်ပါ။ ကမ္ဘာပေါ်တွင် အကျော့ကဲ့သို့ လှပတင့်တယ်သော မိန်းမပျိုများကား ရှားလှပေသည်။ အရွယ်မှာလည်း တစ်ဆယ့်ငါးနှစ်ကျော်ကျော် တစ်ဆယ့်ခြောက်နှစ်နီးနီးဖြစ်၍ ဆံတောက်တဖွားဖွား သျှောင်တမားမားနှင့် ဖြစ်ပေသည်။ ကိုယ်အဆက်အပေါက်မှာလည်း မဆူလွန်း၊ မကြုံလွန်း၊ မနိမ့်လွန်း၊ မမြင့်လွန်း၊ အချိုးကျန နဂိုလှဖြစ်သည်။ ဝင်းစက်ပြည့်ဖြိုး၍ အလှကြီးလှသော မျက်နှာလည်း ရှိပေ၏။ အကျော့အား ကျွန်တော်သည် မျက်နှာထားနှင့်ကြည့်သောအခါ ပထမသော် အကျော့သည် အံ့အားသင့်သွား၏။ နောက်သော် နေအရှိန်ကိုမခံနိုင်သော နှင်းဆီပန်းသည် ညှိုးနွမ်းလေဘိသကဲ့သို့ ညှိုးနွမ်းသွားလေ၏။

"ကိုကို ဘာပြုလို့ အကျော့ကို မျက်နှာထားကြီးနဲ့ ကြည့်နေတာလဲဟင်။ ဟော... ကြည့်ပါလား၊ မှုန်သိုးသိုးမျက်နှာထားကြီး ရှစ်ခေါက်ချိုးနဲ့" ဟု ပြောကာ ဘယ်ခြေကို ကြွ၍ ညာခြေဖြင့် မြေကို ဆတ်ဆတ်ဆတ်နှင့် ပေါက်လေ၏။ ခြေကျင်းသံမှာလည်း ငြိမ့်ငြိမ့် ပေါ်လာလေ၏။ ကျောက်စိမ်းဆွဲကြိုးကို လက်နှစ်ဖက်ဖြင့်ကိုင်၍ နှုတ်ခမ်းကို စူထားလေ၏။ ကျွန်တော်သည် စကားမပြောဘဲနေသေး၏။

"ကိုကို၊ မေးတာပြောပါ ကိုကိုရဲ့၊ ကဲ...အကျော့တို့ ဘုရားဖူးသီလယူပြီး သစ္စာဆိုကြစို့လေ" ဟုပြောမှ ကျွန်တော်နှင့် အကျော့သည် ဘုရားရှေ့ဝယ် သစ္စာဆိုရန်လာခဲ့ကြသည်ကို သတိရတော့သည်။

"အကျော့ရေ...အကျော့ကို ကိုကိုချစ်တာတော့ အမှန်ပဲကွယ့်၊ သို့ပေမဲ့ သစ္စာဆိုလို့ မဖြစ်နိုင်တော့ဘူး၊ ကိုကိုနဲ့ အကျော့လည်း ပေါင်းရမယ်လို့ မထင်ဘူးအကျော့"ဟု သာယာညွတ်နူးစွာ ပြောသော်လည်း ထိုစကားများသည် ကျိုက်ကျိုက်ဆူနေသော ဆီပူကို အကျော့နားတွင်းသို့ လောင်းသကဲ့သို့ ရှိလေသည်။

"ဘာစကားပြောတာလဲ ကိုကို၊ အကျော့ကို မချစ်တော့ဘူးပေါ့လေ ဟုတ်လား၊ လူလိမ်ကြီးရဲ့၊ လူညာကြီးရဲ့ ချစ်တယ်ဆို...ခု တကယ် သစ္စာဆိုကြစို့ဆိုတော့ ရှောင်ပြီ။ ကောင်းနိုင်သေးရဲ့လား လူလည်ကြီးရဲ့" စသည်ဖြင့် စကားများထွက်ဆဲပင် မျက်ရည်များသည် ဖြိုင်ဖြိုင်ကျဆင်းခဲ့လေ၏။

mgyoe.com

mgyde.com SAMPLE BOOK

"အကျော့ရေ...အကြောင်းမသိခင်တော့ ကိုကို့ကို အပြစ်တင်မှာပေါ့။ ကိုကိုလေ ဟောဟိုက နန်းတော်၊ ဟောဟိုက ကျုံး၊ ဟောဟိုက ဘုန်းတော်ကြီးကျောင်း၊ ဒီဘက်က စစ်တန်းလျားတွေမြင်ပြီးတော့ မျိုးချစ်စိတ် တဖွားဖွားပေါက်ပြီးလာတယ်။ မြန်မာပြည်ကြီး ကျွန်ဘဝ သမုဒ္ဒရာမှာ မျောနေတာကို ကယ်တင်ချင်တယ်၊ အချိန်ရှိတိုင်း တိုင်းရေးပြည်ရေး ကိုလုပ်ချင်တယ်။ ဒီလိုလုပ်ငန်းမျိုးမှာ သံယောဇဉ်တွေများနေရင် မစွန့်စားဝံ့ဘူး၊ သူရသတ္တိ နည်းတတ်တယ်။ ဒီတော့ လတ်လတ်လောလောဖြစ်မယ့် မိန်းမသံယောဇဉ်၊ မိန်းမမှ ပေါက်ဖွားမယ့် သားသမီး သံယောဇဉ်တွေ မဖြစ်စေချင်ဘူး။ တကယ်လို့ အကျော့ကိုပေါင်းရရင်လည်း တိုင်းရေးပြည်ရေးလုပ်ငန်းစွန့်ပြီး လင်သားပီပီ အကျော့ကို ကျွေးနိုင်မွေးနိုင်အောင်၊ ဆင်နိုင်ပြင်နိုင်အောင် ဆောင်ရွက်ရတော့မယ်။ ဒီတော့ ကိုကို့သဘောမှာတော့ မိန်းမနဲ့ တိုင်းရေးပြည်ရေး ဆန့်ကျင်ဘက်ကြီးလို့ အယူရှိတာပဲ။ အဲဒီတော့ အကျော့လို ချောတဲ့လှတဲ့ ကိုကို့အချစ်ကို မစွန့်ခွာချင်ပေမဲ့ မလွှဲသာလို့ ခွဲခွာရတော့မယ်" ဟု ပြောလေ၏။

"ဒါနဲ့ ဘာဆိုင်သလဲ ကိုကို၊ ကိုကိုက အကျော့ကို မချစ်လို့သာ ဒီစကားမျိုး ပြောတာပေါ့"

"မဟုတ်ပါဘူး အကျော့ရဲ့၊ အကျော့ကိုချစ်လွန်းလို့ ပြောတာပါ"

"အို... ကိုကိုက တစ်ဖက်သတ် စဉ်းစားတာကိုး"

"ဘယ်လို တစ်ဖက်သတ်လဲဗျာ"

"အကျော့နဲ့ အတူပေါင်းပြီး အကျော့လည်း တိုင်းရေးပြည်ရေးကို ဆောင်ရွက်ရင် ကောမဖြစ်ဘူးလား၊ ပြောစမ်းပါဦး ကိုကို"

"ဖြစ်တော့ ဖြစ်သားပေါ့"

"အိန္ဒိယပြည် ဝံသာနုလုပ်ငန်းမှာ မိန်းမတွေ ဘယ်လောက်ဆောင်ရွက်နေကြသလဲ။ မစ္စက်ဆာရိုဂျိနိုင်ဒူး၊ မစ္စက်စီအာရ်ဒတ်(စ) တို့၊ ဒေါက်တာ အင်နီဘင်းဆင့်တို့ သူတို့တွေဟာ မိန်းမသာဆိုရတယ်၊ အခု မြန်မာပြည်က ခေါင်းဆောင်ကြီးတွေထက် အဆပေါင်းများစွာ သာသေးတယ်"

"သာတာပေါ့... ကဲ... ဆက်စမ်းပါဦး"

"ဟို...အရင်လွန်ခဲ့တဲ့ ဂျီစီဘီအေခေတ်တုန်းကလည်း ကုမ္မာရီအသင်းတွေ ဝင်ရောက်ဆောင်ရွက်ကြတယ် မဟုတ်ဘူးလား၊ အချို့ကုမ္မာရီများထောင်ထဲ ကျရာကြသေးတယ်။ စဉ်းစဉ်းစားစားပြောပါ ကိုကိုရယ်၊ ကိုကို ပညာတတ်ကြီးဆို"

"ပညာတတ်မို့ သံယောဇဉ်အကြောင်းတွေးမိတာပေါ့"

"မိန်းမတို့သဘောဟာ သိမ်မွေ့တယ်၊ သနားတတ်တယ်၊ နူးညံ့တယ်။ မိခင်များဟာ သားသမီးကို အမျိုးမျိုးသုတ်သင် ကျွေးမွေးတာတွေ၊ သားသမီးကို ကြင်နာတာတွေ၊ ဘေးဒုက္ခ ကြုံတော့ မိမိကိုယ်ကို မငဲ့ညှာဘဲ ခုခံတာတွေဟာ မိခင်အများရဲ့သဘော၊ မိန်းမများရဲ့

mgyde.com

သဘောပဲ မဟုတ်လားကိုကို။ ဒီ မိန်းမတို့ရဲ့ သဘာဝနယ်ချဲ့ပြီး ပိုင်ကျယ်ဝန်းတဲ့ နေရာများကို အသုံးချမယ်ဆိုရင် ချနိုင်ခွင့်ရှိပါတယ်။ နည်းမှန်လမ်းမှန်နဲ့ ဒီသတ္တိတွေကိုသုံးရင် မြန်မာပြည်တစ်ပြည်တွင် မကဘဲ တစ်ကမ္ဘာလုံးတောင် အကျိုးရှိနိုင်ပါတယ်"

"ဟုတ်လောက်ပါရဲ့၊ သို့ပေမဲ့.."

"သို့ပေမဲ့ မနေပါနဲ့ဦး ပြောဦးမယ်။ ဆေးရုံတို့ဘာတို့မှာ သူနာပြုတဲ့ ဆရာမတွေကို စဉ်းစားပါဦး၊ သူတို့ဟာ လူအပေါင်းကို ဘယ်လောက် ကြင်ကြင်နာနာနဲ့ ပြုစုကြသလဲ။ သူနာကို ကိုယ်ချင်းစာတရားထားပြီး ယုယပိုက်ထွေးကြတယ်။ ဒီဟာက မိန်းမတို့ရဲ့သဘာဝကိုက ကရုဏာသက်တတ်ပြီး ဒုက္ခရှင်ကို သုခမြင်အောင် လုပ်နိုင်တာပဲလို့ သိရတာပေါ့။ မိခင်များဟာ သားသမီးများကို ညီညီညာညာချစ်တယ်။ ကိုယ့်သားသမီး အချင်းချင်းဖြစ်ဖြစ် တစ်ယောက်နဲ့တစ်ယောက် သင့်မြတ်ညီညွတ်စေတယ်။ ခိုက်ရန်ဖြစ်ကြရင် လွန်တဲ့လူကို ဆုံးမတယ်။ ဆရာမများလည်း တပည့်တွေကို သည်လိုပဲဆုံးမတာပဲ၊ ဒါက ဘာပြသလဲ ဆိုတော့ ကျွန်မတို့ မိန်းမများမှာ ညီညွတ်ရေးကို အားပေးလိုတဲ့စိတ် အရင်းခံရှိတာကို သိရတာပဲ မဟုတ်လား ကိုကို။ ဟိုတစ်နေ့က မိုးညှင်းဆရာတော်"

"ဟင်...မိုးညှင်းရော ပါသေးသကိုး၊ ဘာများပြောဦးမလို့လဲ"

"မိုးညှင်းဆရာတော် အောက်ပြည်ကိုရောက်တော့ ယောဂီအသင်းတွေ ထောင်သွားတာကို စဉ်းစားပါဦး။ မိန်းမများဟာ အရာတစ်ခုကို နားလည်သဘောပေါက်ရင် စွဲစွဲမြဲမြဲ လုပ်တတ်ကြောင်း ထင်ရှားတာပဲ။ စိန်ရွှေကိုမဆင်၊ အဝတ်ကြောင်ကိုမခင်ဘဲ စွန့်ပြီး တညီတညာတည်း ရသေ့အဝတ်ဝတ်ကြတာဟာ ဘယ်လောက်ချီးမွမ်းဖို့ ကောင်းသလဲ။ ကိုကိုတို့လည်း အကြောင်းမှန်ကို ရှင်းလင်းပြောနိုင်ရင် မိန်းမတွေဟာ ညီညီညာညာ ဆောင်ရွက်ကြလိမ့်မယ်လို့ အကျော့သဘောရတာပဲ"

"ဒါကြောင့်မို့လားတော့ မသိဘူး။ မဟတ္တမဂန္ဒီကြီးက မိန်းမတွေကို အင်မတန်အားကိုးတာပဲ။ မိန်းမတွေကို အမိတို့၊ အမိတို့တာဝန်ကြီးဟာ ကိုယ့်တိုင်းကိုယ့်ပြည်ဖြစ်ကုန်များကို အားပေးဖို့၊ သူရာမေရိယကံကြီးကို အိန္ဒိယပြည်မှပျောက်အောင် ဆောင်ရွက်ဖို့ပဲလို့ တာဝန်ဝေခွဲပြီးပေးတယ်။ ဒါပေမဲ့ မြန်မာမိန်းမတွေနဲ့"

"မြန်မာမိန်းမ၊ ကုလားမိန်းမ မထူးပါဘူး ကိုကိုရဲ့။ ကဲ...တစ်ခု ကြည့်ပါဦး၊ ကမ္ဘာဦးတည်စကစပြီး အိမ်ထောင်ရှင်များမှာဆိုရင် အေးအေးသာသာ ရှိဖို့၊ ဝင်ငွေထွက်ငွေပျမ်းမျှဖို့၊ အိမ်ထောင်ကြီးပွားဖို့ ဘယ်သူတွေ ဆောင်ရွက်ကြသလဲ ကိုကို၊ မိန်းမပဲ မဟုတ်လား။ လူမျိုးတစ်မျိုးဆိုတဲ့ လူမျိုးအိမ်ထောင်ကြီးကို ကောင်းစွာစောင့်ရှောက်နိုင်မယ့် သတ္တိမိန်းမတွေမှာရှိတယ်ဆိုရင် မမှားဘူးပေါ့"

"အင်း...မမှားဘူးဘဲ ထားပါတော့လေ"

"ကဲ...နောက်ဆုံးပြောချင်တာကတော့ မိန်းမများမှာ မျိုးချစ်စိတ်ရှိတဲ့ လူကိုမှချစ်မယ်၊

mgyoe.com

mgyoe.com SAMPLE BOOK

အမျိုးအကျိုးကို ဆောင်ရွက်တတ်တဲ့လူမှ မေတ္တာသက်ဝင်မယ်၊ စီးကရက်မသောက်သူကိုမှ ခင်မယ်ဆိုရင် ယောကျ်ားတွေဟာ မိန်းမအကြိုက် အလိုလိုက်ရမယ်ဆိုတာဟာ အမှန်ပဲ မဟုတ်လား"

"ဒီလိုချစ်မယ့် မိန်းမက အရှားသားလား အကျော့ရယ်..."

"ရှားမယ် မထင်ပါဘူး။ အကျော့တော့ ဒီလိုမှချစ်တာပဲ။ ဒီတော့ အကျော့တို့ မိန်းမတွေဟာ တိုင်းရေးပြည်ရေးလိုက်စားခွင့် ပြုရမယ်ဆိုရင် ဘယ်လောက်တာသွားမလဲ ကိုကိုရဲ့။ အကျော့လည်း မြန်မာပဲ။ အကျော့လည်း မြန်မာပြည်ကို ချစ်တာပေါ့။ ဒီတော့ အကျော့လည်း ကိုကိုနဲ့အတူ မြန်မာပြည်လွတ်လပ်ရေး အားပေးရင် မဖြစ်နိုင်ဘူးလား" ဟု ပြောသောကြောင့် ကျွန်တော့်မှာ ဇောတဖိမ့်ဖိမ့် ပီတိစိမ့်၍ နှစ်သိမ့်ကြည်နူး အချစ်ဦး ကလေးအား ရှည်လျားစွာကြည့်ပြီး 'ဖြစ်နိုင်တာပေါ့၊ ဒီလိုဆိုရင် အတိုင်းထက်အလွန်၊ တံခွန်နဲ့ဘုရားထဲကပေါ့ အကျော့ရဲ့"

"အမျိုးသားကြီးပွားရေးတရား ခဏခဏဟောနေပြီးတော့ ခုအကျော့က ပြန်ပြီး ဟောနေရတာ ဘယ်လိုသဘောလဲ ဆရာကြီးရဲ့"

"အို...ဒါတော့ အကျော့က သိပ်ပြီး...ကဲ...ဒါထက် ဘုရားကန်တော့ ကြစို့။ ကိုကိုတို့ မြန်မာပြည်ကိုချစ်တဲ့အချစ်၊ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြတဲ့အချစ်။ ဒီအချစ်ဟာ နိဗ္ဗာန်မကူးသေးတဲ့နေ့တိုင်အောင် မပျက်စတမ်းတို့ သစ္စာဆိုကြစို့လား" ဟု ပြောလျှင် ပင် ဘိုးသူတော်ကြီး ဦးခ၏ ကြေးစည်သံကို ကြားရလေသတည်း။

**သိန်းနေနွယ်**

ဒီးဒုတ်သတင်းစာ၊ အတွဲ-၁၂၊ အမှတ်-၉။

နိုဝင်ဘာ၊ ၁၉၃၅။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# စစ်သည်တော်

၁

"လူကလေးရဲ့ငို၊ ခိုဖမ်းလို့ပေး။ ခိုဖြူခိုဝါနက်ကယ် ဖမ်းခက်လှသေး။ အေ အေ့ အေး"

ဟူသော ကလေးချော့တေးချင်းကို လေးတွဲ့စွာ ဆွဲငင်သီဆိုပြီး ကလေးကိုပိုက်ကာ လမ်းလျှောက်နေသူကား မောင်အောင်ကျော် ဖြစ်လေသည်။ ၎င်း၏လက်တွင်း၌ ခါးကော့ ထိုး၍ထိုး၍ ငိုနေသောကလေးသည် အသားဖြူ၍ စိုနေအောင် ဝလေသည်။ မောင်အောင်ကျော်သည် သီချင်းဆုံးလျှင် 'အေ အေ့ အေး၊ ကျွတ် ကျွတ်၊ အေး အေး အေး၊ အင် အင် အင်' ဟူသော လူသတ္တဝါ၏ရာဇဝင် ပထမဆုံးစာမျက်နှာတွင် ပါဝင်သော ကလေးချော့တေးချင်းကိုညည်းကာ လက်ကိုလှုပ်၍ ကလေးအငိုတိတ်စေသည်။ အတန်ကြာလျှင် ကလေးသည် အငိုတိတ်လေ၏။ 'ကြောင်ဖားကြီးရယ်တဲ့ မြီးတံတို၊ အဆီကိုစားပါလို့ အသားကိုမျိုကြောင်အိုပေမေ့း ကိုက်လှည့်ပါလေး။ အေ အေ့ အေး၊ အေ အေး'

ကလေးသည် ပြုံးရွှင်၍ ကြည်လင်သောမျက်စိဖြင့် မောင်အောင်ကျော် အားကြည့်၍ မောင်အောင်ကျော်သည် ပတ္တမြားရတနာကို လက်ဝယ်တင်ကာ ကြည့်နေရသကဲ့သို့ ရွှင်ပျော်ချမ်းမြေ့နေလေ၏။ 'ဘာလဲ၊ ငါ့သားကြီး မအိပ်ချင် သေးဘူးလားဟေ့...အဖေ့သားကြီး။ ပေးစမ်းပေးစမ်း၊ မင်းရွှေပန်းကလေးကို' ဟုပြောကာ သားကိုမ,လျက် မိမိငုံ့ထားသော မျက်နှာသို့ ကပ်လေ၏။ နောက် သားသက်ဝေ၏ ရွှေပန်းကိုနမ်းလေ၏။

အိမ်နောက်ဘက်၌ စပါးဖျာရပ်နေသော ဇနီးမသက်မှုံသည် မောင်အောင်ကျော် ကလေးချော့နေသည်ကိုမြင်လျှင် ပြုံးရယ်လေ၏။

အိမ်ခလောက်ဆွဲအောက်ထပ်၌ လောက်စာလုံးလုံးနေသော ဦးရှုဝံသည် မောင်အောင်ကျော် ကလေးချော့နေသည်ကိုမြင်လျှင် ငေးမောတွေဝေနေမိ၏။ မကြာမီ ပြောင်းဖူးဆေ့ခန့်မျှ

mgyoe.com

 SAMPLE BOOK 

ရှိသော မျက်ရည်ပေါက်ကြီးများသည် တွန့်ချိုင့်နေသော ပါးပေါ်သို့ တလိမ့်ခေါက်ကွေး ကျလာလေ၏။ 'ခက်တာပဲနော်။ မောင်ကျော်၊ မောင်ကျော်၊ လူရိုးကလေး။ မင်း ဘာမှမသိဘူး။ အဲဒါ မင်းသားအစစ်မဟုတ်ဘူး။ မောင်းထောင်ဦးသြစပ်ဆိုတဲ့ –

**သုံးပါးတသီး၊ ရယ်ခြင်းကြီးကား၊ ဇနီးအိမ်ရှင်၊ မိမိလင်သည်၊ ချစ်ခင်သော အား၊ သမီးသားကို၊ ပိုက်ဖျားအားရမ်း၊ ချီရှုပ်နမ်းသော်၊ မယ်ဝမ်းကမွေး၊ သူများ သွေးကို၊ အလေးအမြတ်၊ သင့်သားမှတ်၍၊ လှည့်ပတ်ဖက်ချီ၊ နမ်းလေပြီဟု၊ မထီ မလေး၊ အသွမ်းသွေး၍၊ အဝေးမျက်ကွယ်၊ မယားရယ်၏။**

ဆိုတာနှင့်တော့ မင်းနှင့်ကိုက်နေပြီ။ ခက်တယ်မောင်ကျော်၊ ဘကြီး မင်းဒီလို အရယ်ခံနေရတာကို မကြည့်ရက်ဘူး' ဟု တွေးပြီး ဖြည်းညင်းစွာ ခေါင်းကိုခါလေ၏။

'သားကြီးလေး၊ ဗျလို့ ထူးလိုက်စမ်းပါ သားကြီးရဲ့။ အဖေ့ကိုချစ်ကဲ့လား' ဟုမေးလျှင် သားသည် ပါး,ချိုင့်အောင်ပြုံးသောကြောင့် 'သြော်…ချစ်တယ်ဆိုကိုး' ဟု ကိုယ့်မေးခွန်းကို ဖြေနေပြန်လေ၏။ ဤသို့ချီရုံဖြင့် အားမရသေးသောကြောင့် ပခုံးပေါ်တင်၍ ချီပြန်လေ၏။ 'ပြည်ရွှေဘို မြို့တော်မြောက် မှာလ၊ ချောင်းပေါက်ပါလို့ မကူးနိုင်။ ပလွေတို သျှောင်မှာ ထိုး ဟာ၊ ဟာ၊ မင်း တယ်ညစ်ပတ်ပါကလား သားရဲ့။ သေးတွေပေါက်ချကုန်ပြီ။ မယ်မို့ ရေ၊ လာပါဦးဟေ့။ ကလေး သေးတွေပေါက်ကုန်ပြီ' ဟု ဇနီးအားခေါ်ပြန်လေ၏။

၂

လမင်းသည် မိမိ၏ ဝါဝင်းသောရောင်ခြည်များဖြင့် မြတ်စောညီနောင် ဘုရားကို ဖူးမြော်နေလေ၏။ ဖြူဖွေးသောစေတီသည် လရောင်တွင် ငွားငွားကြီး ပေါ်နေလေ၏။ စိန်ဖူးတွင် လရောင်ဟပ်သဖြင့် တဖျတ်ဖျတ် တလက်လက် အရောင်ထွက်နေလေ၏။ ညောင်ရွက်ကို လေကစားသဖြင့် ဆည်းလည်းများသည် တင် တင် တင်နှင့် မြည်နေလေ၏။

"ကဲ…မောင်ရင် ဘုရားရှိခိုးပြီးပြီလား"

"ပြီးပါပြီ ဘကြီးရဲ့" ဟု လက်ဦကပ်လျက်ရှိသော သဲများကိုခါရင်း မောင်အောင်ကျော်က ပြန်ပြောလေ၏။

"မောင်ရင်ဟာ ဘကြီးလက်ပေါ်မှာ ကြီးပြင်းလာခဲ့တယ်။ ဘကြီးပဲ ကျွေးမွေးသုတ်သင်လာခဲ့တယ်။ ဘကြီးက မောင်ရင်ကို ဘယ်လောက်ချစ်ခင်တယ်ဆိုတာ သိပြီးပေါ့နော်" ဟု မြေဆေးတံအိုးကြီးကို သောက်ရင်း ဦးရွှေဝံက ပြောလေလျှင် မောင်အောင်ကျော်သည် လွန်စွာအံ့သြသွားလေ၏။ ဦးရွှေဝံကို စိုက်၍ကြည့်နေပြီး

"ဘကြီးရယ် ဘာများပြောချင်လို့ ဒါလောက် နိဒါန်းဆင်နေရတာတုံး" ဟု မေးလေ၏။ ဦးရွှေဝံသည် ဆေးတံကိုဆွဲနုတ်ပြီး

"မောင်ရင်ရယ်၊ ဒီကနေ့ ထူးဆန်းတာတစ်ခု ပြောချင်တယ်။ အဲဒီ ဟာပြောရင်

mgyee.com